http://www.dhammadownload.com

၂၀၀၀

မန္တလေး
မစိုးရိမ်တိုက်သစ်

# ပါရာဇိကဏ် ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
ဓမ္မသီတဂူကျောင်းနာယက

ရေးသားပြုစုသည်၊

ဓမ္မသီတဂူစာစဉ် (၃)

သာသနာ ၂၅၄၁

http://www.dhammadownload.com

http://www.dhammadownload.com

**မန္တလေး**

**မစိုးရိမ်တိုက်သစ်**

# ပါဠိဇာတက ဝါကျဥယျာဉ်

## ပထမတွဲ

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ**

**ဓမ္မသီတဂူကျောင်းနာယက**

ရေးသားပြုစုသည်၊

**ဓမ္မသီတဂူစာစဉ် (၃)**

သာသနာ ၂၅၄၁

http://www.dhammadownload.com

http://www.dhammadownload.com

# (နိဒါန်း)

## ဗွာဒိဃန္တံ့ ရတနံ့ အတံ ဝန္ဒာမိ

ဤစာရေးသူသည် ၁၃၃၇–ခု၊၁၈–နှစ်အရွယ် သာမဏေဘဝမှစ၍ဆိုင်ရာစာမေးပွဲကဏ္ဍပြီးဆုံးသည့်တိုင်အောင် မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒဆရာတော်ဘုရား၏ ခြေတော်ရင်း၌ စာချတန်းဆိုင်ရာ ကျမ်းစာများကို ဆိုဝါဖြင့်သင်ကြားဆည်းပူးခွင့်ရရှိခဲ့ပါသည်။ထို့အပြင် စာချတန်းဆိုင်ရာပုစ္ဆာဟောင်းများကို ရနိုင်သမျှရှာဖွေစုစည်းပြီး တစ်နေ့တစ်ကြိမ်လေ့ကျင့်ဖြေဆိုခဲ့ရပါသည်။ဆရာတော်ဘုရား၏ စေခိုင်းတိုက်တွန်းချက်အရ ၁၃၄၄–ခုနှစ်အဋ္ဌသာလိနီကျမ်း၊၁၃၄၅–ခုနှစ်တွင် သီလက္ခန်ကျမ်းနှင့် ၁၃၄၆–ခုနှစ်မှစ၍ ပါရာဇိကဏ်ကျမ်းတို့ကို ပြန်လည်ပို့ချသင်ကြားပေးခွင့်ရရှိခဲ့ပါသည်။

ယင်းသို့ မိမိကိုယ်တိုင်ပြန်လည်ပို့ချသင်ကြားရာ၌ ဆရာ့ထံ့ဝယ် ကိုယ်တိုင်လေ့ကျက်ဖြေဆိုခဲ့ရသော ပုစ္ဆာဟောင်းများအပြင် တခြားပုစ္ဆာဟောင်းများကိုပါ ရနိုင်သမျှရှာဖွေပြီး မိမိအား ပရိယတ်ရင်နို့ တိုက်ကျွေးတော်မူခဲ့ကြသောအနန္တဂိုဏ်းဝင် ထေရ်အရှင်မြတ်တို့၏ နယူပဒေသနှင့် မှတ်စုမှတ်တမ်းများကို အမှီပြုလျက် ပါဠိ အဋ္ဌကထာ ဋီကာနိဿယ ယောဇနာ ဂဏ္ဌိ ကျမ်းစုံညှိ၍ ဉာဏ်စွမ်းရှိသလောက် ပို့ချသင်ကြားရင်း စီရင်ရေးသားခဲ့ပါသည်။ ယင်းစာမူကိုပင် ၁၃၅၁–ခုနှစ်မှစ၍ လက်နှိပ်စက်မူဖြင့် ၅–ကြိမ်တိုင်တိုင် ရိုက်နှိပ်ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

ယခုတဖန် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာမြတ်တို့၏ စေခိုင်းတိုက်တွန်းမှု၊ ဝေးနီးရပ်နေ ချစ်မိတ်ဆွေတို့၏ စာနှင့်တပုံ လူကြုံတဆင့် တွေ့လင့်ခါတိုင်းဝိုင်း၍မပြတ်တိုက်တွန်းတောင်းပန်မှုတို့ကြောင့် ယခင် ၅–ကြိမ်တိုင်တိုင် ရိုက်နှိပ်ဖြန့်ဝေဘူးသောလက်နှိပ်စက်မူကို တဖန်စိစစ်သုံးသင်ရုံမက ဖြည့်စွက်သင့် ဖြည့်စွက်ထိုက်သော ဝါကျအသစ်များကို ဖြည့်စွက်ကာ"နက် တက် ပုစ္ဆာ၊ဝိဂ္ဂဟာနှင့်၊ပဒ ဓာတု ပစ္စယ၊ အာဘောဂသံဝဏ္ဏနာ၊ပါဌ်ဝိနိစ္ဆယ၊နယူပဒေရ၊နေတ္တိထုတ်ပုံ"တို့ပါမကျန် မှတ်သားစရာအဖြာဖြာတို့ကိုရနိုင်သမျှ ရှာဖွေထည့်သွင်း၍ ရေးသားစီရင်ထုတ်ဝေလိုက်ရပါသည်။

ဤပါရာဇိကဏ်ဝါကျဉယျာဉ်ရေးသားရာ၌လည်း သီလက္ခန်ဝါကျဉယျာဉ်ရေးသားစီရင်ထားသလို"တိတ္ထာ ပုနပ္ပုနာဂတ–မတ္ထံ အတ္ထံ ပကာသယိဿာမိ"ဟူသောအဋ္ဌကထာဆရာမြတ်တို့ နည်းနာကို နယဂ္ဂါဟမှု၍တနေရာတည်းဝယ် ပုစ္ဆာဟောင်းများစွာ ထပ်နေရာ၌မိမိကြိုက်နှစ်သက်သော ပုစ္ဆာတစ်ခုမျှကိုသာဖော်ပြထားပါသည်။ထို့ကြောင့် စာသားကျဉ်းစေရန် ၉–နံပါတ်ပါဠိစီပုစ္ဆာကို နုတ်ပယ်၍လည်းကောင်း၊လွယ်ကူစွာသိနိုင်လောက်သောအနက်ပေးပုံ၊ ကျမ်းတက်ပုံ၊ ဝါကျအမည်ပေးပုံ၊ ဉာဉ်ကောက်ပုံ၊ ပဒမာလာစဉ်ပုံ၊ အာဘောဖော်၍ သံဝဏ္ဏနာအမည်ပေးပုံ၊ နည်းဥပစာနှင့်နေတ္တိထုတ်ပုံတို့ကိုကျဉ်းနိုင်သမျှကျဉ်းစေ၍လည်းကောင်း၊ သခေ်ပရုစိ– ခေတ်နှင့်လျော်မိအောင် စာချတန်း အဏ္ဏဝါ

http://www.dhammadownload.com



ဖြတ်ကူးကြရာဝယ် အချိန်ကုန် လူပန်းမဖြစ်စေပဲ ချမ်းသာလွန်မြောက်ခရီးရောက်အောင် ရည်သန်၍ ရေးသားစီရင်ထားပါသည်။

အနုက်ယောဇနာနည်းပေါင်းစုံကို မိမိရေးထုတ် "အတ္ထယောဇနာနယပဒေသ" စာအုပ်၌သည်းကောင်း၊ဝိဂြိုဟ်ဆိုနည်း၊ဉာသ်ကောက်နည်း၊နည်း ဥပစာယူဆနည်း၊ နေတ္တိ ထုတ်နည်းတို့ကို မိမိရေးထုတ် "ဝိဂ္ဂဟနှင့် ဉာသ်ကောက်လမ်းညွှန်" စာအုပ်၌ လည်း ကောင်း ပုံစံများဖြင့် ရှင်းလင်းပြဆိုထားပြီးဖြစ်သည်။

## ဝန်ခံချက်

==============

နောက်ပေါ်ကျမ်းဘိုင်း ရှေးကထင်ရှားကျမ်းစာများကို မှီငြမ်းပြုကာ ရေးသားကြရသည်မှာ ဓမ္မတာပါ။အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည်ပင် မဟာအဋ္ဌကထာကျမ်းမြတ်ကို မှီခိုအားထားရာအဖြစ် ဂုဏ်ပြုချီးကျူးထားရကား မှီရာဆရာကင်းသော ကျမ်းပြုဆရာဟူ၍ လောကထဲတွင် ရှိနိုင်မည်ကား မဟုတ်ပေ။ဆရာကင်းယောင် ဟန်ပန်ဆောင်၍ ရေးသားနေကြ ထိုထိုပုဂ္ဂိုလ်တရင်းတွင် ဤကျမ်းအရှင်မပါဝင်ကြောင်း သိစေလိုပါသည်။

## အထူးမှာထားချက်

======================

ဤစာအုပ်ကိုကြည့်ရှုလေ့လာရာ၌ အမေး အဖြေသဘောမထားဘဲ မှတ်ချက်၊ရှင်းလင်းချက်၊အမှာအထား သာဓကများနှင့်တကွ ကျက်မှတ်ဘွယ်ရာ နိယံကဗျာစသည်များကို မကျော်သွားကြစေပဲ အလေးအနက် ဉာဏ်ဝီရိယစွက်၍ ကြိုးစား ကျက်မှတ်ကြစေလိုပါသည်။၎င်းအပြင် အနက်မထင်လျှင် နည်းကောင်းများ ပုံသေနည်းများ မည်မျှပင် ရှင်းလင်းရေးသားထားစေကာမူ လွယ်လွယ်ကူကူ သဘောပေါက် နည်းလည်နိုင်ကြမည် မဟုတ်ရကား ရေးသားစီရင်ထားသမျှ လွယ်ကူစွာသဘောပေါက် နားလည်စေဘို့အတွက် မိမိကြည့်ရှုမည့်အဋ္ဌကထာဝါကျပါဠိကို နိဿယအနက် ကွက်ကွက်ထင်အောင် ကျက်မှတ်ထားရမည်။ယင်းသို့စနစ်တကျ ကျက်မှတ်လေ့လာခြင်းဖြင့် စာချလောင်းလျာ သောတုဇန အရှင်မြတ်တို့သည် တနေရာတည်းမှနေ၍ စာမေးပွဲပေါင်းစုံကို ဖြေဆိုနေကြရဘိအလား စာချတန်းအတွေ့အကြုံများစွာ ရင့်ကျက်ပြီး ကျယ်ဝန်လှစွာသော စာချတန်းအဏ္ဏဝါကို လွယ်ကူစွာ ဖြတ်သန်းကာ အရှင်တို့မျှော်မှန်း ဓမ္မာစရိယအောင်ပန်းကို လျင်မြန်စွာ ပန်ဆင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်သတည်း။

===============

http://www.dhammadownload.com



## ခွင့်လွှတ်ကြည့်ရှု သတိပြု

ညွှန်ကြားချက်အပေါ်၌ အရှင်ကောင်းတို့ ကြုံတွေ့နေရသော အခက်အခဲများစွာကို ကျော်လွှားနိုင်ကြစေရန်နှင့်ဓမ္မာစရိယအောင်ပန်းလျှင်မြန်စွာဆင်မြန်းနိုင်ကြစေရန်ဟူသော မွန်မြတ်သော စေတနာဆန္ဒဗလဝဖြင့် ရေးသားစီရင် ထုတ်ဝေလိုက်ရခြင်းသာဖြစ်သည်။ အများနှင့် ကင်းနိုင်သော အကာမဟုတ်သေးရကား မိမိ၏ဉာဏ်အား မပြည့်စုံမှုကြောင့် တချို့နေရာ၌ အနက် အဓိပ္ပါယ် ဒို-လိုနေမှု၊ တသွား တလာ တနေ တထား ရှုပ်နေမှု၊ ပုဒ်ပါင်အကွရာ အယူအဆ လွဲမှားနေမှုများကို တွေ့ရှိခဲ့သော် ကေနိပဏ္ဍိ မနောပဏီမိ ရှိကြကုန်သော ဓမ္မဓမကာ အရှင်မြတ်များပီပီ ဒေါသမာန ကင်းစင်ပ၍ မိမိရေးသား ကျမ်းတလားသို့ ဝို-လို၊ သင့်-မသင့်၊ ဝိစာရဏာဉာဏ်ချင့်၍ ပြင်ဆင်ကြည့်ရှု အသုံးတော်ပြုနိုင် ကြပါစေကုန်သတည်း။

ပုထုသိသား -မဉ္ဇာသ၊ ဂန္ထောယံ ရစိတော မယာ၊
ယုတ္တာယုတ္တံ ဝိန္တယန္တု ပဏ္ဍိတာ ဓမ္မမာမကာ။
ယုတ္တာယုတ္တိံ ဝိန္တယိတွာ၊ ယုတ္တစ္စေ ဓာရယန္တု တံ။
အယုတ္တဥ္စေ ဒေသန္တု, မာနဒေါသာ ဝိငိ္ဇိတာ။

## ဦးနိုမ်ညွတ်လျှိုး မြတ်နိုးကော်ရော်

ငယ်စဉ်ဘောင်ကျေး ကလေးဘဝ နှမောဘဿ-မှစ၍ ပရိယတ်ပညာ သင်ကြားပေးခဲ့ ရှာသော ရခိုင်ပြည်နယ် မြေပုံမြို့နယ် သရက်တောင်ကျေးရွာ ဆရာတော် ဘဒ္ဒန္တသုန္ဒရ မထေရ်မြတ်နှင့် ၁၈-နှစ်အရွယ် သာမဏေဘဝမှစ၍ ယခုအချိန်တိုင်အောင် သွန်သင်ဆုံးမ ညွှန်ကြားပြသလျက်ရှိသော မန္တလေးမြို့မစိုးရိမ်တိုက်သစ်ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မထေရ်မြတ်တို့ကို အစထား၍ မစိုးရိမ်တိုက်သစ် အောင်မြေသို့ ကိုယ်တိုင်အပ်နှံ၍ ပဉ္စယဓမ္မ ထိုနှစ်ဝဖြင့် ချီးမြှောက်ပေးခဲ့သော တောင်စလင်းတိုက်သစ် ဗဟုဇနဟိတဓရ မဟာဓမ္မကထိကအကျော် ဘဒ္ဒန္တတိက္ခဆရာတော်၊ ပရိယတ်ဓမ္မာ မြတ်ပညာကို စေတနာရှေ့ထား သင်ကြား ပေးသနားတော် မူခဲ့ကြသော စစ်တွေမြို့ သဒ္ဓမ္မဂရုကျောင်းတိုက် ဆရာတော်ကြီးနှင့် စာချနာယကဆရာတော်များ၊ အမရပူရမြို့ ဘာသာဒိကာ ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးနှင့် စာချနာယကဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီးနှစ်တိုက်မှ စာချ နာယကဆရာတော်များ ဘုရားကြီးတိုက်မှ စာချနာယက

http://www.dhammadownload.com



ဆရာတော်များ၊ ပေါက်မြိုင် အလယ်တိုက်ကြီးဆရာတော်-ဤကျေးဇူးရှင် ဆရာမြတ်တို့အား မိမိကြိုးပမ်း ဤစာအုပ်စာတမ်း စာလွှာပန်းဖြင့် မြတ်နိုးကော်ရော် ပူဇော်ပါ၏၊ ဦးနှိမ်ညွှတ်လျှိုး အကြိမ်ကြိမ်ရှိခိုးပါ၏။

## ကတညုတ မှတ်တမ်းလွှာ

ဤစာအုပ်ဖြစ်ပေါ်လာရန် မိမိရေးသားလက်ရေးမူများကို တစ်ပါးတည်းတာဝန်ယူ ရိုက်ကူးပေးသော တပည့်ဖြစ်သူ လက်ထောက်စာချ ဓမ္မာစရိယ ဦးလာဘနှင့် ကျမ်းစာပြုစုသူ ဤအရှင်၏စာအုပ်များရိုက်နှိပ်ထုတ်ဝေရန် ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းခဲ့သော ဝမ္မဒါန အမတဒါနကုသိုလ်ရှင် ဦးကိုကိုကြီး-ဒေါ်သန်းသန်းထွေး(ရန်ကုန်ရပ်) မိသားစုတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

၁၃၅၉-ခု၊ ပြာသိုလပြည့်နေ့။

ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (နာယက)
မစိုးရိမ်တိုက်သစ်
မန္တလေးမြို့

စစ်ဆေးတွေ့ရှိရသော မသန့်ရှင်းသောပုဒ်ပါဌ်အက္ခရာများကို တဖန်သုတ်သင်တည်းဖြတ်ထားပါသည်။ စာမျက်နှာကစပြီး စာအနေအထား ပြောင်းလဲသွားပါသည်။ အမှားလုံးဝ ကင်းစင်ပြီးဟူ၍ကား မမှတ်အပ်ပေ။ ဤစာအုပ်ပြန်လည်တည်းဖြတ်သုတ်သင်ရိုက်ကူးရာ၌ လိုအပ်သလိုအကူအညီပေးခဲ့သော ဦးသာသနာလင်္ကာရ (ကွန်ပျူတာ) အား အထူးကျေးဇူးတင်ရှိပါသည်။

http://www.dhammadownload.com



# မာတိကာ


| ဝါကျဦးယျာဉ် အမှတ် | နိဒါနကထာ | နှာ | အဋ္ဌကထာ တမျက်နှာ |
|---|---|---|---|
| ၁။ | တတ္ထ ဝုတ္တံ ယေန ယဒါ ယသ္မာတိ ဣဒံ | ၁ | ၄ |
| ၂။ | ကိဿ ပန ထေရော ဓောနူန | ၁၆ | ၆ |
| ၃။ | ယဒိ ဧဝံ သေက္ခောပိ သမာနော | ၂၃ | ၆ |
| ၄။ | ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ | ၂၈ | ၁၃ |
| ၅။ | ဝိဝိဓဝိသေသနယတ္တာ | ၃၂ | ၁၅ |
| ၆။ | ဣတရံ ပန---အတ္ထာနံ သူစနတော | ၃၈ | ၁၅ |
| ၇။ | ဣတရော ပန---ယံ ဧတ္ထ ဝုမိမန္တော | ၄၄ | ၁၆ |
| ၈။ | ယံ ပနေတ္ထ အဝိသိဋ္ဌံ | ၅၁ | ၁၇ |
| ၉။ | ကေဝမေကသ္မိံ ဗုဒ္ဓတ္တ စတုဗ္ဗိဓော | ၅၅ | ၁၈ |
| ၁၀။ | ဓမ္မောတိ ဟေတု | ၆၂ | ၁၈ |
| ၁၁။ | ပဋိဝေဓောတိ အဘိသမယော | ၆၆ | ၁၈ |
| ၁၂။ | ဧတ္ထ ပန တိသု ပိဋကေသု | ၇၂ | ၁၉ |
| ၁၃။ | စတုတ္ထိံသေဝ သုတ္တန္တာ | ၇၇ | ၂၁ |
| | ဝေရဉ္စကဏ္ဍ | | |
| ၁၄။ | တေနာတိ အနိယမနိဒ္ဒေသဝစနံ | ၈၂ | ၇၉ |
| ၁၅။ | သမယေနာတိ ဧတ္ထ ပန သမယသဒ္ဒေါ | ၈၇ | ၈၀ |
| ၁၆။ | ဧတ္ထာဟ--အထ ကသ္မာ ယထာ သုတ္တန္တေ | ၉၄ | ၈၀ |
| ၁၇။ | အဘိဓမ္မေ စ အဓိကရဏတ္တော | ၉၈ | ၈၀ |
| ၁၈။ | ဣဓ ပန ဟေတုအတ္ထော | ၁၀၂ | ၈၀ |
| ၁၉။ | ပေါရာဏာ ပန ဝဏ္ဏယန္တိ | ၁၀၆ | ၈၁ |
| ၂၀။ | ဝိဟရတီတိ အဝိသေသေန | ၁၁၂ | ၈၁ |
| ၂၁။ | နဠေရုနာမ ယက္ခော | ၁၁၇ | ၈၁ |
| ၂၂။ | တတ္ထ သိယာ ယဒိ တာဝ ဘဂဝါ | ၁၂၁ | ၈၂ |
| ၂၃။ | မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ ဧတ္ထ | ၁၂၆ | ၈၃ |
| ၂၄။ | ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ | ၁၃၂ | ၈၃ |
| ၂၅။ | အဿောသိ ခေါ ဝေရဉ္စော ဗြာဟ္မဏောတိ | ၁၃၆ | ၈၃ |

(၀)

မာတိကာ


| | | | |
|---|---|---|---|
| ၂၆။ | ဝေရှူသယ် အဝေဘာ | ၁၁၀ | [illegible] |
| ၂၇။ | ဤဒါမိ် ယမဏ္ဍ ဝေရှုဒွဲ မိုးတွဲအော | ၁၃၆ | [illegible] |
| ၂၈။ | ခလုတ် အနေသာဝနရွှေ မိပါတော | ၁၄၁ | [illegible] |
| ၂၉။ | ကလျာဏောတ် ကလျာဏအာသမန္တဂတော | ၁၅၆ | [illegible] |
| ၃၀။ | ဤဒါနိ ဝိနယရောနံ | ၁၆၀ | [illegible] |
| ၃၁။ | တေစာနေ့ ဘ်လေသာဏယော | ၁၆၆ | [illegible] |
| ၃၂။ | အဂ္ဂဒက်ငှေးယူတွား င | [illegible] | [illegible] |
| ၃၃။ | သမ္ဘာ သာမဏ္ဍ သဗ္ဗမဗ္ဗာန် | [illegible] | [illegible] |
| ၃၄။ | ဝိဇ္ဇာပတိ ပန ဧရဏေန င | [illegible] | [illegible] |
| ၃၅။ | သောဘနဂမနတ္တာ သုန္ဒရံ | ၁၈၀ | [illegible] |
| ၃၆။ | သဗ္ဗထာ ဝိဒိတလောကတ္တာ | ၁၈၄ | [illegible] |
| ၃၇။ | အတ္တနော ပန ဂုဏေဟိ | ၁၈၉ | [illegible] |
| ၃၈။ | ပုရိသဒမ္မေ သာရေတိဘ် | ၁၉၂ | ၉၃ |
| ၃၉။ | အထဝါ ဝိသုဒ္ဓသီလာဒိနံ | ၁၉၆ | ၉၃ |
| ၄၀။ | ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ | ၁၉၉ | ၉၃ |
| ၄၁။ | ဒေဝမနုဿာနန္တိ ဒေဝါနဉ္စ | ၂၀၄ | ၉၄ |
| ၄၂။ | ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ နာမ | ၂၀၇ | ၉၄ |
| ၄၃။ | ဘဂဝါတိ ဗုဒ္ဓ ပနဿ | ၂၁၂ | ၉၄ |
| ၄၄။ | သဒေဝကန္တိ သဟ ဒေဝေဟိ | ၂၁၆ | ၉၇ |
| ၄၅။ | သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိ | ၂၁၉ | ၉၈ |
| ၄၆။ | သတ္ထုံ သဗ္ဗညုန္တိ ဝေမာဒီသု | ၂၂၃ | ၉၉ |
| ၄၇။ | သာခု ခေါ် ပနာတိ သုန္ဒရံ ခေါ်ပန | ၂၂၇ | ၁၀၀ |
| ၄၈။ | ယေနာတိ ဘုမ္မတ္တေ ကရဏာဝစနံ | ၂၃၁ | ၁၀၀ |
| ၄၉။ | ဘဂဝတာ သဒ္ဓိံ သမ္မောဒီတိ | ၂၃၅ | ၁၀၀ |
| ၅၀။ | ကေမန္တန္တိ ဘာဝနပုံသကနိဒ္ဒေသော | ၂၄၀ | ၁၀၁ |
| ၅၁။ | ဝေဝံ ဝုတ္တေပိ ဗြာဟ္မဏော | ၂၄၃ | ၁၀၃ |
| ၅၂။ | တတ္ထ ပရိယာယောတိ ကာရဏံ | ၂၄၇ | ၁၀၃ |
| ၅၃။ | မယှံ ပဟိနာတိ ဝတ္တဗ္ဗေပိ | ၂၅၁ | ၁၀၄ |
| ၅၄။ | တာလဝတ္ထုဝိယ နေသံ ဝတ္ထု ကတန္တိ | ၂၅၆ | ၁၀၄ |
| ၅၅။ | ယသ္မာ ပန ဒင် ဘာလဝတ္ထုကတာ | ၂၆၀ | ၁၀၄ |

http://www.dhammadownload.com



## မာတိကာ



| | | | |
|---|---|---|---|
| ၅၆။ | အာယတိံ အနုပ္ပါဒဓမ္မာတိ | ၂၆၃ | ၁၀၄ |
| ၅၇။ | ဧဝံ ဗြာဟ္မဏော အတ္တနာ အဓိပ္ပေတံ | ၂၆၆ | ၁၀၅ |
| ၅၈။ | ပုန ဗြာဟ္မဏော ယံ လောကေ | ၂၇၀ | ၁၀၅ |
| ၅၉။ | ပုန ဗြာဟ္မဏော တမေဝ အဘိဝါဒနာဒိကမ္မံ | ၂၇၅ | ၁၀၅ |
| ၆၀။ | ပုန ဗြာဟ္မဏော ဇိဂုစ္ဆတိမညေ | ၂၇၉ | ၁၀၆ |
| ၆၁။ | ပုန ဗြာဟ္မဏော တမေဝ အဘိဝါဒနာဒိကမ္မံ | ၂၇၃ | ၁၀၆ |
| ၆၂။ | ဘဂဝါ ပန ယသ္မာ ရာဂါဒီနံ | ၂၇၇ | ၁၀၆ |
| ၆၃။ | ပုန ဗြာဟ္မဏော ယသ္မာ အဘိဝါဒနာဒီနိ | ၂၈၀ | ၁၀၆ |
| ၆၄။ | တပတီတိ တပေါ | ၂၈၂ | ၁၀၆ |
| ၆၅။ | ဘဂဝါ ပန ယေ အကုသလာ ဓမ္မာ | ၂၈၆ | ၁၀၆ |
| ၆၆။ | ဂဗ္ဘတော အပဂတော | ၂၈၉ | ၁၀၇ |
| ၆၇။ | တတြ စ ယဿ ခေါ ဗြာဟ္မဏ အာယတိံ | ၃၀၃ | ၁၀၇ |
| ၆၈။ | အပိစ ဂဗ္ဘဿ သေယျာ | ၃၀၆ | ၁၀၇ |
| ၆၉။ | သေယျထာပီတိ ဩပမ္မတ္ထေ | ၃၀၉ | ၁၀၈ |
| ၇၀။ | ကုက္ကုဋိယာ သမ္မာ အဓိသယိတာနီတိ | ၃၁၁ | ၁၀၈ |
| ၇၁။ | တထော ဗြာဟ္မဏော အာဟ ဇေဋ္ဌောတိဿ | ၃၁၅ | ၁၀၉ |
| ၇၂။ | အဝိဇ္ဇာဂတာယာတိ | ၃၁၈ | ၁၀၉ |
| ၇၃။ | ဧဝံ ဘဂဝါ အတ္တနော အနုတ္တရံ | ၃၂၂ | ၁၁၀ |
| ၇၄။ | ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါတိ | ၃၂၆ | ၁၁၀ |
| ၇၅။ | သေယျထိဒံ--ဝိဝိစ္စေဝ ကာမေဟိ | ၃၃၁ | ၁၁၂ |
| ၇၆။ | တတ္ထ သိယာ ကသ္မာ ပနေသ | ၃၃၅ | ၁၁၂ |
| ၇၇။ | ကိလေသကာမပက္ခေ ပန | ၃၃၉ | ၁၁၂ |
| ၇၈။ | ဧတ္တာဝတာ စ ပဌမဿ ဈာနဿ | ၃၄၄ | ၁၁၄ |
| ၇၉။ | သော ပန နေသံ ဝိသေသော | ၃၄၇ | ၁၁၅ |
| ၈၀။ | ဝိဝေကဇန္တိ ဧတ္ထ | ၃၅၀ | ၁၁၅ |
| ၈၁။ | အယဉ္စ ပီတိ ဣဒဉ္စ သုခံ | ၃၅၄ | ၁၁၅ |
| ၈၂။ | ပဌမန္တိ ဂဏနာနုပုဗ္ဗတော | ၃၅၇ | ၁၁၆ |
| ၈၃။ | တဒေတံ အာရမ္မဏူပနိဇ္ဈာနံ | ၃၆၂ | ၁၁၆ |
| ၈၄။ | ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ | ၃၆၅ | ၁၁၇ |
| ၈၅။ | ဝိတက္ကဝိစာရာနံ ဝူပသမာတိ | ၃၆၉ | ၁၁၇ |

http://www.dhammadownload.com



မာတိကာ


| | | | |
|---|---|---|---|
| ၈၆။ | သမ္ပသာဒနိယန္တိ | ၃၇၃ | ၁၁၈ |
| ၈၇။ | ဇေကော ဥဒေတီတိ ဇေကောဒိ | ၃၇၇ | ၁၁၈ |
| ၈၈။ | အဝိတက္ကံ အဝိစာရန္တိ | ၃၈၁ | ၁၁၈ |
| ၈၉။ | သမာဓိဇန္တိ | ၃၈၅ | ၁၁၉ |
| ၉၀။ | ပီတိယာ စ ဝိရာဂါတိဧတ္ထ | ၃၈၉ | ၁၁၉ |
| ၉၁။ | ကာမဓ္ဓေတော ဝိတက္ကဝိစာရာ | ၃၉၂ | ၁၂၀ |
| ၉၂။ | ဥပေက္ခကော စ ဝိဟာသိန္တိဧတ္ထ | ၃၉၆ | ၁၂၀ |
| ၉၃။ | ဧတ္ထာဟ–နနုစာယံ အတ္တတော | ၃၉၉ | ၁၂၁ |
| ၉၄။ | ဣဒါနိ သုခဉ္စ ကာယေန ပဋိသံဝေဒေသိန္တိ | ၄၀၂ | ၁၂၁ |
| ၉၅။ | ကသ္မာ ပန တံ တေ ဝံ ပသံသန္တီတိ | ၄၀၇ | ၁၂၂ |
| ၉၆။ | သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာတိ | ၄၁၀ | ၁၂၂ |
| ၉၇။ | ယထာ ဝါ အညတ္ထ ပဟီနာပိ | ၄၁၄ | ၁၂၄ |
| ၉၈။ | ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ | ၄၁၈ | ၁၂၄ |
| ၉၉။ | ဣတိ ဣမာနိ စတ္တာရိ ဈာနာနိ | ၄၂၁ | ၁၂၆ |
| ၁၀၀။ | ဘာဝေတာ ပနိဒံ စတုက္ကဇ္ဈာနံ | ၄၂၄ | ၁၂၆ |
| ၁၀၁။ | ပုဗ္ဗေနိဝါသာနုဿတိဉာဏာယာတိ | ၄၂၇ | ၁၂၈ |
| ၁၀၂။ | အနုဿရာမီတိ | ၄၃၂ | ၁၂၈ |
| ၁၀၃။ | တတ္ထ ဧကမ္ပိ ဇာတိန္တိ | ၄၃၄ | ၁၂၈ |
| ၁၀၄။ | သာကာရံ သဥဒ္ဒေသန္တိ | ၄၃၈ | ၁၃၀ |
| ၁၀၅။ | တိတ္ထိယာစ ခန္ဓပဋိပါဋိမေဝ | ၄၄၁ | ၁၃၀ |
| ၁၀၆။ | သော ဧဝံ ။ပ။ စုတူပပါတဉာဏာယာတိ | ၄၄၅ | ၁၃၁ |
| ၁၀၇။ | ဒိဗ္ဗေနာတိ အာဒီသု | ၄၄၈ | ၁၃၂ |
| ၁၀၈။ | ဒဿနဋ္ဌေန စက္ခု | ၄၅၃ | ၁၃၂ |
| ၁၀၉။ | မနုဿူပစာရံ အတိက္ကမိတွာ | ၄၅၆ | ၁၃၂ |
| ၁၁၀။ | စဝမာနေ ဥပပဇ္ဇမာနေတိ | ၄၅၉ | ၁၃၃ |
| ၁၁၁။ | ဣမဿ ဝိသုံ ပရိကမ္မံ နာမ နတ္ထိ | ၄၆၂ | ၁၃၃ |
| ၁၁၂။ | မိစ္ဆာဒိဋ္ဌိကာတိ | ၄၆၅ | ၁၃၅ |
| ၁၁၃။ | ကာယဿ ဘေဒါတိ | ၄၆၈ | ၁၃၅ |
| ၁၁၄။ | ဥပပန္နာတိ ဥပဂတာ | ၄၇၂ | ၁၃၆ |
| ၁၁၅။ | သော ဧဝံ သမာဟိတေ | ၄၇၅ | ၁၃၆ |

http://www.dhammadownload.com



## မာတိကာ


| | | | |
|---|---|---|---|
| ၁၁၆ | စိတ္တံ အဘိနိန္နာမေသိန္တိ | ၄၇၈ | ၁၃၆ |
| ၁၁၇ | ဝုသိတန္တိ | ၄၈၁ | ၁၃၇ |
| ၁၁၈ | ကတံ ကရဏီယန္တိ | ၄၈၄ | ၁၃၇ |
| ၁၁၉ | ဇေဋ္ဌ ပန ဝတ္တာ | ၄၈၇ | ၁၃၈ |
| ၁၂၀ | အထဝါ အဘိက္ကန္တန္တိ | ၄၉၀ | ၁၃၉ |
| ၁၂၁ | ဘဝန္တံ သရဏံ ဂေါတမံ ဂစ္ဆာမီတိ | ၄၉၃ | ၁၄၀ |
| ၁၂၂ | ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိ | ၄၉၇ | ၁၄၀ |
| ၁၂၃ | ဒိဋ္ဌိသီလသံဃာတေန | ၅၀၂ | ၁၄၁ |
| ၁၂၄ | တတ္ထ ပနာယံ အာဒိမှိ | ၅၀၄ | ၁၄၁ |
| ၁၂၅ | ပါဏုပေတန္တိ | ၅၀၇ | ၁၄၂ |
| ၁၂၆ | ဧဝံ အတ္တာနံ နိယျာတေတွာ | ၅၁၀ | ၁၄၂ |
| ၁၂၇ | ဒုဗ္ဘိက္ခာတိ ဒုလ္လဘဘိက္ခာ | ၅၁၄ | ၁၄၃ |
| ၁၂၈ | တတ္ထ ဒွီဟိတိကာတိ | ၅၁၇ | ၁၄၃ |
| ၁၂၉ | အထဝါ ဒွီဟိတိကာတိ | ၅၂၀ | ၁၄၃ |
| ၁၃၀။ | ဝပ္ပကာလေ သုဠု | ၅၂၄ | ၁၄၄ |
| ၁၃၁။ | န သုကရာ ဥဉ္ဆေန ပဂ္ဂဟေန | ၅၂၇ | ၁၄၅ |
| ၁၃၂။ | ပတ္တ ပတ္တ ပုလကန္တိ | ၅၃၁ | ၁၄၅ |
| ၁၃၃။ | ပုဗ္ဗဏှသမယန္တိ | ၅၃၄ | ၁၄၅ |
| ၁၃၄။ | နိဝါသေတွာတိ | ၅၃၇ | ၁၄၅ |
| ၁၃၅။ | ဧဝံ ပုဋ္ဌာပိ | ၅၄၁ | ၁၄၈ |
| ၁၃၆။ | ဣဒါနိ အတ္တသံဟိတန္တိ | ၅၄၄ | ၁၄၈ |
| ၁၃၇။ | ဟေဋ္ဌိမတလံ သမ္ပတ္တန္တိ | ၅၄၇ | ၁၅၀ |
| ၁၃၈။ | သာဓာဟံ ဘန္တေတိ | ၅၅၂ | ၁၅၁ |
| ၁၃၉။ | ဣဒါနိ အာယသ္မာ ဥပါလိ | ၅၅၅ | ၁၅၂ |
| ၁၄၀။ | ပုန ထေရော ကာရဏံ | ၅၅၈ | ၁၅၃ |
| ၁၄၁။ | ဣဒါနိ တံ ဟေတုဉ္စ | ၅၆၂ | ၁၅၃ |
| ၁၄၂။ | ခန္တီ ပရမံ တပေါ တိတိက္ခာ | ၅၆၅ | ၁၅၄ |
| ၁၄၃။ | အနုပါဒိယ အာသဝေဟိ စိတ္တာနိ | ၅၆၉ | ၁၅၆ |
| ၁၄၄။ | တတြ သုဒံ သာရိပုတ္တ | ၅၇၂ | ၁၅၇ |
| ၁၄၅။ | အာဂမေဟိ တွန္တိ | ၅၇၅ | ၁၅၉ |

http://www.dhammadownload.com

## (ည)
## မာတိကာ


| | | | |
|---|---|---|---|
| ၁၄၆။ | တတ္ထ အာသဝါ တိဋ္ဌန္တိ | ၅၇၈ | ၁၅၉ |
| ၁၄၇။ | ရတ္တိယော ဇာနန္တီတိ ရတ္တညူ | ၅၈၂ | ၁၆၁ |
| ၁၄၈။ | ဝေပုလ္လမဟတ္တန္တိ | ၅၈၅ | ၁၆၁ |
| ၁၄၉။ | လာဘဂ္ဂမဟတ္တန္တိ | ၅၈၈ | ၁၆၁ |
| ၁၅၀။ | ဗာဟုသစ္စမဟတ္တန္တိ | ၅၉၀ | ၁၆၂ |
| ၁၅၁။ | ဧဝံ ဘဂဝါ အာသဝဋ္ဌာနိယာနံ ဓမ္မာနံ | ၅၉၂ | ၁၆၂ |
| ၁၅၂။ | နိရာဒီနဝေါတိ | ၅၉၆ | ၁၆၂ |
| ၁၅၃။ | သုဒ္ဓေါတိ အပဂတကာဠကတ္တာယေဝ | ၅၉၉ | ၁၆၂ |
| ၁၅၄။ | အဝိနိပါတဓမ္မောတိ | ၆၀၃ | ၁၆၂ |
| ၁၅၅။ | သမ္မတ္တနိယာမေန မဂ္ဂေန | ၆၀၆ | ၁၆၂ |
| ၁၅၆။ | အာမန္တေသီတိ | ၆၀၉ | ၁၆၃ |
| ၁၅၇။ | တဂ္ဃ ခေါ နော အာသန္နန္တိ | ၆၁၃ | ၁၆၄ |
| ၁၅၈။ | ဗုဒ္ဓပ္ပမုခန္တိ | ၆၁၇ | ၁၆၆ |
| ၁၅၉။ | တိစီဝရေန အစ္ဆာဒေသီတိ | ၆၂၁ | ၁၆၆ |


ပဌမတွဲ မာတိကာပြီး၏

http://www.dhammadownload.com



# ပါရာဇိကဏ်ပါဠိကျဉ်းချုပ်

## "ရတနတ္တယပဏာမ"

ဝိနယဒေသကံ ဗုဒ္ဓံ၊ ပုစ္ဆာဝိဿဇ္ဇကောသလ္လံ။
သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

အတံ-မငိုးရိမ်နာယက စာချသမုတ် အကျွန်ုပ်သည်၊ ဝိနယဒေသကံ-လင်္ကာသူမွန် သီလဝန်တို့ ကိုယ်နှုတ်နှစ်ထွေ စောင့်စည်းစေဖို့ ဥပဒေဆင်ထား ဝိနည်းတရားကို ဟောဖော်ညွှန်ပြ ပညတ်တော်မူတတ်ပါပေထသော၊ (ဝါ) သာသနာတော်အသက်ကြာရှည် ဆက်ဘို့ ဝိနည်းပညတ် တရားတော်မြတ်ကို ဟောကြားတော်မူတတ် ပါပေထသော၊ ပုစ္ဆာဝိဿဇ္ဇကောသလ္လံ- မေးခြင်းဖြေခြင်း ဤနှစ်သင်း၌ ပြိုင်သူဘက်ကင်း လွန်မင်းစွာ လိမ္မာတော်မူတတ်ပါပေထသော၊ ဗုဒ္ဓံ-ဉေယျဥသုံ အလုံးစုံကို ဆရာမကူ သယမ္ဘူဖြင့် ကိုယ်တိုင်သိမြင် ဘုရားရှင်ကိုလည်းကောင်း၊ တေန-ဉေယျဥသုံ အလုံးစုံကို အကုန်သိမြင် ထိုဘုရားရှင်သည်၊ သေဝိတံ-အမြဲမပြတ် ပူဇော်မှီဝဲအပ်သော၊ ဓမ္မဉ္စ-မင်္ဂဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကိုလည်းကောင်း၊ နိရင်္ဂဏံ- ရာဂဒေါသ မောဟင်္ဂဏကင်းစင်ပတော်မူသော၊ သံဃဉ္စာပိ- ရှစ်ပါးသံဃာ အရိယာကိုလည်းကောင်း၊ နတွာ နမာမိ- ကာယ-ဝစီ တစ်လီမန သုံးဒွါရဖြင့် စေတနာအမျိုးမျိုး ဝေပြောတိုးလျက် ရှိခိုးကန်တော့ပါ၏။

## အာစရိယပဏာမ

ဝိနသာသနဝံသမှိ၊ ဂုရဝေါ ဓမ္မဂါဝကာ။
တေသမ္ပိ စရဏမ္ဗောဇေ၊ သုနိဝါတေန စေတသာ။

ဝိနသာသနဝံသမှိ- ဘုရားဇိနော် သာသနအနွယ်တော်၌၊ ဓမ္မဂါဝကာ- သာသန တာဝန် ငါ့တာဝန်ဟု ပရိယတ်ဆိုင်ရာ မြင့်ပညာကို ဓါဓါမယုတ် အားထုတ်ဆောင်ရွက် ပို့ချသင်ကြားလျက် ရှိတော်မူကြကုန်သော၊ ယေ ဂုရဝေါ-ကျေးဇူးမြင့်မိုရ် ဆယ်ဆပိုသား အကြင် ဆရာတော်ဘုရားတို့သည်၊ သန္တိ-အထင်အရှား ရှိတော်မူကြကုန်၏။ တေသမ္ပိ- ကျေးဇူးမြင့်မိုရ် ဆယ်ဆပိုသား ထိုဆရာတော်ဘုရားတို့၏လည်း၊ စရဏမ္ဗောဇေ- ခြေတော်အစုံကြာပန်းတို့ကို၊ သုနိဝါတေန-လွန်စွာနှိမ့်ချ ရိုတုပ်ကွသော၊ စေတသာ-သဒ္ဓါ ယိုဖိတ် ကုသိုလ်စိတ်ဖြင့်၊ နတွာ နမာမိ-ကာယတစ်လီ ဝစီ-မန သုံးဒွါရဖြင့် စေတနာ အမျိုးမျိုး ဝေပြောတိုးလျက် ရှိခိုးကန်တော့ပါ၏။

http://www.dhammadownload.com

(၄)

# ပဋိညာဉ်

**နတွာ သခေတိ သိသေတိ၊ သညာစိတော နိရန္တရံ။**
**ထူပံ ဝန္ဒံ တရိယ်ာမိ၊ တေသမတ္ထာဘိပတ္ထယံ။**

နတွာ-ရှိခိုးပြီး၍၊ သခေတိ-ကျေးဇူးကြီးမား ဓမ္မဒါယာဒဆရာတော်ဘုရားထံတော်ပါး ဝယ် ဝပ်တွားသင်ကြား အတူနေခဲ့ကြကုန်သော ဝေးနီးရပ်နေ ချစ်မိတ်ဆွေတို့သည် လည်းကောင်း၊ သိသေတိစ-ယခုအခါ မိမိထံမှောက် အနီးအောက်ဝယ် နီးကပ်စစား တပည့်များတို့သည်လည်းကောင်း၊ နိရန္တရံ သညာစိတော-စာနှင့်တဖုံ လူကြုံတဆင့် တွေ့ လင့်ခါတိုင်း ဝိုင်း၍မပြတ် တိုက်တွန်းအပ်ပါလေသောကြောင့်၊(ဝါ) တိုက်တွန်းခံရပါသော၊ အတံ-မပိုးရိမ်နာယက စာချသမုတ် အကျွန်ုပ်သည်၊ တေသံ-ထိုဝေးနီးရပ်နေချစ်မိတ်ဆွေ နှင့် နီးနေစစားတပည့်များတို့၏၊ အတ္ထံ-သင်ယူပေါက်ရောက် တတ်မြောက်ရန်အကျိုးကို၊ အဘိပတ္ထယံ အဘိပတ္ထယန္တော-စေတနာပွားတိုး မျှော်ကိုးကြောင့်ကြ လွန်တောင့်တလျက်၊ ထူပံ ဝန္ဒံ-တနိုင်ငံလုံး စာမေးပွဲပေါင်းစုံ ကျောင်းတိုက်စုံမှ ရှာဖွေရရာ များပုစ္ဆာကို စိကာဖြေကြား "ပါရာဇိကဏ်ဝါကျဥယျာဉ်" အမည်ရှိသော ဤကျမ်းစာကို၊ တရိယ်ာမိ-ဝဏ္ဏရုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပါတော့အံ့သတည်း။

http://www.dhammadownload.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဗာဟိရနိဒါနကထာ

### ဝါကျဥယျာဉ် (၁)

(က) တတ္ထ ဝုတ္တံ ယေန ယဒါ ယသ္မာတိဣဒံ တာဝ ဝစနံ“ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ”တိ ဧဝမာဒိဝစနံ သန္ဓာယ ဝုတ္တံ။

(ခ) ဣဒဉ္ဟိ ဗုဒ္ဓဿ ဘဂဝတော အတ္တပစ္စက္ခဝစနံ န ဟောတိ။

(ဂ) တသ္မာ ဝတ္တဗ္ဗမေတံ “ဣဒံ ဝစနံ ကေန ဝုတ္တံ ကဒါ ဝုတ္တံ, ကသ္မာ စ ဝုတ္တ”န္တိ။

(ဃ) အာယသ္မတာ ဥပါလိတ္ထေရေန ဝုတ္တံ ။

(င) တဉ္စ ပန ပဌမမဟာသင်္ဂီတိကာလေ ။

(၅။၄။ သာရတ္ထ။၂၅။ မအူသျှ။၄၈။ ဂဏ္ဌိသစ်။၇၈။)

---

၁။ (က၊ခ)ဝါကျတို့ကို ဝါကျအပြန်အလှန်နည်းဖြင့်လည်းကောင်း၊(ဂ)ဝါကျကိုတသ္မာ-အစွဲမှန်ကန်စေလျက်လည်းကောင်း ကျနစွာ အနက်ပေးပါ။

၂။ (ဃ)ဝါကျကို အနုသန္ဓေတက်၍(င)ဝါကျကို အဘိယာစကတက်ပြပါ ။

၃။ အထက်ပါဝါကျတို့ကို ရှေ့နောက်ထောက်ဆအကြောင်းပြအမည်ပေး၍(က)ဝါကျရှိ ဝစနံနှစ်ပုဒ်ကို သဒ္ဒနယစာစပ်ပြပါ ။

၄။ အတ္တပစ္စက္ခဝစနံ-၌ ပစ္စက္ခ-ပုဒ်ကို ဝစနတ္ထပြ၍ ဉာသ်နည်းအရကောက်ပြပါ ။

၅။ (ဃ)ဝါကျလာပုဒ်များကို သမာသပဒစသည်ဝေဘန်၍သင်္ဂီတိ-ပုဒ်ကိုလိင် ဂိုဏ်း ကာရန်ညွှန်ပြပြီး၊ ဓာတ်ကို ဝတ္တမာန်ဝိဘတ်ဖြင့် ဘာဝရုပ်အာချာတပဒမာလာ စဉ်ပြပါ ။

၆။ ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု ။
တေန သမောဓာနေတွာ၊ တယော ပိ ဝိနယာဒယော ဉေယျာ။(၅။၁၆)၌အဋ္ဌကထာ ဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ ။

၇။ အာနန္ဒံ ဝိနာ ဓမ္မသင်္ဂီတိ/သင်္ဂီတိ န သက္ကာ ကာတုံ။(၅။၆။)ဝါကျ၌ ယုတ္တတရပါဌ်ကို သဒ္ဒါနည်းကျ အကြောင်းပြ ဆုံးဖြတ်ပါ ။

၈။ န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ (၅။၆)၌ ဓမ္မသင်္ဂီတိ-ဝယ် ရသင့်သောနည်းကို ဆိုရိုးကျ ဖြေပါ ။

၁၀။ ဗုဒ္ဓေါ-၌ စတ္တာရိ သစ္စာနိဟု ကံပုဒ်ခံ၍ ဗုဓာတ်အရကို ကောက်ပြပြီး ခန္ဓော တရဏာဟာရနေတ္တိထုတ်ပြပါ ။

---

http://www.dhammadownload.com



၁။ (က) (ခ)ဝါကျတို့ကို ဝါကျအပြန်အလှန်အနက်ပေးပုံ

ယာ မာတိကာ–ကို၊မယာ–သည်၊ဌပိတာ–ပြီး (ထည့်)

တတ္ထ တိဿံ မာတိကာယံ–၌၊ တာဝ–ကြွင်းကုန်သောသဒ္ဒါတို့မှ ရှေးဦး စွာ၊ ဝုတ္တံယေန ယဒိ ယသ္မာတိတ္ထဒိဝစနံ–ကို၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိအာဒိဝစနံ–ကို၊သန္ဓာယ–၍၊မယာ–သည်၊ဝုတ္တံ–ပြီ။ (ဖလ)

ကသ္မာ–ကြောင့်၊ ဝုတ္တံ ယေန ယဒိ ယသ္မာတိ တ္တဒံ ဝစနံ–ကို၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိ ဝေမာဒိဝစနံ–ကို၊ သန္ဓာယ–၍၊ မယာ–သည်၊ဝုတ္တံ–သနည်း။ (ပုစ္ဆာ–ဖလ)

ဟိ ယသ္မာ–အကြင်ကြောင့်၊ တ္တဒံ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိ ဝေမာဒိဝစနံ–သည်၊ ဘဂဝတော–သော၊ ဗုဒ္ဓဿ–၏၊ အတ္တပစ္စက္ခဝစနံ–သည်၊ န ဟောတိ–မဖြစ်။ (ကာရဏ)

တသ္မာ–ကြောင့်၊ ဝုတ္တံ ယေန ယဒိ ယသ္မာတိ တ္တဒံ ဝစနံ–ကို၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိ ဝေမာဒိဝစနံ–ကို၊သန္ဓာယ–၍၊ မယာ–သည်၊ ဝုတ္တံ–ဆိုအပ်ပြီးသတည်း။(ပရိဟာရ ဖလဝါကျ) (မအူသျှ၊၄၈–၄၉။)

◆ ဟေတုပိဋ္ဌိ၊ ဖြစ်လေဘိက၊ ရှေး၌ဗိုလ်မှာ၊ ကသ္မာ–ကေန၊ ပုစ္ဆာပြလျက်၊ တိတ်နှင့်ယှဉ်ပါ၊ ပြီးဆုံးခါ၊ ဗိုလ်မှာလည်း၍သတ်။

(ဂ)ဝါကျ တသ္မာ– စွဲပုံ

တသ္မာ–ထိုသို့ ဝုတ္တံ ယေန ယဒိ ယသ္မာ–ဟူသော ဤစကားကို တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ–ဤသို့ အစရှိသော စကားကို ရည်ရွယ်၍ ငါသည် ဆိုအပ်ပြီးသည်၏အဖြစ်ကြောင့် ။

◆ တသ္မာကို၊ တိတ်၏ဗိုလ်၊ စွဲဆိုမြဲထုံးစံ။ (မအူသျှ၊၅၀) ◆

မှတ်ချက်။ ။လဒ္ဓဂုဏဝါကျ၌ တသ္မာဖြင့် တိတ်၏ဗိုလ်ကိုသာ စွဲရသည်၊ တိတ်ကို မစွဲရ။ (မအူသျှ၊၅၀) ။

၂။ ဤနေရာ၌ မူရင်းပုစ္ဆာ၏အဖြေကို မရေးသားမီ (၂)နံပါတ် ပုစ္ဆာနှင့်ပတ်သက်၍ သောတုဇနတို့ ကြိုတင်သိသင့် ကျက်မှတ်ထားသင့်သော အခြေခံကျမ်း တက်နည်းများကို ရှေးဦးစွာ ရေးသားပါဦးမည် ။

## ကျမ်းတက်နည်းအကျဉ်းမှတ်ဖွယ်

ကျမ်းတက်သည် (၁) အနုသန္ဓေတက်

(၂) ပုစ္ဆာတက်

http://www.dhammadownload.com



(၃) စောဒနာတက်
(၄) အဘိယာစကတက် ဟုလေးမျိုးရှိသည်။

♦ နု-စော-ပုစ္ဆာ၊ အဘိယာ၊ လေးပြာကျမ်းတက်ရိုး ။

## (၁) အနုသန္ဓေကျမ်းတက်

| | | |
|---|---|---|
| ပုဗ္ဗာနုသန္ဓေဘက်၌- | (၁) | နိဒါန (ဤသို့) |
| | (၂) | ကာရကာ (ဖြင့်) |
| | (၃) | ကမ္မ (ကို) |
| | (၄) | ကြိယာဝိသေသန (ပြီး၍) |
| အပရာနုသန္ဓေဘက်၌- | (၁) | အာဓာရ (ဤယခုအခါ၌ ) |
| | (၂) | ကမ္မ (ကို) |
| | (၃) | သမ္ပဒါန် (ပြခြင်းငှါ၊ ပြလိုသောဆရာသည်) |

ဤသို့ပုဗ္ဗာနုသန္ဓေဘက်၌ အင်္ဂါလေးပါး၊ အပရာနုသန္ဓေဘက်၌အင်္ဂါသုံးပါး ဤအင်္ဂါ ရ-ပါးနှင့်အညီ ကျမ်းတက်သည်ကို အနုသန္ဓေကျမ်းတက်ဟုခေါ်သည်။

♦ နိဒါန်, ကာရကာ၊ ကမ္မ, ဝိသေ၊ ဤလေးထွေ၊ မှတ်လေ ပုဗ္ဗာနု ။
♦ အာဓာ, ကမ္မံ၊ သမ္ပဒါန်၊ မှတ်ရန် အပရာနု ။
♦ ပုဗ္ဗာ-ပရ၊ ဤနှစ်ဝ၊ ပြားထ နုသန္ဓိ ။

## သာမညာနုသန္ဓေနှင့် ဝိသေသာနုသန္ဓေ

အနုသန္ဓေကျမ်းတက်သည်- (၁) သာမညာနုသန္ဓေ
(၂) ဝိသေသာနုသန္ဓေ ဟုနှစ်ပါးအပြားရှိ၏။

ထိုတွင် (၁) ရှေး-နောက်ဝါကျတို့၌ ကျမ်းဆရာ၏ အာဘော်ကို မဖော်ဘဲ သာမည ကျမ်းတက်လျှင် သာမညာနုသန္ဓေတက်မည်၏ ။

(၂) ရှေး-နောက်ဝါကျတို့၌ ကျမ်းဆရာ၏ အာဘော်ကို ဖော်၍ ကျမ်းတက် လျှင် ဝိသေသာနုသန္ဓေတက်မည်၏ ။

မှတ်ချက်။ ။ကျမ်းတက်ပုံအကျယ်ကို ဆိုင်ရာဝါကျတို့၌ တွေ့ရလိမ့်မည်။

♦ သာမံ ဝိသေ၊ နှစ်ပါးပေ၊ တက်လေနုသန္ဓိ။

အမှာ။ ရှေးဝါကျ၌သာ အာဘော်ဖော်၍ တက်လျှင် ပုဗ္ဗဝိသေသာနုသန္ဓေ။
နောက်ဝါကျ၌သာ အာဘော်ဖော်၍ တက်လျှင် အပရဝိသေသာနုသန္ဓေ။
နှစ်ပါးစုံ အာဘော်ဖော်၍ တက်လျှင် ဥဘယဝိသေသာနုသန္ဓေဟု သုံးမျိုးခွဲကြ သေးသည်။ထိုအတူပုစ္ဆာ၊ စောဒနာ၊ အဘိယာစကကျမ်းတက်တို့၌လည်း ဥပနာ၊ အာဘော်၊ ပုစ္ဆာ-တို့၌ သာမည-ဝိသေသ ခွဲတက်ကြသည်။

http://www.dhammadownload.com



## ပုစ္ဆာတက်နှင့်စောဒနာတက်ထူးခြားပုံ

ပုစ္ဆာတက်၌ အာဘော်မပါ ။ စောဒနာတက်၌ အာဘော်ပါသည် ။

- ♦ အာဘော်မပါ၊ မေးခဲ့ရာ၊ ပုစ္ဆာတူ၍မှတ် ။
- ♦ အာဘော်နှင့်သာ၊ မေးခဲ့ရာ၊ စောဒနာတူ၍မှတ် ။

(ဤကား ရှေးဆရာတို့ နည်းတည်း)

(တစ်နည်း) ပုစ္ဆာတက်၌ ဒေါသမပါ။ စောဒနာတက်၌ ဒေါသပါသည်။ အာဘော်ကား နှစ်မျိုးလုံး၌ပါသည်။(ဤကား ယခုခေတ် အသုံးများသော နည်းတည်း

- ♦ ဒေါသမပါ၊ မေးခဲ့ရာ၊ ပုစ္ဆာတူ၍မှတ် ။
- ♦ ဒေါသနှင့်သာ၊ မေးခဲ့ရာ၊ စောဒနာတူ၍မှတ် ။

အမှာ။ ။ထိုနှစ်နည်းတွင် ယခုခေတ်စာချတန်း၌ အသုံးများသော နောက်နည်းကိုသာ အဓိကထား၍ ရေးပါမည်။

## ပုစ္ဆာတက်

ပုစ္ဆာကျမ်းတက်သည် (၁) အာလုပ် (၂) ကတ္တား
(၃) ဥပနာ (၄) ပုစ္ဆာ
(၅) အာဘော် ဤသို့ အင်္ဂါငါးချက်ပါရှိသည်။

♦ အာလုပ်–ကတ္တာ၊ ဥပနာနှင့်၊ ပုစ္ဆာ–ဘောဝ၊ အင်ငါးဝ၊ သာဘောဝပုစ္ဆာမှတ်။

## သာဘောဝပုစ္ဆာနှင့်အနာဘောဝပုစ္ဆာ

ပုစ္ဆာကျမ်းတက် အင်္ဂါငါးချက်တွင် အာဘော်ပါလျှင် သာဘောဝပုစ္ဆာ၊ အာဘော်မပါလျှင် အနာဘောဝပုစ္ဆာဟုခေါ်သည် ။

## စောဒနာတက်

စောဒနာကျမ်းတက်သည် (၁) အာလုပ် (၂) ကတ္တား
(၃) ဥပနာ (၄) ပုစ္ဆာ
(၅) အာဘော် (၆) ဒေါသ

ဤသို့ အင်္ဂါ ၆–ချက်ပါရှိသည် ။

♦ အာလုပ်–ကတ္တာ၊ ဥပနာနှင့်၊ ပုစ္ဆာ–ဘောဝ၊ တင်ဒေါသ၊ မှတ်ကြစောဒနာ။

## ဒေါသာရောပနစောဒနာနှင့် အဒေါသာရောပနစောဒနာ

အထက်ပါ အင်္ဂါ ၆–ပါး နှင့် အညီ ပြည့်စုံစွာ ကျမ်းတက်လျှင် ဒေါသာရောပန စောဒနာ ကျမ်းတက်ဟုခေါ်သည်။ ဒေါသမတင်ဘဲကျမ်းတက်လျှင် အဒေါသာရောပနကျမ်းတက်ဟုခေါ်သည် ။

http://www.dhammadownload.com



## အဘိယာစကတက်

အဘိယာစကကျမ်းတက်သည် (၁) အာလုပ် (၂) ကတ္တား
(၃) ဥပနာ (၄) အဘိယာစနာ
ဤသို့ အင်္ဂါလေးချက် ပါရှိရသည်။

♦ **အာလုပ်–ကတ္တာ၊ ဥပနာနှင့်၊ အဘိယာစန၊ အင်လေးဝ၊ မှတ်ကြအဘိယာစကာ။**

အာဘော်မပါသော အနာဘောဂပုစ္ဆာကျမ်းတက်၌ ပုစ္ဆာနေရာတွင် ပုစ္ဆာအသွင်ဖြင့် မသုံးဘဲ တောင်းပန်သော အဘိယာစကသံပါအောင် ကျမ်းတက်ခြင်းပင်ဖြစ်သည်။

အမှာ= လီနတ္ထပ္ပကာသနာ၊ အယုတ္တစောဒနာ၊ ဗျတိရေကစောဒနာ၊ အန္ဓယစောဒနာ၊ လျှင်းပါးပုစ္ဆာ၊ ဥပနာတိကပုစ္ဆာစသည်ဖြင့် ကျမ်းတက်နည်း အမည်များစွာ ရှိသေးသည်။ ဆိုင်ရာဝါကျအခန်း၌ ထင်ရှားစွာ တွေ့ရလတ္တံ့ ။

ဤနေရာ၌ သောတုဇနတို့ လွယ်ကူစွာကျက်မှတ်နိုင်ရန် (င)ဝါကျတစ်ခုတည်းကို အနုသန္ဓေ၊ ပုစ္ဆာ၊ စောဒနာ၊ အဘိယာစက–ဟုလေးမျိုးခွဲ၍ကျမ်းတက်ပြပါမည် ။

## (င)ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (နိဒဿန) (ဃ)ဝါကျဖြင့် (ကရဏ) ကေန ဝုတ္တံ–ဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို(ကမ္မ)ပြပြီး၍(ကြိယာဝိသေသန)(ဤကားပုဗ္ဗာနုသန္ဓေ) ယခုအခါ၌(အာဓာရ) ကဒါ ဝုတ္တံဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို(ကမ္မ) ပြတော်မူခြင်းငှါ(သမ္ပဒါန်) (ဝါ)ပြတော်မူလိုသောအဋ္ဌကထာဆရာသည် (င)ဝါကျကို မိန့် ။ **(ဤကား အပရာနုသန္ဓေ)**

## (င)ဝါကျ ပုစ္ဆာတက်ပုံ

အရှင်အဋ္ဌကထာဆရာ(အာလုပ်)၊ဆရာသည်(ကတ္တား)၊(ဃ)ဝါကျဖြင့် ကေနဝုတ္တံဟူသောအမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို ပြဆိုတော်မူ၏(ဥပနာ)။ကေန ဝုတ္တံဟူသောအမေးပုစ္ဆာ၏အဖြေဝိဿဇ္ဇနာသာ ရှိပါသလော(အာဘော်)၊ကဒါ ဝုတ္တံ–ဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကား အဘယ်ပါနည်း(ပုစ္ဆာ)။ ဤသို့ မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေကြားတော်မူလိုသော အဋ္ဌကထာဆရာသည် (င)ဝါကျကိုမိန့် ။

အဓိပ္ပါယ်ကား (င)ဝါကျဖြင့် ကဒါ ဝုတ္တံ–ဟူသောအမေးပုစ္ဆာ၏အဖြေဝိဿဇ္ဇနာကိုငါပြဆိုပါအံ့ဟူလိုသော် ။

http://www.dhammadownload.com



## (င)ဝါကျ ဓောဒနာတက်ပုံ

အရှင်အဋ္ဌကထာဆရာ(အာလုပ်)၊ဆရာသည် (ကတ္တား)၊ (ဃ)ဝါကျဖြင့် ကေနဝုတ္တံဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို ပြဆိုတော်မူ၏(ဥပနာ) ။ ကေန ဝုတ္တံဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာသာ ရှိပါသလော(အာဘော်)၊ ကဒါဝုတ္တံဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကား အဘယ်ပါနည်း (ပုစ္ဆာ)၊ အကယ်၍ ကဒါ ဝုတ္တံ-ဟူသောအမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို မပြဆိုခဲ့သော် ဆရာ့အား စကားမပြန်နိုင်သော အဗျာပိတဒေါသ၊ စကားမပြည့်စုံသော အပရိပုဏ္ဏ ဒေါသသင့်ရောက်ရာ၏(ဒေါသ)၊ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာ လိုသော အဋ္ဌကထာဆရာသည် (င)ဝါကျကိုမိန့်၏။

အဓိပ္ပါယ်ကား (င)ဝါကျဖြင့် ကဒါ ဝုတ္တံ-ဟူသောအမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာ ကိုလည်း ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသ ငါ့အပေါ်မရောက် ကင်းစင်လွှင့်ပျောက်ပါ၏ဟူလိုသော် ။

## (င)ဝါကျအဘိယာစကတက်ပုံ

အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည်(ကတ္တား)၊ (ဃ)ဝါကျဖြင့် ကေန ဝုတ္တံဟူသော အမေးပုစ္ဆာ၏ အဖြေဝိဿဿဇ္ဇနာကိုပြဆိုတော်မူ၏(ဥပနာ)။ ကဒါဝုတ္တံဟူသောအမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကိုလည်း ပြဆိုတော်မူပါဦး(အဘိ ယာစက)။ ဤသို့လျှောက်ထား တောင်းပန်ဘွယ်ရှိသောကြောင့် (င)ဝါကျကိုမိန့်၏။

အမှာ= ကျမ်းတက်လေးမျိုးတွင် ပုစ္ဆာတက်၊ စောဒနာတက်တို့၌ အဓိပ္ပါယ် ပြန်ရသည်။အနုသန္ဓေတက်၊ အဘိယာစကတက်တို့၌ အဓိပ္ပါယ်မပြန်ရ။ အချို့ဆရာများက အဘိယာစကကျမ်းတက်၌ အာဘော်ထည့်၍ ကျမ်း တက်ကြသေးသည်။ (ဝါဒဏ္ဍရဟုမှတ်) ။

အနုသန္ဓေတက်၌ ပုဗ္ဗာနုသန္ဓေသည် ပုစ္ဆာ၊ စောဒနာ၊ အဘိယာစကကျမ်း တက်တို့၌ ဥပနာဖြစ်လာ၏ ။ အပရာနုသန္ဓေသည် ပုစ္ဆာဖြစ်လာ၏။ ထို့ကြောင့် အနုသန္ဓေတက်နည်းကို နားလည်လျှင် ပုစ္ဆာတက်နည်း စသည်တို့ကိုလည်း နား လည်မည်သာဖြစ်၏။ထို့ကြောင့်ပင်လျှင် ပါဠိတော်ကို အဋ္ဌကထာဆရာကျမ်းတက် ပြရာ၌လည်းကောင်း၊ အဋ္ဌကထာကို ဋီကာဆရာကျမ်းတက်ပြရာ၌လည်းကောင်း၊ ပုစ္ဆာတက် စောဒနာတက်များဖြင့်ပြလေ့မရှိဘဲအနုသန္ဓေတက်နည်းဖြင့်သာများစွာ ပြလေ့ရှိသည်။အနုသန္ဓေတက်ကို သိနားလည်လျှင် ပုစ္ဆာတက်နည်းစသည်တို့ကို လည်း သိနားလည်စေရန် အထက်၌ (င)ဝါကျ တစ်ခုတည်းကို စံနမူနာအဖြစ် ရေးသားခဲ့ပါပြီ။ဆက်လက်၍ ကြိုးစားလေ့ကျက်ယူတတ်ကြပါစေ။ကျမ်းတက်နည်း ကိုသိနားလည်ထားပါက ကျမ်းထွက်နည်းကိုလည်း သိနားလည်မည်ဖြစ်သည်။

http://www.dhammadownload.com



## ကျမ်းထွက်နှင့်ကျမ်းတက်

ဝါကျတစ်ခုရှိ ပဓာနကြိယာကို ဆုပ်ကိုင်ထား၍ ထိုကြိယာမှ ဆိုင်ရာဆိုင်ရာနာမ်ပုဒ်စသည်သို့ အဓိပ္ပါယ်ပြောသွားခြင်းကို "အထွက်"ဟုခေါ်သည် ။

ရှေးပုဒ်ကိုသော်လည်းကောင်း၊ရှေးဝါကျကိုသော်လည်းကောင်း၊ဆုပ်ကိုင်၍ နောက်ဝါကျသို့ မေးမြန်းသွားခြင်းကို "အတက်"ဟုခေါ်သည်။ ကျမ်းတက်နည်းအကျယ်ကို ဆိုင်ရာဝါကျများ၌ တွေ့ရလတ္တံ့ ။

### "ကျက်မှတ်ထားရမည့် ဒေါသာရောပနနိယံများ"

- ◆ ဝိတ္ထာ-သံခိပ်၊ ဥဒ်-နိဒ်- နိဝမ၊ ဝုတ္တိယ၊ ပုနရုတ္တိတင် ။
- ◆ အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင် ။
- ◆ ပက္ခန္တရ၊ ဟူလက ၊ အဗျာပိတတင် ။
- ◆ ဥပနျာသ၊ ဟူလက ၊ အဗျာပိတတင် ။
- ◆ ဝါကျာရမ္ဘ၊ ဟူလက ၊ အဗျာပိတတင် ။
- ◆ လက္ခဏာရူပ၊ ဝါကျရှိ ၊ အဗျာပိတတင် ။
- ◆ ဝိသေဝါကျ၊ ဟူလက ၊ အတိဗျာပိတတင် ။
- ◆ အတ္ထုဒ္ဒေသ၊ ဘိဓေယျ ၊ တင်ကြတိဗျာပင် ။
- ◆ အဓိဝစနံ၊ နာမံ-ဓိပ္ပေ၊ ဝတာဏော၊ တင်လေ တိဗျာပင် ။
- ◆ ဒဋ္ဌိမည်ရှိ၊ ဝိရောဓိ ၊ သတိမြဲမြဲယူဉ် ။
- ◆ ကာရဏာ-ဒဋ္ဌိ၊ ဝိရောဓိ၊ တင်ဘိအပြစ်ပင် ။
- ◆ ဥဒ်-နိဒ် နိဝမ၊ ဝိတ္ထာရ၊ ဒေါသဝိရောပင် ။
- ◆ လဒ္ဓဂုဏာ၊ ကျိုးဖလ၊ နိရုတ္တကတင် ။
- ◆ အတိဒေသ၊ ဟူလတ်က၊ ဝဏ္ဏဝရတင် ။
- ◆ ဆိုလတ္တံ့ညွှန်း၊ နည်းတူညွှန်း ၊ ကျမ်းညွှန်းဝဏ္ဏတင် ။
- ◆ ရှေးရှေးဝါကျ၊ ဤဒေါသ၊ သင့်ရ တင်ရစ် ။
- ◆ နောက်နောက်ဝါကျ၊ ထိုဒေါသ၊ ပယ်ချပါလေစ် ။

### မူရင်းပုစ္ဆာနှင့်ဆိုင်သော ကျမ်းတက်အဖြေ

### (ဃ)ဝါကျ အနုသန္ဓေတက်

ဤသို့(ဂ)ဝါကျဖြင့် ကောန ဇုတ္တံအစရှိသည်ဖြင့် အမေးပုစ္ဆာကို ပြပြီး၍၊ ဤယခုအခါ၌ ယင်း၏ အဖြေဝိသဇ္ဇနာကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)ဝါကျကိုမိန့် ။

အမှာ=(င)ဝါကျ အဘိယာစကကျမ်းတက်မှာ နမူနာပုံစံအဖြေ၌ပါပြီးဖြစ်သည်။

http://www.dhammadownload.com



## (က)စသည် အနုသန္ဓေတက်ပုံ

ဤသို့ "ဝုတ္တံ ယေန ယဒါ ယသ္မာ"အစရှိသော နှစ်ဂါထာတို့ဖြင့် မာတိကာပုဒ်များနှင့် ပရိညာဉ်ကို ပြပြီး၍၊ ဤယခုအခါ၌ ယင်းမာတိကာပုဒ်များကို အသီးသီးထုတ်ဆောင်၍ ချဲ့ပြလိုသောဆရာသည် (က)စသည်ကိုမိန့် ။

◈ ဣဒါနိ ပန တံ ဝိသုံ နိတရိတွာ ဒဿေန္တော "တတ္ထ ဝုတ္တံ ယေနာ" တိ အာဒိ မာဟ ။ (သာရတ္ထ၊၁။၂၅)

## (ခ) ပုစ္ဆာတက်ပုံ

အရှင်အဋ္ဌကထာဆရာ–ဆရာသည် (က)ဝါကျဖြင့် "ဝုတ္တံ ယေန ယဒါ ယသ္မာ" ဟူသော ဤမာတိကာသုံးပုဒ်ကို "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ" အစရှိသော နိဒါန်းစကားကို ရည်ရွယ်၍ ဆိုအပ်သော ဟုဆို၏။ အဘယ့်ကြောင့် နိဒါန်းကိုသာရည်ရွယ်၍ ဆိုအပ်ပါသနည်း။(ဂဏ္ဌိသစ်၊ ရ၈။) ယင်းနိဒါန်းစကားသည် မြတ်စွာဘုရား၏ အတ္တပစ္စက္ခဝစနပင် ဖြစ်သည် မဟုတ်ပါလော။ ဤသို့မေးဘွယ်ရှိ၍----(ခ)ဝါကျကိုမိန့် ။

♦ ပရိတာရ၊ နောက်ဝါကျ၌၊ န–ရှိလျှင်းက၊ န–တိုပယ်၊ န–မရှိက၊ န–ကိုသွင်း၊ တင်လျှဉ်း အာဘော်ပေး

◈ အထ ကသ္မာ ဣဒမေဝ ဝစနံ သန္ဓာယ ဝုတ္တန္တိ အာဟ "ဣဒဉ္စိ"တိအာဒိ။ (သာရတ္ထ၊၁။၂၅)

၃။ (က)ဝါကျသည် မာတိကာပုဒ်များကို ထုတ်ဆောင်၍ အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျမည်၏။ ထိုဝါကျကိုထောက်၍ ဝုတ္တံ ယေန ယဒါ ယသ္မာ–အစရှိသော ဆိုခဲ့ပြီး နှစ်ဂါထာသည် ၄တ်ကျဉ်းသော မာတိကာပုဒ်များကို ပြသောကြောင့် သင်္ခေပဝါကျမည်၏ ။

(ခ)ဝါကျသည် (က)ဝါကျစကားရပ်၏ အကြောင်းကိုပြသောကြောင့်ကာရဏဝါကျ မည်၏။ ထိုဝါကျကို ထောက်၍ (က)ဝါကျသည် အကျိုးကို ပြသောကြောင့် ဖလဝါကျမည်၏

(ဂ)ဝါကျသည် ရအပ်သော အကျိုးကို ပြသောကြောင့် လဒ္ဓဂုဏဝါကျ မည်၏။ ထိုဝါကျကိုထောက်၍(ခ)ဝါကျသည် အကြောင်းယုတ္တိကိုပြသောကြောင့်လဒ္ဓဂုဏိယ ဝါကျမည်၏ ။

(ဃ)ဝါကျသည် ပုစ္ဆာမှတစ်ပါး အဖြေဝိဿဇ္ဇနာကို ပြသောကြောင့် ပုက္ခန္တရဝါကျ မည်၏ ။ ထို–ကိုထောက်၍ (ဂ)ဝါကျသည် ပက္ခဝါကျမည်၏ ။

(င)ဝါကျသည် ကေန ဝုတ္တံဟူသောပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာမှတစ်ပါး ကဒါ ဝုတ္တံ ဟူသောပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာဟူသော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရမည်၏ ။ထို–ကိုထောက်၍ (ဃ)ဝါကျသည် ပက္ခဝါကျမည်၏ ။

http://www.dhammadownload.com



ဝစနံ-နှစ်ဖုဒ်စာစပ်ပုံ

တွာဒ်ံ ဝစနံ-ကား ကို-ဟူ၍ အနက်ပေးရသောကြောင့် ဝုတ္တံ-၌ သာမညဝုတ္တကံ၊ ဝုတ္တံ-ကား သာမညဝုတ္တကံ၏ ကြိယာအဖြစ်ဖြင့် စပ်ရ၏ ။

ဝေမာဒိဝစနံ-ကား ကို-ဟူ၍ အနက်ပေးရသောကြောင့် သန္တာယ-၌ ဝိသေသ အဝုတ္တကံ၊သန္တာယ-ကား ဝိသေသအဝုတ္တကံ၏ ကြိယာအဖြစ်ဖြင့် စပ်ရ၏ ။

- သန္တာယ-ဝုတ္တံ၊ ပုဒ်နှစ်တန်၏၊ ကံမှုကွဲပြား၊ အထူးအားဖြင့်၊ သန္တာယ ကံကား-အဝုတ္တ၊ ဝုတ္တံကံကား ဝုတ္တ၊ သန္တာယကံကား ဝိသေသ၊ ဝုတ္တံ ကံကား သာမညတည်း။(ဘုရားကြီး ၊ဝရ။)

အောက်ပါပါဠိ (၁၈)မျိုးတို့၏ မူလ-မူလီ သင်္ကေတအနက် တွဲစပ်ပုံဇယားနှင့် အကျဉ်းဆိုရိုးကို သေချာစွာ လေ့လာကျက်မှတ်ထားပါ

| စဉ် | မူလပါဠိ | မူလီပါဠိ | ဟိ-ဝ-ပန ပါဠိမှဆောင်ရာကျသင်္ကေတ |
|---|---|---|---|
| ၁ | သင်္ခေပ | ဝိတ္ထာရ | ရဲ့ ဦးအံ့ |
| ၂ | ဝိတ္ထာရ | သင်္ခေပ | အကျဉ်းကိုဆိုအံ့၊ အကျဉ်းချုပ်ကား |
| ၃ | ဒဋ္ဌိယ | ဒဋ္ဌိကရဏ | မှန်၏ ၊ သင့်စွ |
| ၄ | အပါကဋ | တပ္ပါကဋိကရဏ | ထင်ရှားအောင် ပြဦးအံ့ |
| ၅ | နိဂမနိယ | နိဂမန | နိဂုံးကိုဆိုဦးအံ့ |
| ၆ | ဖလ | ကာရဏ | (ဟိ-ယသ္မာ) အကြင်ကြောင့် |
| ၇ | ကာရဏ | ဖလ | ထိုကြောင့်၊ ဟိ-အကျိုးကိုဆိုဦးအံ့ |
| | | | |
| ၈ | ယုတ္တိ(လဒ္ဓဂုဏိယ) | လဒ္ဓဂုဏ | အကျိုးကိုဆိုအံ့၊တေန-တသ္မာ-ထို့ကြောင့် |
| ၉ | အယုတ္တိ(လဒ္ဓဒေါသိယ) | လဒ္ဓဒေါသ | အပြစ်ကိုဆိုအံ့၊ လဒ္ဓဒေါသထင်ရှားပြအံ့ |
| ၁၀ | အာရဒ္ဓ(မူလဋ္ဌေဒ) | ဝါကျာရမ္ဘ | ဆက်ဦးအံ့ |
| ၁၁ | -အမူလဋ္ဌေဒ | ဥပချာသ | ဆက်ဦးအံ့ |
| ၁၂ | သာမည | ဝိသေသ | အထူးကိုဆိုအံ့ |
| ၁၃ | ဝိသေသ | သာမည | သာမညကိုဆိုအံ့၊ သာမညကား |
| ၁၄ | အန္တယ | ဗျတိရေက | ဗျတိရိက်ကိုဆိုအံ့၊ ဗျတိရိက်ကား |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၅ | ဗျတိရေက | အန္ဝယ | အန္ဝယကား၊ဝင်စစ်သော်ကား၊အလျော်ကို ဆိုအံ့ |
| ၁၆ | သမ္ဘာဝနာ | ဂရဟာ | ထိုသို့ပင်----သော်လည်း |
| ၁၇ | ဂရဟာ | သမ္ဘာဝနာ | ထိုသို့ပင်----သော်လည်း |
| ၁၈ | ပက္ခ | ဝက္ခန္တရ | အဖို့တစ်ပါးကိုဆိုအံ့၊ စ-သည်သာမက သေး |

## ဝါကျ (၁၀)မျိုး အကျဉ်းဆိုရိုး

(၁) ငုတ်ကျဉ်းနေသောရှေးဝါကျကို ထုတ်ဖော်ချဲပြသောဝါကျသည် ဝိတ္ထာရဝါကျမည်၏။

(၂) ရှေးဝါကျကို အကျဉ်းချုံးပြသော ဝါကျသည် သင်္ခေပဝါကျမည်၏ ။

(၃) ရှေးဝါကျကို ခိုင်မြဲအောင် ပြုပေးသောဝါကျသည် ဒဠှီကရဏဝါကျမည်၏ ။

ၚင်းသည်လည်း-ယုတ္တိဒဠှီကရဏ၊ အာဂမဒဠှီကရဏဟူ၍ နှစ်ပါးအပြားရှိ၏ ။ထိုတွင် --

(က)ယုတ္တိအားဖြင့် ခိုင်မြဲအောင် ပြုပေးသောဝါကျသည် ယုတ္တိဒဠှီကရဏဝါကျမည်၏။

(ခ)အာရုံပါဠိတော်စကားရပ်တို့ဖြင့် ခိုင်မြဲအောင်ပြုပေးသော ဝါကျသည် အာဂမဒဠှီကရဏဝါကျမည်၏ ။

(၄) မထင်ရှားသော ရှေးဝါကျကို (ဥပမာစသည်တို့ဖြင့်) ထင်ရှားအောင်ပြုပေးသော ဝါကျသည် တပ္ပါကဋီကရဏဝါကျမည်၏ ။

(၅) ရှေးဆိုခဲ့ပြီး စကားရပ်များကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြသော ဝါကျသည် နိဂမနဝါကျ မည်၏ ။

(၆) ရှေးဝါကျ၏ အကြောင်းကိုပြသော ဝါကျသည် ကာရဏဝါကျမည်၏ ။

(၇) ရှေးအကြောင်းပြဝါကျ၏ အကျိုးကိုပြသော ဝါကျသည် ဖလဝါကျမည်၏ ။

(၈) ရှေးဖလဝါကျမှရအပ်သော အကျိုးဂုဏ်ကို ပြတတ်သော ဝါကျသည်လည်းကောင်း၊ ရှေးဝါကျဆိုထားသည့်အတိုင်းယူလျှင် ရအပ်သောအကျိုးဂုဏ်ကို ပြသောဝါကျသည်လည်းကောင်း၊ အကျိုးရင်းကို ပြပြီး၍ အကျိုးရင်းမှ တဆင့်ရအပ်သော အကျိုးတစ်ပါးကို ပြသောဝါကျသည်လည်းကောင်း လဒ္ဓဂုဏဝါကျမည်၏ ။

## ဖလဝါကျနှင့်လဒ္ဓဂုဏဝါကျထူးခြားပုံ

တိုက်ရိုက်အကျိုးရင်းပြလျှင် ဖလဝါကျမည်၏ ။

ထိုအကျိုးရင်းမှ တဆင့်တက်၍ ရအပ်သော အကျိုးဆက်ကိုပြလျှင် (ဝါ) ဖလဝါကျ၏ ဖလကိုပြလျှင် လဒ္ဓဂုဏဝါကျမည်၏ ။

http://www.dhammadownload.com



တနည်း အကြောင်းရှေး–အကျိုးနောက်နေက ဖလဝါကျမည်၏ ။
အကျိုးရှေး–အကြောင်းနောက်နေကလဒ္ဓဂုဏဝါကျမည်၏။ ဤသို့ထူး၏။

(၉) ရှေးဝါကျမှ ရအပ်သော အပြစ်ကို ပြသောဝါကျသည်လည်းကောင်း၊ ရှေးဝါကျ၌ ဆိုထားသည့်အတိုင်း မယူလျှင် ရအပ်သော အပြစ်ကိုပြသော ဝါကျသည်လည်းကောင်း လဒ္ဓဒေါသဝါကျမည်၏ ။

(၁၀) ရှေးဝါကျ၌ (ပြောလက်စ စကားပြတ်ပြီးမှ) စောဒနာဘွယ်ရှိ၍ ပြန်ဆက်ပြသော ဝါကျသည် ဝါကျာရမ္ဘဝါကျမည်၏ ။

(၁၁) ရှေးဝါကျ (စကားမပြီးပြတ်သေး၍) စောဒနာဘွယ်ရှိ၍ ဆက်ပြသောဝါကျသည် ဥပန္ယာသဝါကျမည်၏ ။

မှတ်ချက်။ ။သာရတ္ထဒီကာ၊၁။၂၆–၌ ဝါကျာရမ္ဘနှင့်ဥပန္ယာသကို အထူးမရှိ၊အတူတူပင် ဟုဆိုသည်။

(၁၂) ရှေးဝါကျစကားရပ်ကို အထူးပြုသော ဝါကျသည်လည်းကောင်း၊ ရှေး၌ ဆိုအပ်သော အများဆိုင်စကားရပ်မှ ဤ၌ လိုအပ်သော အနက်ထူးကို သီးခြားထုတ်ပြသော ဝါကျသည်လည်းကောင်း ဝိသေသဝါကျမည်၏ ။

(၁၃) ရှေးဝါကျ၏ အများဆိုင်အနက်ကို ဖော်ပြသောဝါကျသည် သာမညဝါကျမည်၏။

(၁၄) ရှေးမူလဝါကျနှင့်ဆန့်ကျင်ဘက်အနက်ကိုပြသောဝါကျသည် ဗျတိရေကဝါကျမည်၏။

(၁၅) ရှေးမူလဝါကျနှင့်အလျော်ဖြစ်သောအနက်ကိုပြသောဝါကျသည် အန္ဝယဝါကျမည်၏။

(၁၆) ရှေးဝါကျစကားရပ်ကို ကဲ့ရဲ့သောဝါကျသည် (ဝါ)ကဲ့ရဲ့အပ်သောအနက်ကို ပြသော ဝါကျသည် ဂရဟာဝါကျမည်၏ ။

(၁၇) ရှေးဝါကျစကားရပ်ကို ချီးမွမ်းသောဝါကျသည် (ဝါ) ချီးမွမ်းအပ်သော အနက်ကို ပြသော ဝါကျသည် သမ္ဘာဝနာဝါကျမည်၏ ။

(၁၈) ရှေးဝါကျမှ အဖို့တစ်ပါးကို ပြသောဝါကျသည် ပက္ခန္တရဝါကျမည်၏ ။

၄။ အက္ခသ ပတိ ပဝတ္တတီတိ ပစ္စက္ခံ (ဂဏ္ဌိသစ်။ရ၈)

ယံ၀စနံ–သည်၊အက္ခသ–ဣန္ဒြေ၏၊ပတိ–ရှေးရှု၊ဝတ္တတိ–ဖြစ်တတ်၏၊ဣတိ–ကြောင့်၊တံ ဝစနံ–သည်၊ပစ္စက္ခံ–မည်၏ ။

အက္ခသ ပတိ ဝတ္တတိ–ကား ဆဋ္ဌီအဗျယီဘောသမာသ်ဝိဂြိုဟ်၊

ပစ္စက္ခံ–ကား ဆဋ္ဌီအဗျယီဘောသမာသ်ပုဒ် ။ ပတိ–ပုဒ် ၊ အက္ခ–ပုဒ် ။

ဤပစ္စက္ခံ–ဟူသောအဗျယီဘောသမာသ်၌–

(က) အက္ခ–ဟူသောဝိသေသနပုဒ်အရကား ဣန္ဒြေသည် မုချအားဖြင့်ရ၏ ။

(ခ) ထိုဣန္ဒြေ၏–ရှေးရှုဖြစ်သောစကားဒြဗ်နှင့် ဂုဏ်–ဂုဏော၊ ဝိသေသန–ဝိသေသျအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏ ။

http://www.dhammadownload.com



(ဂ) ပစ္စက္ခံဟူသော သမာသ်ပုဒ်လုံးအရကား ထိုမှုချ–ဌာနူပစာတို့ဖြင့် မှတ်အပ်သောဣန္ဒြေ၏ ရှေးရှုဖြစ်သော စကားရ၏၊ (ဝါ) မျက်မှောက်ဖြစ်သောစကားဖြစ်ရ၏ ။

တစ်နည်း။ အက္ခဿ ပတိ ပစ္စက္ခံ ။(ဝဇိရဗုဒ္ဓိ၊ရ၉)

အက္ခဿ–ဣန္ဒြေ၏ ၊ ပတိ– ရှေးရှုကာလတည်း။ ပစ္စက္ခံ–ဣန္ဒြေ၏ ရှေးရှုကာလ။

(ဝါ) မျက်မှောက်ကာလ ။

အဗျယီဘောသမာသ်ဝိဂြိုဟ် ။ အဗျယီဘောသမာသ်ပုဒ် ။

ဤပစ္စက္ခံ–ဟူသောသမာသ်ပုဒ်၌

(က) အက္ခ–ဟူသောဝိသေသနပုဒ် အရကား ဣန္ဒြေသည် မုချအားဖြင့်ရ၏ ။

(ခ) ထိုဣန္ဒြေတို့၏–ရှေးရှုကာလနှင့် ကာလဝန္တ–ကာလအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရအားဖြင့်ရ၏ ။

(ဂ) ပစ္စက္ခံ–ဟူသော သမာသ်ပုဒ်လုံးအရကား ထို––––သော ဣန္ဒြေ၏ ရှေးရှုကာလရ၏ ။ (ဝါ) မျက်မှောက်ကာလရ၏ ။

## ဝဇိရသိဒ္ဓိသာရတ္ထ

အတ္တပစ္စက္ခဝစနံ၊ ကိုယ်တော်၏ မျက်မှောက်ဖြစ်သော စကားသည်။

အက္ခဿ ပတိ ဝတ္တတီတိ ပစ္စက္ခံ၊ ပစ္စက္ခမေဝ ဝစနံ ပစ္စက္ခဝစနံ၊ အတ္တနော ပစ္စက္ခဝစနံ အတ္တပစ္စက္ခဝစနံ ။ (သာရတ္ထ)

(ဝါ) မျက်မှောက်ပြု၍ ကိုယ်တော်ဟောအပ်သော စကားသည် ။

အက္ခဿ ပတိ ပစ္စက္ခံ၊ ပစ္စက္ခဘာသိတံ ဝစနံ၊အတ္တနော ပစ္စက္ခဝစနံ အတ္တပစ္စက္ခဝစနံ ။ ပစ္စက္ခံ–ကား ဘာဝနပုံ။ (သာရတ္ထ၊ဝိမတိ) ။

(ဝါ) ကိုယ်တော်၏ မျက်မှောက်ကာလ၌ ဟောတော်မူအပ်သော စကားသည်။

အတ္တပစ္စက္ခဝစနံ န ဟောတီတိ အတ္တနော ဓရမာနကာလေ ဝုတ္တဝစနံ န ဟောတိ။ (ဝဇိရမှန်)အက္ခဿ ပတိ ပစ္စက္ခံ၊ ပစ္စက္ခကာလေ ဝစနံ –ပစ္စက္ခဝစနံ၊အတ္တနော ပစ္စက္ခဝစနံ အတ္တပစ္စက္ခဝစနံ –ဟုတွဲ ။

( ဤကား ပါရာဇိကဏ်ဝဇိရသိဒ္ဓိလာ အနက်နှင့် ဝစနတ္ထအသီးသီးဖြစ်သည်။ )

မအူသျှ–၌ အတ္တပစ္စက္ခဝစနံ–ကိုယ်တော်၏ မျက်မှောက်၌ဖြစ်သော စကားသည်။

အက္ခဿ ပတိ ပစ္စက္ခံ၊ အတ္တနာ (အတ္တနော) ပစ္စက္ခံ အတ္တပစ္စက္ခံ ။ အတ္တပစ္စက္ခေ ပဝတ္တံ ဝစနံ အတ္တပစ္စက္ခဝစနံ –ဟုပြု၏ ။

(ဝါ) ကိုယ်တော်တိုင် မျက်မှောက်ပြု၍ ဟောအပ်သောစကားသည် ။

အတ္တနာ ပစ္စက္ခံ ကတွာ ဝုတ္တံ ဝစနံ အတ္တပစ္စက္ခဝစနံ–ဟုပြု၏ ။

http://www.dhammadownload.com



## ဝစနတ္ထမှတ်ဘွယ်

သင်္ဂဟေတွာ ဂါယန္တိ ဧတ္ထာတိ သင်္ဂီတိ၊ မဟတီ သင်္ဂီတိ မဟာသင်္ဂီတိ၊
ပဥ္စမာ မဟာသင်္ဂီတိ ပဥ္စမမဟာသင်္ဂီတိ၊
ပဥ္စမမဟာသင်္ဂီတိယာ ကာလော ပဥ္စမမဟာသင်္ဂီတိကာလော ။
ကလျှန္တေ သချာယန္တေ အာယုပ္ပမာဏာဒယော အနေနာတိ ကာလော ။
(ဓာန်ဋီ၊၆၆)

◈ ကာလယတီတိ ကာလော၊ခိပတိ ဝိဒ္ဓံသယတိ သတ္တာနံ ဇီဝိတမိတိ အတ္ထော၊
(ဝဇီရ၊၅၊)

## သမာသ်ဉာဉ်ကောက်ပုံအကျဉ်းမှတ်ဖွယ်

သမာသ် ၆-ပါးတွင် ဗဟုဗ္ဗီဟိသမာသ်မှတပါး ကျန်ငါးပါးသောသမာသ်တို့၌
(က) မုချကောက် (ခ) ဥပစာကောက်
(ဂ) သမာသ်ပုဒ်လုံးကောက်တူ၍ သုံးမျိုးရှိသည် ။

ထိုတွင်-ဒွန်သမာသ်မှတပါး ကျန်လေးပါးသော သမာသ်တို့၌-

(က) ဝိသေသနပုဒ်အရကို ရှေးဦးစွာ မုချအားဖြင့် ကောက်အပ်၏ ။
(ခ) ဝိသေသနပုဒ်အရနှင့် ဝိသေသျပုဒ်အရတို့၏ ဇနက-ဇည၊ဂုဏ်-ဂုဏေး စသည်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဌာနူပစာရအားဖြင့် ကောက်အပ်၏ ။
(ဂ) သမာသ်ပုဒ်လုံး၏အရကို ထိုမုချ ဥပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထု သဘာဝဒြပ်/ဝမ္ပသဘာဝဒြပ်ကို ကောက်အပ်၏ ။

ဝိသေသနကင်းသော ဒွန်သမာသ်များ၌ကား-

(က) ရှေးပုဒ်အရကို မုချအားဖြင့် ကောက်အပ်၏ ။
(ခ) ရှေးပုဒ်အရနှင့် နောက်ပုဒ်အရတို့၏ သွားခြင်း ချက်ခြင်းစသော(တစ်ပုံ တစ်ရသော)ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်ကို ဌာနူပစာရအားဖြင့် ကောက်အပ်၏ ။
(ဂ) သမာသ်ပုဒ်လုံး၏အရကို ထိုမုချ ဌာနူပစာရတို့ဖြင့်မှတ်အပ်သော ဝတ္ထု သဘာဝဒြပ်/ဝမ္ပသဘာဝဒြပ်ကို ကောက်အပ်၏ ။

ဗဟုဗ္ဗီဟိသမာသ်၌ကား-

(က) သမာသ်ပုဒ်အရကို မုချအားဖြင့် ကောက်အပ်၏ ။
(ခ) သမာသ်ပုဒ်အရနှင့် အညပုဒ်အရတို့၏ ဂုဏ်-ဂုဏေး၊ဝိသေသန-ဝိသေသျ စသည်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဌာနူပစာရအားဖြင့်ကောက်အပ်၏ ။
(ဂ) အညပုဒ်အရကို ထိုမုချ-ဌာနူပစာရတို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝ ဒြပ်/ဝမ္ပသဘာဝဒြပ်ကို ကောက်အပ်၏ ။

http://www.dhammadownload.com



## ကျက်မှတ်စရာ နိယံများ

- ♦ မုချော–ပစာ၊ သမာသ်ပါ၊ သုံးဖြာဗတုတ်၊ အကောက်ထုတ် ။
- ♦ မုချော–ပစာ၊ အညပါ၊ သုံးဖြာကြွင်းပုဒ်၊ အကောက်ထုတ် ။
- ♦ ပုဒ်လုံးဗတုတ် ၊ရှေးပုဒ်ဥဒ္ဒ ၊ ကြွင်းလေးဝဋ္ဋ ၊ ဝိသေသန ၊ ပုဒ်အရကို ၊ မုချ–ဌာနူ ကောက်လေမြဲ ။
- ♦ ဌာနူပစာရ၊ သမ္ဗန္ဓ ၊ အရကောက်လေမြဲ ။
- ♦ ၄င်းခြောက်ရပ်၊ သမာသ်အညာ၊ ပုဒ်အရကို၊ မုချ–ဥပစာ၊ လက္ခဏာနှင့်၊ လျော်စွာဝေခွဲ၊ ကောက်လေမြဲ ။

၅။ အာယသ္မတာ= တဒ္ဓိတ်နာမ်ပုဒ်၊ ပုလ္လိင်၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ ။
ဥပါလိတ္ထေရေန=သမာသ်နာမ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ ။
ဝုတ္တံ= ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ ။
သင်္ဂီတိ= ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ ။
သင်္ဂီတိ= သံပုဗ္ဗ–ဂေ–ဓာတ်၊ တိ–ပစ္စည်း ။

ဘာဝရုပ်အာချာတပဒမာလာစဉ်တန်ကား–
ဂီယတေ ။ (တေ–ကို တိ–ပြန်လျှင် )ဂီယတိ –ဟုစဉ် ။

❖ ဘာဝေ အဒဗ္ဗဝုတ္တိနော ဘာဝဿေကတ္တာ ကေဝဠနပေဝ၊ တဉ္စ ပဌမ ပုရိသဿေဝ။ (ရူပသိဒ္ဓိ။၂၆၆။ )

၆။ ဂါထာပုဗ္ဗဒ္ဓဖြင့် ပိဋက–သဒ္ဒါသည် ပရိယတ္တိအနက်၊ဘာဇနအနက်တို့ကိုဟောဖ်ဟု သိစေပါသည်။
ဂါထာအပရဒ္ဓ–ဖြင့် ဝိနယောစ သော ပိဋကဉ္စာတိ ဝိနယပိဋကံ စသည်ဖြင့် ကမ္မဓာရယ်သမာသ်–ပြု–ဟု သိစေသည်။

၇။ သင်္ဂီတိ န သက္ကာ ကာတုံ/ သင်္ဂီတိံ န သက္ကာ ကာတုံ

အထက်ပါ ပါဠိနှစ်မျိုးရှိရာတွင် “ အတ္ထိ သက္ကာ လဗ္ဘာ ဣစ္စေတေ ပဌမာယံ”(ရူပသိဒ္ဓိ။၁၃၃။နိတိ၊သုတ္တ။၁ရ၉။) နှင့်အညီ သက္ကာ–ကား ကတ္တုဝါစက အာချာတပဋိရူပက ပဌမန္တနိပါတ်ဖြစ်သည် ။ ယင်းသက္ကာ–ကိုငဲ့၍ ဓမ္မသင်္ဂီတိ–ကား ပဌမန္တကတ္တားသာတည်း။ သက္ကာ–ဟူသော ပဓာနကြိယာကို ငဲ့၍ ပဌမန္တ ကတ္တားထားပြီးနောက် ကာတုံ–ဟူသော အပဓာနကြိယာကိုငဲ့၍ ဓမ္မသင်္ဂီတိံ –ဟု ဒုတိယန္တ (အဝုတ္တကံ) အစီအရင် မဖြစ်သင့်သောကြောင့် ဓမ္မသင်္ဂီတိ–ဟု ပဌမန္တကတ္တားနှင့် ရှိသောပါဠိသာ ယုတ္တတရဖြစ်ပါသည် ။

❖ သာ သညာယ တတော ရတ္တော၊ ပုတ္တော ဇိဝေါဝ ပေက္ခိတေ ။
ပဓာနေပိ န သင်္ဂါရော၊ အပ္ပဓာနေပိ နဿတေ။ (ဘေဒစိန္တာ။၁၀၆။)

http://www.dhammadownload.com



## ဥပါလိတ္ထေရေန/ဥပါလိထေရေန

ရဿာကာရတော ပရံ ဝဂ္ဂန္တိယေသု၊ပဉ္စ ခန္ဓာ ပဉ္စက္ခန္ဓာ။ပ။ ယသ-တ္ထေရော။ (ရူပသိဒ္ဓိ။၃၁)ကို ထောက်၍ ရဿနောက်ရှိ ဝဂ်၏ ဒုတိယမြောက် အက္ခရာသည် အသဒိသဒွေဘော်ဌာနဖြစ်သောကြောင့် ဥပါလိတ္ထေရေန-ပါဌ်သာ သင့်ပါသည် ။

## ပဌမ / ပထမ

ပဌစရာ အမိမာ။(ဏွာဒိ၊မောဂ်။၁၃၃)ဖြင့် ပဌ-ဓာတ်နောင် အမ-ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်လည်းကောင်း၊ ပဌတော အမော။ (နီတိ၊သုတ္တ။၁၃၁၂) ဖြင့် ပထအာဒေသ ပဌ-သဒ္ဒါနောင် အမ-ပစ္စည်းသက်၍ ရုပ်ပြီးသောကြောင့် လည်းကောင်း ပဌမော-ဟု မုဒ္ဓဇ ဌ-အက္ခရာနှင့် ရှိသောပါဌ်သင့်ပါသည်။

ပုထသ္သ ပုထု ပထာမော ဝါ။ (ကစ္စည်း။၆၆၆) သုတ်ဖြင့် ပုထ-ဟူသော ပါဠိပဒိကပုဒ်(ကစ္စည်း)ကို၊ ပုထ-ဓာတ်(ရူပသိဒ္ဓိ)ကို ပထ-ပြု၊ အမ-ပစ္စည်းသက်၍ ရုပ်ပြီးသောကြောင့် ပထမော-ဟု ဒန္တဇ ထ-အက္ခရာနှင့်ရှိသော ပါဌ်လည်း သင့်ပါသည်။

## သင်္ဂီတိ / သင်္ဂိတိ

သံ-ပုဗ္ဗ-ဂေ-ဓာတ်၊ တိ-ပစ္စည်း။ သဗ္ဗတ္ထ ဝေဂီ၊ (ကစ္စည်း။ ၆၀၈)။ ဧ ဝိ တတီသု၊ (နီတိ၊သုတ္တ။၁၁၆၅) ဖြင့် ဂေ-ဓာတ်ကို ဂိ-ပြု (တစ်နည်း) ဝါပါနမိ ၊(မောဂ်၊၅။၁၁၅)ဖြင့် ဂါ-ဓာတ်၏အဝိတ် အာ-ကို ဤ-ပြု၍ ရုပ်ပြီးသောကြောင့် သင်္ဂီတိ-ဟု မဇ္ဈေဒီဃနှင့်ရှိသော ပါဌ်သာသင့်ပါသည် ။

၈။ ## ဓမ္မသင်္ဂီတိ

န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ-၌ ဓမ္မသင်္ဂီတိ-ဟူသောနည်းသည်-ဓမ္မသင်္ဂီတိ-သုတ် အဘိဓမ္မာကို သင်္ဂါယနာ တင်ခြင်းကို၊ ကာတုံ-ပြုခြင်းငှါ၊ န သက္ကာ-မတတ်ကောင်း-ဟူ၍လည်းကောင်း။ /ဓမ္မသင်္ဂီတိ-သည်၊ ကာတုံ-ငှါ၊ န သက္ကာ-မတတ်ကောင်း-ဟူ၍လည်းကောင်း။ ဤသို့ ကာတုံ၊န သက္ကာ နှစ်ပုဒ်ကိုငဲ့သောကြောင့် ကာကောလောကနနည်း မည်၏ ။

၁၀။ ဇုဒ္ဒေါ-၌ စတ္တာရိ သစ္စာနိ-တုဏ်ခံလျှင် ဇုဓ-ဓာတ်အရ အရဟတ္တမဂ်ဉာဏ်စိတ္တုပ္ပါဒ်ရ၏။ထိုတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။သညာသည် သညာက္ခန္ဓာမည်၏ ။ ဝေဒနာ သညာမှကြွင်းသော စေတသိက် စတုတ္ထိ်သသည် သင်္ခါရက္ခန္ဓာမည်၏။ အရဟတ္တမဂ်ဉာဏ်စိတ္တုပ္ပါဒ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့သုတ်၌လာသော တရားတို့ကို ခန္ဓာအားဖြင့် သွင်းခြင်းသည် ခန္ဓောတရဏဟာရမည်၏ ။

http://www.dhammadownload.com



## ဩတရဏာဟာရနေတ္တိထုတ်နည်းမှတ်ဘွယ်

- ♦ ဩတရဏာ၊ ဥဇာရ၊ ခန်-အာ-ဓာတ်နှင့် တွဲ ။
- ♦ ပဋိစ္စသမုပ္ပါဒ်၊ အရပ်ရပ်၊ ထည့်အပ်ဉာဏ်ဖြင့်ချိန် ။

တစ်ခုတစ်ခုသောတရားကို ခန္ဓာ- အာယတန-ဓာတ်-ဣန္ဒြေ-ပဋိစ္စသမုပ္ပါဒ်တို့၌ ထည့်သွင်းခြင်းကို“ဩတရဏာ”ဟုခေါ်သည်။ ထည့်သွင်းခြင်းဟူသည် ခန္ဓာစသည် ဖွဲ့ခြင်းပင်တည်း။ ဤဩတရဏာ၌ အဘိဓမ္မာတ္ထကိုသာ တိကျမှန်ကန်အောင် ကောက်တတ်ဖို့လိုသည်။ အဘိဓမ္မာတ္ထအကောက်မှန်လျှင် ခန္ဓာ- အာယတန-ဓာတ်ဖွဲ့ရန်မခက် ။ ဣန္ဒြေဖွဲ့ရာ၌ နာမ်ဣန္ဒြေ ၊ရုပ်ဣန္ဒြေ ခွဲတတ်ရမည် ။

နာမ်ဣန္ဒြေဟူသည်- ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊သတိ၊ သမာဓိ၊ ပညာ တို့ပင်တည်း။

ဝေဒနာ၌- ဝေဒနိန္ဒြေငါးပါးရှိသည်။ ပညာ၌- ဣန္ဒြေလေးပါးရှိသည် ။

ရုပ်ဣန္ဒြေများကား- စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ဣတ္ထိ၊ပုရိသတို့ပင်တည်း ။

နာမ်ဣန္ဒြေ ၁၄ပါး၊ ရုပ်ဣန္ဒြေ ခုနစ်ပါးရှိသည် ။ ဇီဝိတ-ကား ရုပ်ဣန္ဒြေ၌လည်း ပါဝင်သည်။ ဤသို့အခြေခံသဘောကို နားလည်ထားရမည် ။

ပဋိစ္စသမုပ္ပါဒ်ထုတ်ပုံမှာ=ပဒဋ္ဌာနဟာရနေတ္တိထုတ်နည်းအတိုင်း နားလည်ရမည်။ ဤဩတရဏာဟာရအတွက် မာတိကာ-ဓာတုကထာဥဒ္ဒေသကို လေ့လာထားရမည်။

---

## ဝါကျဥယျာဉ် (၂)

(က) ကိဿ ပန ထေရော ဧကေန္န မကာသီတိ? ။

(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ ။

(ဂ) တေန ဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ ။

(ဃ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ ။

(င) ယသ္မာ ပနဿ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ ဘဂဝတော အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ၊ တသ္မာ ဝိနာပိ န သက္ကာ ။
(ဌ။၁၆။ သာရတ္ထ။ဌ၆။ မအူသျှ။ရ၂။ ဘာသာဋီ။၆ဝ။ ဂဏ္ဌိသစ်။၁ဝဝ)

---

၁။ သေက္ခော-သကရဏီယော-တို့ကို သဒ္ဒတ္ထပေါ်လွင်စေလျက် (ဂ) (ဃ) ဝါကျ တို့ကို အနက် ယောဇနာပါ ။

၂။ (ဂ)ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (င)ဝါကျကို အနုသန္ဓေတက်ပြပါ ။

၃။ အထက်ပါဝါကျတို့ကိုအကြောင်းပြုအမည်ပေး၍ (င)ဝါကျ၌ အဿ၊သုတ္တဂေယျာ-

http://www.dhammadownload.com



ဒိကံ-ပုဒ်တို့ကို သဒ္ဒနယစာစစ်ပြပါ ။
၄။ သေက္ခော-ပုဒ်ကို သမာသ်၊ တဒ္ဓိတ်၊ ကိတ်ဝိဂ္ဂဟ အသီးသီးပြ၍၊ သမာသ် ဝိဂ္ဂဟကိုသာ ဉာဏ်နည်းကောက်ပြပါ ။
၅။ ဦနဖြကာသ-ပုဒ်တို့ကို ဓာတ်၊ ပစ္စယ ဝေဘန်ပြ၍၊ န သက္ကာ-၌ သက္ကာ-ကို ပဒ၊ လိင်၊ ဂဏ၊ ကာရန္တ စိစစ်ပြပါ ။
၆။ သိက္ခတ္တယပရိပ္ဖူရိတတ္တာ ဖြတ္တဘူတော်ဟိ သေဒ္ဓေဟိ စရိတဗ္ဗတော, တေသဥ္စ စရိယဘာဝတော ဖြတ္တစရိယံ။(၄။၉၉)ကိုအာဘော်ဖော်၍သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ (ဃ) ဝါကျ၌ သေက္ခော+သေခေါ် နှစ်ပါဌ်တွင် မည်သည့်ပါဌ် သင့်ကြောင်းကို ဝိနိစ္ဆယချခဲ့ပါ ။
၈။ (င)ဝါကျ သုတ္တဂေယျာဒိကံ-၌ ရသင့်သော နည်းကို အကြောင်းပြဖြေပါ ။
၁၀။ (ဃ)ဝါကျ သောဟာယသ္မာ သေက္ခော-၌ သေက္ခော-ဝယ် တတ်အရကို ကိုယ်ပြ၍ ဒေသနာဟာရနေတ္တိနည်းထုတ်ပြပါ ။

---

### ၁။ သေက္ခော၊သကရဏီယော သဒ္ဒတ္ထပေးပုံ

သေက္ခော=သင်ဆဲ ကျင့်ဆဲဖြစ်၏၊
(ဝါ)သင့်လေ့ ကျင့်လေ့ရှိ၏၊
(ဝါ) အရိယာဇာတ်အားဖြင့် သိက္ခာသုံးပါးတို့၌ ဖြစ်ဆဲသာဖြစ်၏ ၊
(ဝါ) သောတာပတ္တိဖိုလ်သမ္မာဒိဋ္ဌိနှင့်သာ တကွဖြစ်၏ ။
သကရဏီယော=အထက်မဂ်သုံးပါးဟူသော ပြုဘွယ်ကိစ္စနှင့်တကွဖြစ်၏။
(ဝါ) ပြုဘွယ်ကိစ္စရှိသေး၏။ (သာရတ္ထ။၄။ ဂဏ္ဍိသစ်။ ၁၀၁၊ ၁၀၂)

### ၂။ (ခ)ဝါကျ သာဘောဂပုစ္ဆာ

အရှင်အဋ္ဌကထာဆရာ-ဆရာသည်(ခ)ဝါကျဖြင့် အရှင်အာနန္ဒာအား အခွင့်ကို ပြုခြင်း၌ အရှင်မဟာကဿပသည် တစ်ယောက်ဖြင့် ယုတ်လျော့သည်ကို ပြုသောဟုဆို၏၊ ထိုအရှင်အာနန္ဒာနှင့် တကွဖြစ်စေ, ကင်း၍ဖြစ်စေ သင်္ဂါယနာတင်ကောင်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အရှင်အာနန္ဒာအား အခွင့်ကို ပြုပါသနည်း-စုဒ်ကြောင့် (ဂ)ဝါကျကိုမိန့် ။
**အဓိပ္ပါယ်ကား**=(ဂ)ဝါကျဖြင့် အရှင်အာနန္ဒာနှင့်တကွလည်းကောင်း၊ ကင်း၍လည်းကောင်း သင်္ဂါယနာတင်ခြင်း၌ မတတ်ကောင်းသောကြောင့် အရှင်အာနန္ဒာအား အခွင့်ကိုပြု၏ဟု ငါပြဆိုပါ၏ဟူလိုသော် ။

❖ **ကသ္မာ ပနသ ဩကာသ-မကာသီတိ အာဟ"တေနာ"တိအာဒိ။ တိ သဒ္ဓေါ ကာရဏတ္ထေ။ (သီဋီသစ်။၅၇)**

http://www.dhammadownload.com



◆ ပရိဟာရ၊ နောက်ဝါကျ၌၊ န–ရှိလျှင်းက၊ န–ကိုပယ်၊ န–မရှိက၊ န–ကိုသွင်း၊ တင်လျှင်းအာဘော်ပေ။

## (ဂ)ဝါကျ ဂဏ္ဌိသစ်အလိုကျမ်းတက်ပုံ

အရှင်အာနန္ဒာကို သွင်းလိုလည်း သွင်းသင့်၊ ကြဉ်လိုလည်း ကြဉ်သင့်သည်၊ သို့လျှင် သွင်းသော်လည်း မသွင်း၊ ကြဉ်သော်လည်း မကြဉ်၊ အဘယ့်ကြောင့် အခွင့်ပြုပြန်သနည်း၊ ဝုဒ်ကြောင့် တေန–စသည်မိန့် ။(ဂဏ္ဌိသစ်။၁၀၁)

## (ဂ)ဝါကျ မအူနိသျ ကျမ်းတက်

ဤသို့ အာယသ္မတော–စသည်ဖြင့် အခွင့်ပြုခြင်းကိုအကျဉ်းအားဖြင့်ပြပြီး၍ ဤယခုအခါ၌ အကျယ်အားဖြင့်ပြလို၍ တေနဟာယသ္မတာ–စသည် ကိုမိန့် ။ (မအူသျ။၅၂)

## (ဃ)ဝါကျ

အဘယ်ကြောင့် တကွ သင်္ဂါယနာတင်ခြင်းငှါ မတတ်ကောင်းပါသနည်း၊ ဝုဒ်ကြောင့် သောဟာယသ္မာ စသည်ကိုမိန့် ။(မအူသျ။ ဂဏ္ဌိ)

## (င)ဝါကျ အနုသန္ဓေ

ဤသို့ (ဃ)ဝါကျဖြင့် အရှင်အာနန္ဒာနှင့်တကွလည်း သင်္ဂါယနာတင်ခြင်းငှါ မတတ်ကောင်းသည်၏အဖြစ်ကို ပြပြီး၍၊ ဤယခုအခါ၌ အရှင်အာနန္ဒာနှင့်ကင်း၍လည်း သင်္ဂါယနာတင်ခြင်းငှါ မတတ်ကောင်းသည်၏အဖြစ်ကို ပြလိုသောဆရာသည် (င)ဝါကျကိုမိန့် ။ (မအူသျ။ ၅၃။ သီဋီသစ်။ ၅၇)

၃။ (က) ပုစ္ဆာဝါကျ ။ (ခ) ဝိဿဇ္ဇနာဝါကျ ။
(ဂ) ကာရဏ (သီဋီသစ်)၊ ဒဠှီကရဏ (ဂဏ္ဌိသစ်)၊ ဝိတ္ထာရ (မအူသျ) ။
(ဃ) ကာရဏ ၊ (င) ပက္ခန္တရ ။

**စာစပ်။** အသာ–ကား အား–ဟူ၍ အနက်ပေးသောကြောင့် နတ္ထိ–၌ သမ္ဗန်၊ နတ္ထိ–ကား သမ္ဗန်၏ကြိယာ ။

(တစ်နည်း) သည်–ဟူ၍အနက်ပေးသောကြောင့်ပဋိဗ္ဗတိတံ–၌အဝုတ္တကတ္တား၊ ပဋိဗ္ဗတိတံ–ကား အဝုတ္တကတ္တား၏ကြိယာ ။

သုတ္တဝေယျာဒိကံ–ကား ကို–ကြောင့် ပဋိဗ္ဗတိတံ–၌ ဝုတ္တကံ၊ပဋိဗ္ဗတိတံ–ကား ဝုတ္တကံ၏ ကြိယာ ။

(တစ်နည်း) သည်–––ကြောင့် နတ္ထိ–၌ ပကတိကတ္တား၊ နတ္ထိ–ကား ပကတိကတ္တား၏ ကြိယာ ။ (မအူသျ။ ၅၃)

http://www.dhammadownload.com



၄။ သိက္ခတီတိ သေက္ခော (သိက္ခ+ဏ)

(တစ်နည်း) သိက္ခနံ သိက္ခာ ၊ သိက္ခာ သီလံ ဧတဿာတိ သေက္ခော။
(သိက္ခာပုဒ်+ဏ ပစ္စည်း )

(တစ်နည်း) အရိယာယ ဇာတိယာ တီသု သိက္ခာသု ဇာတော,တတ္ထ ဝါ ဘဝေါတိ
သေက္ခော။ (သိက္ခာ–ပုဒ်+ဏ–ပစ္စည်း)

(တစ်နည်း) ဣက္ခတိ ဓောယာတိ ဣက္ခာ ။ (မဂ္ဂဖလသမ္မာဒိဋ္ဌိ) ။
သဟ ဣက္ခာယ ယော ဝတ္တတီတိ သေက္ခော ။ (သာရတ္ထ။၄၆)

သဟ ဣက္ခာယ ယော ဝတ္တတီတိ–ကား သဟပုဗ္ဗပဒပထမာဗဟုဗ္ဗီဟိသမာသ်
ဝိဂြိုဟ်။ သေက္ခော–ကား သဟပုဗ္ဗပဒ ပထမာဗဟုဗ္ဗီဟိသမာသ်ပုဒ်။
သဟပုဒ်+ဣက္ခာ ပုဒ်+ယပုဒ် ။

(က) သဟ ဣက္ခာ–ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား–မဂ်ဖိုလ်သမ္မာဒိဋ္ဌိနှင့် တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်သည် မုချအားဖြင့်ရ၏ ။

(ခ) ထိုသဟဝတ္တနဘောဂုဏ်၏ အရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ်+ဂုဏီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဥာနူပစာရအားဖြင့် ရ၏ ။

(ဂ) ယ–အညပုဒ်အရကား ထို–သော မဂ်ဖိုလ်သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သောအရှင်အာနန္ဒာ ဒြဗ်ရ၏ ။

## ဝစနတ္ထမှတ်ဘွယ်

အာယု အဿ အတ္ထီတိ အာယသ္မာ ၊ တဿ ။

အာနန္ဒော ထေရော အာနန္ဒတ္ထေရော ။

ကရီယတေ ကရဏံ၊ ဩကာသဿ ကရဏံ ဩကာသကရဏံ၊ တဿ။

ကာတဝေတိ ကာတုံ၊ ကရဏံ ဝါ ကာတုံ ။

❖ တုံ တာယေ တဝေ ဘာဝေ ဘဝိဿတိ ကြိယာယံ တဒတ္ထာယံ။(မောင်)
(တနည်း)ကရောတီတိ ကာတုံ။

❖ ဣစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေတုံ ဝါ။ (ကစ္စည်း)
ကတ္တဗ္ဗန္တိ ကရဏီယံ ။ (အထက်မင်္သုံးပါးဟူသော ပြဘွယ်ကိစ္စရ၏)
သဟ ကရဏီယေန ယော ဝတ္တတီတိ သကရဏီယော။ (အရှင်အာနန္ဒာ)

(တစ်နည်း) သံဝိဇ္ဇတိ ကရဏီယံ အဿာတိ သကရဏီယော။
ဒသ ဗလာနိ အဿ ဘဂဝတောတိ ဒသဗလော ။ ဒေသိယိတ္ထာတိ ဒေသိတံ ။
ဒသဗလေန ဒေသိတံ ဒသဗလဒေသိတံ ။
ပဋိဂ္ဂယှိတ္ထာတိ ပဋိဂ္ဂဟိတံ ။

၅။ ဦနု–ကား ဦဟာဓာတ်၊ နုပစ္စည်း ။

◆ ဦဟ ဝိတက္ကေ၊ ဟလောပေါ၊ ဦဟနံ ဦနော။ (ဏွာဒိ)

ဩကာသ–ကား အဝရှေးရှိသော ကာလတတ်၊ ဓာပစ္စည်း ။
သဏ္ဍာ–ကား ကတ္တုဝါစကအာချာတပဋိရူပကနိပါတ်ပုဒ်၊ အလိင် ၊ ဂဏာဝိမုတ် ၊
အာကာရန္တ ဖြစ်ပါသည်။ (မအူသျ။ရျ)

၆။ သိက္ခတ္တယပရိဝတ္တိတတ္တာ–ဖြင့် စရိတဗ္ဗ–ကျင့်အပ်၏ဟူသည် သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သောကြောင့် ကျင့်အပ်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သေဋ္ဌေတိ–ဖြင့် ဗြဟ္မစရိယံ–၌ ဗြဟ္မ–သဒ္ဒါသည် ပိတာမဟ–စသော အနက်တို့ကိုမဟော၊ သေဋ္ဌအနက်ကိုဟောသတည်းဟု သိစေပါသည်။

ဗြဟ္မဘူတေတိ စရိတဗ္ဗတော–ဖြင့် ဗြဟ္မစရိယံ–၌ စရိယ–ပုဒ်ဝယ် စရ ဓာတ်၏အဖြစ်ကို လည်းကောင်း(ဒု–ဓာတုပဒ)၊ ဏျပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း(ဒု–ပစ္စယတ္ထ)၊ စရိတဗ္ဗန္တိ စရိယံ–ဟုကမ္မ–သာဓနဝစနတ္ထပြုရ မည်၏အဖြစ်ကိုလည်းကောင်း(အဘိဓာနတ္ထ)၊ အပေါင်းပုဒ်ကို ဗြဟ္မေဟိ စရိယံ ဗြဟ္မစရိယံ ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

တေသံ စရိယဘာဝတော–ဖြင့် ဗြဟ္မစရိယံ–ပုဒ်ကို ဗြဟ္မာနံ စရိယံ ဗြဟ္မစရိယံ–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

### ၇။ သေက္ခော/သေခေါ

သေက္ခော၊အသေက္ခော၊ကကာရလောပေ သေခေါ၊အသေခေါတိ ရူပါနိ ဘဝန္တိ–ဟူသော နီတိ၊ဓာတု။၂၄–ကို ထောက်၍ ဥပေက္ခာ ဥပေခါ–ပြယုဂ်ကဲ့သို့ သံယုဂ်က–ကိုမချေလျှင် သေက္ခော။ သံယုဂ်က–ကိုချေလျှင် သေခေါ–ဟုရုပ်ပြီးသောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

### ၈။ သုတ္တဝေယျာဒိကံ

ဤ၌ သုတ္တဝေယျာဒိကံ–ဟူသောနည်းသည် သုတ္တဝေယျာဒိကံ– သုတ္တဝေယျစသည်ကို၊ ပဋိဂ္ဂဟိတံနာမ– သင်အပ်သောမည်သည် ဟူ၍လည်းကောင်း။ သုတ္တဝေယျာဒိကံ–သည်၊ နတ္ထိ–မရှိတူ၍လည်းကောင်း။ ဤသို့ ပဋိဂ္ဂဟိတံ၊နတ္ထိ နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကန နည်းမည်၏ ။ (ဂဏ္ဌိသစ်။၁၀၂)

http://www.dhammadownload.com



## ၁၀။ သေကွော-၌ ဓာတ်အရကို ဒေသနာဟာရနေတ္တိနည်းထုတ်ပုံ

အဿာဒစသည်ကို ထုတ်ခြင်းလက္ခဏာရှိသော ဟာရသည် "ဒေသိယတိ သံဝဏ္ဏိယတိ သုတ္တတ္ထော ဧတာယာတိဒေသနာ"ဟူသောဝစနတ္ထကြောင့် ဒေသနာဟာရမည်၏။

သေကွော-၌ သိက္ခာဓာတ်အရ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သောအရှင်အာနန္ဒာ၏ သတိဝီရိယဉာဏ်ပြဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည်သာယာအပ်သောကြောင့် အဿာဒမည်၏။ ထိုကို သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။ သာယာအပ်သာယာတတ်သောတရားသည်ပင် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝမည်၏။ အရှင်အာနန္ဒာ လိုလားတောင့်တအပ်သော)အထက်မဂ်၊ နိဗ္ဗာန်သည် နိဿရဏမည်၏ ။

အထက်ဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ အရှင်အာနန္ဒာ၏ ဘာဝနာမယပေစသောတရားသည်လည်းကောင်း၊ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ-ဟူသောပါဠိနှင့်အညီ မိမိကိုစောင့်သောသူကိုစောင့်တတ်သောကြောင့် ပစ္စုပ္ပန်၌ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ သံသရာ၌ ဒုဂ္ဂတိဘေးမှ ထွက်ခြင်းစသော အထောင်မကန် သုတ္တန်ပါဠိတို့ဖြင့် ပြအပ်သောအကျိုးသည် လည်းကောင်း ဖလမည်၏ ။ ထိုဖလကိုရခြင်း၏ အကြောင်းဖြစ်သောအရှင်အာနန္ဒာ၏ ဘာဝနာမယသည်လည်းကောင်း၊ ယောနိသောမနသိကာရ၊ သပ္ပုရိသူပနိဿယ စသော အကြောင်း အမျိုးမျိုးသည်လည်းကောင်း ဥပါယမည်၏ ။

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတောင့်တကုန်သော သူတို့သည် သိက္ခာသုံးပါးကိုကျင့်ကြလေကုန်ဟု မဆိုသော်လည်းဆိုသကဲ့သို့ဖြစ်ခြင်းသည်အာဏတ္တိမည်၏။

ဤသို့ဒေသနာဟာရမည်သော သံဝဏ္ဏနာဝိသေသသည် အဿာဒစသည်ကိုဖွင့်ပြတော်မူ၏ ။

ထိုအဿာဒစသည်တို့တွင် အာဒီနဝေါ ဖလဥ္စ ဒုက္ခံ-ဟူသောပါဠိနှင့်အညီ အာဒီနဝသည်လည်းကောင်း၊ ဖလသည်လည်းကောင်း ဒုက္ခသစ္စာမည်၏ ။ အဿာဒေါ သမုဒယော-ဟူသော ပါဠိနှင့်အညီ အဿာဒသည် သမုဒယသစ္စာမည်၏ ။နိဿရဏံ နိရောဓော-ဟူသောပါဠိနှင့်အညီနိဿရဏသည် နိရောဓသစ္စာမည်၏။ဥပါယော အာဏတ္တိစ မဂ္ဂေါတိဟူသောပါဠိနှင့်အညီဥပါယသည်လည်းကောင်း၊ အာဏတ္တိသည် လည်းကောင်း မဂ္ဂသစ္စာမည်၏ ။ဤသို့လျှင် သောတာယသ္မာ သေကွော-ဟူသော သုတ်ပုဒ်ဒေသနာတော်သည် အဿာဒစသည်ကိုဝေဘန်လျက် သစ္စာလေးပါးကို ဟောကြားတတ်သောကြောင့် ဒေသနာဟာရမည်၏ ။

http://www.dhammadownload.com



# ဒေသနာဟာရနေတ္တိအကျဉ်းမှတ်ဘွယ်

ဒေသနာဟာရသည် ၁။ ဟောအပ်သောပုဒ်၏ တရားကိုယ်ကို အဿာဒစသည် ဝေဘန်ခြင်း အဿာဒါဒိ (ပထမ)ဒေသနာဟာရ ။

၂။ သစ္စာထုတ်ပြခြင်း စတုသစ္စ(ပထမ)ဒေသနာဟာရဟုနှစ်မျိုး။

ထိုတွင် အဿာဒစသည်ကို ရှေးဦးစွာထုတ်ပြီး သစ္စာကိုနောက်မှထုတ်ပြလျှင် အဿာဒါဒိ(ပထမ)ဒေသနာဟာရမည်၏။

သစ္စာကို ရှေးဦးစွာ ထုတ်ပြပြီး အဿာဒ စသည်ကို နောက်မှထုတ်လျှင် စတုသစ္စ(ပထမ)ဒေသနာဟာရ မည်၏ ။

များသောအားဖြင့် နာမ်တရားများရသောပုဒ်တို့၌ အဿာဒါဒိဒေသနာဟာရထုတ်ပါ ဟုမေးတတ်သည်။ ခန္ဓာငါးပါးရသော လောကော၊ ဗုဒ္ဓေါ-စသောပုဒ်တို့၌ စတုသစ္စဒေသနာဟာရ ထုတ်ပါ-ဟုမေးတတ်သည် ။

ဒေသနာဟာရထုတ်ပြပါ-ဟု သာမန်မေးရာ၌ကား အန္တတ်, ဗာဟျတ်နှစ်မျိုးတွင်အဘယ်ကိုမေးလိုရင်းဖြစ်သည်ကိုစိစစ်ရမည်။

ပုဒ်တစ်ပုဒ်၏ အန္တတ်အရကို ဒေသနာ ဟာရထုတ်ပါ-ဟုမေးခဲ့လျှင် အဿာဒါဒိ(ပထမ)ဒေသနာဟာရနည်းဖြင့်ဖြေပါ။

ပုဒ်တစ်ပုဒ်၏ ဗာဟျတ်အရကို ဒေသနာဟာရ ထုတ်ပါ-ဟုမေးခဲ့လျှင် စတုသစ္စ(ပထမ)ဒေသနာဟာရနည်းဖြင့် ဖြေပါ။

အဿာဒါဒိ(ပထမ)ဒေသနာဟာရ-၌ အန္တတ္တကိုယူ၍ ထုတ်ရသည်။
(ဗုဒ္ဓုတိ-၌ ဗုဒ္ဓတတ် အရ၊ သေက္ခော-၌ သိက္ခာတတ်အရ စသည်)
စတုသစ္စဒေသနာဟာရ-၌ ဗာဟျတ္တကိုယူ၍ ထုတ်ရသည်။
(ဗုဒ္ဓုတိ-၌ တိပိဋကတ်အရ ၊ သေက္ခော-၌ ဇာပစ္စည်းအရ စသည် )

- အန္တတ်အရ၊ ကောက်ယူက၊ အဿာဒပထမာ ။
- ဗာဟျတ်အရ၊ ကောက်ယူက၊ သစ္စပထမာ ။

နေတ္တိနည်းထုတ်ရာ၌ ၁။ နိဒါန်း ၂။ တကိုယ်(ဝေဖန်စိစစ်ချက်)
၃။ နိဂုံးတည်း အပိုင်းသုံးပိုင်းရှိ၏။ သုံးပိုင်းလုံးစုံအောင် ထုတ်ရမည်။

အမှာ။ နေတ္တိဟာရထုတ်နည်းနှင့်ပတ်သက်၍ ဝိဂ္ဂဟနှင့်ညှသ်ကောက်လမ်းညွှန်စာအုပ်၌ ပုံစံအသီးသီးဖြင့် ရေးသား စီရင်ထားပါသည်။ ထို့ကြောင့် ဤဝါကျဥယျာဉ်၌ (၁၀)နံပါတ်အဖြေနှင့်ပတ်သက်၍ လိုရင်းအဘိဓေယျတ္တမျှကိုသာ ဖော်ပြသွားမည်။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃)

(က) ယံဒိ ဝေ သေက္ခော့ပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အသ၊ အထ ကသ္မာ န ဥစ္စိနိတောတိ?

(ခ) ပဋ္ဌပဝါဒဝိဝဇ္ဇနတော ။

(ဂ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။

(ဃ) တထာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ"န ဝါယံ ကုမာရကော မတ္တ- မညာသီ"တိ ကုမာရကဝါဒေန သြဝဒတိ ။

(င) သကျကုလပ္ပသုတော စာယံ အာယသ္မာ တထာဂတဿ ဘာတာ စူဠပိတု- ပုတ္တော။

(၄၊၆၊သာရတ္ထ၊၄၆၊မအဋ္ဌ၊ရ၄၊ဘာသာဋီ၊၆၂၊ဂဏ္ဍိသစ်၊၁၀၃။)

---

၁။ (က)ဝါကျကို "ယဒိဝေမ်း ၊နှစ်ပါးပြွမ်းလျက်" စသောနိယံနှင့်ညီစေလျက်လည်း ကောင်း၊(ဃ)ဝါကျ၌ နဝါယံ ကုမာရကော မတ္တံ မညာသိ-ကိုဝါသဒ္ဒါပဒပူရဏာတ္တ၊ ဝိဘာသတ္ထကြံ၍လည်းကောင်း ကျနစွာအနက်ပေးပါ ။

၂။ (ဂ)ဝါကျကို အနုသန္ဓေတက်၍ (ဃ)ဝါကျကို ဒေါ်သာရောပနစောဒနာတက်ပြပါ။

၃။ အထက်ပါဝါကျတို့ကို အကြောင်းပြအမည်ပေး၍ (ဃ)ဝါကျရှိ နံ-ကို သဒ္ဒနယ စာစပ်ပြပါ ။

၄။ (ဂ)ဝါကျ အာနန္ဒေ-ပုဒ်ကို ဝစနတ္ထပြု၍ ဉာဉ်နည်းအရကောက်ပြပါ ။

၅။ ကုမာရ၊ ပလိတ-ပုဒ်တို့ကို ဓာတ်၊ ပစ္စယ ဝေဘန်ပြပါ ။

၆။ သုတံ မေတန္တိ သုတံ မေ တော်၊တော် မယာ သုတန္တိ တ္တဒါနိ ဝတ္တဗ္ဗမတ္တံ ဒဿေ -တိ။ (၄၊၁၀၁)ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ ။

၇။ (က)ဝါကျ၌ ဗဟုကာရတ္တာ/ ဗဟုပကာရတ္တာ ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ ။

၈။ (င)ဝါကျ ဘာတာ စူဠပိတုပုတ္တော-၌ ဘာတာ-ဝယ် ဖြစ်သင့်သော ဥပစာကို အကြောင်းပြပြပါ ။

၁၀။ ပလိတေသု-အရကို ကိုယ်ပြု၍ ဓာတောတရဏာဟာရနေတ္တိနည်းထုတ်ပြပါ။

---

### ၁။ (က)ယဒိဝေမ်း-စသောနိယံနှင့်အညီအနက်ပေးပုံ

တေန အာယသ္မတာ အာနန္ဒတ္ထေရေန-နှင့်၊ ဝိနာပိ-ကင်း၍လည်း၊ ဓမ္မသင်္ဂီတိ- သည်၊ (ဝါ)ကို၊ ကာတုံ-ငှါ၊ ယဒိ နသက္ကာ-အံ့၊ ဝေ-သို့၊ ကာတုံ-ငှါ၊ အသက္ကောန္တေ- မတတ်ကောင်းသည်၊ သတိ-ရှိသော်။ပ။

http://www.dhammadownload.com



❀ ယဒိဝေမ်း၊ နှစ်ပါးပြွမ်းလျက်၊ တတ်စွမ်းအလျောက်၊ အပြစ်ကောက်မှု၊ နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိထက်ဝယ်၊ စွက်သည့်ကြိယာ၊ အသစ်ရှာ၊ ဝေ်နောက်မှာ သတိလာ၊ သန္ဒေသုလည်းရုံတစ်ခါ။(တိစပနနိယံ)

(ဃ)ဝါကျ နဝါယံစသည်၌ ဝါ–သဒ္ဒါပဒပူရဏ,ဝိဘာသတ္ထကြံ၍အနက်ပေးပုံ

အယံကုမာရကော–ဤသူငယ်သည်၊မတ္တံ–မိမိအတိုင်းအရှည်ကို(ဝါ)ပရိသတ်အတိုင်းအရှည်ကို၊ န အညာသိ–မသိတုံသေး။ (ဝါ–သဒ္ဒါ ပဒပူရဏတ္ထ)

(တစ်နည်း) အယံ ကုမာရကော–သည်၊ မတ္တံ–ကို၊ အညာသိ ဝါ– သိသည်လည်းရှိ၏။ န ဝါ အညာသိ–မသိသည်လည်းရှိ၏။(ဝါ–သဒ္ဒါ ဝိဘာသတ္ထ)(ဂဏ္ဌိသစ်။၁၀၅)

## ၂။ (ဂ)ဝါကျ အနုသန္ဓေ

ဤသို့ (ခ)ဝါကျဖြင့် သူတစ်ပါးတို့ကဲ့ရဲ့ခြင်းမှကြဉ်တော်မူလိုသောကြောင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မမူဟုပြဆိုပြီး၍၊ ယခုအခါ၌ ထိုဆိုခဲ့ပြီးသော စကားရပ်ကိုပင်လျှင် အကျယ်ဖွင့်ပြလိုသော ဆရာသည် (ဂ)မိန့် ။

❖ တံ ဝိဝရတိ "ထေရော တိ" တိ အာဒိနာ ။ (သီဒိုသစ်။၅၉)

❀ ပေတုနောက်မှ ၊ တိ နှင့်ပြမူ၊ ချဲ့မှုသည်၊ ဝိတ္ထာပြီ ။

❀ ပေတုနောက်မှ၊ ဟိ ရောက်က၊ ထောက်ဆ ဝိတ္ထာပြီ ။ (မအူသျှ။ရ၅)

## (ဃ)ဝါကျ ဒေါသာရောပနစောဒနာ

ဆရာ–––သည် (ဂ)ဝါကျဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သောဟု ဆို၏၊ အရှင်အနုရုဒ္ဓါ အရှင်ဥပါလိထေရ် အစရှိသူတို့သည်လည်း အရှင်အာနန္ဒာကဲ့သို့ပင် အရှင်မဟာကဿပ၏ သမဂ္ဂီတင်းသုံး ဘော်ချည်းဖြစ်ကြကုန်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် အရှင်မဟာကဿပ၏ အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သည်၏ အဖြစ်ကို သိအပ်ပါသည်နည်း၊ အကြောင်းယုတ္တိကို မပြသော် –ဝိရောဓိဒေါသ–––ရာ၏။ စုဒ်ကြောင့် (ဃ)မိန့် ။

❖ ကေန ဝိညာယတီတိ အာဟ "တထာ ဟိ"တိအာဒိ။ ဒဋ္ဌကရဏံ ဝါ တော်ဝစနံ။ (သီဒိုသစ်။၅၉)

❀ တထာတိမှာ၊ ဉာပကာ ၊ ရုံခါရဲ့ –မြဲစွဲ။ (ရှေ) ။

http://www.dhammadownload.com



## (င)ဝါကျ သာဘောဝပုစ္ဆာ

ဆရာ-သည် (ဂ၊ဃ)ဝါကျတို့ဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့် အလွန် အကျွမ်းဝင်သောကြောင့် သူတစ်ပါးတို့ စွပ်စွဲကဲ့ရဲ့စရာ ဖြစ်သောဟု ဆိုအံ့။ အလွန်အကျွမ်းဝင်ခြင်းဟူသောအကြောင်းတစ်မျိုးကြောင့်သာသူတစ်ပါးတို့ စွပ်စွဲကဲ့ရဲ့စရာ ဖြစ်နိုင်ပါသလော(ဝေ-အာဘော်ဆင်)၊ အဘယ်အကြောင်းကြောင့် လည်းစွပ်စွဲကဲ့ရဲ့စရာ ဖြစ်နိုင်ပါသေးသနည်း။ စုန်ကြောင့် (င)မိန့် ။ (မအူသျှ)

၃။ (က) စောဒနာဝါကျ ၊ ပုစ္ဆာဝါကျ။ (ခ) ပရိဟာရဝါကျ၊ ဝိဿဇ္ဇနာဝါကျ
(ဂ) ဝိတ္ထာရဝါကျ ။
(ဃ)ဝါကျသည် အတိဝိယဝိဿတ္တဖြစ်ပုံကို အကျယ်ပြသောကြောင့် ဝိတ္ထာရ။
(တစ်နည်း) ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြသောကြောင့် ယုတ္တိဒဠှီကရဏဝါကျ ။
(င)ဝါကျသည် စွပ်စွဲခြင်း၏ အကြောင်းတစ်မျိုးကို ပြ-- ပက္ခန္တရဝါကျ။
စာစပ်။ နံ-ကား ကို--ကြောင့် ဩဝဒတိ-၌ အဝုတ္တကံ ။
ဩဝဒတိ-ကား အဝုတ္တကမ္မ ။
❖ နတ္ထိ အာနန္ဒတ္ထေရံ ။"ဩဝဒတိ"တိ ဣမိနာ သမ္ဗန္ဓော ။(သာရတ္ထ)

၄။ အာဘုသော နန္ဒတိ ဥာတကေ ပမောဒေတီတိ အာနန္ဒော။ (တသ္မိံ )။
(ဟေတုကတ္တုသာဓန ။ အာ + နန္ဒ + အ )
- အာ ဥပသာရပုဒ်အရကား ဘုသတ္ထဘောဇာ်ရ၏ ။
- နန္ဒ-ဓာတ်၏အရ သုဒ္ဓကတ္တု၌ကြိယာကား ဆွေမျိုးတို့၏ ပီတိသောမနဿ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏ ။
- ဟေတုကတ္တု၌ ကြိယာအရကား ထို-အားတပ်သော အရှင်အာနန္ဒာဖြစ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္တအားဖြင့်ရ၏ ။
- အ-ပစ္စည်းအရကား ထို-ဂသော အရှင်အာနန္ဒာဖြစ်ရ၏ ။

## ဟေတုကတ္တုသာဓန ဥာဏ်ကောက်နည်း အကျဉ်းမှတ်ဘွယ်

ဟေတုကတ္တုသာဓနပုဒ်မျိုးကို ဥာဏ်ကောက်ရာ၌ --
(၁)သုဒ္ဓကတ္တု၌ (၂) ဟေတုကတ္တု၌
(၃) ပစ္စယတ္တ ဟု သုံးချက်ခွဲကောက်ရသည်။ ထိုတွင်--
(၁) သုဒ္ဓကတ္တု၌-အရ ကာရိက်ကံ၏ အရဖြစ်သောပရမတ္ထတရားကို မုချအားဖြင့် ကောက်အပ်၏ ။

http://www.dhammadownload.com



(၂) ဟေတုကတ္တုဒြ–အရ ပစ္စည်းအရတရား၏ အာရမ္မဏပစ္စယသတ္တိ, ပကတူပ နိဿယ သတ္တိကို ဖလူပစာရတ္တအားဖြင့် ကောက်အပ်၏ ။

(၃) ပစ္စည်း–အရ ထိုမှချ ဖလူပစာရတ္တတို့ဖြင့် မှတ်အပ်သော ဟေတုကတ္တား ဒြဗ်ကိုကောက်အပ်၏ ။

❁ ကာရိုက်ကံကား ၊ ဓာတ်ကတ္တား ၊မပြားဝုတ္တ,အဝုတ္တတည်း ။

❁ ကာရိုက်ကမ္မ၊ ဂှာတိုက ၊ သုဒ္ဓကတ္တားသာလျှင်တည်း။

## ဝစနတ္ထမှတ်ဘွယ်

ဗဟု ကာရော (ဥပကာရော) ဧတဿ အာယသ္မတော အာနန္ဒတ္ထေရဿာတိ ဗဟုကာရော။ တဿ ဘာဝေါ ဗဟုကာရတ္တံ ။ (တဿွာ) ။

ဥပဝဒနံ ဥပဝါဒေါ။ ပရေသံ(ဘိက္ခူနံ) ဥပဝါဒေါ ပရူပဝါဒေါ။

ဝိဝဇ္ဇိယတေ ဝိဝဇ္ဇနံ ။ ပရူပဝါဒဿ ဝိဝဇ္ဇနံ ပရူပဝါဒဝိဝဇ္ဇနံ ။

ဇာယိ်သူတိ ဇာတာနိ ။ ဝဒနံ ဝါဒေါ ။

ကုမာရကေဟိ ဝါဒေါ ကုမာရကဝါဒေါ ။

သကျာနံ ကုလံ သကျကုလံ။ သကျကုလေ ပသုတော သကျကုလပ္ပသုတော ။

(တစ်နည်း) သကျကုလေန (သကျကုလဘာဝေန) ပသုတော(ပါကဋော) သကျကုလပ္ပ–သုတော ။(သိဋီသစ်။၁။၆၁)

ဝုဍ္ဎော ပိတာ ဝုဍ္ဎပိတာ။ ဝုဍ္ဎပိတုဿ ပုတ္တော ဝုဍ္ဎပိတုပုတ္တော။

ကုသုမာဒီဟိ သေဝိယတီတိ သိရော ။ (သိ,ရက်)။ (ဇွာဒိ)

၅။ ကုမာရ ကား ကုမာရဓာတ်+အပစ္စည်း ။

❖ ကုမာရေတိ ကီဠတီတိ ကုမာရော။ (ဓာန်ဋီ။၁ရ)

(တစ်နည်း) ကမုဓာတ် + အာရပစ္စည်း ။

❖ ကာမိယတီတိ ကုမာရော ။ ကမု–ဣစ္ဆာယံ၊ အာရော၊ အဿု ။ (သူစိ)

(တစ်နည်း) ကု–ရမုဓာတ်–ဏပစ္စည်း။ ကုယံ ဘူမိယံ ရမတီတိ ကုမာရော။(သူစိ)

(တစ်နည်း) ကု–မရဓာတ်– ဏပစ္စည်း။

❖ ကုံ ဘူမိံ မရတိ ဘိန္ဒတိ ဝိလေခတီတိ ကုမာရော။ (နိရုတ္တိမဉ္ဇူသာ)

ပလိတကား–ပစဓာတ်–ဣတပစ္စည်း ။

❖ ပစ–ပါကေ၊ ဣတော၊ စဿ လတ္တဥ္စ (ဓာန်ဋီ)

(တစ်နည်း) ပါလဓာတ်–တပစ္စည်း ။

❖ ပါလ–ရက္ခဏေ၊ပါလီယတီတိ ပလိတံ။ အာဿ ရဿတ္တံ။(သူစိ)။

http://www.dhammadownload.com



၆။ သုတံ မေ တံ-ဖြင့်=သုတံ မေတံ-ကို သုတံ မေ တံ-ဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည် ။

မယာ သုတံ-ဖြင့်=မေ-၌ဆဋ္ဌီဝိဘတ်သည် သာမိအနက်၌မသက်၊ကတ္တား အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ဝိဘတျတ္ထ)၊သုတံ-၌ တ-ပစ္စည်း ကံအနက်၌သက်သည်ကိုလည်းကောင်း၊(ဒု-ပစ္စယတ္ထ)၊သုဏာတိဓာတ်ဖြင့် သုတံ-ဟုကမ္မ သာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (အဘိဓာနတ္ထ) သိစေပါသည် ။

❖ မေတိ ကတ္တုအတ္ထေ သာမိဝစနန္တိ အာဟ"မယာ သုတ"န္တိ။ (သာရတ္ထ၊၃၃ရ)

● သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအရတ္ထ၊ တတိယန္တနှင့်ဖွင့်၍ပြ၊ ကမ္မသာဓန-ကြံဝရာ။

(တစ်နည်း)မယာ-ဖြင့်=သုတံ မေတံ-၌ မေ-သဒ္ဒါကား သမ္ပဒါန်အနက်,သာမိအနက်တို့ကို မဟော ၊ အဝုတ္တကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ (ဝိဘတျတ္ထ) နာ-ဝိဘတ်နှင့်တကွအမှ-သဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း (သဒ္ဒနာမလိင်္ဂပဒ) သိစေပါသည် ။

မှတ်ချက်။ ။သာရတ္ထ-အလို မေ-သဒ္ဒါကား ဆဋ္ဌီဝိဘတ် ။

သဒ္ဒါဆရာတို့အလို မေ-သဒ္ဒါကား တတိယာနာ-ဝိဘတ် ။

❖ ကရဏေ သမ္ပဒါနေစ ၊ သာမိအတ္ထေစ အာဂတော ။

အမှဇော မေသဒ္ဒေါ ဉေယျော။ ( ကေကန္ဒရကောသ )

တ္တုဒါနိ ဝတ္တဗ္ဗမတ္တံ ဒဿေတိ-ဖြင့် သုတံမေတံ-၌ တံ-ကား ဝုတ္တာ- ပေက္ခမဟုတ်၊ ဝုစ္စမာနာပေက္ခတည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

## ၇။ ဗဟုကာရတ္တာ/ဗဟုပကာရတ္တာ

ဗဟုကာရတ္တာတိ ဗဟု ဥပကာရတ္တာ။ ဥပကာရဝစနော ဟေတ္ထ ကာရ-သဒ္ဒေါ-ဟု (သာရတ္ထ။၄၆။ ဝိမတိ။၁၄။သီဋီသစ်။၅၈)ဋီကာတို့၌ ဖွင့်ဆိုထားသော ကြောင့်လည်းကောင်း၊ သီလက္ခန်ဂဏ္ဌိသစ်။၅၁။ ပါရာဇိကဏ်ဂဏ္ဌိသစ်။၁၀၃-တို့၌ လည်း "ဗဟုကာရတ္တာ-သာ မူရင်းဖြစ်သည်၊ ပ-အက္ခရာမရှိသင့်" ဟု ဆိုသော ကြောင့်လည်းကောင်း ဗဟုကာရတ္တာ-ဟုရှိသောပါဠိသာ သင့်ပါသည် ။

## ၈။ ဘာဝတာ စူဠပိတုပုတ္တော

အပေါင်းဖြစ်သောကနိဋ္ဌဘာတာ ဇေဋ္ဌကဘာတာတို့၏"ဘာတာ"ဟူသော အမည်ကို အစိတ်ဖြစ်သောကနိဋ္ဌဘာတာ-၌ တင်စား၍ အစိတ်ဖြစ်သောကနိဋ္ဌ- ဘာတာကို ရည်၍ ဘာတာ-ဟုဆိုသောကြောင့် ကေဒေသျူပစာ။ (သမုဒါယူပစာ)

❖ ဘာတာတိ စေတ္ထ ကနိဋ္ဌဘာတာ စူဠပိတုပုတ္တဘာဝေန၊ န ပန ဝယသာ သတထာတဘာဝတော။ (သီဋီသစ်။၆၁)

http://www.dhammadownload.com



## ပစ္စုပ္ပန္နဝိဗ္ဗန္နတော

ဌာနဖြစ်သော ရှင်မဟာကဿပ၏ "ပစ္စုပ္ပန္နဝိဗ္ဗန္န" ဟူသော အမည်ကို ဌာနီဖြစ်သော ပစ္စုပ္ပန္နမှ ရှောင်ကြဉ်လိုခြင်းဟူသော သမ္ဗန္ဓဆန္ဒသတ္တိ-၌ တင်စား၍ ဆိုထားသောကြောင့် ဌာနူပစာ ၊နာနန္တရိကနည်း မည်၏ ။

မှတ်ချက် ဘာဝပ္ပတ္တနဘာဝလောပပုဒ်မျိုးကား ဒြဗ်ကိုလွှန်၍သတ္တိကိုကောက်ရသည်။ ထို့ကြောင့် ဒြဗ်ဌာန၏ အမည်ကို သတ္တိဌာနီ၌ တင်သည်။

⊛ ဘာဝလောပ၊ ဘာဝပ္ပတ္တန်၊ တွေ့ ကြံပြန်၊ ကြံလေ ဌာနူပစာ။
(ပိဋကဆရာတော်)

၁၀။ ပလိတ-အရ အဋ္ဌကလာပ်ရုပ် ၈-ခုကိုယူ ။
ထိုတွင် ရူပါရုံသည် ရူပဓာတ်မည်၏ ။ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။ ရသာရုံသည် ရသဓာတ်မည်၏။ ပထဝီ တေဇော ဝါယောဓာတ် သုံးပါးအပေါင်းသည် ဖောဋ္ဌဗ္ဗဓာတ်။ ဩဇာဟုဆိုအပ်သော အာဟာရရုပ်နှင့်အာပေါဓာတ်သည် ဓမ္မဓာတ်မည်၏။

---

## ဝါကျဥယျာဉ် (၄)

(က) ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ။
(ခ) သဗ္ဗမေဝ စေတံ ဓမ္မောစေဝ ဝိနယောစာတိ သင်္ချံ ဂစ္ဆတိ ။
(ဂ) တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော ။
(ဃ) တေနေဝါဟ " ယန္နူန မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ "တိ "အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျ"န္တိ စ။
(င) ဇဝံ ဓမ္မဝိနယဝသေန ဒုဝိဓံ။
(၄။၁၃။ သာရတ္ထ။ ၆၄၊၆၅။ မအူသျ။၁၂၉။ ဘာသာဋီ။၉၈။ ဂဏ္ဌိသစ်။၁၃၄ ။)

---

၁။ (ခ)ဝါကျကို ပေတာလက်ာရနည်းဖြင့် ကျနစွာ အနက်ယောဇနာပါ ။
၂။ (ဂ)ဝါကျကို အနုသန္ဓေတက်၍ ၊ (ဃ)ဝါကျကို သာဓကဝပုစ္ဆာတက်ပြပါ ။
၃။ အထက်ပါဝါကျတို့ကို အကြောင်းအမည်ပေးပါ ။
၄။ (ဂ)ဝါကျ ဝိနယပိဋကံ-၌ ပိဋက-ပုဒ်ကိုဝစနတ္ထပြု၍ ဥဒ်နည်းကောက်ပြပါ။
၅။ သန္ဓာဝိသံ အနိဋ္ဌိသံ-၌ သန္ဓာဝိသံ-ကို ဓာတ်၊ ဝိဘတ္တိ စိစစ်ပြပါ ။
၆။ (ဂ)ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သိဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ (ခ)ဝါကျ၌ သင်္ခ/သချံ-ဟု နှစ်ပါဌ်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

http://www.dhammadownload.com



၉။ (ဃ)ဝါကျ ဓမ္မဥ္စ–၌ ဖြစ်သင့်သော နယူပစာရတို့ကို အကြောင်းပြဖြေပါ။
၁၀။ အဟံ ဥပါလိ ဝိနယံ ပုစ္ဆေယျံ–၌ အဟံ–အရကိုလက္ခဏာဟာရနေတ္တိနည်းထုတ်ပါ။

၁။ **(ခ)ဝါကျတေတာလက်ာရနည်းဖြင့် အနက်ပေးပုံ**

စ–အပြေကိုဆိုဦးအံ့၊ သဗ္ဗေဝ–သော၊ တော် ဗုဒ္ဓဝစနံ–သည်၊ (ယထာနုသိဋ္ဌံ–ဆုံးမတော်မူတိုင်း၊ ပဋိပဇ္ဇမာနေ–ကျင့်သူတို့ကို၊ အပါယပတနာဒိတော–အပါယ်၌ကျခြင်းစသည်မှ၊ ဓာရဏေန–ဆောင်ခြင်းကြောင့်) ဓမ္မောတိစေဝ–ဟူ၍လည်းကောင်း၊(ကိလေသဝိနယနေန–ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကြောင့်) ဝိနယောတိစ–ဟူ၍လည်းကောင်း၊ သင်္ချ–သို့၊ ဂစ္ဆတိ–၏။

❖ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ကိလေသဝိနယနေန ဝိနယော,ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရဏေန ဓမ္မောစ တောတိ။ (သာရတ္ထ။၆၄)

၂။ **(ဂ)ဝါကျ အနုသန္ဓေ**

ဤသို့(ခ)ဝါကျဖြင့် အလုံးစုံသောဘုရားစကားတော်သည် ဓမ္မဟူ၍လည်းကောင်း၊ ဝိနယဟူ၍လည်းကောင်း ရေတွက်ခြင်းသို့ ရောက်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဤ၌အလိုရှိအပ်သော ဓမ္မ ဝိနယတို့ကို ထုတ်ပြခြင်းငှါ (ဂ) ကိုမိန့်။

❖ တ္တာဓိပ္ပေတေ ပန ဓမ္မဝိနယေ နိဒ္ဓါရေတုံ "တတ္ထ ဝိနယပိဋက" န္တ်ိအာဒိ–မာဟ။ (သာရတ္ထ။၆၅) ။

**(ဃ)ဝါကျ သာဘောဝပုစ္ဆာ**

ဆရာ––သည် (ဂ)ဝါကျဖြင့် ဓမ္မ ဝိနယနှစ်ပါးတွင် ဝိနယပိဋကသည် ဝိနယ၊ ယင်းမှကြွင်းသောဘုရားစကားတော်သည် ဓမ္မမည်၏ဟု ပြဆိုတော်မူ၏။ ယင်းသို့ပြဆိုသောဆရာ့စကားသည် ဒဋ္ဌိယ ဉာပျ သာချမျှသာဖြစ်၍ ဥဒါဟရဏ် အာဂုံပါဠိတော်တည်းဟူသော ဒဋ္ဌိကရဏ ဉာပက သာဓကတို့နှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော၊ ဆရာ့စကားကို ခိုင်မြဲစေတတ် ပြီးစေတတ်သော ဒဋ္ဌိကရဏ ဉာပက သာဓကတို့ကား အဘယ်ပါနည်း။ ဟု စုဒ်ကြောင့် (ဃ)မိန့်။

⊛ တေနေဝါတ၊ ဉာပက၊ တဝဒဋ္ဌိယာ ။

⊛ တေနေဝါတ၊ ဉာပက၊ တေနာတကား၊ကျမ်းတစ်ပါး။ (ဟိဝပန–နိယံ)။

**(င)ဝါကျအနုသန္ဓေ**

ဤသို့ (ခ၊ဂ၊ဃ)ဝါကျတို့ဖြင့် ဓမ္မ ဝိနယကို အကျယ်ပြပြီး၍၊ယခုအခါ၌ ယင်းဆိုအပ်ပြီးသောစကားရပ်တို့ကိုအကျဉ်းချုံး၍နိဂုံးအုပ်ပြလိုသောဆရာသည်(င) မိန့်

⊛ လဒ္ဓဂုဏ်ပြ၊ ဒေါသတစ်ဖုံ၊ နိဂုံးတစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာဝေ်ပြ။ (ရှေ)။

http://www.dhammadownload.com



၃။ (ခ)ဝါကျသည်ဝိသဇ္ဇနာ၊ ပရိဟာရဝါကျ။
ထိုကိုထောက်၍ (က)သည်ပုစ္ဆာ၊ စောဒနာဝါကျ။
(ဂ)ဝါကျသည် ဓမ္မနှင့်ဝိနယသရုပ် အကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျ။
❀ နောက်ဝါကျ၌၊ တတ္ထရိလျက်၊ စကားတက်မူ၊ မှတ်ယူဝိတ္ထာရ ။ (ဘုရားကြီး)
(ဃ)ဝါကျသည် အာဂမဒဋ္ဌကရဏဝါကျ ။
(င)ဝါကျသည် ဆိုခဲ့ပြီး (ခ၊ဂ၊ဃ) ဝါကျစကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် နိဂမနဝါကျ ။

၄။ ဝိနိယတိ သန္နိယတိ ပရိယာပုဏီယတီတိ ပိဋကံ။(သီဋီသစ်။ဥ၆)
ယံ ဝိနယံ-ကို၊ သေယျတ္ထိကေန-သည်၊ ဝိနိယတိ သန္နိယတိ ပရိယာပုဏီယတိ-အပ်၏ ၊တ္တတိ-ကြောင့်၊ တံဝိနယံ-သည်၊ ပိဋကံ-မည်၏ ။
♠ ပိဋကတ်အရ ကတ္တုရုဋ္ဌကြိယာကား ဝိနည်းကိုသင်ယူသောသေယျတ္ထိကပုဂ္ဂိုလ်၏ သန္တာန်၌ သင်ယူသောအခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ ဉာဏ် စသည်ပြတန်းသော ဝိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏ ။
♠ ကမ္မဋ္ဌကြိယာအရကား ထို--အားတပ်သော ဝိနည်းပိဋကဒြပ်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာရတ္တအားဖြင့်ရ၏ ။
♠ ဏွု-ပစ္စည်းအရကား ထို-–သော ဝိနည်းပိဋကတ်ဒြပ်ရ၏ ။
(တစ်နည်း) ပိဋိယတိ သဃာဋိယတိ တံတဒတ္ထော ဇ္ထောတိ ပိဋကံ။(သီဋီသစ်။ဥ၆)။
(ဇ္ထ- ဤဝိနည်း၌၊ တံတဒတ္ထော-ထိုထိုအကျိုးစီးပွားကို (ဝါ) ထိုထိုအနက်ကို၊ ဘဂဝတာ-သည်၊ ပိဋိယတိ သဃာဋိယတိ-ပေါင်းအပ်၏၊ တ္တတိ။ ပ။ ပိဋကံ-)။
♠ ပိဋ-တတ်အရ ကတ္တုရုဋ္ဌကြိယာကား ပေါင်းစပ်တော်မူသော မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြတန်းသော ဝိတ္တုပ္ပါဒ်သည် မုချ ။
♠ အဓိကရဏတ္ထကြိယာအရကား ထို-အားတပ်သော ဝိနည်းပိဋကတ်ဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ ။
♠ ဏွု-ပစ္စည်းအရကား ထို-သော ဝိနည်းပိဋကတ် ရ၏ ။

## ဝဓနတ္ထမှတ်ဘွယ်

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရေတီတိ ဝမ္မော။
(သာရတ္ထ။၆၄။ဂဏ္ဌိသစ်။၁၃၄)
♠ ဓရဓာတ်အရကား ဆုံးမတော်မူတိုင်း ကျင့်ကုန်သော သတ္တဝါတို့ကို အပါယ် မကျအောင် ထုတ်ဆောင်တတ်သော ဗုဒ္ဓဝစန၏ ဥပါဒ်ရ၏ ။
♠ ရမ္မပစ္စည်းအရကား ဥပ္ပါဒ်ဝန္တဖြစ်သော ဗုဒ္ဓဝစနရ၏ ။

http://www.dhammadownload.com



(တစ်နည်း)ရေတတ်အရကား မင်္ဂါသမုဋ္ဌေဒပဟာနသတ္တိ၊နိဗ္ဗာန်၏နိသရဏသတ္တိသည် မုချအားဖြင့်ရ၏ ။

♠ ဗိုလ်၏ ပဋိပ္ပဿမ္ဘနသတ္တိသည် ကာရဏူပစာရတ္တအားဖြင့်ရ၏ ။

♠ ပရိယတ္တိဓမ္မ၏တဒင်္ဂပ္ပဟာန-ပကတူပနိဿယသတ္တိသည် ဖလူပစာရအားဖြင့်ရ၏။

♠ ရမ္မပစ္စည်းအရကား ထို--သော သတ္တိမန္တဖြစ်သော ဓမ္မဆယ်ပါးရ၏ ။

အမှာ။ နောက်နည်းကား ဤအဋ္ဌကထာ ၁၄၁-နှင့်အညီကောက်ယူတည်း ။

ဒွေ ဝိဓာ ပကာရာ ဧတဿ ဗုဒ္ဓဝစနဿာတိ ဒုဝိဓံ ။

ဓမ္မောစ ဝိနယောစ ဓမ္မဝိနယာ။ ဓမ္မဝိနယာနံ ဝသော ဓမ္မဝိနယဝသော။

၅။ သန္တာဝိဿံ= သံ+တာဝ္ဓာတ်+အတိတ်အနက်၌ အဋ္ဌတ္တနီ-တ္တုံဝိဘတ်။
(ဂါထာအရာ၌ တ္တုံ-ကို တ္တသံ-ပြုထားသည်)

❖ ဂါထာယ မတိတတ္တေ တ္တု-မိဿံ။ (သဒ္ဒနီတိ၊ဂဏ္ဌိသစ်၊၁၃၆)

၆။ (ဂ)ဝါကျဝိနယပိဋကံ-ဖြင့်ဓမ္မဝိနယံ-၌ ဝိနယအရ ဝိနည်းပိဋကတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အဝသေသံ ဗုဒ္ဓဝစနံဖြင့် ဓမ္မဝိနယ-၌ ဓမ္မအရ ပုညဉာဏသမ္ဘာရနည်း, ဝေါဗလိဗဒ္ဓနည်း၊ ပါရိသေသနည်း၊ ကေဒေသျူပစာအားဖြင့် ဝိနည်းမှ ကြွင်းသော ဘုရားစကားတော်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

## ၇။ သခ်ိ / သချိ

ခါ ပကထနေ မျာစ-ဟူသော (သဒ္ဒနီတိဓာတုမာလာ။၁၇)ကို ထောက်၍ သံပုဗ္ဗ ခါဓာတ်ဖြင့် သခ်ိ။ သံပုဗ္ဗ ချာဓာတ်ဖြင့် သချိ-ဟု ရုပ်ပြီးသောကြောင့် လည်းကောင်း၊ ခါဓာတ်- ချာဓာတ်တို့သည် ဓာတ်နက်တူ ဖြစ်သောကြောင့် လည်းကောင်း နှစ်ပါဌ်လုံးသင့်ပါသည် ။ (ဂဏ္ဌိသစ်။၁၃၄)

## ၈။ (ဃ)ဝါကျ ဓမ္မဒ္ဓ

ဤ၌ ဓမ္မဒ္ဓ-ဟူသောနည်းသည် ယှဉ်ဘက်ဝိနယသဒ္ဒါ၏အနက်ကို ချန်၍ သုတ် အဘိဓမ္မာကိုသာ ယူရသောကြောင့် ပုညဉာဏသမ္ဘာရနည်း၊ ဝေါဗလိဗဒ္ဓနည်း၊ ပါရိသေသနည်းမည်၏ ။

အပေါင်းဖြစ်သော သုတ် အဘိဓမ္မာ ဝိနည်းတို့၏"ဓမ္မ"ဟူသောအမည်ကို အစိတ်ဖြစ်သော သုတ် အဘိဓမ္မာ၌တင်-ကေဒေသျူပစာ(သမုဒါယူပစာ)မည်၏ ။

⊛ ပစ္စာသတ္တိ၊ ဝေါဗလိနှင့်၊ ပါရိ-ပုည၊ ဤလေးဝ၊ မှတ်ကြ ကေဒေသျူ။

http://www.dhammadownload.com



သဗ္ဗံ တံ ကေရသံ ဝိမုတ္တရသမေဝ ဟောတိ
အတူပြစ်သောရသာရုံ၏ "ရသ"ဟူသောအမည်ကို အတူရှိသောအရဟတ္တ-ဖိုလ်အရသာ၌ တင်စား၍ ဆိုထားသောကြောင့် သဒိသူပစာ။ (ဂဏ္ဌိသစ်။၁၃၄)

၁၀။ အတ်-အရ အရှင်မဟာကဿပ၏ ခန္ဓင်ပါးကိုယူ၍-
ထိုသို့ ခန္ဓင်ပါးကို ယူသောကြောင့် ထိုနှင့်အနိစ္စစသော လက္ခဏာတူသောကြောင့်လည်းကောင်း။ ပ။ ထိုနှင့် ပရမတ္ထဓမ္မသဘ်တ အမည်တူသောကြောင့်လည်းကောင်း အာယတန ဓာတ် သစ္စာ ဣန္ဒြေတို့ကိုလည်း ယူအပ်၏။ ဤသို့ သုတ်၌မလာသောတရားတို့ကိုကေလက္ခဏာစသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့်လက္ခဏာဟာရမည်၏ ။

===========================

## ဝါကျဥယျာဉ် (၅)

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော ။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိ သတ္တအာပတ္တိက္ခန္ဓ-မာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ ။

(ဂ) ဝိသေသဘူတာ စ ဒဠှီကမ္မ သိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ ။

(ဃ) ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ ။

(င) တသ္မာ ဝိဝိဓနယတ္တာ ဝိသေသနယတ္တာ ကာယဝါစာနဉ္စ ဝိနယနတော ဝိနယော-တိ အက္ခာတော။

(စ) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ---
"ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော"တိ။
(၅။၁၅။ သာရတ္ထ။ဖြ။ မအူသျှ။၁၄၀။ ဘာသာဋီ။၁၀၇။ ဂဏ္ဌိသစ်။၁၄၁)

=========================

၁။ (စ)ဝါကျကို သဗ္ဗနာမ်အစွဲ တိကျစေလျက် ဝုတ္တံ-၏ ကတ္တားထည့်၍ အနက်ယောဇနာပါ ။

၂။ (ခ)ဝါကျကို အနုသန္ဓေတက်၍ (ဂ)ဝါကျကို သာဘောဝပုစ္ဆာတက်ပြပါ ။

၃။ အထက်ပါဝါကျတို့ကို ရှေ့နောက်ထောက်ဆ အကြောင်းပြအမည်ပေးပါ ။

၄။ ဝိနယ-ပုဒ်ကို သံဝဏ္ဏနာနှင့်အညီ အသီးသီးဝစနတ္ထပြု၍ ဉာဉ်ကောက်ပြပါ ။

၅။ ဒဠှ၊ ကာယ၊ အက္ခာတ-ပုဒ်တို့ကို ဓာတ်၊ ပစ္စယ ဝေဘန်ပြပါ ။

http://www.dhammadownload.com



၆။ (က)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ ။
၇။ သိထိလ+သိဒ္ဓိလ+သထလ+သဃလ-ဟု ပါဠ်လေးမျိုးရှိရာတွင် သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်ပါ ။
၈။ (ဃ)ဝါကျ ကာယံ ဝါစဥ္စ ဝိနေတိ-၌ ရသင့်သော နည်း ဥပစာတို့ကို ဆိုရိုးကျ ပြေဆိုပါ ။
၁၀။ ဝိနယတ္ထဝိဒူဟိ-ကို ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ ။

===

၁။ တေန ဝိဝိဓနယတ္တာဒိတေတုနာ-ထို ဝိဝိဓနယတ္တာအစရှိသောဟိတ်သုံးရပ်ဖြင့်။
❖ **တေနာတိ ဝိဝိဓနယတ္တာဒိတေတုနာ ။ (သာရတ္ထ)**
တော်-ဤဂါထာစကားကို ။
❖ **တန္တိ "ဝိဝိဓဝိသေသနယတ္တာ"တိ အာဒိဂါထာဝစနံ။ (သာရတ္ထ)**
တေသံ- ဤဝိနယသဒ္ဒါ၏ ။
❖ **တေသာတိ ဝိနယဿ ။ (သာရတ္ထ)**
ဝုတ္တံ-၏ ကတ္တားကို မယာ-ဟုထည့် ။

၂။ **(ခ)ဝါကျ အနုသန္ဓေ**

ဤသို့ (က)ဝါကျဖြင့် ဝိနယသဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့်ပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထပြဂါထာ၏အနက်ကိုထင်ရှားစွာချဲ့ပြလိုသော ဆရာသည် (ခ)ဝါကျစသည်ကိုမိန့် ။

❖ **ဝိဝိဓဝိသေသနယတ္တာတိ ဣမိဿာ ဂါထာယ အတ္ထံ ဝိဘာဝေန္တော အာဟ " ဝိဝိဓာ ဟိ "တိ အာဒိ ။ (သာရတ္ထ၊ ၆၉)**

**(ဂ)ဝါကျ သာဘာဝပုစ္ဆာ**

ဆရာ--သည်(ခ)ဝါကျ၌ ဝိဝိဓနယတ္တာ-ဟူသောဟိတ်ပုဒ်၏ အကျယ်ကိုပြဆိုတော်မူ၏ ၊ ဝိဝိဓနယတ္တာ-ဟူသောဟိတ်ပုဒ်၏ အကျယ်သာရှိပါသလော၊ ဝိသေသနယတ္တာ-ဟူသောဟိတ်ပုဒ်၏ အကျယ်ကားအဘယ်ပါနည်း-စုဒ်ကြောင့် (ဂ)မိန့် ။

၃။ (ခ၊ဂ၊ဃ)ဝါကျတို့သည်(က)ဝါကျဂါထာကိုချဲ့ပြသောကြောင့် ဝိတ္ထာရ။
(တစ်နည်း) ထင်ရှားပြသောကြောင့် တပ္ပါကဋိကရဏ။
ယောဇနာ ၌ကား ဒဋ္ဌိ ဟူ၏ ။ (ဝဏ္ဏိသစ်၊၁၄၃)

http://www.dhammadownload.com



ထိုတွင် (ခ)ပါဌ်ဖြင့် ဝိဝိဓနယတ္တာ-ကို ချဲ့ပြသည် ။
(ဂ)ပါဌ်ဖြင့် ဝိသေသနယတ္တာ-ကို ချဲ့ပြသည် ။
(ဃ)ပါဌ်ဖြင့် ဝိနယနတော စေဝ ကာယဝါစာနံ-ကိုချဲ့ပြသည်။
ထို့ကြောင့် (ခ၊ဂ၊ဃ) ပါဌ်တို့သည် အချင်းချင်း ရှေ့နောက်ထောက်ဆ၍ ပက္ခ- ပက္ခန္တရချည်း ဖြစ်ကြသည် ။
(င)ပါဌ်ကား ဖလပါဌ် ။ထို-ကိုထောက်၍ (ခ၊ဂ၊ဃ)ပါဌ်တို့သည် ကာရဏ။
(တစ်နည်း) (င)ကား နိယမ။ထို-ကိုထောက်၍ (ခ၊ဂ၊ဃ)တို့သည် အနိယမ။ (ပဒသူချ။)
(စ)ပါဌ်သည် (ခ၊ဂ၊ဃ၊င)ပါဌ်လာ စကားရပ်တို့ကို အကျဉ်းချုပ်၍ နိဂုံးအုပ် ပြသောကြောင့် နိဂမနပါဌ် ။ ထို-ကိုထောက်၍ (ခ၊ဂ၊ဃ၊င) ပါဌ်တို့သည် နိဂမနိယ ပါဌ် ။ (တစ်နည်း) လဒ္ဓဂုဏပါဌ် ။

## ၄။ (ခ)ပါဌ်နှင့် အညီ ဝိနယ-ပုဒ် ဝစနတ္ထ၊ဉာဉ်ကောက်

ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော ။(သတ္တမီဗဟုဗ္ဗီဟိ)

- ♠ ဝိနယ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား အထူးထူး အပြားပြား များ ကုန်သော ပါတိမောက္ခုဒ္ဒေသ ငါးပါး အာပတ်စုနစ်ပုံ မာတိကာဝိဘင်း စသည် အပြားရှိသော နည်းတို့သည် မုချအားဖြင့်ရ၏ ။
- ♠ ထို--နည်းတို့၏ ဝိနည်းပိဋကတ်ဒြဗ်နှင့် ဂုဏ် ဂုဏေားစပ်--ဌာနူ ။
- ♠ တေ-အညပုဒ်အရကား ထို--သော ဝိနည်းပိဋကဒြဗ်ရ၏ ။

## (ဂ)ပါဌ်နှင့်အညီ ဝစနတ္ထ - ဉာဉ်ကောက်

ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော။ (သတ္တမီဗဟုဗ္ဗီဟိ)

- ♠ ဝိနယ-အရ ထူးကုန်သော---အနုပညတ်နည်းတို့သည် မုချ--။
- ♠ ထို--နည်းတို့၏ ဝိနည်းပိဋကဒြဗ်နှင့် ဂုဏ် ဂုဏေားစပ်--ဌာနူ ။
- ♠ တေ-အညပုဒ်အရကား ထို--သော ဝိနည်းပိဋကဒြဗ်ရ၏ ။

## (ဃ)ပါဌ်နှင့်အညီ ဝစနတ္ထ - ဉာဉ်ကောက်

ကာယံ ဝါစဉ္စ ဝိနေတီတိ ဝိနယော ။ (ဝိ+နီ+အ)

- ♠ ဝိဥပသာရပုဒ်အရကား တတွတ္တဝိသေသကဘောဂုဏ်ရ၏ ။
- ♠ နီဓာတ်အရကား ကိုယ်နှုတ်တို့ကို ဆုံးမ တားမြစ်တတ်သော ဝိနည်း ပိဋက၏ ဥပါဒ်ရ၏ ။
- ♠ အပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော ဝိနည်းပိဋကရ၏ ။

http://www.dhammadownload.com



## ဝစနတ္ထမှတ်ဘွယ်

ဝိသေသာ ဝိဓာ ပဘေဒါ ဝေတေသံ နယာနန္တိ ဝိဝိဓာ။
ဝိဝိဓာ နယာ ဧတ္တ ဝိနယေတိ ဝိဝိဓနယော။
ဝိသေသာ နယာ ဧတ္တ ဝိနယေတိ ဝိသေသနယော။
ဝိဝိဓနယော စ ဝိသေသနယော စ ဝိဝိဓဝိဝိသေသနယော ။
တဿ ဘာဝေါ ဝိဝိဓဝိသေသနယတ္တံ ။(တသ္မာ)

## ဘာဝပ္ပဓာန်ပုဒ် ဥသ်ကောက်

ကာယံ ဝါစဥ္စ ဝိနေတီတိ ဝိနယနံ ။ (ဝိ နီ ၊ ယု)

- ဝိအရ– ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏ ။
- နီဓာတ်အရကား– ကိုယ်နှုတ်တို့ကို ဆုံးမတားမြစ်တတ်သော ဝိနည်း ပိဋက၏ ဥပါဒ်ရ၏ ။
- ယုပစ္စည်းအရကား– ဥပ္ပါဒဝန္တဖြစ်သော ဝိနည်းပိဋကရ၏ ။
- ထိုသို့ပင်ရငြားသော်လည်း ဝိနယန–ပုဒ်သည် ဤ၌ ဘာဝပ္ပဓာန ဘာဝလောပပုဒ် ဖြစ်သောကြောင့် ဆုံးမခြင်း ကြိယာဟူသော နီဓာတ်၏ အရသည်သာ ပဓာန အားဖြင့်ရ၏ ။

(တစ်နည်း) ထိုသို့ပင်ရငြားသော်လည်း ဝိနယန–ပုဒ်သည် ဤ၌ဘာဝပ္ပဓာန ဘာဝလောပ ပုဒ်ဖြစ်သောကြောင့် ဆုံးမတတ်သည်၏ အဖြစ်တည်းဟူသော ဝိနယနဘာဝ သည်သာ ပဓာနအားဖြင့်ရ၏ ။

ရှင်းလင်းချက်။ ဝိနယန–ပုဒ်ကို ဝိနေတီတိ ဝိနယနံ–ဟု ဝစနတ္ထပြုလျှင် ဆုံးမ တတ်သော ဝိနည်းပိဋကဖြစ်ရသည်။ ဝိနယနတော–ဟူသောတိတ်ပုဒ်ကို"အက္ခာ- တော" ဟူသော ဟိတ်ဖိုလ်၌ စပ်၍ အက္ခာတော–အရလည်း ဟောအပ်သော ဝိနည်းပိဋကဖြစ်ပင် ရသည်၊ဤသို့ ဟိတ်အရလည်း ဝိနည်းပိဋကဖြစ်၊ဟိတ်ဖိုလ် အရလည်း ဝိနည်ပိဋကဖြစ်ဖြစ်၍ ဟိတ်နှင့်ဟိတ်ဖိုလ်အရတူနေသည်။ သို့ရာတွင် "ဟိတ်ကား သတ္တိ၊ ဖိုလ်ရှိဒြဗ်၊ သာမန်မှတ်" ဟုနိယံဆိုရကား ဟိတ်အရ သတ္တိဂုဏ်သာလျှင် ပြဓာန်း၍ ဒြဗ်မပြဓာန်းသင့်ရကား ဟိတ်နှင့် ဟိတ်ဖိုလ်အရ ကွဲစေရန် ဝိနယနတော–ပုဒ်ကို ဘာဝပ္ပဓာန ဘာဝလောပ ကြံရသည်။ ယင်းသို့ကြံမှသာ ဝိနယနတော–ဟူသော ဟိတ်ပုဒ်အရ ဆုံးမတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်(သတ္တိ)ကိုရမည် ။ ဟိတ်နှင့်ဟိတ်ဖိုလ် အရကွဲမည်။ ထို့ကြောင့်ပင် သီလက္ခန်ဋီကာသစ်(၈၉)၌ "ဝိနယနတောတိ ဝိနယနဘာဝတော၊ ဘာဝပ္ပဓာနနိဒ္ဒေသောယံ၊ ဘာဝလောပေါ ဝါ" ဟုမိန့်ဆိုထားသည် ။

သညမဝေလံ အဘိဘဝိတွာ ပဝတ္တော အာစာရော အဇ္ဈာစာရော။(ဝိတိက္ကမော)
(သာရတ္ထ။၆၉)

http://www.dhammadownload.com



၅။ ဒုဋ္ဌ= ဒုဟဓာတ် တပစ္စည်း ။(တစ်နည်း) ဒုဟဓာတ်-အပစ္စည်း-ဋ္ဌ-လာ။
(တစ်နည်း) ဒုလဓာတ် ဟပစ္စည်း ။
(တစ်နည်း)ဒုဟသဒ္ဒူပပဒ လာဓာတ် အပစ္စည်း ။(တနင်္လ ရှေ့နောက်ပြန်)
◈ ဒုဟတိ သစ္စန္တိ ဒုဋ္ဌော၊ တဇ္ဇော ဝုဇ္ဇေ ဋ္ဌော ဒုလတိ ဝိဒါရယတီတိ ဝါ ဒုဋ္ဌော၊
တပ္ပစ္စယော၊ ဒုဟဓဇ္ဇော လာတီတိ ဝါ ဒုဋ္ဌော၊ ဝဏ္ဏဝိပရိယာယော။ (ဓာန်ဋီ။၁၅၁)
ကာယ= ကုသဒ္ဒူပပဒ ဣဓာတ်(ဝါ)ဓောတ် ၊ဏပစ္စည်း ။
◈ ကုစ္ဆိတာနံ အာယော ဥပ္ပတ္တိဋ္ဌာနန္တိ ကာယော။ (ဓာန်ဋီ။၁၅၁)
အဇ္ဈာစဓော= အာပုဗ္ဗ ဓါတ် တပစ္စည်း ။

၆။ (က)ဝါကျ ဝိဝိဓနယတ္တာ-ဖြင့် ဝိနယော-၌ဝိ-၏ဝိဝိဓအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (ဥပသဂ္ဂလိင်္ဂတ္ထ)၊ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမိဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထယူရမည်၏အဖြစ်ကိုလည်းကောင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)သိစေပါသည် ။
ဝိသေသနယတ္တာ-ဖြင့် ဝိနယော-၌ ဝိ-၏ ဝိသေသအနက် ဟော--လည်းကောင်း(ဥပသဂ္ဂလိင်္ဂတ္ထ)၊ ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟုသတ္တမိဗဟုဗ္ဗီဟိဝစနတ္ထပြု-လည်းကောင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ) သိစေသည်။
ဝိနယနတော-ဖြင့် ဝိနယော-၌ အ-ပစ္စည်း ကတ္တုသာဓန အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ)၊ ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓန ဝစနတ္ထပြု--လည်းကောင်း (အဘိဓာနတ္ထ) သိစေပါသည်။
ကာယဝါစာနံ-ဖြင့် ဝိနယန-၌ ဆုံးမ-ဟူသည် ကိုယ်နှုတ်တို့ကို (ဝါ)ကိုယ်နှုတ်တို့၌ ဖြစ်သော လွန်ကျူးမှုတို့ကို ဆုံးမသတည်းဟုသိစေပါသည်။
(ခ)ဝါကျ ဝိဝိဓာ ဧတ္ထ နယာ-ဖြင့် ဝိဝိဓနယတ္တာနှင့် အတူဖော်။
ပဥ္စဝိဓ။ပ။ဝိဘင်္ဂါဒိပ္ပဘေဒါ-ဖြင့် ဝိနယော-၌ နယ-အရ ပါတိမောက္ခုဒ္ဒေသငါးပါး၊ အာပတ်ခုနစ်ပုံ၊ မာတိကာ ဝိဘင်းစသည်တို့ကို ယူရမည်ဟုသိစေပါသည်။ (သရုပ်ကြား-အဘိဓေယျတ္ထ)။
(ဂ)ဝါကျဝိသေသဘူတာ(ဧတ္ထ)အနုပညတ္တိနယာ-ဖြင့် ဝိနယော-၌ ဝိ-၏ ဝိသေသအနက်ဟော-လည်းကောင်း၊ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟုပြု လည်းကောင်း၊နယ-အရ အနုပညတ်နည်းတို့ကိုယူ-လည်းကောင်းသိစေပါသည်။
ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ-ဖြင့် အနုပညတ်တို့သည်လောက ဝဇ္ဇသိက္ခာပုဒ်တို့၌ မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း ၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် တို့၌ မူလပညတ်ကို လျော့အောင်ပြုခြင်း အကျိုးရှိသတည်းဟု သိစေပါသည်။
ကာယံ ဝါစဥ္စ ဝိနေတိ-ဖြင့် ဝိနယနတောစေဝ ကာယဝါစာနံ-နှင့်အတူဖော်။

http://www.dhammadownload.com



ကာယိကဝါစသိကအဇ္ဈာစာရနိဿေနတော-ဖြင့် ကာယံ ဝါစဥ္စ-၌ ကာယ-အရ (ဌာနူပစာရ)အားဖြင့် ကာယဒွါရ၌ ဖြစ်သော လွန်ကျူးမှုကို၊ ဝါစာ-အရ(ဌာနူပစာ)အားဖြင့် ဝစီဒွါရ၌ဖြစ်သော လွန်ကျူးမှုတို့ကိုယူ-လည်းကောင်း၊ ဝိနေတိ-၌ ဆုံးမ၏ဟူသည်တားမြစ်မှုပင်တည်းဟူသောအဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

## ၇။ သိထိလ / သိဋ္ဌိလ / သထလ / သဌလ

သိထိလာဒယော၊ သိထိလအာဒယော ကိလန္တာ နိပစ္စန္တေ၊ သတ-ခမာယံ၊သတိဿ သိထတ္တံ၊သတိတု မလန္တိ သိထိလံ-ဟူသော (ဈာဒိ၊မောဂ်၊ ၁၉၁)ကိုထောက်၍ သဟဓာတ် ကိလပစ္စည်း(က-အနုဗန်ရှိသော ဣလပစ္စည်း) သတ-ကိုသိထပြု၍ ပြီးသောကြောင့် သိထိလ-ပါဌ်သင့်ပါသည် ။

သထ-သေဋ္ဌိလ္လေ၊ သထတိ၊ သထလော တိ ပရိဗ္ဗာဓော သိယော အာတိရတေရဇံ၊ သိဋ္ဌိလောတိပိ ပါဠိ ဒိဿတိ၊ တဒ်ါ ဌိ-တာရော မုဒ္ဓဇော ဝတေတဗ္ဗော- ဟူသော နီတိ၊ ဓာတု၊ ရှု-ကိုထောက်လျှင် သထလ၊သိဋ္ဌိလ-ပါဌ်တို့လည်း သင့်သည်။

## ၈။ ကာယံ ဝါစဥ္စ ဝိနေတိ

ဌာနဖြစ်သော ကာယဒွါရ ဝစီဒွါရတို့၏"ကာယံ ဝါစဥ္စ"ဟူသောအမည်ကို ဌာနီဖြစ်သော ကာယိကအဇ္ဈာစာရ၊ ဝါစသိကအဇ္ဈာစာရ၌ တင်စား--ဌာနူပစာ၊ နာနန္တရိကနည်း။ (ဂဏ္ဌိသစ်၊၁၄၂)

⊛ နာနန္တရိက၊ ကာရဏ၊ ဌာနဉပစာ ။

အမှာ။ ။(က)ဝါကျ ကာယဝါစာနံ-၌လည်း ကာယံ ဝါစဥ္စနည်းတူ ဌာနူပစာ၊ နာနန္တရိကနည်းတင်လေ ။

### (က)ဝါကျ အယံ ဝိနယော-၌ တန္တနည်း

ဤ၌ အယံဝိနယော-ဟူသောနည်းသည် တစ်ပုဒ်တည်းဖြင့် "အယံ-ဝိနယော-ဤဝိနည်းသည်" ။ "အယံ ဝိနယော ဣမဿ ဝိနယဿ-၏၊" ဤသို့ နှစ်နက်ဟောစွမ်းနိုင်သောကြောင့် တန္တနည်းမည်၏ ။

⊛ တံနှင့်ကတ္တား၊ ပြန်ပြားအပဓာန်၊ ၏-တုပြန်က၊ ပဓာန၊ တန္တနည်းယူလေ၊ (ရွှေ၊၄၉၂)

မှတ်ချက်။ ။ဤနည်းစနစ်အရ ပိတ်ပုဒ်၏သမ္ဗန်ဖြစ်ထိုက်သော ကတ္တား ကံပုဒ်တို့၌ တန္တနည်းရသည်ချည်းမှတ် ။

http://www.dhammadownload.com



(တစ်နည်း) အယံ ဝိနယော-ကို ဟိတ်ပုဒ်တို့၌စပ်ခိုက် သမ္ဗန်-သမ္ဗန္ဓီ၊ အက္ခာတော-၌စပ်ခိုက်ကမ္မ-ကမ္မီ၊ ဤသို့နှစ်ပုဒ်ငဲ့သောကြောင့် ကာတောလောကန နည်း။

၁၀။ ဝိနယ္ယတ္ထဝိဒူတိ-အရ ဝိနယတ္ထဝိဒူပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါးကိုယူ၍ ။ ထိုခန္ဓာငါးပါး၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတည်း။ ထိုခန္ဓာငါးပါးကား ပုညာပုည ဝိပါက၏ ပဒဋ္ဌာန်တည်း။ ထိုသုံးပါးတို့တွင်=ပုည၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ ထိုပုညကား ကုသလဝိပါက်ဣဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ အပုည၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထိုအပုညကား အကုသလဝိပါက် အနိဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ ဝိပါက်၏ ပဒဋ္ဌာန်ကား ပုညာပုညတည်း။ ထိုဝိပါက်ကား နာမ်ရုပ်၏ ပဒဋ္ဌာန်တည်း။ ထိုနာမ်ရုပ်ကား သဠာယတန၏ ပဒဋ္ဌာန်တည်း။ ဤသို့ စသည်ဖြင့် ပြဲရုယော့ရုယ္၊ အာရုယ္ပာရုယ္အားဖြင့် ပဒဋ္ဌာန်ကိုထုတ်ခြင်းသည် ပဒဋ္ဌာနဟာရ မည်၏။

အမှာ။ ။လောကော၊ ဗုဒ္ဓေါ၊ ဣတ္ထီ၊ ပုရိသ-စသော ပုဂ္ဂိုလ်ဖြစ်သော ပုဒ်မှန်သမျှ ထိုပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါးကို ယူ၍ ထုတ်လေ ။

===============

# ဝါကျဥယျာဉ် (၆)

(က) ဂ္ဂတရံ ပန---

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ,ဂတော စ သုတ္တန္တိ အက္ခာတံ။

(ခ) တဒိဒံ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ ။

(ဂ) သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

(ဃ) သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ၊ ပသဝတီတိ ဝုတ္တံ ဟောတိ။

(င) သူဒတိ စေတံ ဓေနုဝိယ ခီရံ၊ ပဂ္ဃရတီတိ ဝုတ္တံ ဟောတိ။

(စ) သုဋ္ဌု စ နေ တာယတိ ရက္ခတီတိ ဝုတ္တံ ဟောတိ ။

(ဆ) သုတ္တသဘာဂဉ္စေတံ။

(ဇ)ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ အတ္ထာ။

http://www.dhammadownload.com



(၅) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ--

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ, ဂတော စ သုတ္တန္တိ အက္ခာတံ။

(၃း၁၅။ သာရတ္ထ။၆၉။ မအူသျှ။၁၄၇။ ဘာသာဋီ။၁၁၂။ ဝဏ္ဏိသစ်။၁၄၄)

=====================

၁။ (ဂ)ဝါကျကို ဟိတ်အပြင်ထုတ်၍ လည်းကောင်း၊ (ဃ)ဝါကျကို ဥပမာအတွင်း သွင်း၍ လည်းကောင်း အနက်ယောဇနာပါ ။

၂။ (ဇ)ဝါကျကို ၄ပနာတိကပုစ္ဆာတက်၍ ၊ ယင်း(ဇ) ဝါကျ၌ ယထာစ-ဝါကျသို့ အနုသန္ဓေတက်ပြပါ ။

၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြအမည်ပေးပါ ။

၄။ အတ္ထာနံ သူစနတောနှင့်အညီသုတ္တံ-ပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပြပါ။

၅။ သဿ၊ ဓေနု၊ ဝီရ၊ အဗ္ဗာသယ-ပုဒ်တို့ကို ဓာတ်၊ ပစ္စယဝေဘာန်ပြပါ။

၆။ (က)သံဝဏ္ဏနာဖြင့် သိစေအပ်သောအာဘောဇနှင့်သံဝဏ္ဏနာအမည်တို့ကိုဖော်ပြပါ။

၇။ (ခ)ဝါကျ၌ တဥ္စိ/တံ ဟိ-ဟူ၍လည်းကောင်း၊ (ဇ)ဝါကျ၌ တစ္ဆကာနံ/တစ္ဆကာနံ-ဟူ၍လည်းကောင်း ပါဌ်နှစ်မျိုးစီရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ ။

၈။ (ဆ၊ဇ) ဝါကျတို့ကို ထောက်၍ သုတ္တံ-ပုဒ်၌ ဖြစ်သင့်သော နည်း ဥပစာတို့ကို အကြောင်းပြဖြေပါ ။

၁၀။ တစ္ဆကာနံ-ကို ဝေဝစနတာရနေတ္တိနည်းထုတ်ပါ ။

=======================

၁။ **(ဂ)ဝါကျဟိတ်အပြင်ထုတ်၍ အနက်ပေးပုံ**

စ-ပါး၊ ထွေ-ဤသုတ်၌၊ အတ္တတ္ထပရတ္ထာဒိဘေဒေ-ကုန်သော၊ အတ္ထာ-တို့ကို၊ သုဝုတ္တာ-မူအပ်ကုန်ပြီ။ ကသ္မာ-မူကား၊ ဝေနေယျဇ္ဈာသယာနုလောမေန-အားဖြင့်၊ ဘဂဝတာ-သည်၊ ဝုတ္တတ္တာ-ကြောင့်တည်း ။

**(ဃ)ဝါကျ ဥပမာအတွင်းသွင်း၍အနက်ပေးပုံ**

စ-ပါး၊ သဿံ-သည်၊ ဖလံ-ကို၊ သဝတိတ္တဝ-သီးသကဲ့သို့ (သဒ္ဒတ္ထ)၊ (ဝါ)ဖြစ်စေသကဲ့သို့၊ (အဓိပ္ပါယတ္ထ) တထာ-တူ၊ တော်သုတ္တံ-သည်၊ အတ္တတ္ထပရတ္ထာဒိဘေဒေ-ကုန်သော၊ အတ္ထေ-တို့ကို၊ သဝတိ-သီးတတ်၏ (သဒ္ဒတ္ထ)၊ (ဝါ) ဖြစ်စေတတ်၏ ၊ (အဓိပ္ပါယတ္ထ)။

http://www.dhammadownload.com



## ၂။ (ခ)ဝါကျစသည် အနုသန္ဓေ

ဤသို့(က)ဝါကျဖြင့် သုတ္တ-သဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့် ပြပြီး၍၊ ယခုအခါ၌ ယင်း၀စနတ္ထပြဲ ဂါထာ၏အနက်ကို ထင်ရှားပြလိုသော ဆရာသည် (ခ)စသည်ကိုမိန့် ။

◈ ဣဒါနိ အတ္ထာနံ သူစနတောတိအာဒိဂါထာယ အတ္ထံ ပကာသေန္တော အာဟ "တဒ္ဓိ"တိ အာဒိ။ (သာရတ္ထ။၆၉)

ရှင်းလင်းချက်။ (ခ)စသောဝါကျတို့တွင်-

(ခ)ဝါကျဖြင့် အတ္ထာနံ သူစနတော-၏ အကျယ်ကိုပြသည် ။

(ဂ)ဝါကျဖြင့် သုဝုတ္တတော-၏ အကျယ်ကိုပြသည် ။

(ဃ)ဝါကျဖြင့် သဝနတော-၏ အကျယ်ကိုပြသည် ။

(င)ဝါကျဖြင့် သူဒနတော-၏ အကျယ်ကိုပြသည် ။

(စ)ဝါကျဖြင့် သုတ္တာဏာ-၏ အကျယ်ကိုပြသည် ။

(ဆ၊ဇ)ဝါကျတို့ဖြင့် သုတ္တသဘာဂတော-၏ အကျယ်ကိုပြသည် ။

ဤသို့ (ခ)မှ (ဆ၊ဇ)တိုင်အောင် ဟိတ်ပုဒ်တစ်ခု၏ အကျယ်မှ တစ်ပါး ဟိတ်ပုဒ်တစ်ခု၏ အကျယ်ကိုပြသောကြောင့် ရှေ့နောက်ထောက်ဆ၍ ပက္ခ-ပက္ခန္တရ-ဟု ခွဲရမည်။ (ပက္ခန္တရထုံးစံအတိုင်း ကျမ်းတက်ရုံပင်)

(ဆ၊ဇ)ဝါကျတို့တွင်- (ဇ)ဝါကျဖြင့် တမျဉ်းချည်၊ ပန်းသီတံချည်နှင့် တူပုံအကျယ်ကိုပြသည် ။ ထို့ကြောင့် (ဇ)ဝါကျသည် ဝိတ္ထာရဝါကျ။

### (ဇ)ဝါကျသို့ ပုစ္ဆာ

ဆရာ-သည် (ဆ)ဝါကျဖြင့် သုတ္တန်ပိဋကသည် တမျဉ်းချည်၊ ပန်းသီတံချည်နှင့်တူ၏ဟုဆို၏၊ အဘယ်သို့လျှင် သုတ္တန်ပိဋကသည် တမျဉ်းချည်၊ပန်းသီတံချည်နှင့်တူပါသနည်း၊ သုတ္တန်ပိဋက၏ကမျဉ်းချည်၊ ပန်းသီတံချည်နှင့်တူပုံအခြင်းအရာအကျယ်ကို ဆရာမပြဆိုပြီလော-စုဒ်ကြောင့် (ဇ)ဝါကျကိုမိန့် ။

◈ သုတ္တသဘာဂတံယေဝ ဒဿေန္တော အာဟ "ယထာ ဟိ "တိအာဒိ။ (သာရတ္ထ။၇၁)

### (ဇ)ယထာစ ဝါကျသို့ အနုသန္ဓေ

ဤသို့ ယထာ ဟိ တစ္ဆကာနံ-အစရှိသော(ဇ-ဝါကျပထမပိုင်း)ဝါကျဖြင့် သုတ္တန်ပိဋက၏ တမျဉ်းချည်နှင့် တူပုံအကျယ်ကိုပြပြီး၍ ယခုအခါ၌ သုတ္တန်ပိဋက၏ သီတံချည်နှင့် တူပုံ အကျယ်ကို ပြတော်မူလိုသော ဆရာသည် ယထာ စ သုတ္တေန-အစရှိသော (ဇ-ဝါကျ ဒုတိယပိုင်း)ကိုမိန့် ။

http://www.dhammadownload.com



(တစ်နည်း) ဤသို့ ယထာတိ-အစရှိသည်ဖြင့် သုတ္တသဘာဂ-၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ တစ်ပါးသောအပြားအားဖြင့် သုတ္တသဘာဂ-၏ အဖြစ်ကို ပြပြန်လို၍ ယထာစ-အစရှိသည်ကိုမိန့် ။ (မအူသျှ၊၁၅၀)

◆ တ္တုအါနိ အညတာပိ သုတ္တသဘာဂတိ ဒဿေန္တော အာဟ "ယထာစာ"တိအာဒိ။ (သာရတ္ထ၊ရ၁)

၃။ (ခ)မှ (ဇ)တိုင်အောင် ဝိတ္ထာရ ။ (တစ်နည်း) တပ္ပါကဋ္ဌိ။ (တစ်နည်း) ဒဋ္ဌိ။ (ဝိနယ- အဖွင့်ကြည့်)။

ထိုတွင်- (ဂ)ဝါကျသည် အတ္ထာနံ သူစနတော-၏ အကျယ်မှ တစ်ပါး သုဝုတ္တတော၏အကျယ်ကိုပြသောကြောင့် ပက္ခန္တရ-စသည်ဖြင့် အမည်ပေးလေ။ (ဇ)ဝါကျသည် တမျဉ်းချည်၊ ပန်းသီတံချည်နှင့် တူပုံအကျယ်ကို ပြသောကြောင့် ဝိတ္ထာရ ။ ယင်း---(ဇ) ဝါကျ၌ ယထာစ-စသည်ကား ပက္ခန္တရ။ (ဈ) ဝါကျသည် နိဂမနဝါကျ ။ (တစ်နည်း) လဒ္ဓဂုဏဝါကျ ။

၄။ အတ္တေ့ သူစေတီတိ သုတ္တံ ။ (သူစတတ်-တပစ္စည်း)

- သူစ-တတ်အရကား သုတ္တန်ပိဋကဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ ဝါစက သတ္တိသည် မုချအားဖြင့်ရ၏ ။
- သုတ်-ဟူသော တံ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါ၏ ပကတူပ နိဿယသတ္တိသည် ဖလူပစာရအားဖြင့်ရ၏ ။
- တ-ပစ္စည်းအရကား ထို--သော သုတ္တန်ပိဋကဖြစ်ရ၏ ။

## ဝစနတ္ထမှတ်ဖွယ်

သမာနော ဘာဂေါ ဧတဿ သုတ္တဿာတိ သဘာဂံ။
သုတ္တေန သဘာဂံ သုတ္တသဘာဂံ ။
တဋ္ဌေနိ္တိ တဋ္ဌကာ ။
ပမီယတိ ဧတေန သုတ္တေနာတိ ပမာဏံ ။
ဂယှိ်သူတိ ဂဟိတာနိ၊ သမ္မာ ဂဟိတာနိ သင်္ဂဟိတာနိ။(ပုပ္ဖာနိ)။

၅။ သဿံ=သသတတ် သပစ္စည်း။(တစ်နည်း) သ-သဒ္ဒူပပဒ သိတတ် အပစ္စည်း။

◆ သသန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ သဿံ၊သေ ခေတ္တေ၊ သေတိ ဂုတာတီတိ ဝါ သဿံ၊ (သူစိ) ။

ဓေနု=ဓေတတ် နုပစ္စည်း။(တစ်နည်း) ဓာတတ်၊ နုပစ္စည်း ။

◆ ဓေ ပါနေ၊ နု။ ဓယတိ ပိဝတိ တ္တုတော့ ခီရံ ပေါတကောတိ ဓေနု။(သူစိ)။

▲ ဓာရေတီတိ ဓေနု၊ ဓါဝိ။ (ဓာ့ဒါ၊ မောဂ်။ ၃၄)

http://www.dhammadownload.com



ဓိရုံ= ဓိတာတ် ရက်ပစ္စည်း။ (တစ်နည်း) ဓိတာတ် ဤရပစ္စည်း ။

◆ ဓိ ခယေ၊ ရတ် တောတိ၊ ခယတိ ဒုတနေနာတိ ဓိရုံ ။ (ထွာဒိ၊ မောဝ်၊ ၁၄၃)

◆ ဓိ ခယေ၊ ဤရော ။ (ဓာန်ဋီ၊ ၅၀၀)

အဗ္ဗာသယ= အဝိ အာ ရှေး သိဓာတ် ဏပစ္စည်း ။

◆ ဓိတ္တံ အဓိဝနာ သယတီတိ အဗ္ဗာသယော ။ (ဓာန်ဋီ၊ ရ၆၆)

၆။ (က)ဝါကျ အတ္တာနံ သူစနတော-ဖြင့် သုတ္တံ-၌ သူစ-ဓာတ်၏--လည်းကောင်း၊ (ဒု-ဓာတုပဒ) တပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်-လည်းကောင်း၊ (ဒု-ပစ္စယတ္ထ) အတ္ထေ သူစေတီတိ သုတ္တံ-ဟု-လည်းကောင်း သိစေ။

သုဝုတ္တတော-ဖြင့် သုတ္တံ-ပုဒ်ကို ဥစ္စိသူတိ ဥတ္တာ၊သုဋ္ဌု ဥတ္တာ ဇွောတိ သုတ္တံ-ဟု သတ္တမိဗဟုဗ္ဗိဟိသမာသ်ဝိဓေတ္တ-လည်းကောင်း၊ (တစ်နည်း) ဥစ္စိသု ဇွောတိ ဥတ္တံ၊ သုဋ္ဌု ဥတ္တံ သုတ္တံ။ (တစ်နည်း)သုဋ္ဌု ဥစ္စိသု ဇွောတိ သုတ္တံ-ဟု အဓိကရဏသာဓ်ပြု--လည်းကောင်း၊ တပစ္စည်း၏ အဓိကရဏသာဓနအနက်၌ သက်--လည်းကောင်း သိစေပါသည် ။

သဝနတော-ဖြင့်သုတ္တံ-၌ သုဓာတ်--လည်းကောင်း၊ တ-ပစ္စည်း သုဒ္ဓကတ္တုသာဓနအနက်၌ (ဂဏ္ဌိသစ်) (တစ်နည်း) ဟေတုကတ္တုသာဓနအနက်၌ သက်-လည်းကောင်း (မဒ္ဓူသျ) သဝတီတိ သုတ္တံ-ဟု သုဒ္ဓကတ္တုသာဓန (တစ်နည်း) ဟေတုကတ္တုသာဓနဝိဓေတ္တပြု--လည်းကောင်း သိစေပါသည် ။

သူဒနတော-ဖြင့် သုတ္တံ-၌ သူဒဓာတ်-လည်းကောင်း၊ တပစ္စည်း ကတ္တုသာဓနအနက်၌ သက်--လည်းကောင်း၊ သူဒတီတိ သုတ္တံ-ဟုပြု-လည်းကောင်း သိစေပါသည်။

သုတ္တာဏာ-ဖြင့် သုတ္တံ-၌ သုပုဗ္ဗ တာဓာတ်-လည်းကောင်း၊ တပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်-လည်းကောင်း၊ သုဋ္ဌု တာယတီတိ သုတ္တံ-ဟုပြု-လည်းကောင်း သိစေပါသည် ။

သုတ္တသဘာဝတောစ-ဖြင့် သုတ္တံ-၌ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ သုတ္တံ ဝိယာတိ သုတ္တံ-ဟုပြု-လည်းကောင်းသိစေသည်။

(ခ)အတ္ထေ သူစေတိ-ဖြင့် (က)ဝါကျ အတ္တာနံ သူစနတော-နှင့်အတူဖော်၊ အတ္တတ္တပရတ္ထာဒိဘေဒေ-ဖြင့် အတ္ထ-အရ (သရုပ်ကြား) သိစေပါသည် ။

(ဂ)ဝါကျ သုဝုတ္တာ ဇွောတ္ထ အတ္ထာဖြင့် (က)ဝါကျ သုဝုတ္တတော-နှင့် အတူဖော် ။

ဝေဓနေယျာနုလောမေန-ဖြင့် ဝိနည်းအဘိဓမ္မာ-၌ကဲ့သို့ ဝေနေ-ယျဇ္ဈာသယသည် အာဏာဓမ္မသဘောသို့မလိုက်မူ၍ ဤ၌အာဏာဓမ္မသဘောသည် ဝေနေယျဇ္ဈာသယသဘောသို့လိုက်ရကား ဝေနေယျတို့အား ကေန္တပိတပင်လာဘ

http://www.dhammadownload.com



ဖြစ်ခြင်းကြောင့် ဤသုတ္တန်ပိဋကကိုသာ သုတ္တတုဆိုသည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (သာရတ္ထ။ ရ၀။ ဂဏ္ဌိသစ်။၁၃၉)

(ဃ)ဝါကျ သဝတိ စေတိ အတ္ထေ-ဖြင့် (က)ဝါကျ သဝနတော-နှင့် အတူဖော် ။

သဿမိဝ ဖလံ-ဖြင့် (ဘာဝတ္တ) ဖော်လေ ။

ပသဝတိ-ဖြင့် သဝတိ-၌ သုဓာတ်သည် နာကြားခြင်း သဝနအနက်ကို မဟော၊ သီးခြင်း ဖြစ်စေခြင်း ပသဝနအနက်ဟော--သိစေပါသည် ။

(င)ဝါကျ သူဒတိ-ဖြင့် သူဒနတော-နှင့် အတူဖော် ။

ပဂ္ဃရတိ-ဖြင့် သူဒတိ-၌ သူဒဓာတ်သည် ဟိံသာ နိရာသ-အနက်တို့ကို မဟော၊ ပဂ္ဃရဏ- အနက်ဟော--သိစေပါသည် ။

(စ)ဝါကျ သုဋ္ဌု တာယတိ-ဖြင့် သုတ္တာဏာ-နှင့်အတူဖော်လေ ။

ရက္ခတိ-ဖြင့် တာယတိ-၌ တာဓာတ်သည် ပါလန ရက္ခဏအနက်ဟော သည်ကိုသိစေပါသည်။

(ဆ)ဝါကျ ယထာဓေ-ဖြင့်သုတ္တသဘာဂ-၌ သဘာဂသဒ္ဒါ၏သဒိသအနက် ဟော-သိစေသည် ။

သုတ္တံ သုတ္တေန-တို့ဖြင့် သုတ္တသဒ္ဒါ၏ သာမညနိဒ္ဒေသနည်း၊ ဧကသေ သနည်းဖြင့် တမျဉ်းချည်၊ ပန်းသီတံချည် နှစ်နက် (ဥဘယတ္ထ)ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (တစ်နည်း)သုတ္တဥ္စ(တမျဉ်းချည်)သုတ္တဥ္စ(ပန်းသီတံချည်) သုတ္တံ-တု ဧကသေသတဒ္ဓိတ်ဝစနတ္တပြု-လည်းကောင်း၊

ယထာတိ ယထာစ နှစ်ဝါကျလုံးဖြင့် သုတ္တန်၏ တမျဉ်းချည် ပန်းသီ တံချည်နှင့် တူပုံ (သုတ္တသဘာဂဘာဝ)ကိုလည်းကောင်း သိစေပါသည်။

## (ခ)ဝါကျ တဠိ / တံတိ

ဓေဟာ ဥံ။ကောရတကာရေ ပရေ နိဂ္ဂဟိတံ ခေါ် ဥ-ကာရံ ပပ္ပေါတိ ဝါ။တဠိ တဿ၊ တံ တိ တဿ။(ရူပသိဒ္ဓိ)ကိုထောက်၍ ဟ-အက္ခရာနောင်းရာ ၌ နိဂ္ဂဟိတ်ကို ဥ-ပြုခြင်းသည် အနိစ္စဝိဓိဖြစ်သောကြောင့် နှစ်ပါဌ်သင့်ပါသည်။

(ဝေဠိ/ဝေံတိ ၊ အယဠိ/အယံ တိ-စသည်နည်းတူပင်ဆိုးဖြတ်)

### တဏ္ဍကာနိ / တစ္ဆကာနိ

တစ္ဆကော ဝဍ္ဍကီ မတော။ (ဓာန်။၅၀၆)။ တစ္ဆ တနုကရဏော၊ တစ္ဆတိ ဘန္ဓံ ကရောတီတိ တစ္ဆကော၊ ဏွုု (ဓာန်ဋီ)တို့ကို ထောက်၍ တစ္ဆ -ဓာတ် ဖြင့်ပစ္စည်းဖြင့်ပြီးသောကြောင့် တစ္ဆကာနိ-ပါဌ်သာ သင့်ပါသည် ။

http://www.dhammadownload.com



၉။ **(ဆ၊ဇ)ဝါကျဝိုနှင့်အညီ သုတ္တံ**

ဤသုတ္တံ-ပြယုဂ်၌ သုတ္တ-ဟူသောနည်းသည် သုတ္တ-သဒ္ဒါတစ်ခုကိုချေ၍ သုတ္တ-သဒ္ဒါတစ်ခုကြွင်းပြုသောကြောင့် ကေသေသနည်းမည်၏ ။

(တစ်နည်း) ဤ၌ သုတ္တံ-ဟူသောနည်းသည် သုတ္တံ-တမျဉ်းချည်နှင့်တူသော သုတ် ။ သုတ္တံ-ပန်းသီတံချည်နှင့်တူသောသုတ်။ဤသို့ အနက်ပြားလျက် သုတ္တ-သဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်းပြုထားသောကြောင့်သာမညနိဒ္ဒေသနည်းမည်၏ အကျူဖြစ်သော တမျဉ်းချည်၊ ပန်းသီတံချည်တို့၏ သုတ္တ-ဟူသောအမည်ကိုအတူရှိသော သုတ္တန်ပိဋကတ်၌တင်စား၍ဆိုထားသောကြောင့် သဒိသူပစာမည်၏။

**(င)ဝါကျ ဓေနုဝိယ စိရံ**

ဓေနု-အရ နွားသာမက နို့စို့သားငယ်ရှိသမျှ တိရစ္ဆာန်မတိုင်းကို ယူရသောကြောင့် ဧကဒေသူ၊ ယေဘုယျနည်း။ ဥပလက္ခဏာနည်း။ (ဂဏ္ဌိသစ်။၁၄၅။သဒ္ဒနီတိ)

၁၀။ တစ္ဆက-၏ ဝေဝုစ်ကို =တစ္ဆကော ဝဓကီ မတော၊
ပလဂဏ္ဍော ထပတျပိ။
(တန်။၅၀၆)တူ၍ ယှဉ်အပ်၏ ။

=======================

## ဝါကျဥယျာဉ် (၇)

(က) တ္တတာရော ပန---

ယံ တ္တေ ဝုမိမင္တော၊ သလက္ခဏာ ပူဇိတာ ပရိဠိန္နာ။
ဝုတ္တ-ဝိကာ စ ဓမ္မာ ၊ အဘိဓမ္မော တေန အက္ခာတော။

(ခ) အယဥ္ဟိ အဘိသဒ္ဒေါ ဝုမိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

(ဂ) တထာ ဟေသ "ဗာဠှာ မံ အာဝုသော ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တီ"တိအာဒီသု ဝုမိယံ အာဂတော။ "ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ"တိအာဒီသု လက္ခဏေ။ "ရာဇာဘိရာဇာ မနုဇိန္ဒော"တိ အာဒီသု ပူဇိတေ။ "ပဋိဗလော ဝိနေတုံ အဘိဓမ္မေ အဘိဝိနယေ"တိအာဒီသု ပရိစ္ဆိန္နေ။ အညမညသင်္ကရဝိရဟိတေ ဓမ္မေ စ ဝိနယေ စာတိ ဝုတ္တံ ဟောတိ။"အဘိက္ကန္တေန ဝဏ္ဏေနာ"တိအာဒီသု အဓိကေ။

(၄။ ၁၆။ သာရတ္ထ။ ၇၄၊ မအူသျ။ ၁၅၂။ ဘာသာဋီ။ ၁၂၀။ ဂဏ္ဌိသစ်။ ၁၄၉)

http://www.dhammadownload.com



၁။ (က)ဝါကျကို ကာရကံ ဖလဝါကျခွဲ၍ ကျနစွာ အနက်ယောဇနာပါ ။
၂။ (ခ)ဝါကျကို ဒါဝဂ္ဂပသင်္ဂ၊ ဝါစ္စပသင်္ဂအာဘော်နှစ်ချက်ပြည့်စုံစေလျက် ပုစ္ဆာတက်ပြပါ ။
၃။ (ခ၊ဂ)ဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (က)ဝါကျရှိ ဣတ္တရောဓမ္မာ-ပုဒ်တို့ကို သဒ္ဒနယစာစပ်ပြပါ ။
၄။ (ဂ)ဝါကျ ရာဇာဘိရာဇာ-ပုဒ်ကို အစိတ် အပေါင်းဝစနတ္ထပြု၍ အပေါင်း၌ ညည်နည်းကောက်ပြပါ ။
၅။ ဘဋ္ဋ၊ ရတ္တိ-တို့ကို ဓာတု၊ ပစ္စယ ဝေဘန်၍ (ခ)ဝါကျ ဒိဿတိ-ပုဒ်၏ ဝစ္စတ္ထကိုလည်းကို ဖော်ပြခဲ့ပါ ။
၆။ (က)ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို တွဲစပ်ဖော်ပြပါ။
၇။ ဘဋ္ဋာ / ဗဋ္ဋာ နှစ်ချက်တွင် သင့်ရာပါဠ်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ ။
၈။ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ(၅။၁၆)၌ ဒိသံ-ဝယ် ရသင့်သော နည်း ဥပစာတို့ကို ဆိုရိုးကျဖြေဆိုပါ ။
၁၀။ (ခ)ဝါကျရှိ ဒိဿတိ-ကို ယုတ္တိဟာရနေတ္တိနည်းထုတ်ပါ ။

===================

၁။ (က)ကို ငါးဝါကျခွဲ၍ အနက်ယောဇနာပုံ

ပန-ပါး၊ဣတ္တရော-ဤသုတ္တသဒ္ဒါမှတစ်ပါးသော၊အဘိဓမ္မေ-အဘိဓမ္မသဒ္ဒါကို

(က) ယံ ယေန ကာရဏေန-ကြောင့်၊တ္တေ-ဤအဘိဓမ္မာ၌၊ ဝုန်မဋ္ဋော-ပွားခြင်းအနက်ရှိကုန်သော၊ ဓမ္မာ-တို့ကို၊ ဝုတ္တာ-ကုန်ပြီ။ တေန ကာရဏေန-ကြောင့်လည်း၊ အဘိဓမ္မတ္ထဝိဒူဟိ-တို့သည်၊အဘိဓမ္မော-ဟူ၍၊ အက္ခာတော-အပ်ပြီ ။
(ခ) ယံ ယေန ကာရဏေန-ကြောင့်၊ တ္တေ-၌၊ သလက္ခဏာ-မှတ်ဖကြောင်းတို့နှင့်တကွ ဖြစ်ကုန်သော၊ ဓမ္မာ-တို့ကို ။ပ။ အက္ခာတော-အပ်ပြီ ။
(ဂ) ယံ ယေန ကာရဏေန-ကြောင့်၊ တ္တေ-၌၊ ပူဇိတာ-ပူဇော်အပ်ကုန်သော၊ (ဝါ) ပူဇော်ခြင်းငှါ ထိုက်ကုန်သော၊ ဓမ္မာ ။ ပ။ အက္ခာတော-အပ်ပြီ ။
(ဃ) ယံ ယေန ကာရဏေန-ကြောင့်၊ တ္တေ-၌ ၊ ပရိစ္ဆိန္နာ- ပိုင်းခြားအပ်ကုန်သော၊ ဓမ္မာ- တို့ကို ။ ပ။ အက္ခာတော-အပ်ပြီ။
(င) ယံ ယေန ကာရဏေန-ကြောင့်၊ တ္တေ-၌၊ အဓိကာ-လွန်ကုန်သော၊ ဓမ္မာ-တို့ကို၊ ။ပ။ အက္ခာတော-အပ်ပြီ ။ (မအူသျ။ ၁၅၃)

## အဘိညာတာ၊ပူဇိတေ-ပုဒ်တို့၏ သဒ္ဒတ္ထ-အဓိပ္ပါယတ္ထ

အဘိညာတာလထက်ဝက်အစရှိသော တစ်ဝိုတစ်ခုသော အမှတ်အသားဖြင့် မှတ်သားအပ်ကုန်၏ (သဒ္ဒတ္ထ)၊ (ဝါ)ထင်ရှားကုန်၏ (အဓိပ္ပါယတ္ထ)။

http://www.dhammadownload.com



◆ အမုစန္ဒိမာ တေနစိ သညာဏေန ဉာတာ သညာတာ ပါတရာတိ အဝေသွား(သာရတ္ထဒီပ)

၂။ (ခ)ပါဌ် ဝါစတပသင်၊ဝစ္စပသင် ပုစ္ဆာတက်ပုံ

ဆရာ—သည် (က)ပါဌ်ဖြင့် ဝုမိပန္တဝမှုစသည်တို့ကို တောရာဖြစ်သော ကြောင့် အဘိဝမ္မမည်သော ဟုဆိုအံ့ ။ ယင်းသို့ပင်တူသော်လည်း ဝုမိစသည်၌ အဘိသဒ္ဒါမဖြစ်စေရာ မသင့်တန်ရာသည် မဟုတ်ပါလော(ဤကား ဝါစတပသင်) ။(ဂ)ယင်းသို့ပင်တူသော်လည်း ဝုမိစသောအနက်သည် အဘိသဒ္ဒတ္ထမဟုတ်လေက မသင့်တန်ရာသည်မဟုတ်ပါလော(ဤကား ဝစ္စပသင်)၊ ဆရာ့စကားသည်အဘယ် သို့လျှင် သင့်နိုင်ရာပါအံ့နည်း။ စုဒ်ကြောင့် (ခ)ပါဌ်ကို မိန့် ။

မှတ်ချက်။ ။ဤကား ဝဏ္ဏိသစ် ၁၄၉-နှင့် အညီတည်း။ ဝါစတပသင်-ကို သဒ္ဒပသင် ဟု လည်းကောင်း၊ ဝစ္စပသင်-ကို အတ္ထပသင်-ဟုလည်းကောင်း ခေါ်ကြသေးသည်။

အညမညသက်ရဝိရတိတေ-စသောပါဌ်သို့ အနုသန္ဓေ

ဤသို့ ပဋိဗလော ဝိနေတုံးပ။ပရိစ္ဆိန္ဒေ-ဖြင့် အဘိ-သဒ္ဒါ ပရိစ္ဆိန္နအနက် ၌ ဖြစ်ပုံကို ပြပြီး၍၊ ယခုအခါ၌ ပရိစ္ဆိန္နသရုပ်ကိုပြခြင်းငှါ (ဂ) ပိုင်းခြားအပ်၏ ဟူသောဝက်ဝုစ်ဖြစ်ခဲ့၍ အချင်းချင်းရောယှက်ခြင်းကင်းခြင်းပင်တည်းဟု ဥဇုဝုစ် ကိုပြခြင်းငှါ(ဂဏ္ဌိသစ်။၁၅၁)(ဂ)ပိုင်းခြားအပ်၏ဟူသည် အချင်းချင်းရောယှက်ခြင်း မှ ကင်းခြင်းပင်တည်းဟု ဝက်ဝုစ်ကို ဥဇုဝုစ်အားဖြင့် ပြလို၍ (မအူသျှ။၁၅၈) အညမည-အစရှိသည့်ကိုမိန့် ။

၃။ (က)ပါဌ်သည် သုတ္တသဒ္ဒါ၏ အဖွင့်မှ တစ်ပါး အဘိဝမ္မသဒ္ဒါ၏အဖွင့်ကို ပြသော ကြောင့် ပက္ခန္တရပါဌ် ။

(ခ)ပါဌ်သည် ဝိတ္ထာရ ၊ ယုတ္တိဒဠှိကရဏ ။

(ဂ)ပါဌ်သည် ဝိတ္ထာရ ၊ တပ္ပါတဋိကရဏ၊ .အာဂမဒဠှိကရဏ ။

ယင်း(ဂ)ပါဌ်၌ အညမညသက်ရဝိရတိတေ----ဝုတ္တံ တောတိ-ကား ဝိတ္ထာရ။

◉ အတ္ထုဒ္ဒါရ၊ ပြသည့်နောက်တွင်၊ တိ-ကိုမြင်၊ ချဲ့ ထင် ဒဠှိစွဲ ။

◉ တထာတိမှာ၊ ဉပကာ၊ ရံ၏ ချဲ့ မြဲ စွဲ။

အမှာ။ ။ အတ္ထုဒ္ဒါရပါဌ်ခွဲပုံ၊ ကျမ်းတက်ပုံအကျယ်ကို ပါဌ်ဥယျာဉ် (၁၅)၊ သမယေန-အဖွင့်၌ ရှုလေ ။

စာစပ်=တ္တတရော-ကား ကို-ကြောင့် အတ္တာတော-၌ ဝုတ္တက်။

အတ္တာတော-ကား ဝုတ္တက်-၏ကြိယာ ။

ဓမ္မာ-ကားတို့ကို-ကြောင့် ဝုတ္တာ-၌ ဝုတ္တက်။ ဝုတ္တာ-ကား ဝုတ္တက်-၏ကြိယာ။

◉ အပနေလို့ ၊ တွင်းပုန်သို့ ၊ ယှဉ်ဘို့မထိုက်ပါ ။

◉ အပမြင်ရာ ၊ ပ-တွင်သာ ၊ ယှဉ်ကာစပ်လိုက်ပါ ။

http://www.dhammadownload.com



ရှင်းလင်းချက်။ ။အထက်ပါနိယ်တို့အရ ယသ္မာ တသ္မာ၊ ယံ တံ၊ ယေန တေန-အစရှိသော အနိယမ နိယမသဒ္ဒါနှင့် ယထာ တထာ၊ ယထာ ဝေ အစရှိသော ဥပမာန ဥပမေယျဇောတကသဒ္ဒါတို့၏ အပြင်နေပုဒ်များကို ယင်းသဒ္ဒါတို့၏ အပြင်နေပုဒ်များ၌သာ စာစပ်ရသည်။ ယင်းသဒ္ဒါတို့၏ အတွင်းနေပုဒ်များ၌ စာမစပ်ရ။ ထို့အတူ ယင်းသဒ္ဒါတို့၏ အတွင်းနေပုဒ်များကိုလည်း ယင်းသဒ္ဒါတို့၏ အတွင်းနေပုဒ်များ၌သာ စာစပ်ရသည်၊ ယင်းသဒ္ဒါတို့၏ အပြင်နေပုဒ်များ၌ စာမစပ်ရ။ ဤကား မအူနိသျှဆရာတော်အလိုတည်း။

သို့ရာတွင် အချို့နေရာများ၌ အပြင်နေပုဒ်များကို အတွင်းနေပုဒ်များ၌ စာစပ်နိုင်သည်ကိုလည်းကောင်း၊ အတွင်းနေ ပုဒ်များကို အပြင်နေပုဒ်များ၌ စာစပ်နိုင်သည်ကို လည်းကောင်း အပွကအားဖြင့် တွေ့ရ ပေမည်။ ထို့ကြောင့် (နိယ်တူကၤယေဘုယျ)ဟုမှတ် ။

၄။　　အတ္တနော ဣဿရိယသမ္ပတ္တိယာ ရာဇတိ ဒိပ္ပတီတိ ရာဇာ ။
စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတိ ဝချေတီတိ ရာဇာ။
(ဒီ၊၄။၁။၁၂၃)
အဘိပူဇိတော ရာဇာ အဘိရာဇာ။ ရာဇူဟိ အဘိရာဇာ ရာဇာဘိရာဇာ။

- ရာဇဟူသော ဝိသေသနပုဒ်အရကား (လက်အောက်ခံ)မင်းတို့သည် မှချ ။
- ထို--၏ စကြဝတေးမင်းနှင့် ပူဇက ပူဇာရဟအဖြစ်ဖြင့်စပ်-ဌာနူပစာရ-ရ၏ ။
- ပုဒ်လုံးအရကား မင်းတကာတို့ ပူဇော်အပ်သော စကြာဝတေးမင်းရ၏ ။
- ရာဇာဘိရာဇာတိ ရာဇူဟိ ပူဇေတုံ အရဟော ရာဇာ။ (သာရတ္ထ။၈၂)

## ဝစနတ္ထမှတ်ဘွယ်

ဝုမိ ဓောသံ ဝမ္ဘာနတ္တိ ဝုမိမန္တော ။
လက္ခီယန္တိ ဓောတိ အာရမ္မဏာဒီတိတိ လက္ခဏာနိ ။
သဟ လက္ခဏေဟိ ယေ ဝတ္တန္တီတိ သလက္ခဏာ ။
ပူဇေတဗ္ဗာတိ ပူဇိတာ ။
ပရိစ္ဆိန္ဒိယန္တီတိ ပရိစ္ဆိန္နာ ။
ဉာတဗ္ဗာတိ ဉာတာ ။ အဘိလက္ခဏေဟိ ဉာတာ အဘိညာတာ။ (မအူသျှ)
အမုစန္ဒနီနာ ကေနစိ သညာဏေန ဉာတာ အဘိညာတာ။ (သာရတ္ထ၊ ရံ၁)
(အဘိ-အရ လထက်ဝက်အစရှိသော တစ်စုံတစ်ခုသော အမှတ်အသား၏-
ဉာတာအရ ညဉ့်တို့နှင့် လက္ခဏာ လက္ခဏ်စပ်)
အဘိလက္ခေတဗ္ဗာတိ အဘိလက္ခိတာ ။
မနုဇာနံ ဣန္ဒော မနုဇိန္ဒော ။
အဘိ ပရိစ္ဆိန္နော ဝမ္ဘော အဘိဝမ္ဘော ။
အဘိ ပရိစ္ဆိန္နော ဝိနယော အဘိဝိနယော ။
အညမညံ သင်္ကရော အညမညသင်္ကရော ။
အညမညသင်္ကရတော ဝိရဟိတော အညမညသင်္ကရဝိရဟိတော။

http://www.dhammadownload.com



၅။ ဗာဠ္ဌ= ဗကာတတ် တပစ္စည်း ။ (ရှု။ ၃၇၉)
(တစ်နည်း) ဗဟုသဒ္ဒူပပဒ လာတတ် အပစ္စည်း ။ (ဓာန်ဋီ။ ၄၁)
(တစ်နည်း) ဗဟာတတ် ဟပစ္စည်း ။ (ဈာန်ဒီ-မောဂ်။ ၂၂၃)
ရတ္တိ=ရာတတ် တိပစ္စည်း။ (တစ်နည်း) ရန္ဓာတတ် တိပစ္စည်း။
(တစ်နည်း) ရာသဒ္ဒူ-ပပဒ တိရတတ် က္တိပစ္စည်း ။
◆ ရာတိ ခဏ္ဍာတိ အဗျာပါရန္တိ ရတ္တိ၊ တိ။(ဓာန်ဋီ။၆၉)
◆ ရန္ဓတေ ဝသာဝေဝ၊ ရာပုဗ္ဗ တိရတောပိစ ။
ရတ္တိသဒ္ဒဿ နိပ္ပတ္တိ ၊ သဒ္ဒတ္ထည္ဉူ ဝိဘာဝယေ။ (နီတိ၊ ဓာ။ ၃၆၀)
ဒိဿတိ-ကား ကံဟောယ-ပစ္စည်းသက်၍ ပုဗ္ဗရုပ်ပြုလျှင် ဒိဿတိ-ပြီး၏၊ယင်း အဓိုက်(ဒိသ-ပေက္ခနေ)ဟုတတ်နက်ဖြစ်၏။ရှုအပ်၏-ဟုအနက်ပေး။ကံ-ဟောဖြစ်၏ ဒိဝါဒိတော ယော-သုတ်ဖြင့် ယ-ပစ္စည်းသက်၍ ပုဗ္ဗရုပ်ပြုလျှင် ဒိဿတိပြီး၏။ ယင်းအဓိုက် (ဒိသ ပညာယနေ)ဟုတတ်နက်ဖြစ်၏။ထင်၏-ဟုအနက်ပေး။ကတ္တား ဟောဖြစ်၏ ။
◆ "ဒိဿတိ၊ ဒိဿန္တိ"တိ ရူပါနိ ပန ယဿ ပုဗ္ဗရူပတ္တေန တ္တဝ ကမ္မေ သိဇ္ဈန္တိ၊ ဒိဝါဒိဂဏေ ကတ္တရိ သိဇ္ဈန္တိ၊ (နိရုတ္တိဒီပနီ။၄၂၁၊၄၄၅)
၆။ (က)ပါကျ ယံ တွေ့ ဝုမ်ိမန္တော ဓမ္မာ တောန-ဖြင့် အဘိဓမ္မော-၌ အဘိ-သဒ္ဒါ၏ ဝုမိမန္တအနက်ဟော-လည်းကောင်း၊ အဘိနှင့် ဓမ္မကို အဘိဝုမိ-မန္တော ဓမ္မော အဘိဓမ္မော-ဟု ကမ္မဓာရယ်မပြုရ၊ အဘိဝုမိမန္တော ဓမ္မာ တွောတိ အဘိဓမ္မော-ဟု သတ္တမီဗဟုဗ္ဗီဟိ--ပြု-လည်းကောင်း သိစေပါသည်။
ယံ တွေ့ သလက္ခဏာ ဓမ္မာ တောန-ဖြင့် အဘိဓမ္မော-၌ အဘိ-သဒ္ဒါ၏ လက္ခဏာအနက်ဟော-လည်းကောင်း။အဘိသလက္ခဏာ ဓမ္မာ တွောတိ အဘိ-ဓမ္မော-ဟု ပြု-လည်းကောင်း သိစေပါသည်။
ယံ တွေ့ ပူဇိတာ ဓမ္မာ တောန-ဖြင့် အဘိဓမ္မော-၌ အဘိသဒ္ဒါ၏ ပူဇိတအနက်ဟော- လည်းကောင်း၊ အဘိပူဇိတာ ဓမ္မာ တွောတိ အဘိဓမ္မော-ဟု-ပြု-လည်းကောင်း သိစေပါသည် ။
ယံ တွေ့ ပရိစ္ဆိန္နာ ဓမ္မာ တောန-ဖြင့် အဘိဓမ္မော-၌ အဘိ-သဒ္ဒါ ပရိစ္ဆိန္နအနက်ဟော- လည်းကောင်း။အဘိပရိစ္ဆိန္နာ ဓမ္မာ တွောတိ အဘိဓမ္မော-ဟု-ပြု -လည်းကောင်း သိစေပါသည် ။
ယံ တွေ့ အဓိကာ ဓမ္မာ တောန-ဖြင့် အဘိဓမ္မော-၌ အဘိ-သဒ္ဒါ အဓိကအနက်ဟော- လည်းကောင်း၊ အဘိအဓိကာ ဓမ္မာ တွောတိ အဘိဓမ္မော ဟု-ပြု-လည်းကောင်း သိစေပါသည် ။
(ခ)ပါကျဖြင့် (ဥပသဂ္ဂလိင်္ဂတ္တ) သိစေပါသည် ။

http://www.dhammadownload.com



(ဂ)ဝါကျ အညမညသက်ရဝိရဟိတေ ဓမ္မေ စ ဝိနယေ စ-ဖြင့် ပရိဋ္ဌိနွေ-၌ ပိုင်းခြားအပ်၏ဟူသည် (ဓမ္မနှင့်ဝိနယ၊ဓမ္မနှင့်ဓမ္မ၊ဝိနယနှင့်ဝိနယ)အချင်းချင်း ရောယှက်ခြင်းမှ ကင်းခြင်းပင်တည်း ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။

## ၇။ ဗာဠှာ / ဗဠှာ

ဗဟ ဝုဒ္ဓိမှိ၊အဗဟိတိ ဗာဠှော။"ကွစိဓာတူ"တိအာဒိနာ ဒီဃော-ဟူသော (ရူပသိဒ္ဓိ။၃ရ၉။) ဗဟုံ လာတီတိ ဗာဠှံ၊ ဥ- လောပေါ၊ ဝဏ္ဏဝိပရိယာယော စ ဟာသဒ္ဒေါဟူသော(ဓာန်ဋီ။၄၃) ဗဟိဿ ဠှော၊ ဒီဃောစ၊ ဗဟာတိ ဝုဒ္ဓိံ ဂစ္ဆတီတိ ဗာဠှံ။ (ဏွာဒိ၊ မောဂ်။ ၂၂၃) တို့ကိုထောက်၍ ဗာဠှ-ဟု ဒီဃနှင့်ရှိသောပါဌ်သာ သင့်ပါသည်။

## အဘိညာတာ / အဘိဉာတာ

ဌာနံ နာမ ရဿာကာရတော ပရံ ပ ပတိ ပဋိ ကမု ကုဓ ကီ ဂဟ ဇုတ ဉာ သိ သု သမ္ဘု သရ သသာဒိန မာဒိဗျဉ္ဇနံ ဒွေဘာဝံ-ဟူသော (ရူပသိဒ္ဓိ။ ၂၆)ကို ထောက်၍ ရဿအက္ခရာနောက်ရှိ ဉာဓာတ်သည် ဒွေဘော်ဌာနဖြစ်သော ကြောင့် အဘိညာတာ-ဟု ဒွေဘော်နှင့်ရှိသောပါဌ်သာ သင့်ပါသည် ။

(ဂ)ဝါကျ ဗာဠှာ မေ(အာဝုသော)၌ အာဝုသော ပါ/မပါ

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ ဝက္ကလိဝတ္ထု၊အဿဇိဝတ္ထုစသည်တို့၌လည်းကောင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်လာ မဟာကဿပဝတ္ထု၊ မဟာမောဂ္ဂလာနဝတ္ထု-စသည် တို့၌လည်းကောင်း "န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ။ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊နော ပဋိက္ကမန္တိ"ဟူ၍သာလျှင်လည်းကောင်း၊"န မေ အာဝု-သော ခမနီယံ၊န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိ-က္ကမန္တိ "ဟူ၍သာလျှင်လည်းကောင်း လာ၏။"ဗာဠှာ မေ ဘန္တေ ဒုက္ခာ ဝေဒနာ" ဟူ၍လည်းကောင်း၊ ဗာဠှာ မေ အာဝုသော ဒုက္ခာ ဝေဒနာ"ဟူ၍လည်းကောင်း၊ မလာသည်၏အဖြစ်ကြောင့် "အာဝုသော"ပုဒ်မရှိသင့်ပါ။ (မအ္ဘူနိသျ။ ၁၅၅။၁၅၆)

## လက္ခဏော / သလက္ခဏော

"လက္ခဏနှင့် သလက္ခဏ အရမတူ၊အညပုဒ်၏အရကို ယူရာရောက်ခြင်း ကြောင့် သ-အက္ခရာပါသင့်မည်မထင်" ဟု (မအ္ဘူနိသျ။၁၅၆)၌ ဆိုသောကြောင့် လက္ခဏော-ဟုရှိသောပါဌ်သာ သင့်ပါသည် ။

## ၈။ ဇော ဒိသံ ဖရိတွာ

ဌာနဖြစ်သော အရပ်ဒေသ၏ ဒိသံ-ဟူသော အမည်ကို ဌာနီဖြစ်သော သတ္တဝါအပေါင်း၌ တင်စား၍ ဌာနူပစာ (နာနတ္တရိကနည်း) ။

http://www.dhammadownload.com



## ၁၀။ ဒိသ္ဝာတိ–ကို ယုတ္တိဟာရနေတ္တိထုတ်ပုံ

ယုတ္တာယုတ္တိ ဝိစာရေတိ––ယုတ္တိဟာရမည်၏။ အဘယ်သို့ စိစစ်သနည်း ဟူမူကား = ဤ ဒိသ္ဝာတိ–ဟူသောပုဒ်သည် ဟာဂဘောသာ သဘာဝနိရုတ္တိဖြစ်၍ သဒ္ဒါအားဖြင့်သင့်၏ ။ ပ ။ အနက်အားဖြင့် သင့်၏ ။

ဒိသ္ဝာတိ–သဒ္ဒါကို တျာချန္တ ယူသော် သင့်၏၊ သျာချန္တ ယူသော် မသင့်။ (ဤသို့စသည်ဖြင့် ပဒဝိဓယာဟာရ အတိုင်း စစ်လေ) ။

ဒိသ–ဓာတ်၏အနက်ကို ကြိယတ္ထယူသော် သင့်၏၊ အညတ္ထယူသော် မသင့်။ (ဝါ) ပေက္ခနတ္ထယူသော် သင့်၏၊ ပညာယနတ္ထယူသော်လည်း သင့်၏၊ အညတ္ထယူ သော် မသင့်။

ယ–ပစ္စည်း၏အနက်ကို ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာယူသော်သင့်၏ ။ အညတ္ထယူ သော် မသင့်။ (ဝါ) ဒိဝါဒိဂဏဇောတကယူသော် သင့်၏ ။ အညဂဏ ဇောတက ယူသော် မသင့် ။

တေ–ဝိဘတ်၏ အနက်ကို ကြိယာပဓာနယူသော် သင့်၏၊ သတ္တပဓာနယူသော် မ သင့်။ ကတ္တတ္ထဝါစကယူသော် သင့်၏၊ ကမ္မတ္ထဝါစကယူသော်လည်း သင့်၏ ။ ဤသို့ စသည်ဖြင့် သဒ္ဒါ အနက်အားဖြင့် သင့် မသင့်ကို စိစစ်ခြင်းသည် ယုတ္တိ ဟာရမည်၏ ဟူလိုသော် ။

========================

## ဝါကျဥယျာဉ် (၈)

(က) ယံ ပနေတ္ထ အဝိသိဋ္ဌံ ၊ တံ –––

ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု ။

တေန သမောဓာနေတွာ၊ တယောပိ ဝိနယာဒယော ဉေယျာ။

(ခ) ပရိယတ္တိပိ ဟိ "မာ ပိဋကသမ္ပဒါနေနာ"တိအာဒီသု ပိဋကန္တိ ဝုစ္စတိ ။

(ဂ) "အထ ပုရိသော အာဂစ္ဆေယျ ကုဒါလပိဋကံ အာဒါယာ"တိ အာဒီသု ယံ ကိဉ္စိ ဘာဇနမ္ပိ ။

(ဃ) တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု။

(ဌ။၁ရ။သာရတ္ထ။ရှ၃။မအဋ္ဌသျ။၁၆၄။ဘာသာဋီ။၁၂၆။ဝဏ္ဏိသစ်။၁၅၄)

========================

၁။ တေန–၌ ဘ–၏အစွဲကို ဖော်၍၊ ဉေယျာ–၏ကတ္တားကိုထည့်ပြီး (က)ဝါကျကို အနက်ပေးပါ ။

၂။ (က)ဝါကျကို အနုသန္ဓေတက်၍ (ခ)ဝါကျကို သာဓကပဋ္ဌာတက်ပြပါ ။

၃။ အထက်ပါဝါကျတို့ကို အကြောင်းပြအမည်ပေး၍(က)ဝါကျဂါထာ ပထမပါဒ

http://www.dhammadownload.com



တို့ကို သဒ္ဒနယစာစပ်ပြပါ ။

၄။ ပရိယတ္တိဗ္ဗာဇနတ္ထတော-ဟူသောသံဝဏ္ဏနာအရ ပိဋက-ပုဒ်ကို ရသင့်သမျှ ဝစန-တ္ထ ပြ၍ ကြိုက်နှစ်သက်ရာ ဝစနတ္ထကိုသာ ညာသ်နည်းကောက်ပြပါ ။

၅။ ဝိသိဋ္ဌ၊ ပရိယတ္တိ၊ ဘာဇန-ပုဒ်တို့ကို ဓာတု၊ ပစ္စယ ဝေဘာန်ပြ၍၊ ဝိနူ-ကို လိင်၊ ဝိဘတ္တိ၊ ဓာတု၊ ပစ္စယ၊ ကြိယာ၊ ကာရက ဝေဘာန်ပြပါ ။

၆။ အဘိသမ္ဗုဒ္ဓေါ်တိ အဗ္ဘညာသိ ပဋိဝိဇ္ဈီပတ္တောမှိ အဓိဂတောမှိတိ ဝုတ္တံ ဟောတိ။ (၄။၁၁၀)ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ ။

၇။ ကုဒါလ-ကုဓာလ-ကုဒ္ဒါလဟုပါဌ်သုံးမျိုးရှိရာသင့်ရာပါဌ်ကိုယုတ္တိပြဆုံးဖြတ်ပါ။

၈။ ကုဒါလပိဋကံ-၌ ပိဋက-သဒ္ဒါ၏ နယပူပစာရတို့ကို အကြောင်းပြဖြေပါ ။

၁၀။ ပရိယတ္တိဝါစက ပိဋက-၌ဓာတွတ္ထကိုကိုယ်ပြ၍ဒေသနာဟာရနေတ္တိနည်းထုတ်ပါ။

---

၁။ (က)ဝါကျ တေန- ထိုပရိယတ္တိအနက် ဘာဇနအနက်ရှိသော ပိဋကသဒ္ဒါနှင့်။ ဥေယျာ-၏ ကတ္တားကို=ဝိညူတိ-တို့သည်။ ဟုထည့် ။
အဝိသိဋ္ဌ-မထူး(သဒ္ဒတ္တ)။(ဝါ)တူ၏ ။(ဝါ)ဆက်ဆံ၏။(အဓိပ္ပါယတ္ထ)။ (မအူသျှ။၁၆၄)

၂။

## (က)ဝါကျအနုသန္ဓေ

ဤသို့ ဝိဝိဓဝိသေသနယတ္တာ-အစရှိသည်ဖြင့် ဝိနယ-သဒ္ဒါ သုတ္တ-သဒ္ဒါ အဘိဓမ္မသဒ္ဒါတို့၏ ဝစနတ္ထကို ပြပြီး၍၊ ယခုအခါ၌ ပိဋကသဒ္ဒါ၏ ဝစနတ္ထကို ပြလိုသောဆရာသည် (က)ဝါကျကိုမိန့် ။ (မအူသျှ)

## (ခ)သာဘောဝပုစ္ဆာ

ဆရာ--သည်(က)ဝါကျဖြင့် ပိဋကသဒ္ဒါသည် ပရိယတ္တိအနက် ဘာဇန အနက်ကို ဟောသောဟု ဆို၏၊ ပိဋကသဒ္ဒါ ပရိယတ္တိအနက် ဘာဇနအနက်ကို ဟော၏ဟုဆိုရာ၌ ဥဒါဟရဏ် အာဂုံ ပါဠိတို့ဖြင့် အကျယ်ပြဆိုသင့်သည် မဟုတ်ပါလော၊အကျယ်ကား အဘယ်ပါနည်း၊ (ဝါ) မည်သည့်ပါဠိရပ်၌ ပိဋကသဒ္ဒါသည် ပရိယတ္တိအနက်ကိုဟောပါသနည်း။ မည်သည့်ပါဠိရပ်၌ ပိဋကသဒ္ဒါသည် ဘာဇန အနက်ကိုဟောပါသနည်း။ စုဒ်ကြောင့် (ခ)မိန့် ။

၃။ (က)ဝါကျသည် ပက္ခန္တရ။
(ခ)ဝါကျသည် ဝိတ္ထာရ ။ အာဝမဒင္ဂကရဏ ။ တပ္ပါကဋိကရဏ။
(ဂ)ဝါကျသည် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်၌ ဖြစ်ပုံအကျယ်မှတစ်ပါး ဘာဇန အနက်၌ ဖြစ်ပုံအကျယ်ကိုပြသောကြောင့် ပက္ခန္တရ ။

http://www.dhammadownload.com



(ဃ)ဝါကျသည် လဒ္ဓဂုဏဝါကျ ။ (ဝဏ္ဏိသစ်)

❀ ချဲ့ ပြ တိ နောက်၊ တသွာ ရောက်၊ မဖောက် လဒ္ဓဂုဏ် ။

တခပ်။ ပိဋကံ–ကို အာတု–၌ အဝုတ္တကမ္မ ၊ အဝုတ္တကမ္မိ စပ်။

ပိဋကတ္တဝိနူ–ကို ဝိညူ–ဟူသောပါဌ်သေသ၌ တုလျာဓိကရဏဝိသေသန–တုလျာဓိကရဏဝိသေသျ စပ်။ (တစ်နည်း)အာတု–၌ ဝုတ္တကတ္တား– ဝုတ္တကတ္တိ စပ်။

(က)ဝါကျ တယောပိ–၌ ပိ–ကား အဝယဝသမ္ပိဏ္ဍနတ္ထ ။

(ခ)ဝါကျ ပရိယတ္တိပိ၊(ဂ)ဝါကျ ဘာဇနမ္ပိတို့၌ ပိ–တို့ကား အညမညသမ္ပိဏ္ဍနတ္ထ။ (မအူသျှ)

၄။ ပိဋကပုဒ် ဝစနတ္ထနှင့် ဉာဏ်ကောက်ပုံမှာ ဝါကျဥယျာဉ် (၄)၌ ပါပြီးဖြစ်သည်။ အနည်းငယ် ထူးခြားသည်မှာ ဝါကျဥယျာဉ် (၄)၌ ဝိနည်းပိဋကရဏ် ။ ဤဝါကျဥယျာဉ်(၈)၌ ဝိနည်းစသော ပိဋကသုံးပုံရဏ်–ဟု ကောက်ရုံသာ ထူးသည် ။

## ဝစနတ္ထမှတ်ဘွယ်

န ဝိသိဋ္ဌံ အဝိသိဋ္ဌံ ။

ပိဋကဿ အတ္ထော ပိဋကတ္ထော။ ဝိဇာနိသူတိ ဝိဒူ။ ပိဋကတ္ထံ ဝိဒူ ပိဋကတ္ထဝိဒူ။

ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိ။ (ပိဋကနှင့်အတူဉာဏ်ကောက်)။

ဘဇတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဘာဇနံ ။

ပရိယတ္တိစ ဘာဇနဥ္စ ပရိယတ္တိဗ္ဘာဇနံ ။

ပရိယတ္တိဗ္ဘာဇနံ အတ္ထော ပရိယတ္တိဗ္ဘာဇနတ္ထော။ (တတော)

သမ္ပဒီယတေ သမ္ပဒါနံ ။ ပိဋကဿ သမ္ပဒါနံ ပိဋကသမ္ပဒါနံ ။

(တစ်နည်း) သမ္မာ ဒီယတိ ဧတဿာတိ သမ္ပဒါနံ။ (အဝုတ္တကတ္တုသာဓန)

ပိဋကဿ သမ္ပဒါနံ ပိဋကသမ္ပဒါနံ။ (ဘာဝပ္ပဓာန) (ဝဏ္ဏိသစ်)

♠ ပိဋကအရ ဝိနည်းစသော ပိဋကဖြစ်သည် မှချ ။

♠ ထို–၏ ကောင်းစွာသင်ယူသူဖြစ်နှင့် ကမ္မ–ကမ္မိ၊ အာရုံ–အာရမ္မဏိကစပ် ဌာန ။

♠ ပုဒ်လုံးအရကား ပိဋကကို–ကောင်းစွာသင်ယူသူဖြစ်ရဏ် ။

♠ ထိုသို့ပင်ရပြားသော်လည်း ပိဋကသမ္ပဒါန–ပုဒ်သည် ဘာဝပ္ပဓာန ဘာဝလောပပုဒ် ဖြစ်သောကြောင့် ပိဋကကို ကောင်းစွာသင်ယူခြင်းကြိယာ၊ ပိဋက၌လိမ်မာတတ် ကျွမ်းခြင်းဂုဏ်သာ ရဏ် ။

❖ ပိဋကသမ္ပဒါနေန–သင်အပ်သောပါဠိကို–သင်ယူတတ်သည်၏အဖြစ်ဖြင့်။ (ဝဏ္ဏိသစ်။ ၁၅၅။)

❖ တေန ပိဋကဥဂ္ဂဟဏတာဝေန။ (အင်္ဂုတ္တရဋီကာ။)

ကုံ ပထဝီ ဒါလယတိ ပဒါလေတိ ဘိန္ဒတိ ဝေါနာတိ ကုဒါလော။(နီတိပဒ။၁၁)

http://www.dhammadownload.com



၅။ ဝိသိဋ္ဌ = ဝိပုဗ္ဗ–သိသဓာတ်၊ တပစ္စည်း ။
ပရိယတ္တိ= ပရိ၊ရှေးရှိသော– အာပဓာတ်၊ တိပစ္စည်း ။
ဘာဇနေ = ဘဇဓာတ်(ဝါ)ဘာဇဓာတ်၊ ယုပစ္စည်း။
◆ ဘာဇ ပုထက္ကမ္မနိ၊ စုရာဒိ၊ ယု။ (ဓာန်ဒီ၊ ၄၅၇။ )
ဝိဒူ–တား ပုလ္လိင်၊ ပဌမာယောဝိဘတ်၊ ဝိဒ–ဓာတ်၊ ကွိ–ပစ္စည်း၊ ကိတ်ကြိယာ၊ ကတ္တုကာရကဖြစ်ပါသည်။
ကုဒါလ= ကုသဒ္ဒူပပဒ– ဒလဓာတ်၊ (ဝါ) ဒရဓာတ်–ဏ–ပစ္စည်း ။

၆။ အဗ္ဘညာသိ–ဖြင့် အဘိသမ္ဗုဒ္ဓေါ–၌ ဗုဓ–ဓာတ်သည် ဉာဏအနက်ဟော–လည်းကောင်း၊ တ–ပစ္စည်း အတိတ်ကတ္တုသာဓနအနက်၌သက်–လည်းကောင်း၊ အဘိသမ္ဗုဇ္ဈိတ္ထာတိ အဘိသမ္ဗုဒ္ဓေါ–ဟုပြု–လည်းကောင်း၊အဘိ သံ ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တကအဖြစ်ကိုလည်းကောင်း သိစေပါသည် ။
ပဋိဝိဇ္ဈိ–ဖြင့် သိအပ်၏ဟူသည် တဆင့်ကြားခြင်းစသည်၏ အစွမ်းဖြင့် သိသည်မဟုတ်၊ မျက်မှောက်ပြု၍ သိ၏ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။
◆ အဗ္ဘညာသိန္တိဇာနိ ၊ ဇာနန္တော န အနုဿဝါဒိဝသေနာတိ အာဟ "ပဋိဝိဇ္ဈိ"န္တိ၊ ပစ္စက္ခ–မကာသိတိ အတ္ထော။ (သာရတ္ထ၊ ၃၅၂)
ပစ္စတ္တာမှိ–ဖြင့် ပဋိဝိဇ္ဈိ–၌ မျက်မှောက်ပြု၍ သိ၏ဟူသည် အဝေး၌တည်သောဝတ္ထု၏ လက္ခဏာကို မျက်မှောက်ပြုသကဲ့သို့ သိသည်မဟုတ်၊ ရောက်၍ သိ၏ဟူသောအဓိပ္ပါယ်ကို သိစေပါသည် ။
◆ ပဋိဝေဓောပိ န ဒူရေ ဋ္ဌိတဿ လက္ခဏပ္ပဋိဝေဓော ဝိယာတိ အာဟ "ပစ္စတ္တာမှိ"တိ၊ ပါပုဏိန္တိ အတ္ထော။ (သာရတ္ထ၊၃၅၂)။
အဓိဝတ္ထောမှိ–ဖြင့် ရောက်၏ဟူသည်လည်း ကိုယ်တိုင်သွား၍ရောက်ခြင်း မဟုတ်၊ ကိုယ်တော်၏ သန္တာန်၌ ဖြစ်စေခြင်း၏ အစွမ်းဖြင့် ရတော်မူခြင်း ပင်တည်း ဟုသိစေပါသည် ။
◆ ပါပုဏနဉ္စ န သယံ ဝနာတိ အာဟ "အဓိဝတ္ထောမှိ"တိ၊ သကသန္တာနေ ဥပ္ပါဒနဝသေန ပဋိလာဘိန္တိ အတ္ထော။ (သာရတ္ထ၊၃၅၂)

## ၇။ ကုဒါလ / ကုဓာလ / ကုဒ္ဒါလ

"ကုံ ပထဝိံ ဒါလတိ ဝိဒါလတီတိ ကုဒါလော၊ ဒန္တဇတတိယက္ခရာနှင့်သာ၊ ကုပုရိသော–စသည်ကဲ့သို့ ဝိသံယောဂသာလိုသည်"ဟု ဝဏ္ဏသိဒ္ဓိသစ်။၁၅၅။ ဆိုသောကြောင့်လည်းကောင်း၊ ကု ဝုစ္စတိ ပထဝီ၊ တဿာ ဒါလနတော ဝိဒါလနတော အယောမယော ဥပကရဏဝိသေသော ကုဒါလံနာမ–ဟု သာရတ္ထ။၅၃။ ကုံ ပထဝိံ ဒါလယတိ ပဒါလေတိ ဘိန္ဒတိ ဓောနာတိ ကုဒါလော–ဟု နီတိ၊ပဒ။ ၃၁၇–တို့ကိုထောက်၍လည်းကောင်း ကုဒါလ–ဟုရှိသောပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



၈။ ## ကုဒ္ဒါလပိဋကံ-၌ ပိဋက

အပေါင်းဖြစ်သော ပရိယတ္တိအနက်ဟော ပိဋက၊ တောင်းအနက်ဟော ပိဋကသဒ္ဒါတို့၏ "ပိဋကံ"ဟူသောအမည်ကို အစိတ်ဖြစ်သော တောင်းအနက်ဟော ပိဋက-သဒ္ဒါ၌တင်---တေဒေသျပုစာ ။(ရှင်း။ နေယျတ္ထနည်း)

အမှာ။ ။ ပိဋကံ ပိဋကတ္တဝိနူ၊ ပိဋကသမ္ပဒါနေန-ပုဒ်တို့၌လည်း ပိဋက-အရ ပရိယတ္တိအနက်ဟော ပိဋကသဒ္ဒါကိုသာ ယူသောကြောင့်-ကေဒေသျ ။

၁၀။ ပရိယတ္တိဝါစက ပိဋက-၌ ပိဋ-ဓာတ်အရ ပိဋကကို သင်ယူသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော သတိ ဝီရိယ ဉာဏ်စသည်ပြတာန်းသော မဟာကုသိုလ်၊ မဟာကြိယာစိတ္တုပ္ပါဒ်ကိုယူ၍ ထို--သည် သာယာအပ်သောကြောင့် အဿာဒ မည်၏ စသည်ဖြင့် ထုတ်လေ ။

(ပါဠိကျဉ်းချုပ် (၂) ဒဒသနာဟာရနေတ္တိထုတ်ပုံ မှတ်ဘွယ်ကို ရှု)

---

## ပါဠိကျဉ်းချုပ် (၉)

(က) ကေမေကသ္မိံဥတ္တ စတုဗ္ဗိဓောပိ ဓမ္မတ္တဒေသနာပဋိဝေဓဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

(ခ) တတ္ထ ဓမ္မောတိ ပါဠိ။ အတ္ထောတိ တဿာယေဝတ္ထော ။ ဒေသနာတိ တဿာ မနသာဝဝတ္ထာပိတာယ ပါဠိယာ ဒေသနာ။ပဋိဝေဓောတိ ပါဠိယာ ပါဠိအတ္ထဿစ ယထာဘူတာဝဗောဓော ။

(ဂ) တီသုပိ စေတေသု ဧတေ ဓမ္မတ္တဒေသနာပဋိဝေဓာ ယသ္မာ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓီဟိ ဒုက္ခောဂါဟာ အလဗ္ဘနေယျပတိဋ္ဌာ စ။တသ္မာ ဂမ္ဘီရာ။

(ဃ) ဇဝံ ကေမေကသ္မိံ တ္တေ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

(၄။၁၈။ သာရတ္ထ။ ရရ။ မအူသျ။ ၁ရ၉။ ဘာသာဋီ။ ၁၄၄။ ဂဏ္ဌိသစ်။ ၁၆၃။)

---

၁။ (က)ပါဌ်ကို တွေ့-၌ ဝိဘတ္တျတ္တ မှန်ကန်စေလျက်လည်းကောင်း (ဂ)ပါဌ်ကို ပယာ-ပမေ ထင်ရှားစေလျက်လည်းကောင်း၊ (ဃ)ပါဌ်ကို ဝေဒိတဗ္ဗော-၏ ကတ္တားကို သဘာဝကျကျ ထည့်၍လည်းကောင်း အနက်ပေးပါ ။

၂။ (ခ)ပါဌ်ကို ပုစ္ဆာတက်၍ (ဂ)ပါဌ်ကို အနုသန္ဓေတက်ပြခဲ့ပါ ။

၃။ (က)စသောပါဌ်တို့ကို အကြောင်းပြအမည်ပေး၍(ဂ)ပါဌ် ဧတေ ဓမ္မတ္တဒေသနာ ပဋိဝေဓာ-ကိုသဒ္ဒနယစာစပ်ပြီး၊ စတုဗ္ဗိဓောပိ-၌ ပိ-၏အနက်ကိုလည်းဖော်ပြပါ။

၄။ ဒုက္ခောဂါဟာ-ပုဒ်ကို အစိတ်အပေါင်းဝစနတ္ထပြ၍၊ ဩဂါဟ-ပုဒ်၏ ဝစနတ္ထကိုသာ

http://www.dhammadownload.com



(ဥပမေယျဘက်၌ငဲ့၍)ညှသ်နည်းကောက်ပြပါ ။
၅။ ပါဠိ၊ သသ၊ သမုဒ္ဒ၊ ဝဝတ္ထာဝိတ၊ ဒုက္ခ–ပုဒ်တို့ကို ဓာတု–ပစ္စယဝေဘန်ပြပါ ။
၆။ (ခ)ဝါကျ ဓမ္မောတိ ပါဠိ၊ပရိယတ္တိ ပါဠိယာစ ပါဠိအတ္ထဿစ ယထာဘူတာ–ဝဗောဓော–ဖြင့် သိစေအပ်သော အာဘောဂနှင့်သံဝဏ္ဏနာတို့ကို တွဲစပ်ဖော်ပြပါ။
၇။ ဂမ္ဘီရာ / ဓဘီရာ နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆိုးဖြတ်ခဲ့ပါ ။
၈။ (ခ)ဝါကျ ဒေသနာ–၌ ဖြစ်သင့်သော နည်း ဥပစာတို့ကိုအကြောင်းပြဆုံးဖြတ်ပါ။
၁၀။ ပရိယတ္တိ–အရကို ကိုယ်ပြု၍ ပဒဌာနဟာရနေတ္တိနည်းထုတ်ပါ ။

===============

၁။ (က)ဝါကျ တွေ–ဤသုံးပိုကုန်သော ပိဋကတို့တွင် (မအူသျှ) ။

- တွောတိ တေသု ပိဋကေသု၊ နိဒ္ဒါရဏေဝေတံ ဘုမ္မဝစနံ၊ (သာရတ္ထ)
- ဓေကကသဒ္ဒါ၊ ဂှိလေရာ၊ နိဒ္ဒါရဏမှာ၊ သတ္တမီသက်မြဲ၊ (ဝဏ္ဏိသစ်)။
- ကေသဒ္ဒါ–အညတြ၊ သဗ္ဗနာမ်ပုဒ်၊ ထုတ်၍နောက်မှာ၊ ဂှိလေရာ၊ နိဒ္ဒါရဏ ဖေ့ရှိမြဲ၊ (ဘုရားကြီး)။

## ပမာ–ပမေထင်ရှားစေလျက်အနက်ပေးပုံ

စ–ပါ၊(ဝါ) ဆက်၊တီသုပိ–ကုန်သော၊ တေသု ပိဋကေသု–တို့၌၊ တေ ဓမ္မတ္ထဒေသနာပရိယတ္တိ–တို့သည်၊ယသ္မာ–ကြောင့် (သသာဒီဟိ–တို့သည်၊ မဟာ–သမုဒ္ဒေါ–ကို(ဝါ)သည်၊ဒုက္ခောဂါဟောဝိယစ–လည်းကောင်း၊ အလဗ္ဘနေယျပတိဋ္ဌော ဝိယစ–လည်းကောင်း)တထာ–တူ၊မန္ဒဗုဒ္ဓီဟိ–တို့သည်၊ဒုက္ခောဂါဟာစ–အပ်ကုန်၏၊ အလဗ္ဘနေယျပတိဋ္ဌာစ–ရှိကုန်၏ ။တသ္မာ–ကြောင့်၊ဂမ္ဘီရာ–ကုန်၏ ။
(ဃ)ဝါကျ ဝေဒိတဗ္ဗာ–၏ကတ္တားကို တိက္ခဗုဒ္ဓီဟိ–တို့သည်–ဟုထည့်ပေးလေ။

၂။

## (ခ)ဝါကျပုစ္ဆာ

(ခ၊ဂ၊ဃ)ပါဠိကျူတို့ကို (က)ပါဠိကျူကို နည်းမှီး၍ ဖော်လေ။

(င)ပါဠိကျူ ပဇာတတ္တာ-ဖြင့် ပဇာ-၌ ပပုဗ္ဗ-ဇနဓာတ်၏အဖြစ်။ ကွိပစ္စည်း ဟေတုကမ္မသာဓန၌ သက်၊ ပကာရေဟိ ဇနီယတီတိ ပဇာ-ဟုဟေတုကမ္မသာဓန ပြု။ (ဝိသစ်-အလို)

(တစ်နည်း) ပဇာ-၌ ပပုဗ္ဗဇနဓာတ်၏အဖြစ်။ ကွိပစ္စည်း သုဒ္ဓကတ္တုသာဓန၌ သက်။ ပကာရေန ဇာယတီတိ ပဇာ-ဟု သုဒ္ဓကတ္တုသာဓနပြု-သိစေ။ (မဒူ၊ ဘာဋီ)

တံ ပဇံ-ဖြင့် ပဇာတတ္တာ ပဇာ-ဟု ပဌမန္တဖြင့် ဖွင့်ပြထားသော်လည်း ပါဠိ တော်၌ကား ပဇံ-ဟု ဒုတိယန္တနှင့်ရှိသည်၏အဖြစ်ကို သိစေပါသည်။ (ဝိဘတ္တိပဒ)

## ၇။ ဒေဝဋ္ဌကထာ / ဒေဝဝတ္ထု

ရဿာတာရတော ပရံ ပ ပဋိ ပတိ ကပု တုသ ကုစ တိ ဝထ ဇုတည သိ သု ၊ သမ္မု သရ သသာဒိနမာဒိဗျဥ္ဇနာနံ ဒွေဘာဝံ။ (ရူပသိဒ္ဓိ၊ ၂၆) ကိုထောက်၍ ရဿအက္ခရာ နောက်ရှိ ဂဟဓာတ်၏ အစဗျည်းသည် ဒွေဘော်ရောက်ရမည့် ဌာနဖြစ်သောကြောင့် ဒေဝဋ္ဌကထာ-ဟု ဒွေဘော်နှင့်ရှိသောပါဌ် သင့်ပါသည်။

## ၈။ သဒေဝကံ

သဒေဝကံ-ဟူသောနည်းသည် ဆိုလတ္တံ့သော ဝသဝတ္တီနတ်ပြည် ဗြဟ္မာ့ပြည်မှ ကြွင်းသော နတ်ပြည်ငါးထပ်ကိုသာ သဒေဝကံ-၌ ဒေဝ-အရ ယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည် နှင့်တကွဖြစ်သော လောက၏ သဒေဝကံ-ဟူသောအမည်ကို အစိတ်ဖြစ်သော ကာမာဝစရနတ်ပြည်ငါး ထပ်နှင့်တကွဖြစ်သော လောက၌ တင် ကေဒေသျူပစာ၊ သမုဒါယူပစာ။

◆ သဒေဝကာဝစရေန ပဥ္စကာမာဝစရဒေဝဂ္ဂဟဏံ ပါရိသေသဉာယေနာတိ ဝေဒိတဗ္ဗံ, ဣတရေသံ ပဒန္တရေဟိ သင်္ဂဟိတတ္တာ။ (သာရတ္ထ၊၁၊၁၂၂)

http://www.dhammadownload.com



## သမာရက်

သမာရကံ-ဟူသောနည်းသည် နတ်ပြည်ခြောက်ထပ်တည်းဟူသောရသင့်တိုင်းကိုမယူမူ၍၊ ဝသဝတ္တီနတ်ပြည်တည်းဟူသောအနီးကိုသာယူရသောကြောင့် ပစ္စာသတ္တိ။

အပေါင်းဖြစ်သောကာမာဝစရနတ်ပြည်ခြောက်ထပ်လုံး၏ သမာရကံ-ဟူသောအမည်ကို အစိတ်ဖြစ်သော ဝသဝတ္တီနတ်ပြည်၌တင် ကေဒေသျူပစာ။

◆ သမာရကဝစနေန ဆဠကာမာဝစရဒေဝဠဌတဏံ ပစ္စာသတ္တိဉာယေနာတိဝေဒိတဗ္ဗံ။ (သာရတ္ထ)

၁၀။ (ခ)ဝါကျ မာရေန-အရမာရ်နတ်မင်းကိုယူ၍၊ ထိုကိုယူသဖြင့် ထိုနှင့် အနီးစွဝသော လက္ခဏာအားဖြင့်တူသောကြောင့်လည်းကောင်း၊ ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့်လည်းကောင်း၊ ထိုနှင့် သူတစ်ပါးတို့ ဖန်ဆင်းအပ်သောစည်းစိမ်ချမ်းသာတို့ကို မိမိအလိုသို့ လိုက်စေခြင်းကိစ္စ တူသောကြောင့်လည်းကောင်း ။ပ။ ထိုနှင့်ဝသဝတ္တီနတ်ဖြစ်တူသောကြောင့်လည်းကောင်း၊ ထိုနှင့် ဝသဝတ္တီနတ်အမည်တူသောကြောင့်လည်းကောင်း၊ ကြွင်းသော ဝသဝတ္တီနတ်များကိုလည်း ယူအပ်၏။ ဤသို့သုတ်၌မလာသောတရားတို့ကို ကေလက္ခဏာစသည်ဖြင့်မှတ်ကြောင်းဖြစ်သောကြောင့်လက္ခဏာတာရမည်၏

◆ ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တိနော။ (ဋီကာကျော်)

===============================

## ဝါကျဥယျာဉ် (၄၅)

(က) သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိ ဣဒ ပန သယဉ္စ သာမံ။

(ခ) အပရနေယျော ဟုတွာ။

(ဂ) အဘိညာတိ အဘိညာယ။

ဃ) အဓိကေန ဉာဏေန ဉာတွာတိ အတ္ထော။

(င) သစ္ဆိကတွာတိ ပစ္စက္ခံ ကတွာ။

(စ) ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ။

(ဆ) ပဝေဒေတီတိ ဗောဓေတိ ဉာပေတိ ပကာသေတိ။

(ဇ) သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ။ပ။ပရိယောသာနကလျာဏန္တိ သော ဘဂဝါသတ္တေသု ကာရုညတံ ပဋိစ္စ ဟိတွာပိ အနုတ္တရံ ဝိဝေကသုခံ ဓမ္မံ ဒေသေတိ၊ တဉ္စ ခေါ အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော အာဒိကလျာဏာဒိပ္ပကာရမေဝ ဒေသေတိ။ (၄၂၉၈။ သာရတ္ထ၊၁။၁၂၂။ မဒူသျ၊၂။၁၅၂။ ဘာသာဋီ၊၁။၄၇၃။ ဂဏ္ဌိသစ်၊၂။၅၉)

=====================

၁။ (က)ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်တို့ကို အဖွင့်နှင့်အညီ အနက်ယောဇနာပါ။

၂။ (ခ)ဝါကျကို အနုသန္ဓေ၊ (ဃ)ဝါကျ ပုစ္ဆာ၊ (စ)ဝါကျ စောဒနာတက်ပါ။

http://www.dhammadownload.com



၃။ (ခ၊ဃ၊စ)တို့ကို အကြောင်းပြအမည်ပေး၍၊ (က)သံဝဏ္ဏေတဗ္ဗ–သယံ–ကိုစာစပ်။
၄။ အပရနေယျော–ကို ယုတ္တတ္ထသမာသ်ဝစနတ္ထပြ၍ ညာသ်ကောက်ပါ။
၅။ သတ္ထိ–ကို လိင်၊ ဂဏ၊ ကာရန္တ၊ ပဒ ဝေဘန်၍၊ သယံ–၌ ပဒ၊ ဝိဘတ္တိ ဝေဘန်ပါ။
၆။ (က)စသောပါဠိတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ သတ္ထိကတဘာဝံ သာဓေန္တော/–သာဝေန္တော–နှစ်ပါဌ်တွင် သင့်ရာပါဌ်ကို ဆုံးဖြတ်ပါ။
၈။ (ဂ)ပါဠိ သံဝဏ္ဏေတဗ္ဗပုဒ်၌ ရသင့်သောနည်း။ (ဇ)ပါဠိ ဝိဝေကသုခံ–၌ ဥပစာ။
၁၀။ အဘိညာ–၌ ဓာတ်အရကို ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

======================

၁။ သယံ= ကိုယ်တိုင် (ငါ) ကိုယ်တော်အလိုလို။ (က)နှင့်အညီ။
(ငါ)သူတစ်ပါးတို့ မသိစေအပ်သည်ဖြစ်၍။ (ခ)နှင့်အညီ။
အဘိညာ အဘိညာယ=လွန်ကဲသောသဗ္ဗညုတဉာဏ်ဖြင့်သိတော်မူ၍၊ (ဃ)နှင့်အညီ။
သတ္ထိကတွာ=မျက်မှောက်ပြု၍။
ပဝေဒေတိ–သိစေတော်မူ၏။ (သဒ္ဒတ္ထ) (ငါ)ထင်ရှားပြုတော်မူ၏။ (အဓိပ္ပါယတ္ထ)

၂။

## (ခ)ပါဠိ အနုသန္ဓေ

ဤသို့ (က)ပါဠိဖြင့် သယံ–သဒ္ဒါသည် သာမတ္ထကို ဟောဏ်ဟုပြပြီး၍၊ ယခုအခါ၌ သယံ–သဒ္ဒါ၏ အညတ္ထာပေါဟနနည်းအားဖြင့် (ငါ)အန္တောနီတာဝဓာရဏအားဖြင့်ရအပ်သောအနက်ကို ပြတော်မူလိုသောဆရာသည် (ခ)မိန့်။ (ဝံ၊သစ်)

## (ဃ)ပါဠိ ပုစ္ဆာ

ဆရာ–သည်(ဂ)ပါဠိဖြင့် အဘိညာ–ကို အဘိညာယ–ဟုဖွင့်၏။ အဘိညာယ–၌ အဘိ–သည် မည်သည့်အနက်ကို ဟောပါသနည်း။ ဝုဒ္ဓိမန္တစသော အနက်ကိုပင် ဟောပါသလော။ ယ–သည် အဘာယ်၏ ကာရိယဖြစ်ပါသနည်း။ နာ–ဝိဘတ်၏ ကာရိယပင်ဖြစ်ပါသလော။ အဘိ–ဥပသာရပုဒ်နောင် မည်သည့်ဝိဘတ် ကျေနေပါသနည်း။ သိ–ဝိဘတ်ပင် ကျေနေပါသလော။ စုဒ်ကြောင့် (ဃ)မိန့်။
အဓိပ္ပါယ်ကား= အဘိ–သည် အဓိကအနက်ကိုဟော၏။ ယ–သည် တွာပစ္စည်း၏ ကာရိယဖြစ်၏။ အဘိ–နောင် နာ–ဝိဘတ်ကျေနေသည်ဟု ငါပြဆိုပါ၏ ဟူလို။

## (စ)ပါဠိ စောဒနာ

ဆရာ– ဥပါလိမထေရ်သည် သတ္ထိကတွာ–ဟုဟောတော်မူ၏။ သယံ အဘိညာ –ဟူသောပုဒ်ဖြင့်ပင် လိုအပ်သောအနက်ပြီးကောင်းသည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် သတ္ထိကတွာ–ဟု ဟောတော်မူပါသနည်း။ ပုနရုတ္တိဒေါသ၊ အဗျာပိတဒေါသတင်။ စုဒ်ကြောင့်(စ)မိန့်။ (ဝဏ္ဏိသစ်၊၆၀)

http://www.dhammadownload.com



၃။ (ခ)သည်သယံ-ပုဒ်၏ အညတ္ထာပေါဟနနည်းအားဖြင့်ဖြစ်သင့်သော နိဝတ္တေတဗ္ဗတ္ထ ကား အဘယ်နည်းဟု စောဒနာဘွယ်ရှိ၍ ဆက်-ဝါကျာရမ္ဘ။ (ဂါ)ဗျတိရေကဝါကျ။ (ဃ)သည် အဘိ-သဒ္ဒါ၏အနက်နှင့် ယ-၏ကာရိကိုဖော်ထုတ်-ချဲ့ပြ ဝိတ္ထာရ။ (စ)သည်သယံ အဘိညာ-ဟုဆိုကပြီးကောင်းလျက် အဘယ့်ကြောင့် သစ္ဆိကတွာ-ကိုထပ်မံ၍ ဟောပြန်ပါသနည်း-ဟု စောဒနာဘွယ်ရှိ၍ ဆက်- ဝါကျာရမ္ဘ။

စာစပ်။ သယံ-ကား ကိုယ်တိုင်-ဟူ၍ အနက်ပေးသောကြောင့် (တစ်နည်း) ၍-ဟူ၍အနက် ပေးသောကြောင့် အဘိညာ-၌ ကြိယာဝိသေသန-သျှစပ်။

(ဇ) တိတွာပိ-၌ ပိ-ကား သမ္ဘာဝနာ။ (မအူသျှ) သမ္ပိဏ္ဍနတ္ထ။ (ဝဏ္ဏိသစ်၊ယောဇနာ)

၄။ ပရေတိ နေယျော ပရနေယျော။ (သူတစ်ပါးတို့သည် သိစေအပ်သူရဖ၏။)

န ပရနေယျော အပရနေယျော။ (ယုတ္တတ္ထသမာသ်)

♠ န-ပုဒ်အရကား ပဋိသေဓဘောဂုဏ်ရ၏။

♠ ထို-၏ သူတစ်ပါးတို့သည် သိစေအပ်သူမဟုတ်သောဘုရားရှင်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။

♠ ပုဒ်လုံးအရကား သူတစ်ပါးတို့သည် သိစေအပ်သူမဟုတ်သော ဘုရားရှင်ရ၏။

(တစ်နည်း) ပရေတိ အနေယျော အပရနေယျော။ (အယုတ္တတ္ထသမာသ်)

## ဝစနတ္ထမှတ်ဘွယ်

ကရောတီတိ ကရဏာ။ ကရဏာ အဿ အတ္ထီတိ ကရဏော။

ကရဏဿ ဘာဝေါ ကာရညံ။ (ကရဏ-ဏျ) ကာရညမေဝ ကာရညတာ။တံ။

⊕ တဒ္ဓိတ်ပစ္စယ၊ နှစ်ထပ်ပြ၊ သွတ္ထနောက်နေပြ။

၅။ သစ္ဆိ= နိပါတ်ပုဒ်၊ အလိုင်၊ ဂဏဝိမုတ်၊ တ္တကာရန္တ။

သယံ= တတိယန္တနိပါတ်ပုဒ် (သဒ္ဒနီတိ၊ဝဏ္ဏိသစ်)

(တနည်း) နပုံလိင် ပဌမန္တကြိယာဝိသေသနပုဒ် (မအူ)

အနုမာန= အနုရှေး မာဓာတ်၊ ယုပစ္စည်း။

၆။ (က)ဆာမံ-ဖြင့် သယံသဒ္ဒါ သာမံသဒ္ဒါ၏ပရိယာယ်။ဆံ သာမံစ သယံစာထ။ (ဓာန်)

(တစ်နည်း) ဆာမံ-ဖြင့် သယံ-သဒ္ဒါ သာမတ္ထ-ဟု သိစေ။ (နိပါတလိင်္ဂတ္ထ)

(ခ)ဝါကျ အပရနေယျော တုတွာ-ဖြင့် သယံ-၌ ကိုယ်တိုင်ဟူသည် သူတစ်ပါးတို့ သိစေအပ်သည်မဟုတ်ဟူသော အညတ္ထာပေါဟနနည်း(ဝါ)အနေ္တာနီတာဝဓာရဏနည်း အားဖြင့် တားမြစ်အပ်သော နိဝတ္တေတဗ္ဗတ္ထကို သိစေပါသည်။ (ဘာသာဋီ)

http://www.dhammadownload.com



(ဂ)ဝါကျ အဘိညာယ–ဖြင့် အဘိညာ–သည် သညာ ပညာပုဒ်တို့ကဲ့သို့ ပဌမာ ဝိဘတ်အဆုံးရှိသောပုဒ်မဟုတ်၊ ပဋိသင်္ခါ ယောနိသော၊ ဥပါဒါရူပံ၊ သင်္ခါဒေယျံစသည် တို့၌ကဲ့သို့ အဘိညာယ–ဟုဆိုလိုလျက် ယ–အက္ခရာကျေနေသည်၏ အဖြစ်ကိုလည်း ကောင်း၊ (သန္ဓိလိဝ်ပဒ) တွာပစ္စယန္တပုဒ်၏ အဖြစ်ကိုလည်းကောင်း သိစေ။

(ဃ)ဝါကျ အဓိကေန ဉာဏေန–ဖြင့် အဘိညာ–အဘိညာယ–ပုဒ်၌ အဘိ–သဒ္ဒါ သည် ဝုဒ္ဓိမန္တ အဘိဝိသဋ္ဌစသောအနက်ကိုမဟော၊အဓိကအနက်ဟော–လည်းကောင်း။ အဘိ–နောင် နာ–ဝိဘတ်ကျေနေသည်ကိုလည်းကောင်း။(ဝိဆတ္တိပဒ) အဘိ–အရအဓိက အနက်ကို ပဓာနပြု၍ သဗ္ဗညုတဉာဏ်ကိုယူ–လည်းကောင်း သိစေ။

ဉတွာ–ဖြင့် အဘိညာ–အဘိညာယ–၌ ဉာ–ဓာတ်၏အဖြစ်ကိုလည်းကောင်း။ ယ–သည် တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း သိစေ။

(င) ပစ္စက္ခံ ကတွာ–ဖြင့် သစ္ဆိကတွာ–၌ သစ္ဆိနိပါတ်ပုဒ်သည် ပစ္စက္ခအနက် ဟော–လည်းကောင်း။ သစ္ဆိ–ပုဒ်၌ ဒုတိယာကေဝုစ်အံ–ဝိဘတ်ကျေနေသည်ကိုလည်း ကောင်း သိစေ။

(စ)တစ်ဝါကျလုံးဖြင့် မှန်းဆ၍ သိခြင်းစသည်ကို ပယ်မြစ်သည်ဟု သိစေ။

(ဆ) ဗောဓေတိ–ဖြင့် ပဝေဒေတိ–၌ ပ–ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်။ ဝိဒ–ဓာတ်သည် ဤနေရာ၌ခံစားခြင်း အနက်ကိုမဟော၊ သိခြင်းအနက်ဟော–သိစေ။

ဉာပေတိ–ဖြင့် ဗောဓေတိ–၌ ဗုဓဓာတ်သည် ဉာဏအနက်ဟောဟု သိစေ။

ပကာသေတိ–ဖြင့် ဗောဓေတိ၊ ဉာပေတိ–၌ သိစေ၏ဟူသည် ထင်ရှားပြခြင်း ပင်တည်းဟု သိစေသည်။

## ၇။ သာဓေန္တော / သာဝေန္တော

သာဓေန္တော–ဟုရှိက သာဓ–ဓာတ်၊ ဏေပစ္စည်း၊ အန္တပစ္စည်းကြ၍ သာဓ– သံသိဒ္ဓိယံ–နှင့်အညီ "သာဓေန္တော–ပြီးစေလျက်"ဟု အနက်ထွက်သောကြောင့်လည်း ကောင်း၊ ယင်းသာဓေန္တော–ကိုပင် "ပြီးစေလျက်"ဟုမအူ၊ ဘာသာဋီကာတို့၌ အနက် ပေးသောကြောင့်လည်းကောင်း သာဓေန္တော–ပါဌ်သင့်။

ဝိမတိဋီကာ၊ဖ၄–၌ "ကိတ္တိသဒ္ဒေါ သယံ အတ္တနော အဝယဝဘူတေန သဒ္ဒေဝတာဝစနေန တံ သုဏန္တာနံ <u>သာဝေန္တော</u> အဗ္ဘုဂ္ဂတောတိယောဇနာ"ဟုဖွင့်ဆိုသော ကြောင့်လည်းကောင်း၊ ယင်း <u>သာဝေန္တော</u>ပုဒ်ကိုပင် ပါရာဇိကသစ်၂။၅၈–၌ <u>သာဝေန္တော–</u> နားထောင်သောသူတို့ကို ကြားစေလျက်–ဟု အနက်ပေးပြထားသောကြောင့်လည်း ကောင်း၊ သု–ဓာတ် ဏေပစ္စည်း အန္တပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် လည်းကောင်း <u>သာဝေန္တော</u> ရှိကလည်း သင့်သည်။

http://www.dhammadownload.com



၉။ (ဂ)ဝါကျ သံဝဏ္ဏေတဗ္ဗ-အဘိညာ-၌ အဘိညာယ-ဟုဆိုလိုလျက် ယ အက္ခရာကိုချေထား သောကြောင့် ဝဏ္ဏလောပနိရုတ္တိနည်းတည်း။

◆ အဘိညာတိ ယကာရလောပေနာယံ နိဒ္ဒေသော။ (သာရတ္ထ၊၁၊၃၂၃)

## အနုတ္တရံ ဝိဝေကသုခံ

အပေါင်းဖြစ်သော ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကတို့၏ ဝိဝေက-ဟူသောအမည်ကို အစိတ်ဖြစ်သော စိတ္တဝိဝေက-၌ တင် စာဒေသရူပစား။ (ဝဏ္ဏိသစ်)

◆ အနုတ္တရံ ဝိဝေကသုခန္တိ ဖလသမာပတ္တိသုခံ။ (သာရတ္ထ၊၁၊၃၂၃)

၁၀။ အဘိညာ-၌ ဓာတ်အရ သမ္ဗုဒ္ဓညာဏ်ကိုယူ၍ထုတ်လေ။ (ဘာသာဋီကာ၊၁၊၄၅၃)။

=========================

## ဝါကျဥယျာဉ် (၄၆)

(က) သာတ္ထံ သဗျဉ္ဇနန္တိ ဝေမာဒီသု ပန ယဿာ ဟ္ကမ် ဓမ္မံ ဒေသေန္တော သာသနဗြဟ္မစရိယံ မဂ္ဂဗြဟ္မစရိယဉ္စ ပကာသေတိ။

(ခ) နာနာနယေဟိ ဒီပေတိ၊

(ဂ) တဥ္စ ယထာနုရူပံ အတ္ထသမ္ပတ္တိယာ သာတ္ထံ၊ ဗျဉ္ဇနသမ္ပတ္တိယာ သဗျဉ္ဇနံ။

(ဃ) သင်္ကာသနပကာသန ဝိဝရဏ ဝိဘဇန ဥတ္တာနီကရဏ ပညတ္တိ အတ္ထပဒ-သမာယောဂတော သာတ္ထံ၊ အက္ခရပဒဗျဉ္ဇနာကာရနိရုတ္တိ နိဒ္ဒေသသမ္ပတ္တိယာ သဗျဉ္ဇနံ။ (၄။၉၉။ သာရတ္ထ၊၁။၃၂၆။ မအူသျ၊၂။၁၅၉။ ဘာသာဋီ၊၁။၄၈၁။ ဝဏ္ဏိသစ်၊၂။၆၇)

====================

၁။ ပကာသေတိ-ကို သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထ ပေါ်လွင်စေလျက် လည်းကောင်း၊ ဗျဉ္ဇန-သမ္ပတ္တိယာ သဗျဉ္ဇနံ-ကို ဗျဉ္ဇန-သရုပ်ပေါ်လွင်စေလျက်လည်းကောင်း အနက်။

၂။ (ခ)ဝါကျကိုသာဘောဂပုစ္ဆာ၊ (ဂ)ဝါကျကို စောဒနာ၊ (ဃ)ဝါကျကိုအနုသန္ဓေတက်ပါ။

၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြ အမည်ပေးခဲ့ပါ။

၄။ သာတ္ထံ၊ သဗျဉ္ဇနံ-တို့ကို သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟပြု၍ ညှိကောက်ပါ။

၅။ ပကာသနံ-၌ ဓာတု၊ ပစ္စယ၊ ပစ္စယတ္ထ။ သမ္ပတ္တိ-၌ လိင်၊ ဂဏ၊ ကာရကနှင့် ဝေဘာဂ်။

၆။ (ခ၊ဂ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ သာတ္ထံ/သတ္ထံ။ သရိက္ခကစနေပ္ပသာဒကံသာတ္ထံ / သရိက္ခကစနေပ္ပသာဒကန္တိ သာတ္ထံ တူ၍ ပါဠ်နှစ်မျိုးစီရှိရာ သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ နံပါတ်(၇)ပါ သရိက္ခကစနေပ္ပသာဒကံ-၌ ရသင့်သော နည်း ဥပစာတို့ကိုရေးပါ။

၁၀။ ဒီပေတိ-၌ ဓာတ်အရကို ဒေသနာတာရနေတ္တိနည်းထုတ်ပါ။

http://www.dhammadownload.com



၁။ ပကာသေတိ–အထူးထူးသောနည်းတို့ဖြင့် ထင်ရှားစေတော်မူ၏။ (သဒ္ဒတ္ထ)
(ဝါ) အထူးထူးသောနည်းတို့ဖြင့် ထင်ရှားပြတော်မူ၏။ (အဓိပ္ပါယတ္ထ)
ဗျဉ္ဇနသမ္ပတ္တိယာ–သိထိလ ဓနိတစသည် ဆယ်ပါးသောသဒ္ဒါနှင့်ပြည့်စုံခြင်းကြောင့်၊
သဗျဉ္ဇနံ–သိထိလ ဓနိတစသည် ဆယ်ပါးသောသဒ္ဒါနှင့် ပြည့်စုံ၏။ (ဝံဆစ်၊၂။၆၉)

၂။ (ခ)ဝါကျ သာဓောဝပုစ္ဆာ

ဆရာ–သည် (က)ဝါကျ၌ ပကာသေတိ–ဟုဆိုခဲ့၏။ ပကာသေတိ–၌ ပ– ဥပသာရသည် ဤနေရာ၌ အာဒိကမ္မစသောအနက်တို့ကို ဟောပါသလော။ မည်သည့်အနက်ကို ဟောပါသနည်း။ ကာသုဓာတ်သည် အသံပြုခြင်းအနက်ကို ဟောပါသလော။ မည်သည့်အနက်ကိုဟောပါသနည်း။ ပ–ဥပသာရနောင်သိ–ဝိဘတ် ကျေနေပါသလော။ မည်သည့်ဝိဘတ်ကျေနေပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

## (ဂ)ဝါကျ စောဒနာ

ဆရာ–သည် (က၊ခ)ဝါကျတို့ဖြင့် ဤတရားကို ဟောတော်မူသည်ရှိသော် ဗြဟ္မစရိယကိုလည်း ပြသည်မည်၏ဟု ဓမ္မဒေသနာနှင့် ဗြဟ္မစရိယ ပကာသနတို့ကို မထူးသောအားဖြင့် ဖွင့်ဆိုတော်မူ၏။ ယင်းသို့ မထူးပါဘဲလျက် အဘယ့်ကြောင့် သာတ္ထံ သဗျဉ္ဇနံ။ ပ။ ပရိသုဒ္ဓံ–ဟု–ဟောပါသနည်း။ မဟောသင့်သည်မဟုတ်ပါလော။ စုဒ်ကြောင့်(ဂ)မိန့်။ (ဝံဆစ်၊၂။၆၇)
အဓိပ္ပါယ်ကား အတ္ထသမ္ပတ္တိ၊ ဗျဉ္ဇနသမ္ပတ္တိစသော အကြောင်းတို့ကြောင့် သာတ္ထံ။ပ။ပရိသုဒ္ဓံ–ဟု ဟောတော်မူပါ၏ဟူလို။

## (ဃ)ဝါကျ အနုသန္ဓေ

ဤသို့ (ဂ)ဝါကျဖြင့် အနက်၏ ပြည့်စုံခြင်းကြောင့် သာတ္ထ။ သိထိလစသော ဆယ်ပါးအပြားရှိသော သဒ္ဒါ၏ပြည့်စုံခြင်းကြောင့် ဗျဉ္ဇနမည်၏ဟုပြဆိုပြီး၍၊ ယခုအခါ၌ နေတ္တိနည်းဖြင့်လည်း သာတ္ထ၊ သဗျဉ္ဇနပုဒ်တို့၏ အနက်ကိုပြခြင်းငှါ (ဃ)မိန့်။

◆ တတ္ထါနိ“သာတ္ထံ သဗျဉ္ဇန”န္တိ ဧတ္ထ နေတ္တိနယေနပိ အတ္ထံ ဒဿေတုံ“သင်္ကာသန။ပ။ သဗျဉ္ဇန”န္တိ ဝုတ္တံ။ (သာရတ္ထ၊၁။၃၂၇)

၃။ (ခ)ဝါကျသည် ပကာသေတိ–၌ ပ–ဥပသာရနှင့် ကာသုဓာတ်၏ငုတ်နေသော အနက်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။

(ဂ) ဝါကျာရမ္ဘ။ (ဝတ္တိသစ်)(တစ်နည်း) နာနာနယေတိ–ကို ချဲ့– ဝိတ္ထာရ။ (မအူသျှ)

(ဃ)ဝါကျသည် ပကာသနရ။

http://www.dhammadownload.com



၄။ သတ အတ္ထေန ယံ ဝတ္တတီတိ သာတ္ထံ။ (ဝိသစ်)
♠ သတ အတ္ထ-ဟူသော သမာသ်ပုဒ်အရကား အနက်အကျိုးနှင့်တကွ ဖြစ်ခြင်း (ဝါ) အနက်အကျိုးနှင့် ပြည့်စုံခြင်း အတ္ထသမ္ပတ္တိဂုဏ်သည် မှချ။
♠ ထို-၏ ဗြဟ္မစရိယနှင့် ဂုဏ် ဂုဏေးစပ် ဌာန္။
♠ ယ-အရကား အနက်အကျိုးနှင့် ပြည့်စုံသောဗြဟ္မစရိယရ၏။(ဝိသေသနဆက်ကောက်)
◆ အတ္ထသမ္ပတ္တိယာတိ သမ္ဗန္ဓတ္ထတာယ။ သမ္ပတ္တိအတ္ထော တိ ဧတ္ထ သတသဒ္ဒေါ။(သာရတ္ထ၊၁၊၃၂၆)
သတ ဗျဉ္ဇနေန ယံ ဝတ္တတီတိ သဗျဉ္ဇနံ။
♠ သတ ဗျဉ္ဇန-အရ သိထိလစသောသဒ္ဒါနှင့်ပြည့်စုံခြင်း ဗျဉ္ဇနသမ္ပတ္တိဂုဏ်သည် မှချ။
♠ ထို-၏ ဗြဟ္မစရိယနှင့် ဂုဏ် ဂုဏေးစပ် ဌာန္။
♠ ယ-အညပုဒ်အရကား ဗြဟ္မစရိယ ရ၏။
● မအူသျှ-၌ အတ္ထေန သတ သမ္ပန္နံ သာတ္ထံ၊ ဗျဉ္ဇနေန သတ သမ္ပန္နံ သဗျဉ္ဇနံ-တုပြုသည်။

## ဝစနတ္ထမှတ်ဘွယ်

ဗြဟ္မံ စရိယံ ဗြဟ္မစရိယံ။ သာသနသင်္ခါတံ ဗြဟ္မစရိယံ သာသနဗြဟ္မစရိယံ။
ကာသီယတိ ဒိပီယတိ ဝိဘာဝိယတီတိ ကာသနံ။
သဗ္ဗေပတော ကာသနံ သက်ာသနံ။ ပဌမံ ကာသနံ ပကာသနံ။
ဝိဝရိယတီတိ ဝိဝရဏံ။ ဝိဘဇီယတီတိ ဝိဘဇနံ။
၅။ ပကာသန= ပ-ကာသု။ ယု။ ကမ္မတ္ထ။
သမ္ပတ္တိ=ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ တ္တကာရန္တ။ (သမ္ပတ္တိ သမ္ပဒါ လက္ခီ) (တန်း၃၀၅)
၆။ (က)ဝါကျ သာသနဗြဟ္မစရိယံ မဂ္ဂဗြဟ္မစရိယံ-ဖြင့် ဗြဟ္မစရိယသဒ္ဒါသည် ဒါန စသောအနက်များစွာတို့၌ ထင်သော်လည်း ဤနေရာ၌ ဗြဟ္မစရိယ-အရ သာသနဗြဟ္မစရိယနှင့် မဂ္ဂဗြဟ္မစရိယတို့ကိုသာ ယူရမည်ဟု (ဝါ)လိုအပ်၏ဟု သိစေ။
(က)တစ်ဝါကျလုံးဖြင့် ဓမ္မဒေသနာနှင့် ဗြဟ္မစရိယပကာသနတို့သည် သဒ္ဒါ အနက်ထူးသော်လည်း အဓိပ္ပါယ်တူသည်၏အဖြစ်ကို သိစေသည်။ (ဝိသစ်)
(ခ)ဝါကျ နာနာနယေတိ ဒီပေတိ-ဖြင့် ပကာသေတိ-၌ ပ-ဥပသာရသည် အာဒိကမ္မစသောအနက်တို့ကို မဟော၊ ပကာရအနက်ဟော-လည်းကောင်း၊ ယင်း ပ -ဥပသာရနောင် တတိယာဝိဘတ်ကျေနေသည်-ကိုလည်းကောင်း၊ ကာသုဓာတ်သည် အသံပြုခြင်းအနက်ကို မဟော၊ ဒိတ္တိအနက်ဟော-လည်းကောင်း သိစေသည်။
(ဂ)ဝါကျ အတ္ထသမ္ပတ္တိယာ-ဖြင့် သာတ္ထံ-၌ သဟပုဒ်၊ အတ္ထပုဒ်။ သ-သည် သဟသဒ္ဒါ၏ ကာရိယအဖြစ်။ သဟသဒ္ဒါ၏ သမ္ပတ္တိအနက်ဟော။ သဟ အတ္ထေန ယံ ဝတ္တတီတိ သာတ္ထံ-ဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗိဟိပြု-သိစေ။ (ဝိသစ်၊ဆာသာဒီ)

http://www.dhammadownload.com



(တနည်း)အတ္ထေန သတ သမ္ပန္နံ သာတ္ထံ-ဟု တတိယာတပ္ပုရိသ်ပြု-သိစေ။ (မအူ)
(ဗျဉ္ဇနသမ္ပတ္တိယာ-ကိုလည်း နည်းမှီး၍ ဖော်လေ။)

## ၇။ သာတ္ထံ / သတ္ထံ

သဲသာ ကွစ္စန္တတ္ထာနံ၊ သကာရဿ သရလောပေ ကတေ ကွစိ အန္တအတ္ထသဒ္ဒါနံ အကာရော ဒီဃံ ပပ္ပေါတိ၊ သာဋ္ဌေဝါသိကော၊ သာတ္ထံ၊ (နီတိ၊သုတ္တ။၁၇) ကိုထောက်၍သဟသဒ္ဒါ၏ ကာရိယ သ-အက္ခရာ၏အစိတ် အ-သရကျေသည်ရှိသော် အတ္ထသဒ္ဒါ၏ အ-သည်ဒီဃရောက်ရမည်ဖြစ်သောကြောင့် သာတ္ထံ-ဟု ဒီဃနှင့်ရှိသောပါဌ်သာ သင့်။

### ဗ္ယဉ္ဇနပါ / မပါ

သရိက္ခကဇနပ္ပသာဒကန္တိ ဧတ္ထ ဗ္ယဉ္ဇနသဒ္ဒေါ ဧတေနအတ္ထော။ (သာရတ္ထ၊ ၁။၃၃၂) ၌ ဆိုသောကြောင့် ဗ္ယဉ္ဇနပါသော ပါဌ်သာ သင့်ပါသည်။

## ၈။ သရိက္ခကဇနပ္ပသာဒကံ

အကျိုးဖြစ်သော ကုသလဂဝေသီပုဂ္ဂိုလ်တို့၏ ကြည်ညိုခြင်းကိုဖြစ်စေခြင်း၏ "သရိက္ခကဇနပ္ပသာဒကံ"ဟူသောအမည်ကို အကြောင်းဖြစ်သောသာတ္ထ-၌ တင်စား၍ ဆိုသောကြောင့် ဖလူပစာ၊ အဝိနာဘာဝနည်း။

- ◆ ယသ္မာ သရိက္ခကဇနာနံ ကိံ ကုသလဂဝေသီနံ ပသာဒါဝဟံ၊ တသ္မာ သာတ္ထံ၊ အတ္ထသမ္ပန္နန္တိ ဖလေန ဟေတုနော အနုမာနံ နဒီပူရေန ဝိယ ဉပရိ ဝုဋ္ဌိပတ္တိယာ။ (သာရတ္ထ၊၁။၃၃၂)

### လောကိယဇနပ္ပသာဒကံ

အကျိုးဖြစ်သော လောကီလူတို့၏ ကြည်ညိုခြင်းကို ဖြစ်စေခြင်း၏ "လောကိယဇနပ္ပသာဒကံ" ဟူသောအမည်ကို အကြောင်းဖြစ်သော သဗျဉ္ဇန-၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

- ◆ ဗ္ယဉ္ဇနာပိ ဖလေန ဟေတုနော အနုမာနံ။ (သာရတ္ထ၊၁။၃၃၂)

### (က)ပါဠိ သံဝဏ္ဏေတဗ္ဗ-ဗြဟ္မစရိယံ

အပေါင်းဖြစ်သောဗြဟ္မစရိယ(၁၀)ပါးလုံး၏ ဗြဟ္မစရိယဟူသော အမည်ကို အစိတ်ဖြစ်သော သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ၌တင်။ (ဝံသစ်၊၂။၆၇)။

၁၀။ ဒီပေတိ-၌ ဓာတ်အရ ကရုဏာပုဗ္ဗင်္ဂမ ဒေသနာဉာဏ်ကိုယူ၍ =ထိုသည် သာယာအပ် သောကြောင့် အဿာဒမည်၏ စသည်ဖြင့် ထုတ်ပါလေ။

- ● ဒဿေန္တို ဒီပေန္တို ပကာသေန္တို ကျမ်း၌ပြမှု၊ ကရုဏာရှေးရှု ဉာဏ်ကိုယူ။ (တွင်းကြီးနိဿယ၊၅၆)

==========================

http://www.dhammadownload.com



## ဝါကျဉယျာဉ် (၄၇)

(က) သာဓု ခေါ် ပနာတိ သုန္ဒရံ ခေါ် ပန။

(ခ) အတ္ထာဝဟံ သုခါဝဟန္တိ ဝုတ္တံ ဟောတိ။

(ဂ) တထာရူပါနံ အရဟတန္တိ ယထာရူပေါ သော ဘဝံ ဂေါတမော၊ ဧဝရူပါနံ ယထာဘုစ္စဂုဏာဓိဂမေန လောကေ အရဟန္တောတိ လဒ္ဓသဒ္ဒါနံ အရဟတံ။

(ဃ) ဒဿနံ ဟောတီတိ ပသာဒသောမ္မာနိ အက္ခီနိ ဥမ္မီလိတွာ ဒဿနမတ္တမ္ပိ သာဓု ဟောတီတိ ဧဝံ အဇ္ဈာသယံ ကတွာ။

(င) အထ ခေါ် ဝေရဉ္ဇော ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမီတိ ယေနာတိ ဘုမ္မတ္ထေ ကရဏဝစနံ။

(၄။၁၀၀။ သာရတ္ထ၊၁။၃၃၃။ မအူသျ၊၂။၁၆၆။ ဘာသာဋီ၊၁။၄၉၃။ ဂဏ္ဌိသစ်၊၂။၈၃)

====================

၁။ (င)ဝါကျ ယေနာတိ ကရဏဝစနံ-ကို ဆရာနည်းကျ စုံလင်စွာအနက်ပေးပါ။

၂။ (က)ဝါကျကို လီနတ္ထဝိဘာဝနာ။ (ခ) အနုသန္ဓေတက်ပါ။

၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ ယထာဘုစ္စဂုဏာဓိဂမေန-ကို ဖြစ်သင့်သမျှစာစပ်ပြီးလျှင် ဒဿနမတ္တမ္ပိ-၌ ပိ-၏အနက်ကိုလည်း ဖော်ပြပါ။

၄။ လဒ္ဓသဒ္ဒါနံ-ကို အစိတ် အပေါင်းဝစနတ္ထပြု၍၊ အပေါင်း၌ ဉာဉ်ကောက်ပါ။

၅။ ပသာဒသောမ္မာနိ-၌ သောမ္မ-ဝယ် အန္တတ်ပုဒ်ကို နာမပဒမာလာ၊ ယင်း အန္တတ်ပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။

၆။ (က၊ဂ၊င)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ လဒ္ဓသဒ္ဒါနံ/လဒ္ဓသဒ္ဒါနံဟူ၍ ပါဌ်နှစ်မျိုးရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်။

၈။ (ခ)ဝါကျကို ထောက်၍ သံဝဏ္ဏေတဗ္ဗ၌ ဖြစ်သင့်သော နည်းဥပစာ။

၁၀။ ဒဿနမတ္တမ္ပိ-၌ ဒဿန-အရကို လက္ခဏာတာရနေတ္တိနည်းထုတ်ပါ။

====================

၁။ ယေနာတိတော်-ယေန-၌ နာ-ဝိဘတ်သည်၊ ဘုမ္မတ္ထေ-၌၊ ကရဏဝစနံ-ကရိုဏ်းဝိဘတ်တည်း။ (တစ်နည်း) ယေနာတိတော်-ယေနဟူသောဤပုဒ်သည်၊ ဘုမ္မတ္ထေ-၌၊ ကရဏဝစနံ-ကရိုဏ်းဝိဘတ်ရှိသောပုဒ်တည်း။ (ဘာသာဋီ၊၁။၄၉၆)

### ၂။ (က)ဝါကျ လီနတ္ထဝိဘာဝနာ

ဆရာ ဥပါလိမထေရ်သည် (သို့)ဝေရဥ္စပုဏ္ဏားသည် သာဓုခေါ်ပန-ဟုဆို၏။ ယင်း၌ သာဓု-ပုဒ်သည် မည်သည့်အနက်၌ ဖြစ်ပါသနည်း။ဒဠှီကမ္မစသောအနက်၌ဖြစ်ပါသလော။ ဤနေရာ၌ သာဓု-သဒ္ဒါ၏ဖြစ်သင့်သော အနက်ကိုမပြသော် သာဓု-သဒ္ဒါ

http://www.dhammadownload.com



ပဟောနိုင်သောအနက်အားလုံးတို့၌ပြန့်-အတိဗျာပိတာဒေါသ-၏။ စုဒ်ကြောင့် (က)မိန့်။

◆ ဗ္ဗာဓာပိ သုန္ဒရေယေဝ ဒဠှဗ္ဗာတိ အာဟ"သာဓုခေါပနာတိ သုန္ဒရံ ခေါပနာ"တိ။(သာရတ္ထ)

## (ခ)ပါဠိ အနုသန္ဓေ

ဤသို့ (က)ပါဠိဖြင့် သာဓု-ကို သုန္ဒရံ-ဟု ဖွင့်ပြပြီး၍၊ ယခုအခါ၌ သုန္ဒရ ဟူသည် ဘဒ္ဒကပင်တည်း။ ယင်း ဘဒ္ဒက၏အဖြစ်ကား ဖူးမြင်ရသောသူ၏ ဟိတသုခ ကိုဆောင်တတ်သည်၏ အဖြစ်ဖြင့်ဖြစ်၏ဟု ပဒပိဏ္ဍတ္ထကို ပြလို၍ (ခ)မိန့်။

◆ သုန္ဒရန္တိ ဘဒ္ဒကံ၊ ဘဒ္ဒကတာစ ပဿန္တဿ ဟိတသုခါဝဟဘာဝေနာတိ အာဟ "အတ္ထာဝဟံ သုခါဝဟ"န္တိ။ (သာရတ္ထ၊၁။၃၃၅)

၃။ (ခ)သည် ဝိတ္ထာရ။ (ဂ)သည် ပကန္တရ။

ယင်း၌ ယထာရူပေါ် ဘဝံ ဝေါတမော-ကား အနိယမ၊ ဝေရူပါနံ-စသည်ကား နိယမ။

ယထာဘုံစွဂုဏာဓိဝမေန-ကိုလဒ္ဓသဒ္ဒါနံ-ဝယ် လဒ္ဓ-၌ ကရိဏ်း-ကရိဏ်း၏ကြိယာစပ်။

(တစ်နည်း) လဒ္ဓ-၌ ဟိတ်-ဟိတ်၏ပိုလ်စပ်။ (ဝဏ္ဏိသစ်၊မအူသျှ)

(တစ်နည်း) လဒ္ဓ-၌ ဝိသေသန အဖြစ်ဖြင့် စပ်။ (ဘာသာဋီကာ၊ ၄၉၃)

ဒဿနမတ္တမ္ပိ-၌ ပိ-ကား သမ္ဘာဝနာ။

ဖူးမြင်ရုံမျှဖြင့် အတ္ထာဝဟ၊ သုခါ-ဝဟဖြစ် တုံသေး၏၊ ရှိခိုးခြင်းစသည်ပြုပါမူကား ဆိုဘွယ်ရာ မရှိ-ဟု သမ္ဘာဝနာမူသည်။ (မအူ၊၂။၁၆၆၊ ဝဏ္ဏိသစ်၊၂။၈၄)

◆ သမ္ဘာဝနတ္ထော စေတ္ထ ပိသဒ္ဒေါ (သီဋီသစ်၊၂။၂၂၀)

၄။ လဘိတဗ္ဗောတိ လဒ္ဓေါ။ သပ္ပတိ ဥစ္စာရိယတီတိ သဒ္ဒေါ။

သပ္ပတိ သောတဝိညာဏာလမ္ဗဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။

လဒ္ဓေါ သဒ္ဒေါ ဧတေတိ အရဟန္တေတိတိ လဒ္ဓသဒ္ဒါ။ (မအူ)

♠ လဒ္ဓသဒ္ဒ-ဟူသော သမာသ်ပုဒ်အရကား ရအပ်သော ကျော်စောသံသည် မှချ။

♠ ထို-၏ ရဟန္တာပုဂ္ဂိုလ်တို့နှင့် ဂုဏ် ဂုဏေးစပ် ဌာန္။

♠ တေ-အညပုဒ်အရကား ထို-သော ရဟန္တာပုဂ္ဂိုလ်တို့ရ၏။ (ဝိသေသနဆက်)

(တစ်နည်း) သဒ္ဒတနံ သဒ္ဒါ။ လဒ္ဓါ သဒ္ဒါ ယေတိ အရဟန္တေတိတိ လဒ္ဓသဒ္ဒါ။ (ဘာသာဋီ)

(ရအပ်သောယုံကြည်ခြင်း၏ ရဟန္တာပုဂ္ဂိုလ်တို့နှင့် ဂုဏ် ဂုဏေးစပ်။)

(တစ်နည်း) လဒ္ဓါ သဒ္ဒါ လဒ္ဓသဒ္ဒါ၊ လဒ္ဓသဒ္ဒါ ယေသံ အတ္ထီတိ လဒ္ဓသဒ္ဒါ။ (ဝံသစ်)

အတ္ထံ အာဝဟတီတိ အတ္ထာဝဟံ။ (အတ္ထ-အာ-ဝဟ၊ အဏ္)

♠ အတ္ထ-ဟူသော ဝိသေသနပုဒ်အရကား မျက်မှောက်ဘဝ၌ဖြစ်သောအကျိုး၊ တမလွန်ဘဝ၌ ဖြစ်သောအကျိုး၊ မြတ်သောနိဗ္ဗာန်အကျိုးသည် မှချ။

http://www.dhammadownload.com



- ထို-၏ ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းနှင့် (ဝါ)ကုသလဝိပါက် စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်နှင့် အကျိုး အကြောင်းစပ် ဌာနူ။
- အာ-ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ်ရ၏။
- ဝတ္တတ်အရကား ဒိဋ္ဌဓမ္မိကစသောအကျိုးကို ရွက်ဆောင်တတ်သော (ဝါ)ဖြစ်စေတတ်သော ကုသလဝိပါက်စက္ခုဝိညာဏ်စိတ်၏ သတ္တိ လက္ခဏာ သဘာဝရ၏။
- အန္တပစ္စည်းအရကား (ဝါ)သမာသ်ပုဒ်လုံးအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော ကုသလဝိပါက်ဝိညာဏ်စိတ်ရ၏။

## ဝစနတ္ထမှတ်ဘွယ်

ယံ ရူပံ တေသံ ဘောတော ဝေါတမဿာတိ ယထာရူပေါ။
ဝေံ ရူပံ တေသံ အရဟန္တာနန္တိ ဝေရူပါ။ (မအူ)
ပသီဒန္တိတိ ပသာဒါ။ ရုံသယော သဝတိ အဘိသဝတိတိ သောမော။ (သု-မာန်)
သောမဿ ဣဒံ သောမ္မံ။ (သောမပုဒ်၊ ဏျပစ္စည်း)
ပသာဒါနိစ တာနိ သောမ္မာနိစာတိ ပသာဒသောမ္မာနိ။ (မအူ၊ ဘာသာဋီ)
(တနည်း) ပသာဒေန သောမ္မာနိ ပသာဒသောမ္မာနိ။ (သီဋီသစ်၊၂၊၂၁၉)
ဣက္ခတိ အနေနာတိ အက္ခိ။ (ဣက္ခ၊ဣက္ခ) (ဏွာဒိ၊မောဂ်၊၈)
အတ္ထသုခံ သာဓေတီတိ သာဓု။ (သာဓ၊ဏု) (ဘာဋီ၊၁၊၄၉၃)

၅။ အန္တက်ကား-သောမ-တည်း။ သောမော၊ သောမာ-စသည်ဖြင့် ပုလ္လိင်၊ ပုရိသာဒိစဉ်။ သောမ-၌ သု-ဓာတ်ယူ၍ (ဤ၌ ယိုစီးခြင်းအနက်) သဝတိ၊ သဝန္တိစသည်ဖြင့်စဉ်။
- သု သု-သန္ဒဇနီသရေ။ (ဓာတွတ္ထသင်္ဂဟ၊၄၁၈)

၆။ (က)ဝါကျ သုန္ဒရံ-ဖြင့် သာဓု-သဒ္ဒါသည် သုန္ဒရအနက်ဟော-ဟု သိစေ။
(တစ်နည်း) သုန္ဒရံ-ဖြင့် သာဓုသဒ္ဒါသည် ဒဠှီကမ္မစသောအနက်များစွာတို့၌ထင်သော်လည်းဤနေရာ၌ သုန္ဒရအနက်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။
(ခ)ဝါကျဖြင့် သုန္ဒရဟူသည် ဘဒ္ဒကပင်တည်း၊ ယင်းဘဒ္ဒက၏ အဖြစ်ကား ဖူးမြင်ရသောသူ၏ ဟိတသုခကို ဆောင်တတ်သည်၏အဖြစ်ဖြင့် ဖြစ်၏ဟု သိစေ။
(ဂ) ယထာရူပေါ သော ဘဝံ ဝေါတမော-ဖြင့် တထာရူပါနံ-ဟူသော နိယတ်၏ အနိယတ်ကို ယထာရူပေါ ဘဝံ ဝေါတမော-ဟုထည့်၍အနက်ပေးရမည်ဟု သိစေ။
ဝေရူပါနံ-ဖြင့် တထာရူပါနံ-၌ တထာ-သဒ္ဒါသည် တံသဒ္ဒတ္ထ=တံသဒ္ဒါ၏အနက်ရှိသည်၏ အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

http://www.dhammadownload.com



ယထာဘုစ္စဂုဏာဗိဝမေနးပ။အရုတတံ-ဖြင့် ဓမ္မပ္ပမာဏပုဂ္ဂိုလ်၊လူခပ္ပမာဏပုဂ္ဂိုလ်တို့၏ ဘုရားရှင်အား ကြည်ညိုသည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းသို့ ပြဆိုသဖြင့် ရူပပ္ပမာဏပုဂ္ဂိုလ်၊ ဃောသပ္ပမာဏပုဂ္ဂိုလ်တို့၏လည်း ဘုရားရှင်အာ ကြည်ညိုသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သာရတ္ထ)

(ဃ)ဝါကျ ပသာဒသောမ္မာနိ အတ္တိနိ ဥမ္မိလိတ္တွာ-ဖြင့် ဒဿနသဒ္ဒါသည် ဒိဋ္ဌာဒိမဂ္ဂ စသော အနက်တို့ကို မဟော၊ ဣက္ခဏ-ရှုမြင်ခြင်းအနက်ကိုဟော၏ဟု သိစေသည်။

ဒဿနမတ္တံ-ဖြင့် ဒဿနံ-ပုဒ်နောင် ဝေ-သဒ္ဒါကျေနေသည်၏ အဖြစ်ကိုသိစေ၏။

(င) ကရဏဝစနံ-ဖြင့် ယေန-၌ နေ-သည် နာ-ဝိဘတ်၏ကာရိယဟု-သိစေ၏။

ဘုမ္မတ္ထေ-ဖြင့် ယင်းနာ-ဝိဘတ်သည် ဘုမ္မတ္ထ၌သက်-သိစေသည်။

## ၇။ လဒ္ဓသဒ္ဒါနံ / လဒ္ဓသဒ္ဒါနံ

လဒ္ဓသဒ္ဒါနန္တိ လဒ္ဓသဒ္ဒတနံ။ ပရဇနေသ သဒ္ဒံ ပဋိလဘန္တာနန္တိ ဝုတ္တံ ဟောတိ။ လဒ္ဓသဒ္ဒါနန္တိ ဝါ ပဋိလဒ္ဓကိတ္တိသဒ္ဒါနံ-(သီဋီသစ်၊၂။၂၁၉) ဖွင့်ဆိုသောကြောင့် နှစ်ပါးငြသင့်။

မအူ-၌ လဒ္ဓသဒ္ဒါနံ-ကို။ ပါရာဂံသစ်နှင့် ဘာသာဋီကာတို့၌ လဒ္ဓသဒ္ဒါနံ-ကို အနက်ပေးကြသည်။ (၄)နံပါတ်ပြန်ကြည့်။

## ဥမ္မီလိတွာ / ဥမ္မီလေတွာ

ဥပုဗ္ဗ မိလဓာတ်၊ တွာပစ္စည်း။ မိလဓာတ်သည်ဘူဝါဒိ၊ စုရာဒိနှစ်ဂိုဏ်းဆက်ဆံရကား ဘူဝါဒိဂိုဏ်းဖြစ်မူ ဣ-လာ၍ ဥမ္မီလိတွာ-သင့်။

စုရာဒိဂိုဏ်းဖြစ်မူ ဏေ-ပစ္စည်းသက်၍ ဥမ္မီလေတွာ-သင့်။ ထို့ကြောင့်နှစ်ပါးငြသင့်။ (နီတိ၊ဓာတု။၁၆၂။၃၄၂။ ဘာသာဋီ၊၄၉၄)

## ၈။ သာရ

အကျိုးဖြစ်သော ကောင်းခြင်း၏ သာရ-ဟူသောအမည်ကို အကြောင်းဖြစ်သော ရဟန္တာတို့ကို ဖူးမြင်ရခြင်း၌ တင် ဖလူပစာ။ အဝိနာဘာဝနည်း။ (ဘာသာဋီ)

## (ဝ)ဝါကျ ယထာဘုစ္စ။ပ။အရုတတံ

မကောင်းတတ်သော ဓမ္မပ္ပမာဏပုဂ္ဂိုလ်၊ လူခပ္ပမာဏပုဂ္ဂိုလ်တို့၏ ဘုရားရှင်အား ကြည်ညိုသည်၏အဖြစ်ကို"ယထာဘုစ္စ။ပ။အရုတတံ"ဟု ဆိုသဖြင့် မကောင်းရာဖြစ်သော ရူပပ္ပမာဏပုဂ္ဂိုလ်၊ ဃောသပ္ပမာဏပုဂ္ဂိုလ်တို့၏ ဘုရားရှင်အား ကြည်ညို

http://www.dhammadownload.com



အစိတ်ဖြစ်သော ဓမ္မပ္ပမာဏပုဂ္ဂိုလ်၊ လူခပ္ပမာဏပုဂ္ဂိုလ်တို့၏ ဘုရားရှင်အား ကြည်ညိုသည်၏အဖြစ်၏ "ယထာဘုစ္စ။ပ။အရတတိ " တူသောအမည်ကို အပေါင်းဖြစ်သော ဓမ္မပ္ပမာဏ၊ လူခပ္ပမာဏ၊ ရူပပ္ပမာဏ၊ ဃောသပ္ပမာဏပုဂ္ဂိုလ်တို့၏ ဘုရားရှင်အား ကြည်ညိုသည်၏ အဖြစ်၌တင် ကေဒေသူပစာ။ အဝယဝူပစာ။ ပဓာန၊ ဥပလက္ခဏ၊ နိဒဿနနည်း။ (သာရတ္ထ၊၁၊၃၃၅၊၃၃၆)

၁၀။ ဒဿနံ–အရ စက္ခုဒွါရကုသိုလ်ဇောဝိထိစိတ္တုပ္ပါဒ်ကိုယူအပ်၏။
ယင်းကိုယူသဖြင့် ယင်းစိတ္တုပ္ပါဒ်ကြောင့် ဖြစ်ပေါ်လာသော စိတ္တဇရုပ်များကိုလည်း ယူအပ်၏။ စက္ခုဒွါရကုသိုလ်ဇော ဝိထိစိတ္တုပ္ပါဒ်နှင့် စိတ္တဇရုပ်သည်ခန္ဓာ၅–ပါးတည်း။ ထို ခန္ဓာငါးပါးကိုယူသဖြင့် ထိုနှင့် အနိစ္စစသော လက္ခဏာတူသောကြောင့်လည်းကောင်း ။ပ။ထိုနှင့် ပရမတ္ထဓမ္မသိတအမည်တူသောကြောင့် လည်းကောင်း၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေတို့ကို လည်းယူအပ်၏။ ဤသို့သုတ်၌ မလာသော တရားတို့ကို ကေလက္ခဏာစသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရမည်၏။

===========================

## ဝါကျဥယျာဉ် (၄၈)

(က) ယေနာတိ ဘုမ္မတ္ထေ ကရဏဝစနံ။
(ခ) တသ္မာ ယတ္ထ ဘဂဝါ၊ တတ္ထ ဥပသင်္ကမီတိ ဝေမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။
(ဂ) ယေန ဝါ ကာရဏေန ဘဂဝါ ဒေဝမနုဿေဟိ ဥပသင်္ကမိတဗ္ဗော၊ တေန ကာရဏေန ဥပသင်္ကမီတိ ဝေမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။
(ဃ) ကေန စ ကာရဏေန ဘဂဝါ ဥပသင်္ကမိတဗ္ဗော? နာနပ္ပကာရဂုဏဝိသေသာ–ဓိဂမာဓိပ္ပါယေန၊ သာဒုဖလူပဘောဂါဓိပ္ပါယေန ဒိဇဂဏေဟိ နိစ္စဖလိတမဟာ–ရုက္ခော ဝိယ။
(င) ဥပသင်္ကမီတိ စ ဂတောတိ ဝုတ္တံ ဟောတိ။
(၄။၁၀၀။ သာရတ္ထ၊၁။၃၃၆။ မအူသျှ၊၂၊၁၆၇။ ဘာသာဋီ၊၁။၄၉၆။ ဝဏ္ဏိသစ်၊၂။၈၅)

=====================

၁။ (ဃ)ဝါကျကိုသာ စ–နိပါတ်အနက်ပေါ်လွင်စေကာ ဥပမာအတွင်းသွင်း၍ အနက်။
၂။ (ဂ)ဝါကျကို ဌပနာတိကပုစ္ဆာ တက်ပါ။
၃။ (က၊ခ၊ဂ၊)ဝါကျတို့ကို အကြောင်းပြလျက် ဝါကျအမည်ပေးခဲ့ပါ။
၄။ ဒိဇဂဏ–ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်း၌ ဉာဉ်ကောက်ပါ။
၅။ ဒိဇ၊ ဂဏ–တို့၏ ဓာတု၊ ပစ္စယ၊ လိင်၊ ဝစန၊ ပဒတို့ကို ဖော်ပါ။

http://www.dhammadownload.com



၆။ (ခ၊ဂ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဘုမ္မဋ္ဌ/ဘုမ္မဋ္ဌ-တွင် (က)ဝါကျအရာ၌ မည်သည့်ပါဠိသင့်ကြောင်းယုတ္တိပြဆိုးဖြတ်။
၈။ ဒိဇဂဏ-ပုဒ်၏ ဖြစ်သင့်သော နည်း ဥပစာတို့ကို ဖော်ပြပါ။
၁၀။ ဥပသက်မိ-အရ ဝိရိယပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ပဒ္ဓာနတာရနေတ္တိ။

========================

၁။ စ-ဆက်။(ဘာသာဒီ) စ-ပုစ္ဆာကိုပြဦးအံ့။ ကေနကာရဏေန-ကြောင့်၊ ဘဂဝါ-သို့၊ ဒေဝမနုဿေဟိ-တို့သည်၊ ဥပသက်မိတဗ္ဗော-နည်း၊ သာဒုဖလူပဘောဂါဓိပ္ပါယေန-ကြောင့်၊ ဒိဇဂဏေဟိ-တို့သည်၊နိစ္စဖလိတမဟာရုက္ခော-သို့၊ ဥပသက်မိတဗ္ဗောဝိယ-သို့၊ နာနပ္ပကာရဂုဏဝိသေသာဓိဂမာဓိပ္ပါယေန-ကြောင့်၊ ဒေဝမနုဿေဟိ-တို့သည်၊ ဘဂဝါ-သို့၊ ဥပသက်မိတဗ္ဗော-သတည်း။

## ၂။ (ခ)ဝါကျ ဌပနာတိကပုစ္ဆာ

ဆရာ-သည် (က)ဝါကျဖြင့် ယေန-၌ နာ-ဝိဘတ်သည် ဘုမ္မတ္ထ-၌ သက်၏ဟုပြဆိုတော်မူ၏။ ယင်းနာ-ဝိဘတ်သည် ဘုမ္မတ္ထတစ်မျိုးတည်း၌သာသက်ပါသလော၊ မည်သည့်အနက်၌ သက်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။
အဓိပ္ပါယ်ကား = ဟေတွတ္ထ၌လည်း သက်နိုင်ပါသေး၏ဟူလို။

## (ဃ)ဝါကျ ဥပမေနဝါကျ ကျမ်းတက်

ဆရာ-သည် နာနပ္ပကာရ။ ပ။ အဓိပ္ပါယေန-ဖြင့် အထူးထူးအပြားပြား ရှိကုန်သော ဂုဏ်အထူးကိုရခြင်း၌ ဖြစ်သောအလိုကြောင့် နတ်လူတို့သည် မြတ်စွာဘုရားထံ၌ ချဉ်းကပ်အပ်သောဟုဆို၏။ ထိုသို့ ချဉ်းကပ်ရာ၌ လောကူပမာကား အဘယ်ပါနည်း။ လောကူပမာကို ဆရာမပြပြီလော။ စုဒ်ကြောင့် သာဒုစသည်မိန့်။

၃။ (ခ)လဒ္ဒဂုဏ။ယင်း(ခ)၌ ယတ္ထ ဘဝဝါ-ကား အနိယမ။ တတ္ထ ဥပသက်မိ-ကား နိယမ။ (တစ်နည်း)တတ္ထ ဥပသက်မိ-ကား ယေန ဘဂဝါ-၏ အဖွင့်မှတစ်ပါး တေနုပသက်မိ-၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။
(ဂ) ပက္ခန္တရဝါကျ။ (ဃ) ကထေတုကမျတာပုစ္ဆာကို ဆက်-ဝါကျာရမ္ဘ။
ယင်း(ဃ)၌ ကေန စ ကာရဏေန ဘဂဝါ ဥပသက်မိတဗ္ဗော-ဝါကျသည် ပုစ္ဆာဝါကျ။
နာနပ္ပကာရ ။ပ။ အဓိပ္ပါယေန-ကား ဝိသဇ္ဇနာဝါကျ။
သာဒုဖလူပ။ပ။မဟာရုက္ခောဝိယ-ကား ဥပမာနဝါကျ။
ထိုဝါကျကိုထောက်၍ နာနပ္ပကာရ ။ပ။ အဓိပ္ပါယေန ကား ဥပမေယျဝါကျ။

http://www.dhammadownload.com



၄။ ဒွေဝါရေ ဇာယန္တီတိ ဒွိဇာ။ (မအူ)
ဂဏီယန္တိ အဝယဝေန သဟာတိ ဂဏာ။ (ဓာန်ဋီ။၆၂၉)
ဒွိဇာနံ ဂဏော ဒွိဇဂဏော။

♠ ဒွိဇ-ဟူသော ဝိသေသနပုဒ်အရကား ငှက်တို့သည် မုချ။
♠ ထို-၏ အပေါင်းနှင့် သမ္ဗန္ဓ သမ္ဗန္ဓ၊အဘေဒ ဘေဒစပ် ဌာနူ။
♠ ပုဒ်လုံးအရကား ငှက်အပေါင်းရ၏။

သာဒီယတိ အဿာဒီယတီတိ သာဒု။ (သူစိ)

♠ သဒ္ဒတ်အရ ကတ္တုဉ္စကား သာယာသောအခြင်းအရာအားဖြင့်ဖြစ်သောငှက်တို့၏ ရသတဏှာပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။
♠ ကမ္မဉ္စ-ကား ထို-အားတပ်သော သစ်သီး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။
♠ ဏှု-ပစ္စည်းအရကား သစ်သီးရ၏။ (ဝိသေသနဆက်ကောက်)

## ဝစနတ္ထမှတ်ဘွယ်

သာဒီယတီတိ သာဒု၊ (သဒ၊ဏှု) သာဒု မဓုရံ ဖလံ သာဒုဖလံ။
သာဒု ဖလဿ ဥပဘောဂေါ် သာဒုဖလူပဘောဂေါ်။
သာဒုဖလူပဘောဂေ အဓိပ္ပါယော သာဒုဖလူပဘောဂါဓိပ္ပါယော။
ဖလာနိ သဉ္ဇာတာနိ အဿာတိ ဖလိတော။ (ဘာသာဋီကာ)
(တစ်နည်း)ဖလံ ဇာတော ဖလိတော။ (မအူသျှ) နိစ္စံ ဖလိတော နိစ္စဖလိတော။

၅။ ဒွိဇ= ဒွိသဒ္ဒူပပဒ-ဇနဓာတ်၊ ကွိပစ္စည်း၊ ပုလ္လိင်၊ ဗဟုဝုစ်၊ ကိတန္တသမာသ်။
ဂဏ= ဂဏဓာတ်၊ အပစ္စည်း၊ ပုလ္လိင်၊ ဗဟုဝုစ်၊ ကိတ်နာမ်ပုဒ်။

၆။ (ခ)ဝါကျ ယတ္ထ-ဖြင့် ယေန-၌ နာ-ဝိဘတ်သည် ဘုမ္မတ္ထ၌သက်၏-ဟုသိ။ တတ္ထ-ဖြင့် တေန-၌ နာ-ဝိဘတ်သည် ဘုမ္မတ္ထ၌သက်၏ဟု သိစေ။

(ဂ)ဝါကျ ယေန ကာရဏေန-ဖြင့် ယေန-၌ ယ-သည် ကာရဏကို စွဲယူသုံးသပ်။ နာ-ဝိဘတ်သည် ဟိတ်အနက်၌သက်- သိစေသည်။

တေန ကာရဏေန-ဖြင့် တေန-၌ တ-သည် ကာရဏကိုစွဲယူ သုံးသပ်။ နာ-ဝိဘတ်သည် ဟိတ်အနက်သက်-သိစေသည်။

ဒေဝမနုဿေတိ ဥပသက်မိတဗ္ဗော-ဖြင့် ယေန ဘဂဝါ-ဟူသော ပါဠိတော်၏ အနိယတ် ဝါကျ၌ ဒေဝမနုဿေဟိ-ဟူသော အဝုတ္တကတ္တား။ ဥပသက်မိတဗ္ဗော-ဟူသောကြိယာတို့ကို ထည့်၍ ပေးရမည်ဟု သိစေပါသည်။

(က၊ခ)နှင့်အညီ"ယေန-၌၊ ဘဂဝါ-သည်၊ အတ္ထိ-၏၊ တေန-သို့၊ ဥပသက်မိ-၏-တုအနက်ပေး။

http://www.dhammadownload.com



(ဝ)ဝါကျနှင့်အညီ"ယေန ကာရဏေန-ကြောင့်၊ ဘဝဝါ-သို့၊ ဒေဝမနုဿေတိ-တို့သည်၊ ဥပသင်္ကမိတဗ္ဗော-အပ်၏၊ တေန ကာရဏေန-ကြောင့်၊ ဥပသင်္ကမိ-၏-တုအနက်ပေး။

ဝတော-ဖြင့် ဥပသင်္ကမိ-၌ ဥပ သံ တို့၏ ဓာတွတ္ထာနုဝတ္တကအဖြစ်ကိုလည်းကောင်း၊ ကမ္မဓာတ်၏ ဂမနအနက်ဟော-လည်းကောင်း၊ အဇ္ဈတ္တနိဂုဏ်-ဝိဘတ်၏ တိကာလာပေက္ခအားဖြင့် ပစ္စုပ္ပန်ကာလကို ဟော-လည်းကောင်း သိစေ။

◆ ဥပသင်္ကမိတိ ဥပသင်္ကမန္တော၊ ပ။ တေနာဟ"ဝတောတိ ဝုတ္တံ ဟောတိ"တိ။ (သာရတ္ထ)

ဥပသင်္ကမန။ပ။ဒီပနံ-ဖြင့် ဥပသင်္ကမိတွာ-ကား အပရကာလကြိယာ၊ သမာနကာလ ကြိယာ မဟုတ်၊ ပုဗ္ဗကာလကြိယာတည်းဟု သိစေသည်။

◆ ဥပသင်္ကမိတွာတိ ပုဗ္ဗကာလကိရိယာ နိဒ္ဒေသောတိအာဟ "ဥပ။ ပ။ ဒီပန"န္တိ။ (သာရတ္ထ)

သမီပသင်္ခါတံ ဝနာ-ဖြင့် ဥပသင်္ကမိတွာ-၌ ဥပသဒ္ဒါ၏ သမီပအနက်ဟော-လည်းကောင်း၊ သံ-၏ ဓာတွတ္ထာနုဝတ္တက-လည်းကောင်း၊ ကမ္မဓာတ်၏ ဂမနအနက်ဟော-လည်းကောင်း သိစေသည်။

## ၇။ ဘုမ္မဋ္ဌ / ဘုမ္မတ္ထ

ဘုမ္မတ္ထ-၌အတ္ထသဒ္ဒါသည် အတ္ထကထာ၊ အဋ္ဌကထာ၌ကဲ့သို့ သဒ္ဒါအဘိဓေယျ အနက်ကို ဟောသည်၊ "တထာနံ ဋ္ဌယုဝံ။ အဋ္ဌကထာ၊ အတ္ထကထာ ဝါ" (နီတိ၊သုတ္တ။ ၃၀) ကိုထောက်၍ ဘုမ္မတ္ထ၌ တ္ထ-ကို ဋ္ဌ-ပြုလျှင် ဘုမ္မဋ္ဌ-ဟုလည်းကောင်း၊ မပြုလျှင် ဘုမ္မတ္ထ-ဟုလည်းကောင်း ရုပ်ပြီးရကား နှစ်ပါးလုံး သင့်ပါသည်။

"တထ နလာနံ ဌ ဋ ဏ ဠာ"(မောဂ်)ကို ထောက်လျှင်လည်း နှစ်ပါးသင့်သည်။

### န္တိဇ / ဒိဇ

"မာတုကုစ္ဆိတော အဏ္ဍတောစ န္တိကွတ္တုံ ဇာယတီတိ န္တိဇော"(ဓာန်ဋီ။ ၆၂၄)ကိုထောက်၍ န္တိသဒ္ဒူပပဒ ဇနဓာတ်၊ ကွိပစ္စည်းဖြင့်ရုပ်ပြီးသောကြောင့် န္တိဇ-ပါဌ်သင့်သည်။ ဒိဂုဏံ-ကဲ့သို့ န္တိ-ကို ဒိ-ပြုလျှင် ဒိဇ-ဟုရှိသောပါဌ်လည်း သင့်သည်။

### သာဒုဖလူပ / သာဓုဖလူပ

ဖလဟူသောနောက်ပုဒ်ကို ထောက်၍ "သာဒုဖလ-ချိုမြိန်သော အသီး"ဟူသော အနက်ဖြစ်သင့်သောကြောင့်လည်းကောင်း၊"ဗ္ဗဂ္ဂေ စ မဓုရေ သာဒု" (ဓာန်။ ၁၀၆၇)နှင့် အညီ သာဒု-သဒ္ဒါကသာလျှင် ယင်းအနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း၊ "သဒ အဿာဒနေ၊ သာဒီယတိ အဿာဒီယတီတိ သာဒု" (သူစိ) ကိုထောက်၍ သဒဓာတ် ကသာ အဿာဒန= သာယာ ချိုမြိန်ကောင်းမြတ်သော အနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း ဤနေရာ၌ သင့်လျော်ရကား သာဒုဖလူပ-ဟုရှိသောပါဌ်သာ သင့်သည်။

http://www.dhammadownload.com



၀။ **ဒိဇဂဏ**

အပေါင်းဖြစ်သော သွားအပေါင်း၊ ငှက်အပေါင်း၊ ပုဏ္ဏားအပေါင်းတို့၏ ဒိဇဂဏ–ဟူသောအမည်ကို အစိတ်ဖြစ်သော ငှက်အပေါင်း၌တင် ကေဒသျူ သမုဒါယူ ရှုဋ္ဌိနည်း။ (ဘိက္ခုသံဃော–၌ကဲ့သို့ အဘေဒနည်းလည်းတူ၏)

၁၀။ ဥပသက်မိ–အရ ဝိရိယပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍။
ထို၏ ပဒဋ္ဌာန်းကား ယောနိသောမနသိကာရတည်း ဧသည်ဖြင့် ထုတ်လေ။

========================

## ဝါကျဉယျာဉ် (၄၉)

(က) ဘဂဝတာ သဒ္ဓိံ သမ္မောဒိတိ ယထာ ခမနိယာဒိနိ ပုစ္ဆန္တော ဘဂဝါ တေန၊ ဝေံ သောပိ ဘဂဝတာ သဒ္ဓိံ သမပ္ပဝတ္တမောဒေါ အဟောသိ။

(ခ) သီတောဒကံ ဝိယ ဥဏှောဒကေန သမ္မောဒိတံ ဧကီဘာဝံ အဂမာသိ။

(ဂ) ယာယ စ " ကစ္စိ ဘော ဂေါတမ ခမနိယံ၊ ကစ္စိ ယာပနိယံ ကစ္စိ ဘောတော ဂေါတမဿ စ သာဝကာနဉ္စ အပ္ပါဗာဓံ အပ္ပါတင်္ကံ လဟုဋ္ဌာနံ ဗလံ ဖာသုဝိဟာ–ရော"တိအာဒိကာယ ကထာယ သမ္မောဒိ၊ တံ ပီတိပါမောဇ္ဇသင်္ခါတံ သမ္မောဒံ ဇနနတော သမ္မောဒိတုံ ယုတ္တဘာဝတော စ သမ္မောဒနိယံ။

(ဃ) အတ္တဗျဉ္ဇနမဓုရတာယ သုစိရမ္ပိ ကာလံ သာရေတုံ နိရန္တရံ ပဝတ္တေတုံ အရဟ–ရူပတော သရိတဗ္ဗဘာဝတော စ သာရဏီယံ။

(၅။၁၀၀။ သာရတ္ထ၊၁။၃၃၆။ မအူသျ၊၂။၁၆၇။ ဘာသာဋီ၊၁။၄၉၈။ ဂဏ္ဌိသစ်၊၂။၈၈)

========================

၁။ (က)ဝါကျကို ပမာ ပမေထင်ရှားစေလျက်လည်းကောင်း၊ (ခ)ဝါကျကို ဥပမေယျ ထည့်စွက်၍လည်းကောင်း အနက်ပေးပါ။

၂။ (ခ)ဝါကျကို သာဘောဂပုစ္ဆာ၊ (ဂ)ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (က)စသောဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ ပုစ္ဆန္တော–ကို စာစပ်ပါ။

၄။ သမ္မောဒိတံ–ပုဒ်ကို အစိတ် အပေါင်းဝစနတ္တပြု၍၊ အပေါင်း၌ ဉာဉ်ကောက်ပါ။

၅။ သီတ၊ ဥဏှ၊ ဥဒကပုဒ်တို့၏ ဓာတု၊ ပစ္စယ၊ ပစ္စယတ္ထတို့ကိုဝေဘန်ပါ။

၆။ (က၊ဂ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ သမ္မောဒနီယံ/သမ္မောဒနိယံ နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ (ခ)ဝါကျ၌ ပမာ ပမေနှီးနှော၍ အဓိပ္ပါယ်ယူဆပုံကိုရေးပါ။

၁၀။ သမ္မောဒ–အရ တရားကို ပဒဋ္ဌာနဟာနေတ္တိနည်း ထုတ်ပါ။

http://www.dhammadownload.com



၁။ (က)ဂါထာ ပဌာ ပမေထင်ရှားအောင် အနက်ပေးပုံ

ခမနီယာဒီနိ–ကုန်သော၊ ဝစနာနိ–တို့ကို၊ ပုစ္ဆန္တော–သော၊ ဘဂဝါ–သည်၊ တေန ဗြာဟ္မဏေန–နှင့်၊ (သဒ္ဓိံ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရာဏီယံ ဝီတိသာရေသိ။) ယထာ–သို့၊ ဝံ–တူ၊ (ခမနီယာဒီနိ–ဝစနာနိ–ပုစ္ဆန္တော) သောပိ ဗြာဟ္မဏော–သည်လည်း၊ ဘဂဝတာ–နှင့်၊ သဒ္ဓိံ သမ္မောဒိ၊ အဟောသိ–ပြီ။

## (ခ)ဂါထာ ဥပမေယျထည့်၍ အနက်ပေးပုံ

သီတောဒကံ–သည်၊ ဥဏှောဒကေန–နှင့်၊ သမ္မောဒိတံ–သို့၊ ဧကီဘာဝံ–သို့၊ အဂမာသိ ဝိယ–သို့၊ (တထာ–တူ၊ ဘဂဝါ–သည်၊ တေန ဗြာဟ္မဏေန–နှင့်၊ သောပိ ဗြာဟ္မဏော–သည်လည်း၊ ဘဂဝတာ–နှင့်၊ သမ္မောဒိတံ–သို့၊ ဧကီဘာဝံ–သို့၊ အဂမာသိ–ပြီ)

၂။ (ခ)ဂါထာ သဘာဝပုစ္ဆာ

ဆရာ–သည် (က)ဂါထာဖြင့် ဘုရားရှင်နှင့် ပုဏ္ဏားကြီးတို့သည် အတူတကွ အညီအမျှဖြစ်သော ဝမ်းမြောက်ခြင်းရှိသောဟုဆို၏။ အညီအမျှဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်၏ အဖြစ်ကို လောကူပမာဖြင့် ဆရာမပြပြီလော။ လောကူပမာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

◆ တံပန သမ္မောဒနံ ဥပမာယ ဒဿေတုံ "သီတောဒကံ ဝိယာ"တိအာဒိ ဝုတ္တံ။ (သာရတ္ထ)

## (ဂ)ဂါထာ အနုသန္ဓေ

ဤသို့ (က၊ခ) ဂါထာတို့ဖြင့် ဘဂဝတာ သဒ္ဓိံ သမ္မောဒိ–ဟူသောပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ သမ္မောဒနီယံ–ဟူသော ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြလိုသော ဆရာသည် (ဂ)မိန့်။

၃။ (က) ပက္ခန္တရ။

ယင်း (က)၌ ယထာ။ပ။ တေန–ကား ဥပမာန၊ ဧဝံ သောပိ။ပ။ အဟောသိကား ဥပမေယျ။

(ခ)တပ္ပါကဋိကရဏ (ဂ) ပက္ခန္တရ။

ယင်း (ဂ)၌ ယာယ စ ။ပ။ သမ္မောဒိ–ကား အနိယတ်၊ တံ ပီတိပါမောဇ္ဇသည်ကား နိယတ်။

(ဃ)ဂါထာသည် ပက္ခန္တရ။

ပုစ္ဆန္တော–ကား သော–ကြောင့် (ဥပမာနဘက်ရှိ) ဘဂဝါ (ဥပမေယျဘက်ရှိ) သော–ပုဒ်တို့၌ တုလျာဓိကရဏဝိသေသန–သျှစပ်။ (မအူသျှ)

(တစ်နည်း) လျက်–ကြောင့် အဟောသိ–၌ ကြိယာဝိသေသန–သျှစပ်။ (ဝံသစ်။ဘာသာဋီ)

http://www.dhammadownload.com



၄။ မုဒန္တိ မောဒေါ၊ သဟ မောဒေါ သမ္မောဒေါ၊ သမ္မောဒေါ ယဿ အတ္ထီတိ သမ္မောဒီ၊ သမ္မောဒိနော ဘာဝေါ သမ္မောဒိတာ။

- ♠ သမ္မောဒီ-ပုဒ်အရကား အညီအမျှနှီးနှောခြင်းရှိသော ရေအေး၊ ရေပူသည် မုချ။
- ♠ ထို-၏ နှီးနှောခြင်းဂုဏ်နှင့် ဂုဏော ဂုဏ်စပ် ဌာနူ။
- ♠ တာ-ပစ္စည်းအရကား ထို-သော ရေအေး ရေပူတို့၏ နှီးနှောမိခြင်း ဂုဏ်ရ၏။

သမ္မောဒနံ ဇနေတီတိ သမ္မောဒနီယာ၊

- ♠ သမ္မောဒန-ပုဒ်အရ နှစ်သက်ဝမ်းမြောက်ခြင်းဟူသော ပီတိပါမောဇ္ဇသည် မုချ။
- ♠ ထို-၏ ကစ္စိ ဘောတော ဂေါတမ ခမနီယံ-အစရှိသော စကားဒြပ်နှင့် ဂုဏ်- ဂုဏော၊ ဇည-ဇနက၊ အကျိုး-အကြောင်း စပ်- ဌာနူ။
- ♠ ဏီက-အရ ကစ္စိဘောတောဂေါတမ ခမနီယံအစရှိသော စကားရ၏။ (ဝိသေသနဆက်)

(တစ်နည်း) သမ္မောဒေတဗ္ဗာတိ သမ္မောဒနီယာ၊

- ♠ သံ-ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။
- ♠ မုဒဓာတ်အရ ကတ္တုဒြဗ်ကား နှစ်သက်ဝမ်းမြောက်သော အခြင်းအရာအားဖြင့်ဖြစ်သော ပီတိပါမောဇ္ဇပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။
- ♠ ကမ္မဒြဗ်ကြိယာအရကား ထို-အားတပ်သော "ကစ္စိ ဘောတော ဂေါတမ ခမနီယံ"အစရှိသော စကားဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။
- ♠ အနီယပစ္စည်းအရကား "ကစ္စိ ဘောတော ဂေါတမ ခမနီယံ"အစရှိသော စကားဒြပ်ရ၏။

## ဝစနတ္ထမှတ်ဘွယ်

သမံ ပဝတ္တော သမပ္ပဝတ္တော။

သမပ္ပဝတ္တော မောဒေါ ဧတဿ ဘဂဝတောတိ သမပ္ပဝတ္တမောဒေါ။ (မအူ)

(တစ်နည်း) သမံ ပဝတ္တမောဒေါ ယဿာတိ သမပ္ပဝတ္တမောဒေါ။ (ဘာသာဋီ)

အမှာ။ ဥပမေယျဘက်ကို ငဲ့လျှင် ဧတဿ ဗြာဟ္မဏဿ-ဟုစွဲ၍ ဝိဂ္ဂဟပြုပါ။

အာဗာဓဿ အပ္ပံ အပ္ပါဗာဓံ။ အာတင်္ကဿ အပ္ပံ အပ္ပါတင်္ကံ။

လဟုံ ဥဋ္ဌာနံ လဟုဋ္ဌာနံ။ ဖာသု သုခံ ဝိဟာရော ဖာသုဝိဟာရော။

နတ္ထိ အန္တရံ ဧတဿ ကာလဿာတိ နိရန္တရော။ (တံ)

အရဟံ ရူပံ ဧတိဿာ ကထာယာတိ အရဟာရူပါ။

၅။ သီတ= ဤနေရာ၌ နပုံလိင်၊ သီဓာတ်၊ တပစ္စည်း၊ ကမ္မတ္ထ။

- ◆ ဥဏှာဘိတတ္တေတိ သေဝိယတီတိ သီတံ၊ (ဓာန်ဋီ)

ဥဏှံ= နပုံလိင်၊ ဥသဓာတ်၊ ဏှပစ္စည်း၊ ကတ္တတ္ထ။

- ◆ ဥသတိ ဒဟတီတိ ဥဏှော၊ ဏှော၊ သလောပေါ စ၊ (ဓာန်ဋီ)

http://www.dhammadownload.com



ဥဒက= နပိုလိုင်၊ ဥဒ (သို့)ဥဒိဓာတ်၊ (သို့)ဥန္ဒဓာတ်၊ ဏွုပစ္စည်း။ ကတ္တုတ္တ။

◆ ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။ (ဏွာဒိ၊ မောဂ်)

ဇာသု= ဖဿ – ဥ။ (ဝါ) ဖုသ – ဥ။

◆ ဖဿတိ သိနေဟတီတိ ဇာသု၊ ဖုသတိ ဝါ ဗာဓတိ ဒုက္ခန္တိ ဇာသု။ (ဓာန်ဒီ။ ၈၈)

၆။ (က)ဝါကျ သမပ္ပဝတ္တမောဒေါ်-ဖြင့် သမ္မောဒိ-၌ သံ-ဥပသာရ၏ သမောဓာန စသောအနက်တို့ကို မဟော၊ သမပ္ပဝတ္တအနက် ဟောသည်ကိုလည်းကောင်း၊ သမ္မောဒိ-၌ မုဒဓာတ်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

အတောသိ-ဖြင့် သမ္မောဒိ-၌ အဇ္ဇတ္တနီ ဤ-ဝိဘတ်၏အဖြစ်။ (ဒု-ဝိဘတ္တိပဒ) ယင်း ဤ-ဝိဘတ်၏ အတိတ်ကာလအနက်၌သက်။ (ဒု-ဝိဘတျတ္ထ) သိစေသည်။

(ခ)ဝါကျ ကော်ဘာဝံ-ဖြင့် သမ္မောဒိတံ-၌ မုဒဓာတ်သည် ပါမောဇ္ဇအနက်ကို မဟော၊ သံသန္ဒန (မိဿန)အနက်ကို ဟော၏ဟု သိစေသည်။

◆ သမ္မောဒိတန္တိ သံသန္ဒိတံ၊ မုဒသဒ္ဒေါ် တေတ္ထ သံသန္ဒနေယေဝ၊ န ပါမောဇ္ဇေ။ ပ။ တထာ တိ ဝုတ္တံ"ကော်ဘာဝ"န္တိ။ (သီဒီသစ်၊ ၂။ ၂၄၇)

(ဂ)ဝါကျ ပီတိပါမောဇ္ဇသဉ်္ဇါတံ-ဖြင့် သမ္မောဒနီယံ-၌ သမ္မောဒအရ (သို့) သမ္မောဒနအရ ပီတိပါမောဇ္ဇကို ယူ-သိစေသည်။

⊛ သဉ်္ဇါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာမှတ်လေ။

သမ္မောဒံ ဇနနတော-ဖြင့်သမ္မောဒနီယပုဒ်ကို သမ္မောဒနံ ဇနေတီတိ သမ္မောဒနီယာ-ဟုပြု။ ဏိက-ပစ္စည်း ဇနေတိတဒ္ဓိတ်၌သက်။ သမ္မောဒနိက-ဟုဆိုလိုလျက် က-ကို ယ-ပြု၍ သမ္မောဒနိယ-ဟုရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေ။ (သီဒီသစ်)

(တစ်နည်း) သမ္မောဒနိက-ဟုဆိုလိုလျက် က-ကို ယ-ပြု။ ဣ-ကို ဤ-ပြု၍ သမ္မောဒနီယ ဟု ရုပ်ပြီးသည်ကိုလည်းကောင်း သိစေ။ (ပရတ္ထသျှ။ ၂။ ၃၆၃။)

◆ သမ္မောဒနံ ဇနေတိ ကရောတီတိ သမ္မောဒနိကံ၊ တဒေဝ သမ္မောဒနီယံ။ ကကာရဿ ယကာရံ ကတ္တာ။ (သီဒီသစ်၊ ၂။ ၂၄၈)

သမ္မောဒိတုံ ယုတ္တဘာဝတော-ဖြင့် သမ္မောဒနီယံ-၌ သံရှေးရှိသော မုဒဓာတ်၏ အဖြစ်။ အနီယပစ္စည်း ကံအနက်၌သက်။ သမ္မောဒေတဗ္ဗာတိ သမ္မောဒနီယာ-ဟု ကမ္မသာဓနပြု-သိစေသည်။

● သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒတို၊ ယုတ္တသတ္တာ၊ အရတာ သတ္တုဆောယျ၊ အနုဋ္ဌဝိက စသည်တို့နှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓနကြံစရာ။

◆ သမ္မောဒေတဗ္ဗတော သမ္မောဒနီယန္တိ ဣမမတ္ထံ ဒဿေတိ" သမ္မောဒိတုံ ယုတ္တဘာဝတော"တိ ဣမိနာ။ (သီဒီသစ်)

http://www.dhammadownload.com



(ဃ) သာရေတုံ အရတရူပတော-ဖြင့် သာရဏီယံ-၌ သရဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ အနီယပစ္စည်း၏ ဟေတုကမ္မသာဓနအနက်၌ သက်၊ သာရေတဗ္ဗာတိ သာရဏီယာ-ဟုဟေတုကမ္မသာဓန ပြုရမည်ကိုလည်းကောင်း၊ သ-၏ အစိတ် အ-ကို အာ-ပြု၍ သာရဏီယ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။
(ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို-စသောနိယံနှင့်အညီ ဖော်ခြင်းဖြစ်သည်။)

သာရေတုံ ယုတ္တဘာဝတော-ဖြင့်သာရဏံ အရဟာတီတိ သာရဏီယာ-ဟုပြု။ ဏီကပစ္စည်း အရဟာတိတဒ္ဓိတ်အနက်၌သက်။ သာရဏိက-ဟုဆိုလိုလျက် က္က-ကို ဤ-ပြု။ က-ကို ယ-ပြု၍ သာရဏီယ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်းသိစေ။

◆ "သာရေတုံ အရဟာတိ"တိ အတ္ထေ ယထာပဒံ ဒီဃေန "သာရဏီယ"န္တိ ဝုတ္တံ။ (သီဋီသစ်)

နိရုတ္တိရုံ ပဝတ္တေတုံ-ဖြင့် သာရေတုံ-၌ သရဓာတ်သည် ပဝတ္တနဂတိအနက်ဟောဟု သိစေသည်။ (ဒု-ဓာတုတွတ္ထ)

သရိတဗ္ဗဘာဝတော-ဖြင့် သာရဏီယံ-၌ သရဓာတ်၏အဖြစ်။ အနီယပစ္စည်း ကမ္မသာဓနအနက်၌သက်။ သရိတဗ္ဗာတိ သာရဲဏီယာ-ဟုပြု။ သရဏီယ-ဟုဆိုလိုလျက် သ-၏အစိတ်အ-ကိုအာ-ပြု၍ သာရဏီယ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်းသိစေ။

## ၇။ သမ္မောဒနီယံ / သမ္မောဒနီယံ

သမ္မောဒံ ဇနနကော-ဟူသောအဖွင့်အရ ဇနေတိတဒ္ဓိတ်အနက်၌ ဏီကပစ္စည်းသက်၍ က-ကို ယ-ပြု၍ ရုပ်ပြီးသောကြောင့် သမ္မောဒနီယ- ပါဌ်သင့်။
သမ္မောဒိတုံ ယုတ္တဘာဝတော-ဟူသောအဖွင့်အရ သံရှေး-မုဒဓာတ် အနီယပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် သမ္မောဒနီယံ-ဟု ဒီဃနှင့်ရှိသောပါဌ်သင့်။ (ဘာသာဋီ)

## ၈။ (ခ)ဝါကျ ပမာ ပမေနီးနှော အဓိပ္ပါယ်ယူဆပုံ

အနုပသန္တ သဘောရှိသောကြောင့် ပုဏ္ဏားသည် ရေပူနှင့် တူသည်။ ဥပသန္တ သဘောရှိသောကြောင့် ဘုရားရှင်သည် ရေအေးနှင့် တူသည်။
(တစ်နည်း) ဉာဏ်တည်းဟူသော တေဇနှင့်ယှဉ်တော်မူသောကြောင့် ဘုရားရှင်သည်ရေပူနှင့် တူသည်။ ဉာဏတေဇမှကင်းသောကြောင့် ပုဏ္ဏားသည် ရေအေးနှင့်တူသည်။(ဝိမတိ)

၁၀။ သမ္မောဒ-အရ ပီတိပါမောဇ္ဇကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား ကစ္စိ ခမနီယံ-အစရှိသော စကားဖြစ်တည်း။ ထို-၏ ပဒဋ္ဌာန်ကား သူတော်အချင်းချင်း ပေါင်းဆုံမိခြင်းတည်း။ ဤသို့ ဩရုယျောရုယျအားဖြင့်လည်းကောင်း။ ထိုပီတိပါမောဇ္ဇသည် ပဿဒ္ဓိ၏ပဒဋ္ဌာန်တည်း။ ထိုသည် သုခ၏ ပဒဋ္ဌာန်တည်း။ ထိုသည် သမာဓိ၏ ပဒဋ္ဌာန်တည်း။ ဤသို့ အာရုယှာရုယှအားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကိုထုတ်ခြင်းသည် ပဒဋ္ဌာနတာရမည်၏။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၀)

(က) ကေမန္တန္တိ ဘာဝနပုံသကနိဒ္ဒေသော"ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ"တိ အာဒီသု ဝိယ။

(ခ) တသ္မာ ယထာ နိသိန္နော ကေမန္တံ နိသိန္နော ဟောတိ၊ တထာ နိသီဒီတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) ဘုမ္မတ္ထေ ဝါ တော် ဥပယောဂဝစနံ။

(ဃ) နိသီဒီတိ ဥပါဝိသိ။

(င) ပဏ္ဍိတာ ဟိ ပုရိသာ ဂရုဋ္ဌာနိယံ ဥပသင်္ကမိတွာ အာသနကုသလတာယ ကေမန္တံ နိသီဒန္တိ၊ အယဉ္စ တေသံ အညတရော၊ တသ္မာ ကေမန္တံ နိသီဒိ။

(၄း၁၀၁း သာရတ္ထ၊၁း၃၃၇း မဇ္ဈသျ၊၂း၁၇၁း ဘာသာဋီကာ၊၁း၅၀၂း ဝဏ္ဏိသစ်၊၂း၉၂း)

====================

၁။ (က)အဖွင့်ကိုရှု၍ ကေမန္တံ-ကို သဒ္ဒတ္ထ အဓိပ္ပါယတ္ထပေး၍။ (င)ဝါကျကို အနက်။

၂။ (ခ)ဝါကျကို အနုသန္ဓေ။ (ဃ)လျှင်းပါး ပုဒ္ဓာ။ (င)ဝါကျကို ဓောဒနာတက်ပါ။

၃။ (ခ၊ဂ၊ဃ၊င)ဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။

၄။ (င)ဝါကျရှိ ဂရုဋ္ဌာနိယံ-ပုဒ်ကို အစိတ်အပေါင်းဝစနတ္ထပြ၍ ဉာသ်နည်းကောက်ပါ။

၅။ ပဏ္ဍိတာ-ပုဒ်ကို ဓာတု၊ ပစ္စယ၊ လိင်္ဂ၊ ဂဏ၊ ကာရန္တ ဝေဘန်ပါ။

၆။ (က၊ဂ၊ဃ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ဂရုဋ္ဌာနိယံ /ဂရုဌာနိယံ နှစ်ပါဌ်တွင် သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၈။ အာသနကုသလတာယ-၌ ရသင့်သော နည်း ဥပစာတို့ကို ဆိုရိုးကျရေးပါ။

၁၀။ ကေမန္တံ နိသီဒိ-၌ ကတ္တားပုဒ်အရ တရားကို ခန္ဓာတရဏာဟာရနေတ္တိနည်းထုတ်။

====================

၁။ (က) သံဝဏ္ဏနာကိုရှု၍=ကေမန္တံ-တစ်ခုသော အရပ်စုကို၊ ကတွာ-၍၊ (သဒ္ဒတ္ထ)

(ဝါ) သင့်တင့်လျောက်ပတ်စွာ။ (အဓိပ္ပါယတ္ထ)

(ဂ)ဝါကျ သံဝဏ္ဏနာကိုရှု၍ = ကေမန္တံ-တစ်ခုသော အရပ်စု၌။ (သဒ္ဒတ္ထ)

(ဝါ) သင့်တင့်လျောက်ပတ်သောအရပ်၌။ (အဓိပ္ပါယတ္ထ) (ဝဏ္ဏိသစ်။၂း၉၃)

### ၂။ (ခ)ဝါကျ အနုသန္ဓေ

ဤသို့ (က)ဖြင့် ကေမန္တံ-သဒ္ဒါသည် ဘာဝနပုံကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်းဟုပြပြီး၍ (ဝါ)ကေမန္တံ-၌ ဝိဘတ်သည် ဘာဝနပုံ (သို့)ကြိယာဝိသေသန အနက်၌ သက်၏ဟုပြပြီး၍ ယခုအခါ၌ အကျိုးလဒ္ဓဂုဏ်ကို ပြခြင်းငှါ (ခ)မိန့်။

http://www.dhammadownload.com



(ဃ)ဝါကျ ပုစ္ဆာ

ဆရာ ဥပါလိမထေရ်သည် နိသီဒိ-ဟုဆိုအံ့။ နိသီဒိ-၌ နိပုဗ္ဗ သီဒဓာတ်သည် (ဝါ) သဒ-ဓာတ်သည် ဝိသရဏတ္ထ၊ ဂတျာဝသာနတ္ထနှစ်ပါးတွင် ဤ၌ အဘယ်အနက်ကို ဟောပါသနည်း။ ဝိသရဏတ္ထကိုပင် ဟောပါသလော။ စုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား= ဂတျာဝသာနကို ဟောအံ့ဟူလို။ (ဓံသစ်၊၂။၉၃)

(င)ဝါကျ စောဒနာ

ဆရာ-ဥပါလိမထေရ်သည် ဥပသင်္ကမိတွာ ဧကမန္တံ နိသီဒိ-ဟု မိန့်ဆိုအံ့။ ဥပသင်္ကမိတွာ နိသီဒိ-ဟုဆိုလျှင် လိုအပ်သောအနက် ပြီးသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဥပသင်္ကမိတွာ ဧကမန္တံ နိသီဒိ-ဟု ဧကမန္တံ-သဒ္ဒါထည့်၍ ဟောပါသနည်း။ ဧကမန္တံ-ဟုထပ်၍ဟောတော်မူခြင်း၏ အကြောင်းကိုမပြသော် ဒေသကဥပါလိမထေရ်အား နိရုတ္တကဒေါသ-၏။ စုဒ်ကြောင့် (င)မိန့်။ (ဓံသစ်၊၂။၉၃။ မအူသျှ၊၂။၁၅၂)

၃။ (က)ဝါကျသည် ပကတိကဏ္ဍ။ ယင်း၌ ဝိသမံ-စသည်ကား ဥပမာနဝါကျ။

(ခ)ဝါကျသည် လက္ခဏ။ ထိုတွင် ယထာ နိသိန္နော။ပ။ဟောတိ-ကား အနိယတ်။ တထာ နိသီဒိ-ကား နိယတ်ဝါကျ။

(ဂ)သည် ဧကမန္တံ-၌ ဒုတိယာဝိဘတ်၏ အနက်တစ်မျိုးကို ပြသောကြောင့် ပကတိကဏ္ဍ။

(ဃ) ပကတိကဏ္ဍ။ (င) ကာရဏ။ (မအူ) ဝိတ္ထာရ။ (ဘာသာဋီ)

၄။ ဝရဉ္ဇာနိယံ=အလေးပြုထိုက်သောသူ၏ တည်ရာအရပ်သို့။ (ဘာသာဋီ)

တိဋ္ဌတိ ဧတ္ထာတိ ဌာနီယော။ (ဌာ၊ အနီယ) (ပဒေသော) ဝရူနော ဌာနီယော ဝရဉ္ဇာနီယော။

♠ ဝရု-အရကား အလေးအမြတ်ပြုထိုက်သော ပုဂ္ဂိုလ်ရ၏။

♠ ထို-၏ တည်ရာအရပ်နှင့် ဌာနီ ဌာနစပ် ဌာနူ။

♠ ပုဒ်လုံးအရကား အလေးအမြတ်ပြုထိုက်သော ပုဂ္ဂိုလ်၏တည်ရာအရပ် ဌာနရ၏။

ဝရဉ္ဇာနိယံ-အလေးအမြတ်ပြုအပ်သောအရာ၌ ထားအပ်သော။ ပုဂ္ဂလံ-သို့။

(ဝါ)-အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်၏ အရာ၌တည်သော။ပုဂ္ဂလံ-သို့။ (မအူ၊ ၁၅၂)

ဝရုကာတဗ္ဗံ ဌာနံ ဝရဉ္ဇာနံ။ ဝရဉ္ဇာနေ ဌပေတဗ္ဗော ဝရဉ္ဇာနီယော။

(တစ်နည်း) ဝရုကာတဗ္ဗောတိ ဝရု။ ဝရုနော ဌာနံ ဝရဉ္ဇာနံ။ ဝရဉ္ဇာနေ ဋ္ဌိတော ဝရဉ္ဇာနီယော။

ဝစနတ္ထမှတ်ဘွယ်

ဥပယောဂေ ဝိဟိတံ ဝစနံ ဥပယောဂဝစနံ။ (ဒုတိယာဝိဘတ်ရ၏)

ဥပယောဂေ ဝိဟိတံ ဝစနံ အဿာတိ ဥပယောဂဝစနံ။ (ဧကမန္တံ-သဒ္ဒါရ၏) (ဝဏ္ဏိသစ်)

ဘာဝဿ နပုံသကံ ဘာဝနပုံသကံ။ နိဒ္ဒိသီယတိ ဣမိနာတိ နိဒ္ဒေသော။

တဿ နိဒ္ဒေသော ဘာဝနပုံသကနိဒ္ဒေသော။

http://www.dhammadownload.com



၅။ ပဏ္ဍိတ=ပဍိဓာတ်၊ တပစ္စည်း။ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။
◆ ပဍိ ဂတိယံ၊ တော၊ နိဋ္ဌိတိတာဝဿ၊ (ဓာန်ဋီ)
ပဏ္ဍာသဒ္ဒူပပဒ ဍုဓာတ်၊ တပစ္စည်း။
◆ သုခုမေသုပိ အတ္ထေသု ပဝတ္တတိ ဝဍ္ဎတီတိ ပဏ္ဍာ၊ ဒုက္ခာဒိနံ ဝါ ပီဠနာဒိအာကာရံ ပဝတ္တိ ဇာနာတီတိ ပဏ္ဍာ၊ ပဏ္ဍာယ ဍုတော ဂတောတိ ပဏ္ဍိတော၊ (သီဋီသစ်၊၁၊၁၆ရ)

၆။ (က)ဝါကျ ဘာဝနပုံသကနိဒ္ဒေသော-ဖြင့် ကေမန္တံ-သဒ္ဒါသည် ဘာဝနပုံကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်းဟု သိစေသည်။(နာမလိင်ပဒ)
(တစ်နည်း) ကေမန္တံ-၌ အံ-သည် သို-ဝိဘတ် စသည်တို့၏ ကာရိယ အံ-မဟုတ်၊ ဒုတိယာကေဝုစ် အံ-ဝိဘတ်၏အဖြစ်ကိုလည်းကောင်း၊ ယင်းအံ-ဝိဘတ်၏ ဘာဝနပုံ (ဝါ)ကြိယာဝိသေသနအနက်၌ သက်-လည်းကောင်း သိစေသည်။
◆ ဘာဝနပုံသကေ ဒုတိယေကဝစနံ၊ (နီတိ၊သုတ္တ)
◆ ကြိယာဝိသေသနံ သတ္တေ၊ ဝုတ္တံ ဓာတုဝိသေသနံ၊
ဘာဝနပုံသကတ္တေ၀၊ သာသနေ သမုဒီရိတံ၊
ဖလာဝတာရသမ္ဘူတ- ဝိန္တာဒိသု နပုံသကံ၊
ဒုတိယေကဝစနန္တံ၊ ယံ တံ တဝ္ဂတိတီရိတံ၊ (ဘေဒစိန္တာ)
(ခ)ဝါကျဖြင့် ကေမန္တံ-၌ ဒုတိယာ အံဝိဘတ်၏အဖြစ်ကိုလည်းကောင်း၊ယင်းအံဝိဘတ်၏ ဘုမ္မတ္ထ-၌သက်-လည်းကောင်း သိစေသည်။
(ဃ)ဝါကျ ဥပါဝိဆိ-ဖြင့် နိသီဒိ-၌ သီဒဓာတ် (သို့)သဒဓာတ်သည် ဝိသရဏ အနက်ကို မဟော၊ ဂတျာဝသာနအနက် ဟောသည်ကိုလည်းကောင်း၊ထိုင်၏ဟူသည် အနီးသို့ဝင်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

## ၇။ ဝရုဍ္ဍာနိယံ / ဝရုဍ္ဍာနိယံ

ဝရုဍ္ဍာနေ ဠပေတဗ္ဗော ဝရုဍ္ဍာနိယော၊ ဝရုဍ္ဍာနေ ဌိတော ဝရုဍ္ဍာနိယော-ဟု ပြုသော (ဂံသစ်၊မဒ္ဒူ) တို့အလို ဂရုဍ္ဍာနပုဒ်၊ ဣယပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် ဝရုဍ္ဍာနိယ-ဟု ရသည်နှင့်ရှိသောပါဠိသင့်။
တိဋ္ဌတိ ဧတ္ထာတိ ဌာနိယော၊ ဝရုနော ဌာနိယော ဝရုဍ္ဍာနိယော-ဟု ပြုသောဘာသာဋီကာအလို ဝရု-ဌာဓာတ်၊ အနိယဖြင့်ပြီးသောကြောင့် ဝရုဍ္ဍာနိယ-ဟု ဒိဃနှင့် သင့်။

## ၈။ အာသနကုသလတာယ

အစိတ်ဖြစ်သော နေရာဌာန၌ ကျွမ်းကျင်လိမ်မာခြင်း၏ အာသနကုသလတာယ-ဟူသော အမည်ကို အပေါင်းဖြစ်သော နေရာဌာန၌ ကျွမ်းကျင်လိမ်မာခြင်း၊ ဒေသကာလ စသည်တို့၌ ကျွမ်းကျင် လိမ်မာခြင်းတို့၌ တင်- ဧကဒေသူပစာ၊ အဝယဝူပစာ၊ ဥပလက္ခဏနည်း၊ နိဒဿနနည်း။

http://www.dhammadownload.com



မှတ်ချက်။ အတိဒူရံ၊ အစ္စာသန္နံ-စသော ဖ-ပုဒ်၌ ဌာနူပစာ၊ နာနတ္ထရိကနည်းတင်။
ဌာနဖြစ်သော အလွန်ဝေးသောအရပ်၏ အတိဒူရံ-ဟူသောအမည်ကို ဌာနီဖြစ်သော အလွန်ဝေးသောအရပ်၌နေခြင်း၌ တင်။ (ကြွင်းပုဒ်များနည်းတူ)

၁၀။ ကေမန္တံ နိသိဒိ-၌ ကတ္တားပုဒ်အရ ဝေရဉ္စာပုဏ္ဏား၏ ခန္ဓပဉ္စကကိုယူ၍ထုတ်။

==============================

# ဝါကျဥယျာဉ် (၅၁)

(က) ဝေံ ဝုတ္တေပိ ဗြာဟ္မဏော ဒုပ္ပညတာယ တထာဂတဿ လောကေ ဇေဋ္ဌဘာဝံ အသလ္လက္ခေန္တော ကေဝလံ တံ ဝစနံ အသဟမာနော အာဟ "အရသရူပေါ ဘဝံ ဂေါတမော"တိ။

(ခ) အယံ ကိရဿ အဓိပ္ပါယော--- ယံ လောကေ အဘိဝါဒနပစ္စုဋ္ဌာနအဉ္ဇလိကမ္မ-သာမိစိကမ္မံ "သာမဂ္ဂိရသော"တိ ဝုစ္စတိ။

(ဂ) တံ ဘောတော ဂေါတမဿ နတ္ထိ၊ တသ္မာ အရသရူပေါ ဘဝံ ဂေါတမော၊ အရသဇာတိကော အရသသဘာဝေါတိ။

(၄း၁၀၃။ သာရတ္ထ၊၁။၃၃၉။ မအူသျ၊၂။၁၈၆။ ဘာသာဋီကာ၊၁။၅၁၅။ ဝဏ္ဏိသစ်၊၂။၁၀၆။)

==========================

၁။ (က)ဝါကျပါဋ္ဌိတော်ကိုသာ သံဝဏ္ဏနာနှင့်အညီအနက်ပေး၍၊ ဝုစ္စတိ-၏ ကတ္တား စွက်၍ (ခ)ဝါကျကို အနက်ပေးပါ။
၂။ (ခ)သာဘောဂပုစ္ဆာ၊ (က)၌ ဖြစ်သင့်သောဟိတ်ပါဌ်တို့ကိုသာပညတ်နည်းစာထွက်ပါ။
၃။ (က)စသည်-အကြောင်းပြအမည်ပေး၊အဿ-ကိုသဒ္ဒါနည်း၊တံ-ကိုပရမတ်နည်းစာစပ်။
၄။ သာမဂ္ဂိရသ၌သာမဂ္ဂိ-ပုဒ်ကိုအစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်း၌ ဉာဏ်ကောက်ပါ၊
၅။ ကေဝလံ၊ သာမိစိ-ပုဒ်တို့၏ ဓာတု၊ ပစ္စယ၊ လိင်ခွဲပြ၍၊ ကိရ-သည် အဘယ်ပုဒ် ဖြစ်၍ အဘယ်အနက်ကို ဟောပါသနည်း။
၆။ (ဂ)ဝါကျကို အန္ဒယ၊ ဇျတိရေကအာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အဉ္ဇလိ၊ အဉ္ဇလီ။ သာမိစိ၊ သာမိစိဟူ၍ရှိရာ သင့်ရာပါဌ်ကိုအကြောင်းပြဆုံးဖြတ်။
၈။ (က)ဝါကျ ကတ္တားပုဒ်၌ ရသင့်သော နည်း ဥပစာတို့ကို အကြောင်းပြ၍ဖြေပါ။
၁၀။ အရသရူပေါ-၌ ရသ အရတရားကို ယူ၍ ဒေသနာဟာရနေတ္တိနည်း ထုတ်ပါ။

====================

၁။ ဘဝံ ဂေါတမော-သည်၊ အရသရူပေါ-သာမဂ္ဂီရသဟုဆိုအပ်သော အဘိဝါဒန အစရှိသော ပြည့်စုံခြင်းသဘောမရှိ၊ (ဝါ)သာမဂ္ဂိရသဟုဆိုအပ်သော အဘိဝါဒနအစရှိသော ကိစ္စသဘောမရှိ၊ (ဝါ) သာမဂ္ဂိရသဟုဆိုအပ်သော အကျင့်သဘောမရှိ။
(ခ)ဝါကျ ဝုစ္စတိ-၏ ကတ္တား ကို ဧနေတိ-ဟုထည့်ရမည်။

F 33 A

http://www.dhammadownload.com



၂။ (ခ)ပါဠိ သာဘောဝပုစ္ဆာ

ဆရာ–သည် (က)ပါဠိဖြင့် အရသရူပေါ် ဘဝံ ဂေါတမော–ဟူသော ပါဠိတော်၏အနုသန္ဓေကို ပြတော်မူ၏။ ယင်းပါဠိတော်စကားရပ်နှင့်ပတ်သက်၍ ဝေရဉ္ဇပုဏ္ဏားကြီး၏ အလိုအဓိပ္ပါယ်ကို မသိအပ်သည် မဟုတ်ပါလော။ ပုဏ္ဏားကြီး၏ အလိုအဓိပ္ပါယ်ကား အဘယ်ပါနည်း။ ဖုဒ်ကြောင့် (ခ)မိန့်။

ပညတ်နည်းစာထွက်ပုံ

ဆရာ–သည် အရသရူပေါ် ဘဝံ ဂေါတမောတိ အာဟ–ဖြင့် ပုဏ္ဏားကြီးသည် အရသရူပေါ် ဘဝံ ဂေါတမော–ဟု ဆိုသည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ အဘယ့်ကြောင့် ပုဏ္ဏားကြီးသည် အရသရူပေါ် ဘဝံ ဂေါတမော–ဟု ဆိုပါသနည်း။ ဖုဒ်ကြောင့် အသလ္လက္ခေန္တော အသတမာနော–ဟူသောပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား–မမှတ်သားနိုင် သည်းမခံနိုင်သောကြောင့် ဆိုပါ၏ဟူလို။

ဒုပ္ပညတာယသို့–စာထွက်

ဆရာ–သည် အသလ္လက္ခေန္တော၊ အသဟမာနော–ဖြင့် မမှတ်သားနိုင်သည်းမခံနိုင်ဟုဆို၏။ အဘယ့်ကြောင့် မမှတ်သားနိုင်၊ သည်းမခံနိုင်ပါသနည်း။ ပညာရှိလျက် အမျက်ဒေါသကြောင့် မမှတ်သားနိုင်၊ သည်းမခံနိုင်ပါသလော။ မမှတ်သားနိုင်၊ သည်းမခံနိုင်ခြင်း၏ အကြောင်းကိုမပြသော် ဆရာ့အား အကြောင်းမှ ယုတ်သော တိနုတ္တက ဒေါသသင့်ရောက်ရာ၏။ ဖုဒ်ကြောင့် ဒုပ္ပညတာယ–မိန့်။

အဓိပ္ပါယ်ကား = ပညာမရှိသောကြောင့် ဟူလို။

(က)ပါဠိ သာဘောဝပုစ္ဆာ

ဆရာ – ဝေရဉ္ဇပုဏ္ဏားကြီးသည် အရသရူပေါ် ဘဝံ ဂေါတမော–ဟုဆို၏။ နာဟံ တံ ဗြာဟ္မဏ–စသည်ဖြင့် သမ္ပန္နယုတ္တအဖြစ်ကို (ပါ) အဘိဝါဒနစသောအမှုကို မပြုသင့်သည်၏အဖြစ်ကို အတ္တုက္ကံသနပရဝမ္ဘနသို့ မကပ်ဘဲ ပုဏ္ဏားကြီးအား ပြပြီး မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့်ပုဏ္ဏားသည် အရသရူပေါ် ဘဝံ ဂေါတမော–ဟူသောစကားကိုဆိုပြန်ပါသနည်း။ဖုဒ်ကြောင့် ဓဝံ ဝုတ္တေစသော(က)မိန့်။

အဓိပ္ပါယ်ကား= ပညာမဲ့သည်ဖြစ်၍ လောကဝေဒ္ဒကာ၏ အဖြစ်ကို မမှတ်နိုင်ရကား သည်းမခံနိုင်သောကြောင့် ဆိုပြန်ပါ၏ဟူလိုသော်။ (ပါရာ၊ဝိသစ်၊ ၂။၁၀၆)

၃။ (က)ပါဠိ အနုသန္ဓေ ပက္ခန္တရပါဠိ။

(ခ)သည် အနုသန္ဓေမှတစ်ပါး ပုဏ္ဏားကြီး၏ အလိုအတ္ထယောဇနာကိုပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း၊)ပုဏ္ဏားကြီး၏အလိုကို ချဲပြသောကြောင့် ဝိတ္ထာရ။ (ဘာသာဋီ)

http://www.dhammadownload.com



(ဂ)သည် နိယတ်ဝါကျ။ ယင်း (ဂ)ဝါကျ၌ တသ္မာ-စသည်ကား လဒ္ဓဂုဏဝါကျ။
အဿ-ကား ဏ်-ကြောင့် အဓိပ္ပါယော-၌ သမ္ဗန် သမ္ဗန္ဓ စပ်။
တံ-ကား သည်- ကြောင့် နတ္ထိ-၌ သဟဇာတာဒိပစ္စည်း-ပစ္စယုပ္ပန်စပ်။
(က) ဝုတ္တေပိ-၌ ပိ-ကားဝရဟာ။ မိန့်တော်မမူအပ်သော်ကား ဆိုဘွယ်မရှိ။(မအူသျှ)

၄။ သမံ အဝေတိတိ သမဝေါ၊ (အညီအညွတ်ဖြစ်တတ်သူရ၏)
သမဝဿ ဘာဝေါ သာမဂ္ဂိ၊ (သမဝ၊ ဏီ)
သမဝ-ပုဒ်အရကား အညီအညွတ်ဖြစ်တတ်သောသူရ၏။
ထို-၏ အဘိဝါဒနစသော အမှုကိစ္စနှင့် သာမိ-သံ။ ဂုဏေး ဂုဏ် စပ်- ဌာန။
ဏီပစ္စည်းအရကား ထို-သော အညီအညွတ်ဖြစ်တတ်သောသူ၏ ဖြစ်ကြောင်းဖြစ်ရာ
အဘိဝါဒနစသော အမှုကိစ္စရ၏။ (မအူ၊ဝံသစ်)
ဘာသာဋီကာ-၌ သမဂ္ဂါနံ သော သာမဂ္ဂိ ဟုပြုသည်။ (အကောက်တူ)
ရသော ဝေ ရူပံ ရသရူပံ၊
နတ္ထိ ရသရူပံ ဧတဿ ဘောတော ဂေါတမဿာတိ အရသရူပေါ၊
န ရသရူပ-အရ အဘိဝါဒနစသောကိစ္စသဘောမရှိခြင်းအဘာဝသောဂုဏ်သည် မုချ။
ထို-၏ မြတ်စွာဘုရားနှင့် ဂုဏ် ဂုဏေးစပ် ဌာန။
တေ-အညပုဒ်အရကား အဘိဝါဒနစသော ကိစ္စသဘောမရှိသော ဘုရားရှင်ရ၏။

## ဝစနတ္ထမှတ်ဘွယ်

ရသိယတိ အဿာဒိယတီတိ ရသော။
သာမဂ္ဂိစ သာ ရသောစာတိ သာမဂ္ဂိရသော။ (ဗွိ-၌ မစွေရသ) (ဘာသာဋီ၊၅၁၅)
ပကာရေန ဇာနာတိတိ ပညာ။ နတ္ထိ ပညာ ဧတဿ ဗြာဟ္မဏဿာတိ ဒုပ္ပညော။
ဒုပ္ပညဿ ဘာဝေါ ဒုပ္ပညတာ။
ရသောဝေ ဇာတိ ရသဇာတိ။
နတ္ထိ ရသဇာတိ ဧတဿ ဘောတော ဂေါတမဿာတိ အရသဇာတိကော။
နတ္ထိ ရသသဘာဝေါ ဧတဿာတိ အရသသဘာဝေါ။ (မအူသျှ)

၅။ ကေဝလံ= ကေဝ-အလ။ နပုံလိင်။
သာမိစီ= သံ အဥ္စ-ဏ။ ဣတ္ထိဇောတက ဤပစ္စည်း။ (ပါဠိပဒ၊၄)
"ကိရာနုသဝါရိစိဆု"(အဘိဓာန် ၁၂၀၀)ကိုထောက်၍ ကိရ-ကား နိပါတ်အဗျယပုဒ်ဖြစ်
သည်။ ၎င်း ကိရသည် အနုဿဝအနက်၊ အရုစိအနက်တို့ကို ဟောပါသည်။

http://www.dhammadownload.com



၆။ (ဂ)ပါဠိ အရသဇာတိကော-ဖြင့် အရသရူပေါ်-၌ ရသ-အရ ကိစ္စရသကိုယူ-လည်းကောင်း။ ရူပသဒ္ဒါ၏ သဘာဝအနက်ဟော- လည်းကောင်း သိစေပါသည်။

အရသသဘာဝေါ်-ဖြင့် အရသရူပေါ်-၌ ရသ-အရ အာစာရရသကိုယူ-လည်းကောင်း၊ ရူပ- သဒ္ဒါ၏ သဘာဝအနက်ဟော-လည်းကောင်း သိစေ။

ဝိသစ်-အလို။ အရသဇာတိကော အရသသဘာဝေါ်-ဖြင့် ရသ-အရ သမ္ပတ္တိရသကို (ပါ)ကိစ္စရသကိုယူ-လည်းကောင်း၊ရူပသဒ္ဒါ-သဘာဝအနက်ဟော-လည်းကောင်းသိစေ၊ တံ ဘောတော ဂေါတမဿ နတ္ထိ-ဖြင့် အရသရူပေါ်-၌ န နှင့် ရူပရသကို နတ္ထိ ရသရူပံ တဿ ဘောတော ဂေါတမဿာတိ အရသရူပေါ်-ဟု စတုတ္ထီဗဟုဗ္ဗီဟိပြု-လည်းကောင်း၊ န-၏ ကာရိယ အ-၏ အဘာဝအနက်ဟော-လည်းကောင်း သိစေ။

ပါဠိတော်နိသျ၌ကား" သာမဂ္ဂိသင်္ဂါတဿ ဝုဋ္ဌာပစာယနစမ္မဿ ရသီယတေ အဿာဒီယတေ ရသော၊ သောယေဝ ရူပေါ် သဘာဝေါတိ ရသရူပေါ်။ နတ္ထိ ရသရူပေါ် ဧတဿ ဘောတော ဂေါတမဿာတိ အရသရူပေါ်။ ဤသို့ ပုဏ္ဏားအလိုဝစနတ္ထပြုရမည်ဟု မှာထားသည်။

## ၇။ အဥ္ဇလိ / အဉ္စလိ

(၁၃၆) အဉ္စာလိ။ အဥ္စ ဗျတ္တိမက္ခနဂတိကန္တီသု၊ တေသွာ အလိ ဟောတိ၊ အဉ္စတိ ဘတ္တိမနေန ပကာသေတီတိ အဉ္စလိ၊ ကရပုဋော၊ (ဏွာဒိ၊မောဂ်၊ ၁၉၆) ကိုထောက်၍ အဉ္စ ဓာတ်၊ အလိပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့် အဉ္စလိ-ဟုရှိသောပါဠိသာ သင့်ပါသည်။

သီလက္ခန်၊ချောင်းကောက်ဝဏ္ဏသစ်၊ ၄၁၅-၌ (ဏွာဒိ၊ မောဂ် အဉ္စာလိသုတ်နှင့်၊ နီတိ၊ ဓာတု- မဂ္ဂံ အဉ္စတိ၊ဗုဒ္ဓံ အဉ္စတိ)တို့ကိုထောက်၍ အဉ္စလိ-ဟုရှိသောပါဠိလည်း သင့်ကြောင်း ဆုံးဖြတ်ထားသည်။

လက်ရှိ ဏွာဒိမောဂ်-၌ကား ဝိသစ်ဆိုသည့်အတိုင်း အဉ္စာလိ-ဟုမရှိ။ အဉ္စာလိ-ဟုသာရှိသည်။

## သာမီစိ / သာမိစိ / သာမီစီ / သာမိစီ

(သမ္မာ ဘာဝေါ သာမီစိ၊ သမ္မာပုဒ်-ဏပစ္စည်းသက်၊ တဒမနာဒိ-ဖြင့် စ-လာ အာ-ကို ဣ-ပြု၊ မ-သံယုတ်ကိုချေ။ ဝုဒ္ဓိ-ပြု။ ဝီ-ပစ္စည်းသက်)ဟု မောဂ်သျှ၊၄၊၅၉- သုတ်၊၁၀၃-၌ဆိုသော ကြောင့် သာမီစီ-ဟု ရှိသောပါဠိသာ သင့်ပါသည်။

တိပိဋကပါဠိပဒကျမ်းညွှန်း၊၄-၌ကား သာမီစိ၊ သာမိစိ-(ထိ)၊သမ္မာ-ဏ၊ဣ။ (ဏိ)ဟုပုဒ်ပစ္စည်းခွဲ၍ နှစ်ပါဌ်လုံး ပြဆိုထားသည်၊ ယင်းအလို သာမီစိ၊ သာမိစိ နှစ်ပါဌ်လုံး သင့်သည်။

ပါဇိတ်အဋ္ဌကထာ၌ "သာမိစိကမ္မန္တိ မဂ္ဂသမ္ပာဒန ဗီဇန ပါနီယာ ပုစ္ဆနာဒိကံ အနုစ္ဆဝိကဝတ္တံ-ဟုဖွင့်ဆိုထားသည်။ ယင်းအလို သာမိစိ-ပါဌ်လည်း သင့်သည်။

အထက်ပါ သာဓကများအရ သာမီစိ၊ သာမိစိ၊ သာမီစီ၊ သာမိစီ ၄-ပါဌ်လုံးသင့်-ဟု ဆုံးဖြတ်။

http://www.dhammadownload.com



၉။ ဖြာတ္တဏော

အပေါင်း ဇာတိဖြာဟ္ဟဏာ၊ ဝိသုဒ္ဓိဖြာဟ္မဏာတို့၏ ဖြာတ္မဏာ-ဟူသောအမည်ကို အစိတ်ဖြစ်သော ဇာတိဖြာဟ္မဏာ၌တင် ကေဒေသျူပစာ၊ရဋ္ဌီနည်း။

၁၀။ အရသရူပေါ်-၌ ရသ-အရ အဘိဝါဒနစသည်ကို ပြုခြင်းဟုဆိုအပ်သော သာမဂ္ဂိရသ ကိုယူ၍-ထိုသည် သာယာအပ်သောကြောင့် အဿာဒမည်၏စသည်ဖြင့် ထုတ်ပါ။

==========================

## ဝါကျဥယျာဉ် (၅၂)

(က) တတ္ထ ပရိယာယောတိ ကာရဏံ။

(ခ) အယဉ္ဟိ ပရိယာယသဒ္ဒေါ ဒေသနာဝါရကာရဏေသု ဝတ္တတိ။

(ဂ) "မဓုပိဏ္ဍိက ပရိယာယောတွေဝ နံ ဓာရေဟီ"တိ အာဒီသု ဟိ သေ ဒေသနာယံ ဝတ္တတိ။ "ကဿ နု ခေါ် အာနန္ဒ အဇ္ဇ ပရိယာယော ဘိက္ခုနိယော ဩဝဒိတု"န္တိ အာဒီသု ဝါရေ။ "သာဓု ဘန္တေ ဘဂဝါ အညံ ပရိယာယံ အာစိက္ခတု၊ ယထာယံ ဘိက္ခုသံဃော အညာယ သဏ္ဌဟေယျာ"တိအာဒီသု ကာရဏေ။

(ဃ) သွာယမိဓ ကာရဏေ ဝတ္တတိ။

(င) တသ္မာ ဧတ္ထ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။

(၄။၁၀၃။ သာရတ္ထ၊၁။၃၃၉။ မအူသျ၊၂။၁၈၈။ ဘာသာဋီကာ၊၁။၅၁၆။ ဂဏ္ဌိသစ်၊၂။၁၀၈။)

=====================

၁။ (က)ဝါကျကို နိယမာနိယမ၊ တုလျတ် လိင်တ်နည်းဖြင့်လည်းကောင်း၊ တ္တတိသဒ္ဒါ အာကာရတ္ထ၊နာမတ္ထကြံ၍လည်းကောင်း၊ တတ္ထ-ကိုဆရာနည်းကျကျ ခွဲယူသုံးသပ်၍ လည်းကောင်း အနက်ပေးပါ။

၂။ (ခ)ဝါကျကို သဒ္ဒသံသယ၊ အတ္ထသံသယအာဘော်နှစ်ချက်ထား၍ ဌပနာတိကပုစ္ဆာ။ (ဂ)ဝါကျကို သာဘောဂစောဒနာ။ (ဃ)ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (က)စသောဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။

၄။ ပရိယာယ-ပုဒ်ကို အတ္ထာနုရူပဝိဂ္ဂဟပြု၍ အသီးသီးဉာဉ်ကောက်ပါ။

၅။ အညံ ပရိယာယံ၊ အညာယ သဏ္ဌဟေယျ-တို့၌ပါသော အညာ-နှစ်ပုဒ်တို့၏ ပဒ၊ လိင်၊ ဂဏ၊ ကာရန္တတို့ကို စိစစ်ပြပါ။

၆။ (က၊ခ၊ဃ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (င)၌ ဧဝမတ္ထော ဒဋ္ဌဗ္ဗော/ ဧဝမတ္ထော ဝေဒိတဗ္ဗော------ အကြောင်းပြ၍ ဆုံးဖြတ်။

၈။ အညာယ-၌ ရသင့်သော နည်း ဥပစာတို့ကို ရေးပါ။

၁၀။ အာစိက္ခတု-၌ စိက္ခဓာတ်အရကို ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

http://www.dhammadownload.com



၁။ သန္ဒသနကြိယာယ-၏၊ ကရဏဘူတေ-သော၊ ဖြူတေယာ-၏၊ ကမ္မဘူတေ-သော၊
တတ္ထ တသ္မိံ အတ္ထိခွေသ ဖြာဟွဏာ ပရိယာယောတိအာဒိဝစနေ-၌။
ကာရဏံ-အကြောင်းသည်၊ ပရိယောယောတိ ပရိယာယောနာမ-မည်၏။
(ဤကား တုလျှတ် လိင်တ်၊ ဣတိသဒ္ဒါ နာမတ္ထ)
ယံ ကာရဏံ-အကြောင်းအကြောင်းသည်၊ အတ္ထိ-၏။ တံ ကာရဏံ-ကို၊ ပရိယာယောတိ
-ပရိယာယဟူ၍၊ ဝုစ္စတိ-၏။ (ဤကား နိယမာနိယမ၊ ဣတိသဒ္ဒါ အာကာရတ္ထ)

## ၂။ (ခ)ဝါကျ ဥပနာတိကပုစ္ဆာ

ဆရာ-သည် (က)ဝါကျဖြင့် ပရိယာယောတိ ကာရဏံ-ဟုဆို၏။ အဘယ့်ကြောင့် ပရိယာယောတိ ကာရဏံ-ဟုဆိုပါသနည်း။ပရိယာယသဒ္ဒါသည် ကာရဏတ္ထကိုဟော၏လော။ (သန္ဒသံသယအာဘော်) (ဝါ)ကာရဏတ္ထသည် ပရိယာယသဒ္ဒါ၏အနက်ဟုတ်ပါ၏လော။ (အတ္ထသံသယအာဘော်) စုဒ်ကြောင့်(ခ)မိန့်။

အဓိပ္ပါယ်ကား=ပရိယာယသဒ္ဒါသည် ဒေသနာ၊ ဝါရ၊ ကာရဏအနက်တို့၌ဖြစ်၍ ပရိယာယသဒ္ဒါသည် ကာရဏအနက်ကို ဟောနိုင်သောကြောင့် ပရိယာယောတိ ကာရဏံ-ဟု ဝါဆိုပါ၏ဟူလို။ (ပါရာဝံသစ်၊၂။၁၀၈)

## (ဂ)ဝါကျ သာဘောဝပုစ္ဆာ

(သုန္ဒရံ မနော ကဲ့သို့ သိရော-ကား နပုံလိင်) (ဘာသာဋီကာ)
(မြှောက်ချီအပ်သော ဦးခေါင်း၏ တကြွမဖျတ္တုပေက္ခာနှင့် သဒိသ သဒိသီစပ်)

(ဃ)ပရိဗျတ္တကိစ္စာ =ပရိဗျတ္တံ ကိစ္စံ ဧတိမိဿာ တကြွမဖျတ္တုပေက္ခာယာတိ ပရိဗျတ္တကိစ္စာ။ (မအူ)

သတော-ဉာသ်ကောက်ပုံ

- သရဓာတ်အရ သတိပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မှချ။
(ဧဒေး ဗလူ၊ နောက် ကာရဏ္ဏကောက်မြဲ)
- တ-ပစ္စည်းအရကား အောက်မေ့တတ်သောပုဂ္ဂိုလ်ရ၏။
- ထိုသို့ပင်ရငြားသော်လည်း သတော-သည် ဤ၌ ဌာနူပစာသဒ္ဒါဖြစ်သောကြောင့် သတိသည်သာ ပဓာနအားဖြင့်ရ၏။
သမ္ပဇာနော-ပုဒ်ကိုလည်း သတော-ုဒ်ကို နည်းမှီး၍ ကောက်လေ။
သမ္ပဇာနဿ ဘာဝေါ သမ္ပဇညံ။ (ပုဂ္ဂိုလ်၏ ပညာနှင့်ဂုဏ ဂုဏီစပ်)

၅။ ဥက္ခိတ္တ-ပုဒ်ကို ဥက္ခိတ္တော၊ ဥက္ခိတ္တာ စသည်ဖြင့် ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းစဉ်ပါ။
ဥက္ခိတ္တ-၌ ခိပ-ဓာတ်ယူ၍ ခိပေယျ၊ ခိပေယျုံ စသည်ဖြင့် စဉ်ပါ။
တွဲဘက် ဥပသာရပုဒ်ပါဝင်စေ၍ ဥက္ခိပေယျ၊ ဥက္ခိပေယျုံ စသည်ဖြင့်စဉ်ပါ။
သိရ= သိ၊ ရက်။ ကုသုမာဒီတိ သေဝိယတီတိ သိရော။ (ဏွာဒိမောဇ်။ ၁၄၃)

http://www.dhammadownload.com



၆။ (င) သရတိ-ဖြင့် သတော-၌ သရဓာတ်၏အဖြစ်။တ-ပစ္စည်း ကတ္တားအနက်၌သက်။ သရတီတိ သတော-ဟု ကတ္တုသာဓနပြု-သိစေ။

သမ္ပဇာနာတိ-ဖြင့် သမ္ပဇာနော-၌ သံ ပရှေးရှိသော ဉာဓာတ်၏အဖြစ်၊ယု-ပစ္စည်းကတ္တားအနက်၌သက်၊ သမ္ပဇာနာတီတိ သမ္ပဇာနော-ဟုပြု-သိစေ။

(စ)ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်၊ ဓမ္မာဓိဋ္ဌာန်နှစ်မျိုးတွင် သတော သမ္ပဇာနော-ကား ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာမျိုးတည်းဟု သိစေပါသည်။

◆ ပုဂ္ဂလေနာတိ ပုဂ္ဂလာဓိဋ္ဌာနေန။ (သာရတ္ထ။ ၃၅၅)

(တစ်နည်း) သတော သမ္ပဇာနော-ဟု ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောသော်လည်း ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်မည်သည် မရှိသောကြောင့် သတိသမ္ပဇဉ်တရားကို အရကောက်ရမည်ဟု သိစေပါသည်။

ရ။ ဥက္ခိတ္တသိရာဝိယ / ဥက္ခိတ္တသိရောဝိယ

ဤနေရာ၌ တတြမဇ္ဈတ္တုပေက္ခာကို ရသောကြောင့် ဥက္ခိတ္တသိရာဝိယ-ဟု ဣတ္ထိလိင်နှင့်ရှိသော ပါဌ်သာသင့်သည်။ ဥက္ခိတ္တသိရော ဝိယ မသင့်ပါ။

၉။ သတော သမ္ပဇာနော

ဈာန-အောက်မေ့တတ် ကောင်းစွာအပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ "သတော သမ္ပဇာနော"ဟူသောအမည်ကို ဈာနီဖြစ်သော သတိ သမ္ပဇဉ်၌ တင်စားသောကြောင့် ဈာနူပစာ။ နာနန္တရိကနည်း။

ဥက္ခိတ္တသိရာဝိယ

အတူဖြစ်သော မြောက်ချီအပ်သော ဦးခေါင်းရှိသူ၏"ဥက္ခိတ္တသိရ"ဟူသော အမည်ကို အတူရှိသော တတြမဇ္ဈတ္တုပေက္ခာ၌ တင်- သဒိသူပစာ။ ရုဠှီနည်း။

(တစ်နည်း) တတြမဇ္ဈတ္တတာစေတသိက်၌ ဦးခေါင်းကို မြောက်ချီတတ်သော သတ္တိမရှိသော်လည်း ရှိသကဲ့သို့ တင်စား၍ခေါ်ဝေါ်ထားသောကြောင့် တဒ္ဓမ္မူပစာ၊ (ဘာသာဋီကာ၊၁။၆၁၂)

၁၀။ (ဃ)ပါဠိ ဝုတ္တာ-၌ ဝစဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်ကိုယူ၍ ထုတ်လေ။

========================

## ပါဠိကျဉ်းချုပ် (၉၄)

(က) ဣဒါနိ သုခဥ္စ ကာယေန ပဋိသံဝေဒေသိန္တိဧတ္ထ ကိဥ္စာပိ တတိယဇ္ဈာနသမင်္ဂိနော သုခပ္ပဋိသံဝေဒနာဘောဂေါ နတ္ထိ၊ ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။

http://www.dhammadownload.com



(ခ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံသမုဋ္ဌာနေနသ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋောယဿ ဖုဋ္ဌတ္တာ ဗျာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ၊ တသ္မာ တေမတ္ထံ ဒဿေန္တော"သုခဥ္စ ကာယေန ပဋိသံဝေဒေသိ"န္တိ အာဟ။

(ဂ) ယ္ကာဒါနိ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိတ္တေ ယံဈာနဟေတု ယံဈာနကာရဏာ တံ တတိယဈာနသမင်္ဂိပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ ပညပေန္တိ ပဋ္ဌပေန္တိ ဝိဝရန္တိ ဝိဘဇန္တိ ဥတ္တာနီကရောန္တိ ပကာသေန္တိ၊ ပသံသန္တီတိ အဓိပ္ပါယော။

(၄။၁၂၁။ သာရတ္ထ၊၁။၃၅၅။ မအ္ဋ၊၂။၂၉၃။ ဘာသာဋီ၊၁။၆၁၅။ ဝဏ္ဏိသစ်၊၂။၂၀၆)

========================

၁။ (က၊ခ)ဝါကျသံဝဏ္ဏနာများနှင့် အညီ သံဝဏ္ဏေတဗ္ဗကိုသာ အနက်ပေးပါ။
၂။ (ခ)ဝါကျကို ပုစ္ဆာ၊ (ဂ)ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (ခ၊ဂ)ဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (က)ဝါကျ ယ္ကာဒါနိ-ပုဒ်ကို စာစပ်ပါ။
၄။ သုခပ္ပဋိသံဝေဒနာဘာဝေါ-ကို ဝစနတ္ထပြု၍ ဉာဉ်ကောက်ပါ။
၅။ သုခ-ကို နာမပဒမာလာ၊ ယင်း၌ဓာတ်ကိုဝတ္တမာန်ပရဿပုဒ်ဖြင့်အာချာတပဒမာလာ။
၆။ (က၊ခ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (ခ)၌ ဖုဋော ဖုဋ္ဌတ္တာ/ဖုဋ္ဌော ဖုဋ္ဌတ္တာ-နှစ်ပါး၌တွင် သင့်ရာပါဌ်ကိုအကြောင်းပြဆုံးဖြတ်။
၈။ (က) သံဝဏ္ဏေတဗ္ဗ-၌ ရသင့်သော နယူပစာရကိုရေးပါ။
၁၀။ သမင်္ဂီ-ပုဒ်၏ ဝေဝစနဟာရနေတ္တိထုတ်ပါ။

========================

၁။ ၆-နံပါတ်အဖြေ၌ ရှုပါ။

၂။ (ခ)ဝါကျ ပုစ္ဆာ

ဆရာ---သည်(က)ဝါကျဖြင့် စေတသိကသုခကို ဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယဖြင့် ခံစားခြင်းဟု ဆိုအပ်သော အနက်ကို ပြလိုသောကြောင့် မြတ်စွာဘုရားသည် "သုခဥ္စ ကာယေန ပဋိသံဝေဒေသိ "ဟု ဟောတော်မူသောဟု ဆို၏။ ယင်းအကြောင်းတစ်မျိုးကြောင့်သာ "သုခဥ္စ ကာယေန ပဋိသံဝေဒေသိ " ဟုဟောတော်မူပါသလော။ အဘယ်အကြောင်းကြောင့် ဟောတော်မူပါသေးသနည်း။ ဟုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား= ဈာန်မှ ထသောအခါ၌လည်း ကာယိကသုခကို ကာယဝိညာဉ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယဖြင့် ခံစားခြင်းဟုဆိုအပ်သော အနက်ကို ပြလိုသောကြောင့်လည်း "သုခဥ္စ ကာယေန ပဋိသံဝေဒေသိ "ဟူသော စကားကို ဟောတော်မူပါ၏ဟူလိုသော်။

http://www.dhammadownload.com



(ခ)ဝါကျ ဝဏ္ဏိသစ်ကျမ်းတက်ပုံ

"ကာယိကသုခကို ရျာန်ဝင်စားခိုက်ခံစားသည်မှတပါး ရျာန်မှထသောအခါလည်း ခံစားသည်ကိုပြခြင်းငှါ 'ယံ ဝါ တံ'စသည်ကိုမိန့်"။ (ဝဏ္ဏိသစ်၊၂။၂၀၇)

(ဂ)ဝါကျ အနုသန္ဓေ

ဤသို့(က၊ခ)ဝါကျတို့ဖြင့် "သုခဉ္စ ကာယေန ပဋိသံဝေဒေသိ "ဟူသော ပါဠိတော်၏ ပရာနုသန္ဓေသမ္ဗန္ဓသံဝဏ္ဏနာကိုပြပြီး၍၊ ယခုအခါ၌ ယံ တံ အရိယာ အာစိက္ခန္တိ-စသောပါဠိတော်၏အဖွင့်ကို ပြလိုသောဆရာသည် (ဂ)မိန့်။

၃။ (က)ဝါကျ၌ ကိဥ္စာပိမှ နတ္ထိတိုင်အောင် စောဒကာဘော၊ အနုဂ္ဂဟဝါကျ။
ဝေံ သန္တေပိ စသည်ကား ပရိဟာရာဘော၊ အရုချတ္ထဝါကျ။
(ခ)ပက္ခန္တရ။ယင်း(ခ)၌ရှေ့ပိုင်းကား ကာရဏ။တသ္မာ တေမတ္ထံ-စသောနောက်ပိုင်းကားဖလ။
(ဂ)ဝါကျသည် ပက္ခန္တရ။
(က)ဝါကျ တ္တဒါနိ-ကို ဒဿေန္တော အာဟ-တို့၌ အာခာရ အာခာရိစပ်။
ဝေံသန္တေပိ-၌ ပိ-ကား အရုချတ္ထ။

၄။ သုခဿ ပဋိသံဝေဒနာ သုခပ္ပဋိသံဝေဒနာ။
သုခပ္ပဋိသံဝေဒနာယ အာဘောဂေါ သုခပ္ပဋိသံဝေဒနာဘောဂေါ။

- သုခပ္ပဋိသံဝေဒနာ-ပုဒ်၏အရကား သုခကိုခံစားခြင်းရ၏။
- ထို-၏ နှလုံးသွင်းခြင်းနှင့် ဂုဏ် ဂုဏီစပ် ဌာန။
- ပုဒ်လုံးအရကား သုခကိုခံစားခြင်း၌ နှလုံးသွင်းခြင်းရ၏။

တတော သမုဋ္ဌာနံ တံသမုဋ္ဌာနံ။

- တ-အရကား နာမကာယသမ္ပယုတ္တသုခသည် မုချ။
- ထို-၏ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်းအကျိုးစပ် ဌာန။
- ပုဒ်လုံးအရကား အတိပဏီတစိတ္တဇရုပ် ရ၏။
- တံသမုဋ္ဌာနေနာတိ တတော သမုဋ္ဌိတေန အတိပဏီတေန ရူပေန။ (သာရတ္ထ။၃၇၆)

(တစ်နည်း) တံ ယထာဝုတ္တနာမကာယသမ္ပယုတ္တံ သုခံ သမုဋ္ဌာနံ ကာရဏံ ယဿ ရူပဿာတိ တံသမုဋ္ဌာနံ-တု ပြု။ (ဝိမတိ၊၁။ရ၆)

- တံသမုဋ္ဌာန-အရထိုဆိုအပ်ပြီးသော နာမကာယသမ္ပယုတ္တသုခဟူသောအကြောင်းသည် မုချ။
- ထို-၏ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်းအကျိုးစပ် ဌာန။
- ယ-အညပုဒ်အရကား အတိပဏီတစိတ္တဇရုပ်ရ၏။ (ဝိသေသနဆက်)

http://www.dhammadownload.com



၅။ သုခ-ပုဒ်ကို သုခံ၊ သုခါနိ စသည်ဖြင့် နပုံလိင်၊ စိတ္တာဒိဂိုဏ်းစဉ်ပါ။
သုခ-ဓာတ်ယူလျှင် သုခယတိ၊သုခယန္တိ စသည်ဖြင့်စဉ်။
သု ခန-ဓာတ်ယူလျှင် ခနတိ၊ ခနန္တိ စသည်ဖြင့်စဉ်။
သု ခါဒ-ဓာတ်ယူလျှင် ခါဒတိ၊ ခါဒန္တိ စသည်ဖြင့်စဉ်။
◆ သုခဓာတုဝသာစာပိ၊ သုပုဗ္ဗခါဒတောပိဝါ။
သုပုဗ္ဗခနတောဝါပိ၊ သုခသဒ္ဒဝတိ ဝဒေ။ (နိတိဓာတု၊ ၃၆၉)
ပဏီတ= ပ-နီ၊ တ။ အာဘောဂ= အာ-ဘုဇ၊ ဏ။
ကာယ= ကု-တ္တ၊ (တနည်း) ဧ၊ (တနည်း) အယ၊ ဏ။

၆။ (က) နာမကာယေန-ဖြင့် သုခဥ္စ ကာယေန-၌ ကာယ-အရ ရူပကာယကို မယူရ၊ ဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယကိုယူရမည်ဟု သိစေသည်။
သမ္ပယုတ္တံ သုခံ-ဖြင့် သုခ-အရ သမ္ပယုတ်ဖြစ်သော စေတသိကသုခကိုယူ။
⊛ ဤ(က)ဝါကျ သံဝဏ္ဏနာနှင့် အညီ သံဝဏ္ဏေတဗ္ဗ ပါဠိတော်ကို-ကာယေန-ဈာန်စိတ္တုပ္ပါဒ်တည်း ဟူသော နာမကာယဖြင့်၊ သုခံ-ယှဉ်ဘက်ဖြစ်သော စေတသိက်သုခကို၊ ပဋိသံဝေဒေသိ-(မုချအားဖြင့်) ခံစားပြီ။ ဟုအနက်ပေး။
⊛ ဤ(က)ဝါကျ၌ သာရတ္ထဒီကာဝယ် "ကာယိကသုခတောတုရူပသမုဋ္ဌာပနေန ကာယိကသုခဥ္စ ဈာနသမင်္ဂီ ပဋိသံဝေဒေတီတိ ဝုစ္စတိ"ဟုဖွင့်သည်။ ယင်းအဖွင့်အရ= ကာယေန-ဈာန်စိတ္တုပ္ပါဒ်တည်းဟူသော နာမကာယဖြင့်၊ သုခံ-ကာယိကသုခကို၊ ပဋိသံဝေဒေသိ-(ကာရဏူပစာအားဖြင့်)ခံစားပြီ။ဟုအနက်ပေး။ (ဝ-နံပါတ်ဉပစာနှင့်ယှဉ်ကြည့်)
(ခ)ဈာနာ ဝုဋ္ဌိတောပိ သုခံ-ဖြင့် သုခဥ္စ ကာယေန-၌သုခအရ ကာယိကသုခကိုယူ-သိစေ။
⊛ ဤ (ခ)ဝါကျ သံဝဏ္ဏနာနှင့်အညီ ကာယေန-ကာယဝိညာဉ်တည်း ဟူသော နာမကာယဖြင့်၊ သုခံ- (ကာယဝိညာဉ်စိတ်နှင့်ယှဉ်သော သုခဝေဒနာ စေတသိက်ဟု ဆိုအပ်သော) ကာယိကသုခကို၊ ပဋိသံဝေဒေသိ-ပြီ။ ဟုအနက်ပေး။
(ဂ)ယံ ဈာနတေတု-ဖြင့် ယံ တံ အရိယာ-၌ ယံ-သည် အနိယတ်တည်း။ သဗ္ဗနာမ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊ (သဗ္ဗနာမလိင်္ဂဗ) ဈာန်ကိုစွဲယူသုံးသပ်-လည်းကောင်း၊ (သဗ္ဗနာမလိင်္ဂတ္တ) ယံ-၌ ပဌမာဝိဘတ်သည် ဟိတ်အနက်၌ သက်သည်ကို လည်းကောင်း သိစေ။ (မနု)
(တစ်နည်း) ယံဈာနတေတု-ဖြင့် ယံ-ကားဟိတ်အနက်၌ နိပါတ်ပုဒ်၏အဖြစ်ကို လည်းကောင်း၊ ယင်းဖြင့် ဈာန်ကို စွဲယူသုံးသပ်-လည်းကောင်းသိစေ။ (ဂံ၊သစ်၊၂၀၉)
› ယန္တိ ဟေတုအတ္ထေ နိပါတော၊ ယသ္မာတိအတ္ထော။ ဟေနာဟ "ယံဈာနတေတု"တိ။ (သာရတ္ထ)

http://www.dhammadownload.com



ယံ ရျာနကာရဏာ-ဖြင့် ယံရျာနဟေတု-၌ ဟေတုသဒ္ဒါသည် ကာရဏအနက်ဟော၊ (ဝါ) ကာရဏ၏ ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း၊ ပဉ္စမာဝိဘတ်သည် ပဌမဝိဘတ်အနက်၌ သက်-လည်းကောင်း (ဝိဘတျတ္ထ) သိစေ။ (ဝဏ္ဏိသစ်၊မအူ)

ယံ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလံ-ဖြင့် ယံတံအရိယာ-၌ တံ-သည်တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို စွဲယူသုံးသပ်သည်၏အဖြစ်ကို သိစေ။ (သဗ္ဗ-ဏ္ဍ)

ဗုဒ္ဓါဒယော အရိယာ-ဖြင့်ယံတံ အရိယာ-၌ အရိယာအရ-အာစာရအရိယာ၊ဒဿနအရိယာ၊ လိင်အရိယာတို့ကို မယူရ၊ ဘုရားအစရှိသော ပဋိဝေဓအရိယာတို့ကိုယူ-သိစေ။

ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ-၌ အာ-စိက္ခဓာတ်သည် ဒေသနအနက်ဟောသည်ကိုလည်းကောင်း၊ (သဒ္ဒတ္ထ-ပုဒ်စစ်)။ (ဓာတွတ္ထ-ခေတ်သုံး) အာ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း သိစေ။

၆ ပညပေန္တိ-မှ ပကာသေန္တိ-တိုင်အောင် ဘာဝတ္ထဖော်ပါ။

အဋ္ဌသာလိနီ၊ ပြည်သျှ၌ အကျယ်ဖော်ပြထားသည်။

ပသံသန္တိ-ဖြင့် အာစိက္ခန္တိ-စသော ရှစ်ပုဒ်လုံးသည် ကိတ္တနတ္ထကိုချည်းဟောသတည်းဟုသိစေပါသည်။

◆ အာစိက္ခန္တိတိအာဒီနိ ပဒါနိ ကိတ္တနတ္ထာနိတိ အဓိပ္ပါယေနာဟ"ပသံသန္တိတိ အဓိပ္ပါယော"တိ။ (သာရတ္ထ၊၁၊၃၇၆)

## ၇။ ဗုဒ္ဓေါ ဗုဒ္ဓတ္တာ / ဗုဒ္ဓေါ ဗုဒ္ဓတ္တာ

ဗုဒ္ဓတ္တာတိ ဇျ္ဇပိတတ္တာတိ အတ္ထော-ဟုသာရတ္ထဖွင့်သောကြောင့်လည်းကောင်း၊ အနေကတ္ထတ္တာတိ ဓာတူနံ-ဟူသော ပရိဘာသာအရ ဓာတ်သည် အနက်များစွာကိုဟောနိုင်သောကြောင့် လည်းကောင်း၊ ပြည်၊ မအူ၊ ဂံသစ်-တို့၌ ဗုဒ္ဓေါ ဗုဒ္ဓတ္တာ-ကို ပင်အနက်ယောဇနာသောကြောင့် လည်းကောင်း၊ ဗုဒ္ဓေါ ဗုဒ္ဓတ္တာ-သာသင့်။

ဘာသာဋီကာ၌ကား="ဗုဒ္ဓဓာတ်သည်ပျံ့နှံ့ခြင်းအနက်မဟောနိုင်ရကား ဗုဓာတ်၊ တ-ပစ္စည်းဖြင့်ရုပ်ပြီးသော ဗုဒ္ဓေါ၊ ဗုဒ္ဓတ္တာ-ပါဠ်ကိုသာ အသင့်"ဟုဆိုးဖြတ်သည်။

## ၈။ သုခဉ္စ ကာယေန ပဋိသံဝေဒေသိ

အကြောင်းဖြစ်သော စေတသိကသုခကို နာမကာယဖြင့် ခံစားခြင်း၏"သုခဉ္စ ကာယေန ပဋိသံဝေဒေသိ"ဟူသောအမည်ကို အကျိုးဖြစ်သော ကာယိကသုခကို နာမကာယဖြင့် ခံစားခြင်း၌တင် ကာရဏူပစာ၊ နာနန္တရိကနည်း။

### သုခဉ္စ

အကြောင်းဖြစ်သော စေတသိကသုခ၏ သုခံ-ဟူသောအမည်ကို အကျိုးဖြစ်သော ကာယိကသုခ၌ တင်-ကာရဏူပစာ၊ နာနန္တရိကနည်း။

http://www.dhammadownload.com



(တစ်နည်း) အကျိုးဖြစ်သော ကာယိကသုခ၏ သုခံ-ဟူသောအမည်ကို အကြောင်းဖြစ်သော စေတသိကသုခ၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

- ၈ သာရတ္ထနှင့် ဂဏ္ဌိသစ်အလို=ကာရဏူပစာ။ နာနန္တရိကနည်း။
- ၈ ဝိမတိနှင့် ဘာသာဋီကာအလို= ဖလူပစာ။ အဝိနာဘာဝနည်း။

**ယံတံ အရိယာ အာစိက္ခန္တိ**

အပေါင်း- အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာတို့၏ အရိယာ-ဟူသောအမည်ကို အစိတ်-ပဋိဝေဓအရိယာ၌တင်- ဧကဒေသူ။ ရုဠှီနည်း။

၁၀။ သမင်္ဂီ-၏ ဝေဝစနဟာရကား=သမန္နာဂတော၊ သမ္ပုဏ္ဏော၊ ပရိပုဏ္ဏော စသည်တည်း။

==========================

## ဝါကျဥယျာဉ် (၃၅)

(က) ကသ္မာ ပန တံ တေ ဧဝံ ပသံသန္တိ?

(ခ) ပသံသာရဟတော။

(ဂ) အယံ ဟိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဈာနေ ဥပေက္ခကော န တတ္ထ သုခါဘိသင်္ဂေန အာကဍ္ဎိယတိ၊ ယထာ စ ပီတိ န ဥပ္ပဇ္ဇတိ၊ ဧဝံ ဥပဋ္ဌိတ-ဿတိတာယ သတိမာ။ ယသ္မာ စ အရိယကန္တံ အရိယဇနသေဝိတမေဝ စ အသံကိလိဋ္ဌံ သုခံ နာမကာယေန ပဋိသံဝေဒေတိ၊ တသ္မာ ပသံသာရဟော။

(ဃ) ဣတိ ပသံသာရဟတော နံ အရိယာ တေ ဧဝံ ပသံသာဟေတုဘူတေ ဂုဏေ ပကာသေန္တာ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ ဧဝံ ပသံသန္တီတိ ဝေဒိတဗ္ဗံ။

(င) တတိယန္တိ ဂဏနာနုပုဗ္ဗတော တတိယံ၊ ဣဒံ တတိယံ သမာပဇ္ဇတီတိပိ တတိယံ။

(၄း၁၂၂၊ သာရတ္ထ၊၁း၃၇၆၊ မအ၊၂း၂၉၆၊ ဘာသာဋီ၊၁း၆၁၈၊ ဂဏ္ဌိသစ်၊၂း၂၀၉)

=====================

၁။ (ဂ)ဝါကျ၌ တသ္မာ-ကိုသာ ကိကျမှန်ကန်အောင်အနက်ပေး။

၂။ (က)ဝါကျစသည်ကို အနုသန္ဓေ။ (ခ)ဝါကျကို ပုစ္ဆာတက်ပါ။

၃။ (က)ဝါကျစသည်တို့ကို အမည်ပေး၍၊ ဂုဏော-အရကို ကောက်ပြပါ။

၄။ ပသံသာရဟော-ကို အစိတ် အပေါင်းဝေစနတ္ထပြု၍ အပေါင်း၌ ဥာဉ်ကောက်ပါ။

၅။ မဓု၊ သံကိလိဋ္ဌ၊ ကန္တ၊ ပါရမီ-တို့ကို ပဒ၊ ဓာတု၊ ပစ္စယ ဝေဘန်ပါ။

၆။ (င)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ဂ)အရိယဇနသေဝိတမေဝ-နောင် စ-သဒ္ဒါရှိသင့်/မရှိသင့် သဘာဝယုတ္တိပြဆိုးဖြတ်။

၈။ (ဂ)ဝါကျ၌ ဥပဋ္ဌိတဿတိတာယ သတိမာ-ဝယ် နယူပစာရ။

၁၀။ (ဂ)ဝါကျ၌ ဥပေက္ခကော-အရ တရားကို လက္ခဏာဟာရနေတ္တိနည်းထုတ်ပါ။

http://www.dhammadownload.com



၁။ (ဂ)တသ္မာ–ထိုသို့လျှစ်လျူရှုတတ်သည်၏အဖြစ်၊ သတိနှင့်ပြည့်စုံသည်၏အဖြစ်၊ နာမ ကာယဖြင့် စေတသိကသုခကို ခံစားတတ်သည်၏အဖြစ်ကြောင့်။ (ဝဏ္ဏိသစ်။ ၂။ ၂၁၀)

၂။ **(က)ပါဌ်စသည်သို့ အနုသန္ဓေ**

တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ချီးမွမ်းအပ်သည်၏အဖြစ်ကို ထင်စွာပြလို၍ ကသ္မာ ပန–အစမိန့်။ (မအူသျှ)

ယင်း(တတိယ)ဈာန်၏ ပသံသိတဗ္ဗဘာဝကိုထင်စွာပြခြင်းငှါ ကသ္မာ ပန စသည်မိန့်။ (ဝဏ္ဏိသစ်)

**(ခ)ပါဌ် ပုစ္ဆာ**

ဆရာ––သည်(ခ)ဖြင့် ချီးမွမ်းခြင်းငှါ ထိုက်သည်၏အဖြစ်ကြောင့်တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို"ဥပေက္ခကော စ သတိမာ သုခဝိဟာရီ"ဟုချီးမွမ်းကြကုန်သောဟုဆို၏။ အဘယ့်ကြောင့် ယင်းတတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ချီးမွမ်းခြင်းငှါထိုက်ပါသနည်း။ (ယသ္မာ တသ္မာ ပသံသာရဟော–ကိုရှု)၊ (တစ်နည်း) အဘယ်သို့လျှင် ယင်းပုဂ္ဂိုလ်သည် ချီးမွမ်းခြင်းငှါ ထိုက်ပါသနည်း။ (ဝိတ္ထာရတော့တက တိကိုရှု) စုဒ်ကြောင့် (ခ)မိန့်။

၃။ (က) စောဒနာ။ (ခ) ပရိဟာရ။ (ဂ) ဟိတ်ချဲ့–ဝိတ္ထာရ။

ယင်း (ဂ)ပါဌ်၌ အယံ ဟိ–မှ ပဋိသံဝေဒေတိ–တိုင်အောင် ကာရဏပါဌ်။

◉ ယင်းကာရဏပါဌ်၌လည်း––

အယံတိ–မှ အာကင်္ခိယတိ–တိုင်အောင် ဥပေက္ခကော–တုချီးမွမ်းရခြင်း၏အကြောင်းတို ပြသည်။ ယထာစ–မှ သတိမာ–တိုင်အောင် သတိမာ–တု ချီးမွမ်းရခြင်း၏ အကြောင်းကိုပြသည်။ ယသ္မာ စ–မှ ပဋိသံဝေဒေတိ–တိုင်အောင်သုခဝိဟာရီ–တုချီးမွမ်းရခြင်း၏အကြောင်းကိုပြသည်။ ဤသို့ ပက္ခ–ပက္ခန္တရထပ်ခွဲ၊ တသ္မာ ပသံသာရဟော–ကား ဖလပါဌ်။

(ဃ) နိဂုံးပါဌ်။ (င) ပက္ခန္တရ ပါဌ်။

ဂုဏေ–အရ လျှစ်လျူရှုနိုင်ခြင်းဂုဏ်၊ သတိနှင့် ပြည့်စုံခြင်းဂုဏ်၊ သုခနှင့် ပြည့်စုံခြင်းဂုဏ်တို့ကိုယူ။ သုခပါရမိပ္ပတ္တေပိ–၌ ပိ–ကား သမ္ဘာဝနာ။

၄။ **ပသံသနံ ပသံသာ။ အရဟတီတိ အရဟော။**

**ပသံသံ အရဟော ပသံသာရဟော။**

♠ ပသံသ–အရကား ချီးမွမ်းခြင်းဂုဏ်ရ၏။

♠ ထို–၏ ချီးမွမ်းထိုက်သော တတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်နှင့်ဂုဏ် ဂုဏေးစပ် ဌာနူ။

♠ ပုဒ်လုံးအရချီးမွမ်းခြင်းကိုထိုက်သော တတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏။

မအူသျှအလို=ပသံသံ အရဟတီတိ ပသံသာရဟော။

ပသံသိတုံ အရဟတီတိ ပသံသာရဟော–ဟု ကိတန္တသမာသ်ပြု။

ချီးမွမ်းခြင်းငှါ ထိုက်၏–ဟုအနက်ပေးပါ။

http://www.dhammadownload.com



## ဝစနတ္ထမှတ်ဘွယ်

အတိဝိယ မဓုရံ အတိမဓုရံ။
အတိမဓုရံ သုခံ ယဿ တတိယဈာနေတိ အတိမဓုရသုခံ။
သုခဿ ပါရမီ သုခပါရမီ။ သုခပါရမိံ ပတ္တံ သုခပါရမိပ္ပတ္တံ။
အဘိ အတိရေကံ သဂ္ဂေါ အဘိသဂ္ဂေါ။ သုခဿ အဘိသဂ္ဂေါ သုခါဘိသဂ္ဂေါ။
ဥပဋ္ဌိတာ သတိ အဿ တတိယဈာနသမင်္ဂီပုဂ္ဂလဿာတိ ဥပဋ္ဌိတဿတိ။
ဥပဋ္ဌိတဿတိဿ ဘာဝေါ ဥပဋ္ဌိတဿတိတာ။
သတိ အဿ တတိယဈာနသမင်္ဂီပုဂ္ဂလဿ အတ္ထီတိ သတိမာ။
သတိ အဿ ဝါ ဝိဇ္ဇတီတိ သတိမာ။ (သတိ-မန္တု)
အရိယေဟိ ကန္တံ အရိယကန္တံ။ အရိယဇနေဟိ သေဝိတံ အရိယဇနသေဝိတံ။
ပသံသာယ ဟေတု ပသံသာဟေတု။
ပသံသာဟေတု ဟုတွာ ဘူတာ ပသံသာဟေတုဘူတာ။

၅။ မဓု= မဓု၊ ဥ။ (တစ်နည်း) မနု၊ ဥ။
သံကိလိဋ္ဌ= သံ-ကိလိသ၊ တ။ ကန္တ= ကမု၊ တ။
ပါရမီ= ပရမပုဒ်၊ ဏ။ (ထိ-ဤ)ပရမံယေဝ ပါရမီ-ဟုပြု။ (ဘာသာဋီ)

◆ သုခဿ ပရမံ ပရိယန္တံ ပတ္တော။ (သာရတ္ထ)

၆။ ဝါကျဥယျာဉ် (၈၂)ပဋမတ္တိ ဂဏနာနုပုဗ္ဗတော-နှင့်အတူဖော်လေ။

၇။ အရိယဇနသေဝိတမေဝ-နောင် စ-သဒ္ဒါရှိ၊ မရှိ

ဝေ-ဖြင့် အသေဝိတ-ကိုကန့်။ စ-သဒ္ဒါဖြင့် ဈာနသုခကိုဆည်းသောကြောင့် အရိယဇနသေဝိတမေဝ-နောင် စ-သဒ္ဒါရှိသင့်ပါသည်။ (ပါရာဝိသစ်၊ ၂၊ ၂၁၀) (မအူသျှ၊ ၂၊ ၂၉၇)

၈။ (၈)ဝါကျ ဥပဋ္ဌိတဿတိတာယ သတိမာ

မကောင်းရာဖြစ်သော သတိကိုဆိုသဖြင့် မကောင်းတတ်သော ပညာကိုလည်းရသောကြောင့် နာနတ္တရိကနည်း၊ ကာရဏူပစာ။

(တစ်နည်း) အစိတ် သတိကိုမှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော သတိ ပညာနှစ်ပါးစုံကို ရသောကြောင့် ဥပလက္ခဏနည်း၊ နိဒဿနနည်း၊ ဧကဒေသူပစာ။

◆ ဒွိသေသု ဌာနေသု သတိဂ္ဂဟဏေနေဝ သမ္ပဇညမ္ပိ ဝုတ္တံ ဟောတီတိ တတ္ထ ပါဠိယံ သတိယာဝေ ဝုတ္တတ္တာ ဝေ ဥပဋ္ဌိတဿတိတာယ သတိမာတ္တေဝ ဝုတ္တံ။ (သာရတ္ထ၊ ၁၊ ၁၇၆)

၁၀။ ဥပေက္ခကော-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါးကိုယူ၍ ထုတ်လေ။

====================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၉၆)

(က) သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာတိ ကာယိကသုခဿ စ ကာယိက-ဒုက္ခဿ စ ပဟာနာ။

(ခ) ပုဗ္ဗေဝါတိ တဉ္စ ခေါ ပုဗ္ဗေဝ၊ န စတုတ္ထဇ္ဈာနက္ခဏေ။

(ဂ) သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ စေတသိကသုခဿစ စေတသိကဒုက္ခဿ စာတိ ဣမေသမ္ပိ ဒွိန္နံ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ။

(ဃ) ကဒါ ပန နေသံ ပဟာနံ ဟောတိ?

(င) စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။

(စ) သောမနဿံ ဟိ စတုတ္ထဇ္ဈာနဿ ဥပစာရက္ခဏေယေဝ ပဟီယတိ၊ ဒုက္ခဒေါမနဿ သုခါနိ ပဌမဒုတိယတတိယာနံ ဥပစာရက္ခဏေသု။

(ဆ) ဝေမေတေသံ ပဟာနက္ကမေန အဝုတ္တာနံ။

(ဇ) ဣန္ဒြိယဝိဘင်္ဂေ ပန ဣန္ဒြိယာနံ ဥဒ္ဒေသက္ကမေနေဝ ဣဓာပိ ဝုတ္တာနံ သုခဒုက္ခ သောမနဿဒေါမနဿာနံ ပဟာနံ ဝေဒိတဗ္ဗံ။

(၄း၁၂၂၊ သာရတ္ထ၊၁း၃၇၆၊ မအူ၊၂း၂၉၉၊ ဘာသာဋီ၊၁း၆၂၀၊ ဇဏ္ဍိသစ်၊၂း၂၁၀)

=====================

၁။ သံဝဏ္ဏေတဗ္ဗပါဌ်များကို သံဝဏ္ဏနာများနှင့်အညီလည်းကောင်း၊(စ)ဝါကျကို ဝေတ္ထ ဖလထည့်စွက်၍လည်းကောင်း အနက်ပေးပါ။

၂။ (က)ကို အခြေပြု၍ လျဉ်းပါးကာ ပုစ္ဆာတက်၍၊ (စ)ဝါကျကို စောဒနာတက်ပါ။

၃။ (က)စသောဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (ဆ)အဝုတ္တာနံ-ကို စာစပ်ပါ။

၄။ သောမနဿ-ပုဒ်ကို အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်း၌ ဉာသ်ကောက်ပါ။

၅။ စတုတ္ထဇ္ဈာနဿ-၌ အစိတ်ပုဒ်၊ အပေါင်းပုဒ်တို့ကို ပဒ၊ လိင်စသည်ဝေဘန်၍၊ ပဟာန၊ ခဏ-ပုဒ်တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။

၆။ (က၊ခ၊ဂ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပဟာနက္ကမေန/ပဟာနကမေန ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကိုယုတ္တိပြဆုံးဖြတ်။

၈။ (က)ဝါကျသံဝဏ္ဏေတဗ္ဗ-၌ ရသင့်သော နယပူရဏ၊ (ခ)ပုဗ္ဗေဝ-၌ နည်းတို့ကိုရေးပါ။

၁၀။ စေတသိက-၌ ရှေ့ပုဒ်ကို ဝေဝစနဟာရနေတ္တိနည်းထုတ်ပါ။

=======================

၁။ သုခဿစ-ကာယိကသုခကိုလည်း၊ ပုဗ္ဗေဝ-သာလျှင်၊ ပဟာနာ-ကြောင့်၊ဒုက္ခဿစ-ကာယိကဒုက္ခကိုလည်း၊ ပုဗ္ဗေဝ-သာလျှင်၊ ပဟာနာ-ကြောင့်၊ သောမနဿဒေါမန-ဿာနံ-စေတသိကသုခစေတသိကဒုက္ခတို့၏၊ ပုဗ္ဗေဝ-သာလျှင်၊ အတ္ထင်္ဂမာ-ကြောင့်။

http://www.dhammadownload.com



(စ) ဥပစာရက္ခဏေယေဝ-၌ ဝေ-၏ နိဝတ္တေတဗ္ဗကို "န စတုတ္ထဇ္ဈာနေ"ဟုထည့်။

၂။ (က)ဝါကျ လျဉ်းပါး ပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည်"သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ" ဟုဟောတော်မူ၏။ သုခဿ စ-၌ သုခ-အရ စေတသိကသုခကို ယူရမည်လော။ မည်သည့်သုခကိုယူရမည်နည်း။ ဒုက္ခဿ စ-၌ ဒုက္ခ-အရ စေတသိကဒုက္ခကိုယူရမည်လော။ မည်သည့်ဒုက္ခကိုယူရမည်နည်း။ စုဒ်ကြောင့် (က)မိန့်။

**အဓိပ္ပါယ်ကား=** သုခ-အရ ကာယိကသုခ၊ ဒုက္ခ-အရ ကာယိကဒုက္ခကိုယူရမည်ဟူလို။

(ခ)ဒုတိယဝါကျသို့ အနုသန္ဓေ

ဤသို့(ခ)ပဌမဝါကျဖြင့် ပုဗ္ဗေဝ-ကို တစ္စခေါ် ပုဗ္ဗေဝ-ဟု ဖွင့်ပြပြီး၍၊ ယခုအခါ၌ ပုဗ္ဗေဝ-ဝယ် ဝေ-သဒ္ဒါ၏ ဝေတ္တဗ္ဗဖလကိုပြလိုရကား န စတုတ္ထဇ္ဈာနက္ခဏေ မိန့်။

(ဃ)ဝါကျ အနုသန္ဓေ

ပုဗ္ဗေဝ-ဟု သာမညအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ထိုပယ်ရာအခါကိုမေးလို၍ (ဃ)ဝါကျကိုမိန့်။ (မအူသျှ)

(စ)ဝါကျ စောဒနာ

ဆရာ--သည် (င)ဝါကျဖြင့် ဈာန်လေးပါးတို့၏ ဥပစာရက္ခဏ၌သုခ၊ ဒုက္ခ သောမနဿ၊ ဒေါမနဿတို့ကို ပယ်၏ဟုဆို၏။ မည်သည့်ဈာန်၏ ဥပစာရက္ခဏ၌ မည်သည့် ဝေဒနာကို ပယ်သည်ဟု အကျယ်ကို မသိအပ်သည် မဟုတ်ပါလော။ အကျယ်ကား အဘယ်ပါနည်း။ (ဝိရောဓိတင်)စုဒ်ကြောင့် (စ)မိန့်။

**အဓိပ္ပါယ်ကား=** (စ)ဝါကျဖြင့် သောမနဿဝေဒနာကို စတုတ္ထဈာန်၏ ဥပစာရက္ခဏ၌ပယ်အပ်၏။ ဒုက္ခဒေါမနဿသုခဝေဒနာတို့ကို ပဌမဈာန် ဒုတိယဈာန် တတိယ ဈာန်တို့ ၏ ဥပစာရက္ခဏတို့၌ ပယ်အပ်ကုန်၏ဟု ငါပြ---ဟူလို။

(ဇ)ဝါကျ ပုစ္ဆာ

ဆရာ--သည် (ဆ)ဝါကျဖြင့် ဤစတုတ္ထဈာန်၌ ပဟာနက္ကမအားဖြင့် မဟောဟု ဆို၏။ ဤစတုတ္ထဈာန်၌ ပဟာနက္ကမအားဖြင့် မဟောဘဲ အဘယ့်ကြောင့် ဤမှတပါး သော အခြင်းအရာအားဖြင့် ဟောပါသနည်း။ (ဝါ)ပဟာနက္ကမအားဖြင့် မဟောသော် အဘယ်အစဉ်ဖြင့် ဟောသနည်း။ စုဒ်ကြောင့် (ဇ)မိန့်။ (ဝဏ္ဏိသစ်)

၃။ (က) ပက္ခန္တရ။ (ခ) ပက္ခန္တရ။ (ဂ) ပက္ခန္တရ။ (ဃ) စောဒနာ။
(င) ပရိဟာရ။ (စ) ဝိတ္ထာရ။ (ဆ၊ဇ)ဝါကျတို့သည် နိဂုံး။

◎ အဝုတ္တာနံ-ကား ကုန်သော--ကြောင့် သုခဒုက္ခသောမနဿဒေါမနဿာနံ-၌ တုလျာဓိကရဏဝိသေသန/သျှ စပ်။ (မအူသျှ)

http://www.dhammadownload.com



၄။ သုန္ဒရံ မနော သုမနော။ (ကောင်းသောစိတ်ရှိ)
သုမနော ဧတဿ အတ္ထီတိ သုမနော။ (ကောင်းသောစိတ်ရှိသူရှိ)
သုမနဿ ဘာဝေါ သောမနဿံ။ (သုမန-ပုဒ်၊ဏျ-ပစ္စည်း)

- သုမန-ပုဒ်အရကား ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်သည် မှချ။
- ထို-၏ မာနသိကသုခဝေဒနာနှင့် ဂုဏော ဂုဏ်၊အကျိုး အကြောင်းစပ် ဌာနူ။
- ဏျ-ပစ္စည်းအရကား မာနသိကသုခဝေဒနာ ရ၏။

⊙ ဗတုဗ္ဗိတိ၊ အဿတ္ထိတွင်၊ ဘောတင်စီးလတ်၊ သမာသ်-တဒ္ဓိတ်၊ ပုဒ်ရင်းကို သာ၊ ရအပ်စွာ၊ အရာမျိုးခပ်သိမ်း ဟု မောင်းထောင်နိယံ ဆိုသော်လည်း သောမနဿံ ဒေါမနဿံ-ပုဒ်တို့ကား ထိုနိယံစည်းကမ်းကို မလိုက်နာသော သီးခြားပုံစံပင်ဖြစ်သည်။ အကျယ်ကို သိလိုပါမူ ဝိဂ္ဂဟနှင့် ဉာဏ်ကောက် လမ်းညွှန်စာအုပ်၌ ရှုလေ။

⊙ သောမနဿံ ဒေါမနဿံ၊ ပုဒ်နှစ်တန်၊ ပုံစံထူးခြား၊ ကျက်မှတ်ထား။

ဝစနတ္ထမှတ်ဘွယ်

ကာယေ နိယုတ္တံ ကာယိကံ။ (ကာယ၊ ဏိက)

- ကာယ-အရ သုခသဟဂုတ်ကာယဝိညာဉ်ရ၏။
- ထို-၏ သုခဝေဒနာနှင့် နိဿယ နိဿိတစပ် ဌာနူ။
- ဏိက-ပစ္စည်းအရ သုခသဟဂုတ်ကာယဝိညာဉ်နှင့်ယှဉ်သော သုခဝေဒနာရ၏။

ကာယိကံ သုခံ ကာယိကသုခံ။
စေတသိ နိယုတ္တံ စေတသိကံ။ စေတသိကံ သုခံ စေတသိကသုခံ။

⊙ ကာယိကသုခ-၌ ကာယ-အရ သုခသဟဂုတ်ကာယဝိညာဉ်စိတ်ကိုယူ။
⊙ ကာယိကဒုက္ခ-၌ ကာယ-အရ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်ကိုယူ။
⊙ စေတသိကသုခ-၌ စေတ-အရ သောမနဿသဟဂုတ်စိတ်(၆၂)ပါးကိုယူ။
⊙ စေတသိကဒုက္ခ-၌ စေတ-အရ ဒေါသမူဒွေးကို ယူ။

ပဟာနဿ ကမော ပဟာနက္ကမော။
ဥဒ္ဒေသဿ ကမော ဥဒ္ဒေသက္ကမော။

| | |
|---|---|
| ၅။ စတုတ္ထ= | ပူရဏတဒ္ဓိတ်၊ နပုံလိင်၊ ဝိတ္တာဒိဂိုဏ်း၊ အကာရန္တ။ |
| ဈာန= | ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ ဝိတ္တာဒိဂိုဏ်း၊ အကာရန္တ။ |
| စတုတ္ထဇ္ဈာန= | ကမ္မဓာရယ်၊ နပုံလိင်၊ ဝိတ္တာဒိဂိုဏ်း၊ အကာရန္တ။ |
| ပဟာန= | ပ-ဟာ၊ ယု။ |
| ခဏ= | ခဏ၊ အ။ (တစ်နည်း) ခိ၊ ယု။ |

http://www.dhammadownload.com



၆။ (က)ဖြင့် သုခဿစ ပဟာနာ ဒုက္ခဿ စ ပဟာနာ-၌ သုခ-အရ ကာယိက သုခကို၊ ဒုက္ခ-အရ ကာယိကဒုက္ခကို ယူရမည်ဟု သိစေပါသည်။

(ခ)တဉ္စခေါ် ပုဗ္ဗေဝ-ဖြင့် ပုဗ္ဗေဝ-ကို နောက်အတ္ထင်္ဂမာ-ပုဒ်၌သာ စပ်ရသည် မဟုတ်၊ ပဟာနာ-ဟူသော ရှေ့ပုဒ်၌လည်း စပ်ရမည်ဟုသိစေ။ (သမ္ဗန္ဓ၊ ဘာဝတ္ထ)

န စတုတ္ထဈာနက္ခဏေ-ဖြင့် ပုဗ္ဗေဝ-၌ဝေ-သည် သန္နိဋ္ဌာပနတ္ထမဟုတ်၊နိဝတ္တာ ပနတ္ထအဖြစ်ကိုလည်းကောင်း၊ (နိပါတလိဝိတ္ထ) ယင်း ဝေ-၏ နိဝတ္တေတဗ္ဗ ဝေတ္ထပလ ကား န စတုတ္ထဈာနက္ခဏေ-ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။

(ဂ)စေတသိကသုခဿ-ဖြင့် သောမနဿ-အရ စေတသိကသုခကိုယူ-သိစေ။

စေတသိကဒုက္ခဿ-ဖြင့် ဒေါမနဿ-အရ စေတသိကဒုက္ခကိုယူ-သိစေ။

စေတသိကသုခဿစ စေတသိကဒုက္ခဿစ-ဟူသောအပေါင်းဖြင့် သောမနဿ ဒေါမနဿ-ပုဒ်ကို ဒွန်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေ။

ဣတိ ဣမေသံ ဒွိန္နံ-ဖြင့် သောမနဿဒေါမနဿဟူသော ဒွန်သမာသ်သည် သမာဟာရဒွန်မဟုတ်၊ အသမာဟာရဒွန်အဖြစ်ကို သိစေ။ (ဘာဝတ္ထ)

ပုဗ္ဗေဝ အတ္ထင်္ဂမာ-ဖြင့် ပုဗ္ဗေဝ-ကို ပဟာနာဟူသော ရှေ့ပုဒ်၌သာစပ်ရသည် မဟုတ်၊ အတ္ထင်္ဂမာ-ဟူသော နောက်ပုဒ်၌လည်း စပ်ရမည်ဟု သိစေ။

ပဟာနာ-ဖြင့်အတ္ထင်္ဂမာ-၌ချုပ်ခြင်းသို့ရောက်ခြင်းဟူသည်ပယ်ခြင်းပင်တည်းဟုသိစေ

၇။ **ပဟာနက္ကမေန / ပဟာနကမေန**

ရဿနောက်ရှိကမုဓာတ်သည် ဒွေးဘော်ဌာနဖြစ်သောကြောင့် ပဟာနက္ကမေန သင့်။

**ဒုံသမကသာဒိ/ ဒုံသမသကာဒိ (၄။၁၂၃)**

မက-ပါနေ၊ အသော၊ မကတိ သောတိတံ ပိဝတီတိ မကသော။ မသယောပိ၊ မသ-တိသာယံ၊ (သုစိ) မသကောတိ မကသော။ (နီတိ၊ဓာတု၊၁၇၄) တို့ကိုထောက်၍ မကသ-ဟုရှိလျှင် မကဓာတ်၊ အသပစ္စည်း။ မသက-ဟုရှိလျှင်မသဓာတ်၊ ဏွု-ပစ္စည်း ဖြင့် ရုပ်ပြီးသောကြောင့်လည်းကောင်း၊ပစ္စဝေက္ခဏာပါဠိ၌ "ဍံသ-မကသ"။ ကစ္စည်း ပါဠိ၌"မသကာနံ ဘာဝေါ နိမ္မသကံ"ဟု ရှိသောကြောင့်လည်းကောင်းနှစ်ပါဌ်လုံးသင့်။

၈။ **သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ**

အပေါင်း-ကာယိကသုခ၊ စေတသိကသုခ၊ ကာယိကဒုက္ခ၊စေတသိကဒုက္ခ--တို့၏ သုခဿ၊ ဒုက္ခဿ-ဟူသောအမည်ကိုအစိတ်-ကာယိကသုခ၊ ကာယိကဒုက္ခတို့၌ တင်-ကေဒေသူ။

http://www.dhammadownload.com



ဤ၌ သုခဿ ဒုက္ခဿ ဟူသောနည်းသည် သောမနဿဒေါမနဿာနံ-ဟူသော နောက်ဝါကျဖြင့် ယူလတ္တံ့သောစေတသိကသုခ၊ စေတသိကဒုက္ခမှကြွင်းသော ကာယိကသုခ၊ ကာယိကဒုက္ခကိုသာ ယူရသောကြောင့် ပါရိသေသနည်း။

(ခ)ဝါကျ ပုဗ္ဗေဝ-ဟူသော သံဝဏ္ဏေတဗ္ဗသည် အလယ်၌ တည်လျက် "သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ"ဟူသော ရှေ့ဝါကျ၊ "သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ" ဟူသောနောက်ဝါကျ၊ ဤနှစ်ဝါကျလုံးကို ကျေးရူးပြုတတ်သောကြောင့် မဇ္ဈေဒီပကနည်း။

ဘစ်နည်း) ပုဗ္ဗေဝ-သည်"သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ"ဟူသော ရှေ့ဝါကျကို ငဲ့လျှင် ပဟာနာ-ပုဒ်၌ စာစပ်ရသည်။ "သောနမဿဒေါမနဿာနံ အတ္ထင်္ဂမာ"ဟူသော နောက်ဝါကျကိုငဲ့လျှင် အတ္ထင်္ဂမာ-ပုဒ်၌ စပ်ရသည်။ ဤသို့ နှစ်ပုဒ်စပ်ရသောကြောင့် ကာကောလောကနနည်း။

(စ)ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယာနံ ဥပစာရက္ခဏေသု

ဒုက္ခဝေဒနာကို ပဌမဈာန်၏ ဥပစာရက္ခဏ၌၊ ဒေါမနဿဝေဒနာကို ဒုတိယဈာန်၏ဥပစာရက္ခဏ၌၊ သုခဝေဒနာကို တတိယဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ ဟု အစဉ်အတိုင်း အဓိပ္ပါယ်ယူရသောကြောင့် ယထာက္ကမနည်း။ ယထာသချာနည်း။

၁၀။ စေတသိကသုခ-၌ရှေ့ပုဒ်ကား စေတ-ဖြစ်သည်။ ယင်း၏ ဝေဝုစ်ကို==

စိတ္တံ စေတော မနော နိတ္တိ၊ ဝိညာဏံ ဟဒယံ တထာ။ မာနသံ-ဟူ၍ယှဉ်အပ်၏။

==============================

## ဝါကျဥယျာဉ် (၉၇)

(က) ယထာ ဝါ အညတ္တ ပဟီနာပိ သက္ကာယဒိဋ္ဌိအာဒယော တတိယမဂ္ဂဿ ဝဏ္ဏဘဏနတ္ထံ တတ္ထ ပဟီနာတိ ဝုတ္တာ။

(ခ) ဧဝံ ဝဏ္ဏဘဏနတ္ထမ္ပေတဿ ဈာနဿေတာ ဣဓ ဝုတ္တာတိပိ ဝေဒိတဗ္ဗာ။

(ဂ) ပစ္စယဃာတေန ဝါ ဧတ္ထ ရာဂဒေါသာနံ အတိဒူရဘာဝံ ဒဿေတုမ္ပေတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

(ဃ) ဧတေသု ဟိ သုခံ သောမနဿဿ ပစ္စယော၊သောမနဿံ ရာဂဿ၊ဒုက္ခံ ဒေါမနဿဿ၊ ဒေါမနဿံ ဒေါသဿ။

(င) သုခါဒိဃာတေန စ တေ သပ္ပစ္စယာ ရာဂဒေါသာ ဟတာတိ အတိဒူရေ ဟောန္တီတိ။

(၄း၁၂၄။ သာရတ္ထ၊၁း၃ရ၈။ မဏ္ဍူ၊၂း၃၁၀။ ပြည်သူ၊၂း၃၀၁။ ဘာသာဋီ၊၁း၆၂၆။ ဝဏ္ဏီသစ်၊၂း၂၁၉)

===================

၁။ (က၊ခ၊ဂ)တို့ကို အညတ္တ၊ တတ္ထ၊ တော၊ ဣဓ၊ ဧတ္ထတို့ကို အစွဲမှန်မှန်စွဲလျက်အနက်။

http://www.dhammadownload.com



၂။ (ဂ)ကို "ဥပနာပြဒေါ်သလက္ခဏာ"စသောနိယံနှင့်အညီ ဥပနာပဥ္စကတက်ပြ၍ ထိုဝါကျ၌ ဝုတ္တာ-မှ စပ်သောပုဒ်ကို ပရမတ်ထွက်ပြပါ။

၃။ အထက်ပါဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ ပဟီနာပိ-၌ ပစ္စည်းကဟော သောပုဒ်ကို သဒ္ဒါစပ် တစပ်ပါ။

၄။ သက္ကာယဒိဋ္ဌိ-ပုဒ်ကို အစိတ် အပေါင်းဝစနတ္ထပြ၍၊ အပေါင်း၌ ဉာသ်ကောက်ပါ။

၅၊ သက္ကာယ-၌ သ-ကို ဓာတ်ယူ၍ သတ္တမီပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒ မာလာ၊ ၄င်းဓာတ်နောင် အန္တပစ္စည်းဆင့်၍ နာမပဒမာလာစဉ်ပါ။

၆။ အနုက္ကမသုစက္ကံ ဒုက္ခာဘာဝေန အနုက္ခံ၊ သုခါဘာဝေန အသုခံ (၄။၁၂၄။)-၌ အာ-သံ။

၇။ သုခါဒိဃာတေန စ-ဟူ၍လည်းကောင်း၊ သုခါဒိဃာတေနစဿ ဟူ၍လည်းကောင်း ပါဌ်နှစ်ထွေစိရှိရာ အာဂုံသာကေပြ၍ သင့်ရာပါဌ်ကို ဆုံးဖြတ်ပါ။

၈။ ဝိဝိစ္စေဝ ကာမေဟိ-၌ ကာမ-အရ ဝတ္ထုကာမ-ကိုယူ၍ ကြိယာဝါးတန်ထုတ်ပါ။

၁၀။ သုခံ သောမနဿဿ ပစ္စယော-၌ ပစ္စည်း ပစ္စယုပ္ပန်အရ ထုတ်ပြ၍ ကျေးဇူးပြု နိုင်သော ပစ္စယသတ္တိများကို ဖော်ပြပါ။

=======================

| | | |
|---|---|---|
| ၁။ | အညတ္ထ= | တစ်ပါးသော အောက်မဂ်၊ အောက်ဖိုလ်တို့၌။ (ပြည်) |
| | | တစ်ပါးသော သောတာပတ္တိမဂ်၌။ (ဘာသာဋီကာ) |
| | တတ္ထ= | ထိုတတိယမဂ်၌။ တော- ဤဝေဒနာတို့ကို။ |
| | တ္တမ= | ဤစတုတ္ထဈာန်၌။ |
| | တ္တေ= | ဤစတုတ္ထဈာန်၌ (ကြွင်းနိဿယအတိုင်း) |

၂။ (ဂ)ဝါကျ ဥပနာပဥ္စကကျမ်းတက်

ဆရာ--သည်(က၊ခ)နှစ်ဝါကျဖြင့် ဤစတုတ္ထဈာန်၏ ကျေးဇူးကို ချီးမွမ်း ခြင်းအကျိုးငှါ (ဂါ)ချီးမွမ်းလိုသောကြောင့် ဝေဒနာလေးပါးတို့ကို ဤဈာန်၌ပေါင်း၍ ဟောတော်မူသောဟု ဆို၏။ ထိုသို့သာဆိုချေသော် ဆိုအပ်ခဲ့ပြီးသော ဝဏ္ဏဘာဏန အကြောင်းတစ်မျိုးကြောင့်သာ ဝေဒနာလေးပါးတို့ကို ဤဈာန်၌ပေါင်း၍ ဟောတော် မူ၏ဟူသောအနက်သည် သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က၊ခ)နှစ် ဝါကျ ဖြင့် စတုတ္ထဈာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းအကျိုးငှါ ဝေဒနာလေးပါးတို့ ကို ဤဈာန်၌ ပေါင်း၍ ဟောတော်မူ၏ဟူ၍သာ ဆရာမဆိုသင့်၊ ဤမှတပါးသော အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဤမှတပါးသော အကြောင်းကား အဘယ်ပါ နည်း။ ဖုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား=အကြောင်းကို ပယ်သတ်သဖြင့် ရာဂဒေါသတို့၏ အလွန်ဝေးသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါလည်း ဝေဒနာလေးပါးတို့ကို ဤရျာန်၌ပေါင်း၍ဟောတော်မူ၏ဟု အကြောင်းတမျိုးကိုလည်းငါပြဆိုပါ၏ ဟူလိုသော်။

၏ ဥပနာပြ၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ တိတ်ဖြာဥပယ်၊ နွယ်ဆွယ်၊ မေးဘွယ်ပဥ္စက။

## ဝုတ္တာ-မှ တော-ပုဒ်သို့ ပရမတ်စာထွက်

ဆရာ--သည် ဝုတ္တာ-ဟူသောအာရမ္မဏိကပစ္စယုပ္ပန်တရားကို ဆိုတော်မူ၏။ ထို၏ အာရုံပစ္စည်းတရားကား အဘယ်ပါနည်း။ အာရုံပစ္စည်းတရားသည် နိဗ္ဗာန် စသည်ဖြစ်ကောင်းအံ့လော။ စုဒ်ကြောင့် တော-မိန့်။
အဓိပ္ပါယ်ကား=တော-အရ ဝေဒနာလေးပါးသည် အာရုံပစ္စည်းတရားဖြစ်၏ဟူလို။

၃။ (က၊ခ)နှစ်ပါဠိသည် ပစ္စယဒဿနတ္ထကြောင့် ဝေဒနာလေးပါးကိုပေါင်း၍ဟောတော်မူသည့်နည်းမှတပါး ဝဏ္ဏဘဏနတ္ထကြောင့်ဝေဒနာလေးပါးကိုပေါင်း၍ဟောတော်သည့်နည်းကိုပြသောကြောင့် ပက္ခန္တရ။ ထိုတွင် (က) ဥပမာန။ (ခ) ဥပမေယျ။
(ဂ)ပက္ခန္တရ (ကျမ်းတက်ပြန်ကြည့်) (ဃ)ဝိတ္ထာရ (မအူ၊ဘာသာဋီ၊ဝဏ္ဏိ) ဒဋ္ဌီ (ပြည်)
(င)ပါဠိသည် (ဂ)ပါဠိစကားရပ်၌ စောဒနာဘွယ်ရှိ၍ ဆက်-ပါဠိရမ္ဘ။
သက္ကာယဒိဋ္ဌိအာဒယော-ကို ပတိနာ-၌ ကမ္မ - ကမ္မိ စပ်။
(က)ပါဠိ ပတိနာပိ-၌ ပိ-ကား သမ္ဘာဝနာ။ (မအူ)
၄။ ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော၊
အတ္ထိတိ သန္တော။ သန္တော ကာယော သက္ကာယော။
မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။
♠ သက္ကာယ-ပုဒ်အရကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးရ၏။
♠ ထို-၏ ဒိဋ္ဌိနှင့် အာရုံ အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်းသည် ဌာနူပစာ။
♠ ပုဒ်လုံးအရကား ခန္ဓာငါးပါးကို အာရုံပြု၍ဖြစ်သော ဒိဋ္ဌိရ၏။
(တစ်နည်း) အတ္ထိတိ သတိ။ ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ။ သတိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

## ဝစနတ္ထမှတ်ဘွယ်

ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ ဟနနံ ဃာတော။
ပစ္စယာနံ ဃာတော ပစ္စယဃာတော။
အတိဝိယ ဒူရော အတိဒူရော။ တေသံ ဘာဝေါ အတိဒူရဘာဝေါ။
သဟ ပစ္စယေဟိ ယေ(ရာဂဒေါသာဒယော) ဝတ္တန္တီတိ သပ္ပစ္စယာ။
သုခါဒီနံ ဃာတော သုခါဒိဃာတော။

http://www.dhammadownload.com



၅။ သတ္တာယ–၌ သ–ကား အသဓာတ်ဖြစ်သည်။ သတ္တမိပရသပုဒ်ဖြင့် =
အသ္သာ၊ သိယာ၊ အသ္သု၊ သိယုံ၊
အသ္သ၊ ဧ သထ၊ အသံ၊ အသ္သာမ–ဟုဂိုဏ်းစဉ်။ (ရူ၊ ၃၀၀)
ယင်း အသဓာတ်နောင် အန္တပစ္စည်းသက်၍ သံ၊ သန္တော၊ သန္တာ–စသည်ဖြင့်
ဝစ္စန္တာဒိဂိုဏ်းစဉ်။ (ရူ၊ ၃၉၉)

၆။ ဒုက္ခာဘာဝေန–ဖြင့် အဒုက္ခံ–၌ အ–သည် အညအနက်ဟော၊ န ဒုက္ခံ
အဒုက္ခံ–ဟု ဥဘောတပ္ပုရိသ်သမာသ်ပြု–သိဝေ။ (ဝဏ္ဏီသစ်၊မအူသျှ)
(တစ်နည်း) ဒုက္ခာဘာဝေန–ဖြင့် အဒုက္ခံ–၌ အ–၏ အဘာဝအနက်ဟော၊ နတ္ထိ ဒုက္ခံ
ယတ္ထာတိ အဒုက္ခံ–ဟု န နိပါတပုဗ္ဗပဒသတ္တမီဗဟုဗ္ဗီဟိ–ပြု–သိဝေ။ (ဘာသာဋီ)

- အဒုက္ခမသုခန္တိဧတ္ထ န ဒုက္ခန္တိ အဒုက္ခံ၊ ဒုက္ခဝိရှရိ။ ယသ္မာ တတ္ထ ဒုက္ခံ နတ္ထိ၊ တသ္မာ ဝုတ္တံ "ဒုက္ခာဘာဝေနာ"တိ။ (သာရတ္ထ၊၁၊၃၇၉)

အဒုက္ခမသုခံ–၌ အ–ကား အညတ္တ။ (ဝဏ္ဏီသစ်)

- အ–ကာရော အညတ္တောတိ ဒဿေတိ။ (မဏိမဥ္ဇူ)

သုခါဘာဝေန–ဖြင့် ဒုက္ခာဘာဝေန–အတိုင်းဖော်။
အပေါင်းသံဝဏ္ဏနာ ဖြင့် အဒုက္ခဥ္စ တံ အသုခဉ္စာတိ အဒုက္ခမသုခံ–ဟုပြု–သိဝေ။

၇။ သုခါဒိဃာတေန စ / သုခါဒိဃာတေနစသ

"သုခါဒိဃာတေနာတိ သုခါဒိနံ ပဟာနေန အသ ဈာနသ"ဟု (မူလဋီကာ)
ရှိရကား သုခါဒိဃာတေန စသ–ဟုရှိသော ပါဌ်သာသင့်သည်။ (ပြည်သျှ၊၃၀၂)
မအူ၊ ဘာသာဋီကာတို့ကား အသ–မပါဘဲအနက်ယောဇနာကြသည်။

၀။ တာမ–အရ ဝတ္ထုကာမကိုယူ၍ = (၁) ထိုသည် ဒဿနတ္ထမည်၏။
(၂) အယောနိသောမနသိကာရသည်လည်းကောင်း၊လောဘသည်လည်းကောင်း
ဒီပကတ္ထမည်၏။
(၃) သောက ဘယစသောအကျိုးတရားများသည် ပကာသနတ္ထမည်၏။
(၄) ဗာလူပသေဝနစသည်သည် ဝိဘာဝတ္ထမည်၏။
(၅) ဒုဂ္ဂတိဘုံသို့ရောက်ရခြင်း၊ သံသရာ၌ ကျင်လည်ရခြင်းစသောအကျိုးတရား
အဆက်ဆက်သည် အနဘာဝတ္ထမည်၏။

(ဂ)ဝါကျ ပစ္စယဃာတေန

အကြောင်း–သုခဒုက္ခသောမနဿဒေါမနဿတို့ကိုပယ်သတ်ခြင်း၏ ပစ္စယဃာတ–
ဟူသောအမည်ကို အကျိုး–ရာဂ ဒေါသတို့ကိုပယ်သတ်ခြင်း၌တင်ကာရဏူပစာ၊နာနန္တရိက။

http://www.dhammadownload.com



၁၀။ သုခ-အရ ကာယိကသုခပစ္စည်းတရားက သောမနဿ-အရသောမနဿ ဝေဒနာပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိတမျိုးဖြင့်သာ ကျေးဇူးပြု၏။

သောမနဿံ ရာဂဿ-၌ သောမနဿံ-အရ သောမနဿဝေဒနာပစ္စည်းတရားကရာဂဿ-အရရာဂပစ္စယုပ္ပန်တရားအား သဟဇာတ ၄၊ အညမည၊သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ ဈာန။ ဤ ၈-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဒုက္ခံ ဒေါမနဿဿ-၌ ဒုက္ခံ-အရ ကာယိကဒုက္ခ ပစ္စည်းတရားက ဒေါမနဿ-အရ ဒေါမနဿဝေဒနာပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိ တမျိုးဖြင့်သာ ကျေးဇူးပြုသည်။

ဒေါမနဿံ ဒေါသဿ-၌ ဒေါမနဿံ-အရ ဒေါမနဿဝေဒနာပစ္စည်းတရားက ဒေါသဿ-အရ ဒေါသစေတသိက်ပစ္စယုပ္ပန်တရားအား သဟဇာတ ၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန။ ဤ ၈-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပစ္စယဃာတေန-၌ ပစ္စယ-အရ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿတို့ကို ယူ၍ နေတ္တိထုတ်။

---

## ပါဠိကျဥ်ယျာဥ် (၉၇)

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိံ။

(ခ) တတိယဇ္ဈာနေ ဟိ ဥပေက္ခာယ ... သုပရိသုဒ္ဓါ သတိ။ ယာ စ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ၊ န အညေန။

(ဂ) တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိ"န္တိ ဝုစ္စတိ။

(ဃ) ဝိဘင်္ဂေပိ ဝုတ္တံ "အယံ သတိ ဣမာယ ဥပေက္ခာယ ဝိသဒါ ဟောတိ ပရိသုဒ္ဓါ ပရိယောဒါတာ၊ တေန ဝုစ္စတိ ဥပေက္ခာသတိ ပါရိသုဒ္ဓိ"န္တိ။

(င) ယာယ စ ဥပေက္ခာယ ဧတ္ထ သတိယာ ပါရိသုဒ္ဓိ ဟောတိ၊ သာ အတ္ထတော တတြမဇ္ဈတ္တတာ ဝေဒိတဗ္ဗာ။

(စ) န ကေဝလဉ္စေတ္ထ တာယ သတိယေဝ ပရိသုဒ္ဓါ၊ အပိစ ခေါ သဗ္ဗေပိ သမ္ပယုတ္တ-ဓမ္မာ၊ သတိသီသေန ပန ဒေသနာ ဝုတ္တာ။

(၄း၁၂၄။ သာရတ္ထ၊၁း၃၇၉။ မဓူ၊၂း၃၁၀း ဘာသာဋီ၊၁း၆၂၈။ ဝဇိရ်သစ်၊၂း၂၂၁)

---

၁။ (စ)ပါဠိကို သဗ္ဗနာမ်အစွဲ မှန်ကန်စေလျက် အနက်ပေးပါ။

၂။ (ခ)ပါဠိကို ပုစ္ဆာ၊ (င)ပါဠိကို ဓောဒနာတက်ပါ။

http://www.dhammadownload.com



၃။ အထက်ပါဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။
၄။ ဥပေက္ခာသတိပါရိသုဒ္ဓိ-ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းကို ဉာသ်။
၅။ (ခ)ကတာ-ကို နာမပဒမာလာ၊ယင်း၌ ဓာတ်ကို အဖွင့်တ္တနိပရသပုဒ်ဖြင့်အာချာတ ပဒမာလာ၊ (ဃ)၌ ပရိသုဒ္ဓိ၊ ပရိယောဒါတာ-ပုဒ်တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။
၆။ (က)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ သုခနိရောဓပဒဋ္ဌာနာ/သုခဒုက္ခနိရောဓပဒဋ္ဌာနာ-တွင်သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်။
၈။ (စ)ဝါကျကို ထောက်၍ သတိပါရိသုဒ္ဓိ-၌ ရသင့်သော နယူပစာရကိုရေးပါ။
၁၀။ ဝုတ္တာ-၌ ဓာတ်အရ တရားကို ပဒဋ္ဌာနဟာရနေတ္တိထုတ်ပါ။

==========================

၁။ ဖြေ= ဤစတုတ္ထဈာန်၌။ တာယ-ထိုတတြမဇ္ဈတ္တုပေက္ခာကြောင့်။

၂။ (ခ) ပုစ္ဆာ

ဆရာ-သည် (က)ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိံ-ကို ဥပေက္ခာယ ဇနိတသတိ ပါရိသုဒ္ဓိံ-ဟုဖွင့်ပြတော်မူ၏။ အဘယ့်ကြောင့် ဤဈာန်ကိုသတိပါရိသုဒ္ဓိဟုဆိုသနည်း။ တပါးသောဈာန်၌လည်းသတိရှိသည်မဟုတ်ပါလော။စုဒ်ကြောင့်(ခ)မိန့်။(ဧတ္ထိသစ်၊၂။၂၂၁)

(ခ) ယာ စ တဿာစသည်သို့ပုစ္ဆာ

ဆရာ-သည် တ္တမသို့ဋ္ဌိ ဈာနေ သုပရိသုဒ္ဓါ ဖြင့်ဤစတုတ္ထဈာန်၌သတိသည်ကောင်း စွာထက်ဝန်းကျင် စင်ကြယ်သောဟုဆို၏။ ယင်းသို့ဖြစ်သည်ရှိသော်ဤစတုတ္ထဈာန်ကိုသတိ ပါရိသုဒ္ဓိဟူ၍သာ ဟောတော်မူသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့်ဥပေက္ခာသတိပါရိ သုဒ္ဓိဟူ၍ဟောတော်မူသနည်း။ စုဒ်ကြောင့် ယာ စ တဿာ- စသည်မိန့်။(ဧတ္ထိသစ်။၂။၂၂၁)

(ဃ)ဝါကျ (မအူကျမ်းတက်)

ဤဈာနကထာ၌သာ ဟောတော်မူအပ်ပါသလော-စုဒ်ကြောင့်ဝိဘင်္ဂေပိအစမိန့်။

(င)ဝါကျ စောဒနာ

ဆရာ မြတ်စွာဘုရားသည် ဥပေက္ခာသတိပါရိသုဒ္ဓိံ-ဟု ဟောတော်မူ၏။ ယင်း၌ ဥပေက္ခာ-အရမည်သည့်တရားကိုယူရမည်နည်း။ ဝေဒနာကို(သို့)ပညာကို (သို့)ဝီရိယကို ကောက်ရမည့်လော။ ဤ၌ ဥပေက္ခာ-အရကို မပြသော် ဥပေက္ခာ တရားကိုယ်လေးပါးလုံး၌ ပြန့်နှံ့ခဲ့သော အတွံ့ဗျာပိတ္ထဒေါသ။ စုဒ်ကြောင့် (င)မိန့်။

(စ)ဝါကျ ပုစ္ဆာ

ဆရာ-(င)ဝါကျဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိ-၌ ဥပေက္ခာဟူသည်တရားကိုယ် အားဖြင့် တတြမဇ္ဈတ္တတာ-ပင်တည်းဟုဆို၏။ အကယ်၍ တတြမဇ္ဈတ္တတာကို ဤ၌ ဥပေက္ခာ-ဟု အလိုရှိသည်ဖြစ်အံ့။ ယင်းသို့ဖြစ်လျှင် အဘယ့်ကြောင့် သတိကိုသာ

http://www.dhammadownload.com



ပါရိသုဒ္ဓိဟု ဆိုသနည်း။ ဤရှာန်၌ သတိသာမက အလုံးစုံသော သမ္ပယုတ္တဓမ္မတို့လည်း စင်ကြယ်ကုန်သည် မဟုတ်တုံလော။ စုဒ်ကြောင့်(စ)မိန့်။ (ဝဏ္ဏိသစ်၊၂။၂၂၂)

◆ ယဒိ တတြမဇ္ဈတ္တတာ ဣဓ "ဥပေက္ခာ"တိ အဓိပ္ပေတာ၊ တထ သတိယေဝ ပါရိသုဒ္ဓါတိ ဝုတ္တာတိ အာဟ "န ကေဝလ"န္တိအာဒိ။ (သာရတ္ထ၊၁၊ဥရစ္ဆ)

၃။ (ခ)ဝိတ္ထာရ၊ (မဆု) ကာရဏ (ပြည်) ကာရဏ၊ ဒဋ္ဌိ(ဘာသာဋီ) ဒဋ္ဌိ(ဝဏ္ဏိသစ်) ယင်း(ခ)ပါဠိ၌ ယာစ တသ္သာ–စသည်ကား ပါဠ်ရှု။

(ဂ) လဒ္ဓဂုဏ်။ (ဃ) အာဂမဒဋ္ဌိ။ (င) ပါဠ်ရှု။ (စ) ပါဠ်ရှု။

ယင်း(စ)ပါဠိ၌ န ကေဝလဥ–မှ ပရိသုဒ္ဓါ–တိုင်အောင် ဗျတိရေကပါဠ်။ အပိစ သဗ္ဗေပိ သမ္ပယုတ္တဓမ္မာ–ကား အန္ဓယ။ သတိသီသေန–စသည်ကား ပါဠ်ရှု။

၄။ ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ။ သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။ ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ တေသာ ရှာနဿ တေသွံ ဝါ ရှာနေတိ ဥပေက္ခာသတိပါရိသုဒ္ဓိ။

◆ ဥပေက္ခာဇနိတသတိပါရိသုဒ္ဓိ–အရ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းသည် မှချ။

◆ ထို–၏ စတုတ္ထရှာန်နှင့် ဂုဏ် ဂုဏ်ဆောင်း စပ် ဌာန။

◆ တေ–အညပုဒ်အရကား စတုတ္ထရှာန်ရ၏။ (ဝိသေသနဆက်ကောက်)

၅။ ကတာ၊ ကတာ၊ ကတာယော–စသည်ဖြင့် ကညာဒိဂိုဏ်းစဥ်ရမည်။

ကရ–ဓာတ်ယူ၍– အကာသိ၊ အကာသုံ။ အကာသိ အကာသိတ္ထ။ အကာသိ၊ အကာသိမှ။
အကရိ၊ ကရိ၊ အကရိသု၊ အကံသု၊ အကရုံ၊ အကရိ၊ အကရိတ္ထ။
အကရိ၊ ကရိ၊ အကရိမှ၊ ကရိမှ။ (ရူ ၊၃၂၀)

ပရိသုဒ္ဓ = ပရိ သုဓ၊ တ။ ပရိယောဒါတ= ပရိ အဝ ဒါ၊ တ။

၆။ (က)ဖြင့် ဥပေက္ခာဇနိတာ–ပုဒ်ကို ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာ–ဟု တတိယာတပ္ပုရိသ် ဝဓနတ္တပြု၊ သတိပါရိသုဒ္ဓိ–ကို သတိယာ ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ–ဟု ဆဋ္ဌီတပ္ပုရိသ်ဝဓနတ္တပြု၊ အပေါင်းပုဒ်ကို ဥပေက္ခာဇနိတာ သတိပါရိသုဒ္ဓိ တေသာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ–ဟု စတုတ္ထီဗဟုဗ္ဗီဟိဝဓနတ္တ–ပြု၊ ဥပေက္ခာ–ဟူသောရှေ့ပုဒ်၌ ဇနိတ–ဟူသောနောက်ပုဒ်ကျေနေသည်ကိုလည်းကောင်း (ဘာဝတ္တ) သိစေ။

◆ ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ပုရိမပဒေ ဥတ္တရပဒလောပေနေတံ သမာသပဒန္တိ အာဟ "ဥပေက္ခာဇနိတသတိပါရိသုဒ္ဓိ"န္တိ။ (သာရတ္ထ၊၁၊ဥရစ္ဆ)

(င)ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိ–၌ ဥပေက္ခာ–အရ ကေဒေသျပစာအားဖြင့် တတြမဇ္ဈတ္တုပေက္ခာကို ယူရမည်ဟု သိစေပါသည်။

http://www.dhammadownload.com



၇။ **သုခနိရောဓပဒဋ္ဌာနာ / သုခဒုက္ခနိရောဓပဒဋ္ဌာနာ**

ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယာနံ ဥပစာရက္ခဏေသု– ဟူသော ဤအဋ္ဌကထာ(၁၂၂)စကားအရ ဒုက္ခဝေဒနာကို ပဌမဈာန်၏ ဥပစာရက္ခဏ၌ ပယ်ပြီးဖြစ်သောကြောင့်လည်းကောင်း၊ သုခနိရောဓောနာမ တတ္ထစ စတုတ္ထဇ္ဈာနူပစာရော၊ သော ပဒဋ္ဌာနံ ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ–ဟု သာရတ္ထ(၃၇၉) ဆိုသောကြောင့်လည်းကောင်း။ ဟီရာ၊ဝံ၊သစ်၊၂။၂၂၁–၌လည်း "ဤပဒဋ္ဌာန်အရာ၌ သုခနေ့ဒွင် ဒုက္ခသဒ္ဒါရှိတတ်၏၊ အနက်သဘော မသင့်သောကြောင့် ဒုက္ခမရှိသင့်"ဟု ဆိုထားသောကြောင့်လည်းကောင်း "သုခနိရောဓပဒဋ္ဌာနာ"ဟု ရှိသောပါဌ်သာ သင့်ပါသည်။

၈။ **သတိပါရိသုဒ္ဓိ**

အစိတ်ဖြစ်သော သတိစင်ကြယ်ခြင်း၏ "သတိပါရိသုဒ္ဓိ" ဟူသော အမည်ကို အပေါင်းဖြစ်သော သတိ၊ သတိသမ္ပယုတ္တဓမ္မစင်ကြယ်ခြင်းတို့၌ တင်–ဧကဒေသူပစာ။

ပြတ်ဆန်းသော သတိစင်ကြယ်ခြင်းကိုဆိုသဖြင့် မပြတ်ဆန်းသော သမ္ပယုတ္တဓမ္မ စင်ကြယ်ခြင်းကိုလည်း ရသောကြောင့် ပဓာနနည်း၊ ဥပလက္ခဏနည်း၊ နိဒဿနနည်း။

၁၀။ ဝုတ္တံ–၌ ဓာတ်အရ ဒေသနာဉာဏ်ကို ယူ၍ ထုတ်လေ။

==============================

## ပုစ္ဆာနိဒါသကထာ

## ဝါကျဥယျာဥ် (၉၈)

(က) တတိ တမာနိ စတ္တာရိ ဈာနာနိ ကေသဉ္စိ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ၊ ကေသဉ္စိ ဝိပဿနာပါဒကာနိ၊ ကေသဉ္စိ အဘိညာပါဒကာနိ၊ ကေသဉ္စိ နိရောဓပါဒကာနိ၊ ကေသဉ္စိ ဘဝေါက္ကမနတ္ထာနိ။

(ခ) တတ္ထ ခီဏာသဝါနံ စိတ္တေကဂ္ဂတတ္ထာနိ ဟောန္တိ။

(ဂ) တေ ဟိ သမာပဇ္ဇိတွာ"ဧကဂ္ဂစိတ္တာ သုခံ ဒိဝသံ ဝိဟရိဿာမာ"တိ ဣစ္စေဝံ ကသိဏပရိကမ္မံ ကတွာ အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေန္တိ။

(၄။၁၂၆။ သာရတ္ထ၊၁။၃၈၀။ မဓူ၊၂။၃၁၇။ ဘာသာဋီ၊၂။၁။ ဓမ္မသစ်၊၂။၂၂၆)

==================

၁။ စိတ္တေကဂ္ဂတတ္ထာနိ၊ဘဝေါက္ကမနတ္ထာနိ–နှစ်ပုဒ်ကို သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထထင်စေလျက်အနက်။

၂။ (ခ)ဝါကျ သာဘောဂပုစ္ဆာတက်၍၊ (ဂ)ဝါကျကို အနာဘောဂပုစ္ဆာတက်ပါ။

၃။ (ခ၊ဂ)ဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (ခ)တတ္ထ–ကို သဒ္ဒါနည်း စာစပ်ပါ။

၄။ ဧကဂ္ဂစိတ္တာ–ပုဒ်ကို အစိတ် အပေါင်းဝိဓနတ္ထပြ၍ အပေါင်း၌ ဉာသ်ကောက်ပါ။

http://www.dhammadownload.com



၅။ (ခ)ဝါကျလာပုဒ်များကို သမာသပဒစသည်၊ အင်္ဂ၊ ဒိဝသ–ပုဒ်တို့ကို ဓာတု၊ ပစ္စယ။

၆။ သုခါဒီနံ ပစ္စယာနံ ဃာတေန ဝိတတရာဂါဒိအဝဇ္ဈတ္တာ အနဂ်ဏော(၁၂၇)ကို အာ–သံ။

၇။ ဘဝေါက္ကမနတ္တာနိ/ဘဝေါကမနတ္တာနိ နှစ်မျိုးတွင် သင့်ရာပါဌ်ကို ယုတ္တိပြဆုံးဖြတ်။

၈။ (ခ)စိတ္တေကဂ္ဂတတ္တာနိ–၌ နည်း၊ ဒီဃာသဝါနံ–၌ ဥပစာတို့ကိုအကြောင်းပြဖြေပါ။

၁၀။ စတ္တာရိ ဈာနာနိ–အရကို ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

=========================

၁။ စိတ္တေကဂ္ဂတတ္တာနိ=စိတ်၏တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ်ဟူသောအကျိုး

ရှိကုန်သည်၊ (သဒ္ဒတ္ထ)

(ဝါ)စိတ်၏ တည်ကြည်ခြင်းအကျိုးရှိကုန်သည်၊

(ဝါ) မျက်မှောက်ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာနေရခြင်း

အကျိုးရှိကုန်သည်။ (အဓိပ္ပါယတ္ထ) (ဝဏ္ဏိသစ်။၂၂၆)

ဘဝေါက္ကမနတ္တာနိ= ဘဝတို့သို့ သက်ဝင်ခြင်းအကျိုးရှိကုန်သည် (သဒ္ဒတ္ထ)

(ဝါ)ဘဝတို့၌ ဖြစ်ခြင်းအကျိုးရှိကုန်သည်။ (အဓိပ္ပါယတ္ထ)

၂။ (ခ)ဝါကျ သာဘောဝပုစ္ဆာ

ဆရာ---သည် (က)ကေသဉ္စိ စိတ္တေကဂ္ဂတတ္တာနိ ဟောန္တိ–ဖြင့် ဈာန်လေးပါးတို့သည် အချို့ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိကုန်သောဟုဆို၏။ အဘယ်ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိပါကုန်သနည်း။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်း အကျိုးရှိပါကုန်သလော။ စုဒ်ကြောင့်(ခ)မိန့်။

ဤကား (ခ)ဝါကျတစ်ခုတည်းကိုသာ ကွက်၍ ကျမ်းတက်ပုံတည်း။

ဝိတ္ထာရနယ်ပယ်တစ်ခုလုံးကို မျှော်၍ ကျမ်းတက်လိုလျှင်(က)ဝါကျ

တစ်ခုလုံးကို မြန်မာပြန်၍ ဥပနာထားရမည်။

(ဂ)ဝါကျ အနုာဘောဝပုစ္ဆာ

ဆရာ---သည် (ခ)ဝါကျဖြင့် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်းအကျိုးရှိကုန်သောဟုဆို၏။ အဘယ်ကြောင့် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်းအကျိုးရှိပါကုန်သနည်း။

(တစ်နည်း) အဘယ်သို့လျှင် ဈာန်လေးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်တည်ကြည်ခြင်းအကျိုးရှိပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

၃။ (ခ)သည် ကေသဉ္စိ စိတ္တေကဂ္ဂတတ္တာနိ စသောသင်္ခေပကို ချဲပြသောကြောင့်ဝိတ္ထာရ။

(ဂ)ကာရဏ။ (မအူ)၊ ဒဋ္ဌိ (ပါရာ၊ဝံသစ်)၊ ဝိတ္ထာရ (ဘာသာဋီကာ)

(ခ)ဝါကျ တတ္ထ–ကို ဒီဃာသဝါနံ–၌ နိဒ္ဒါရဏ–နိဒ္ဒါရဏီယ စပ်။

http://www.dhammadownload.com



၄။ ကေ အင်္ဂံ အာရမ္မဏံ ဧတဿ စိတ္တဿာတိ ကေဂ္ဂံ။
ကေဂ္ဂံ စိတ္တံ ဧတေသံ အမှာကန္တိ ကေဂ္ဂစိတ္တာ။ (မအူသျှ)

- ကေဂ္ဂစိတ္တ-ပုဒ်အရကား တစ်ခုတည်းသော အာရုံရှိသော စိတ်ရှိ၏။
- ထို-၏ ရဟန္တာပုဂ္ဂိုလ်တို့နှင့် သံ သာမိစပ် ဌာန။
- တေ-အရကား ရဟန္တာပုဂ္ဂိုလ်တို့ရှိ၏။

## ဝစနတ္ထမှတ်ဘွယ်

စိတ္တေကဂ္ဂတာ အတ္ထော ပယောဇနံ ဧတ္ထမေသံ ဈာနာနန္တိ စိတ္တေကဂ္ဂတတ္ထာနိ။
ဝိပဿနာယ ပါဒကာနိ ဝိပဿနာပါဒကာနိ။
အဘိညာနံ ပါဒကာနိ အဘိညာပါဒကာနိ။
ခီဏာ အာသဝါ ဧတေသန္တိ ခီဏာသဝါ။
သုဋ္ဌု အာဟိတံ ဌပိတံ သမာဟိတံ။

| | | |
|---|---|---|
| ၅။ | တတ္ထ= | သဗ္ဗနာမ်(တစ်နည်း)အဗျယတဒ္ဓိတ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။ |
| | ခီဏာသဝါနံ= | ဗဟုဗ္ဗီဟိသမာသ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။ |
| | စိတ္တေကဂ္ဂတတ္ထာနိ= | ဗဟုဗ္ဗီဟိသမာသ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။ |
| | တေသန္တိ= | အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ ဣကာရန္တ။ |
| | အဂ္ဂ= | အဝ၊ အ (၁)။ နပုံလိင်။ |
| | ဒိဝသ= | ဒိဝ၊ အသ။ |

၆။ ဝိတတရာဝါဒိအင်္ဂဏတ္တာ-ဖြင့် အနင်္ဂဏော-၌ အင်္ဂဏ-အရ ရာဂစသော ကိလေသာကိုယူ။ န-နိပါတ်၏ ဝိရဟအနက်ဟော။ နတ္ထိ အင်္ဂဏာနိ ဧတဿ စိတ္တဿာတိ အနင်္ဂဏံ-ဟု ဗဟုဗ္ဗီဟိပြု --သိစေသည်။
သုခါဒီနံ ပစ္စယာနံ ဃာတေန-ဖြင့် (ဘာဝတ္ထဇော်)

၇။ ## ဘဝေါက္ကမနတ္ထာနိ / ဘဝေါကမနတ္ထာနိ

ဘဝေါက္ကမနတ္ထာနီတိ ဘဝေသု နိဗ္ဗတ္တိအတ္ထာနိ-ဟု သာရတ္ထဒီပနီ ဆိုသောကြောင့်လည်းကောင်း။မအူသျှ-၌ ဘဝါနံ ဩက္ကမနံ ဘဝေါက္ကမနံ၊ ဘဝေါက္ကမနံအတ္ထော ပယောဇနံ ဧတ္ထမေသံ ဈာနာနန္တိ ဘဝေါက္ကမနတ္ထာနိ-ဟု ဝိဂ္ဂဟပြု ထားသောကြောင့် လည်းကောင်း။ ဩက္ကမနံ-၌ အဝ ကမု၊ ယု။ ရသနောက်ရှိ ကမုဓာတ်၏အစဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့်လည်းကောင်း ဘဝေါက္ကမနတ္ထာနိ-ဟု ဒွေဘော်ရှိသောပါဠ်သာ သင့်သည်။

http://www.dhammadownload.com



ဝ။ **စိတ္တေကဂ္ဂတတ္ထာနိ**

ပြတ်နှံသော စိတ္တေကဂ္ဂတာ-ကိုဆိုသဖြင့် မပြတ်နှံသော ဒိဋ္ဌဓမ္မသုခ-ဝိဟာရကိုလည်း ရသောကြောင့် ပတနနည်း။

အစိတ်- စိတ္တေကဂ္ဂတာကို အပေါင်းဖြစ်သော စိတ္တေကဂ္ဂတာ၊ ဒိဋ္ဌဓမ္မသုခ-ဝိဟာရနှစ်မျိုး၌ တင်စားသောကြောင့် ကေဒေသူ။

◆ စိတ္တေကဂ္ဂတာသိသေန ဟိ ဒိဋ္ဌဓမ္မသုခဝိဟာရော ဝုတ္တော။ (သာရတ္ထ၊၁၊၃၀၀)
(ဂ)ဝါကျ တေဝ္ဌစိတ္တာ-၌လည်း ကေဒေသူ၊ ပတနနည်းပင်။

**ဝိဏာသဝါနိ**

အပေါင်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်အားလုံး၏ ဝိဏာသဝါနံ-ဟူသောအမည်ကို အစိတ်ဖြစ်သော သုက္ခဝိပဿကရဟန္တာ-၌ တင်- ကေဒေသူ။ ရုဋ္ဌီနည်း။

◆ သုက္ခဝိပဿကခီဏာသဝဝသေန စေတံ ဝုတ္တံ။ (သာရတ္ထ၊၁၊၃၀၀)

**စတ္တာရိ ဈာနာနိ**

ဤ၌ စတ္တာရိ ဈာနာနိ-ဟုသာမည်ဆိုသော်လည်း စိတ္တေကဂ္ဂတာ၊ ဘဝေါက္ကမနတ္ထ၊ ဝိပဿနာပါဒကတို့သည် ဈာန်လေးပါးတို့၏အကျိုးဖြစ်သည်၊ အဘိညာပါဒက၊နိရောဓပါဒကအကျိုးနှစ်ပါးသည် စတုတ္ထဈာန်၏ အကျိုးသာဖြစ်သည်ဟု ရသင့်သည့်အား လျော်စွာ ယူရသောကြောင့် ယထာလာဘနည်းမည်၏။ (ပါရာ၊ဝံဆစ်၊၂၊၂၂၆)

၁၀။ စတ္တာရိ ဈာနာနိ-အရ ဈာန်လေးပါးကိုယူ။ ထို၏ပဒဋ္ဌာန်ကား ဂေါတြဘုတိုင်အောင် သော ဥပစာရသမာဓိတည်း။ ထို၏ ပဒဋ္ဌာန်ကား ပရိကမ္မဘာဝနာတည်း။ ဤသို့ အောက်သက်ဆြရယှောရယှအားဖြင့်လည်းကောင်း။ ထိုဈာန်လေးပါးသည်အချို့ပုဂ္ဂိုလ် အတွက် စိတ္တေကဂ္ဂတတ္ထ (ပ) အချို့ပုဂ္ဂိုလ်အတွက် ဘဝေါက္ကမနတ္ထ၏ပဒဋ္ဌာန်တည်း။ ဤသို့အထက်တက် အာရယှာရယှအားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကိုထုတ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏။

---

## ဝါကျဥယျာဉ် (၉၉)

(က) ဘဂဝတာ ပနိဒံ စတုတ္ထဇ္ဈာနံ ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိတံ။
(ခ) တံ တဿ ဝိပဿနာပါဒကဉ္စေဝ အဟောသိ အဘိညာပါဒကဉ္စ နိရောဓပါဒကဉ္စ သဗ္ဗကိစ္စသာဓကဉ္စ သဗ္ဗလောကိယလောကုတ္တရဂုဏာဒါယကဉ္စာတိ ဝေဒိတဗ္ဗံ။
(ဂ) ယေသဉ္စ ဂုဏာနံ ဒါယကံ အဟောသိ၊ တေသံ ကေဒေသံ ဒဿေန္တော "သော ဧဝံ သမာဟိတေ စိတ္တေ"တိ အာဒိမာဟ။
(ဃ) တတ္ထ သောတိ သော အဟံ။

http://www.dhammadownload.com



(င) ဝေန္တိ စတုတ္ထဇ္ဈာနက္ခဏမနိဒဿနမေတံ၊ တ္တမိနာ ကမေန စတုတ္ထဇ္ဈာနံ ပဋိလဘိတွာ -တိ ဝုတ္တံ ဟောတိ။

(စ) သမာဟိတေတိ တ္တမိနာ စတုတ္ထဇ္ဈာနသမာဓိနာ သမာဟိတေ။

(၄း၁၂၆။ သာရတ္ထ၊၁း၃၈၃။ မအ၊၂း၃၁၉။ ဘာသာဋီ၊၂း၂။ ဓဇ္ဇကိသစ်၊၂း၂၂၇)

==================

၁။ သမာဟိတေ-၏ လက္ခဏာဝန္တကိုထည့်၍၊ ယင်း သမာဟိတေ-ကို သဒ္ဒတ္ထ၊ အဓိပ္ပါ- ယတ္ထပေါ်လွင်စေလျက် (စ)ဝါကျကို အနက်ပေးပါ။

၂။ (ခ)ဝါကျကို သာဘောဂပုစ္ဆာ၊ (ဂ)ဝါကျကို စောဒနာတက်ပါ။

၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။

၄။ (က)ဗောဓိရုက္ခမူလေ-ကို အစိတ် အပေါင်းဝစနတ္ထပြ၍၊ အပေါင်းဝစနတ္ထကို ညာသ်။

၅။ (ဂ)အာဒိမာဟ-ဝယ် အာဟ-ကို ဓာတ်၊ ဝိဘတ်။ အာဒိ-ပုဒ်ကိုနာမပဒမာလာ။

၆။ (ဃ၊င၊စ)ဝါကျတို့၌ အာဘော် သံဝဏ္ဏနာကိုဖော်ပြပါ။

၇။ (က)နိရောဓပါဒကဥ္စ/သနိရောဓပါဒကဥ္စ-နှစ်မျိုးတွင် သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်။

၈။ (ခ)သဗ္ဗလောကိယလောကုတ္တရဂုဏာဒိယကံ-၌ ရသင့်သောနယ္ယူပစာရကိုဖော်ပြပါ။

၁၀။ နိဗ္ဗတ္တိတံ-၌ ဗာဟျတ္ထအရ တရားကိုယူ၍ ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

==================

၁။ သမာဟိတေတိ-ကား၊ တ္တမိနာ စတုတ္ထဇ္ဈာနသမာဓိနာ-ဖြင့်၊ စိတ္တေ-ရူပါဝစရဈာန် စိတ်ကို၊ (လက္ခဏာဝန္တကံ) သမာဟိတေ-ကောင်းစွာအာရုံ၌ ထားအပ်သော်၊ (သဒ္ဒတ္ထ) စိတ္တေ-သည်၊ သမာဟိတေ-တည်ကြည်လတ်သော်။ (အဓိပ္ပါယတ္ထ)

(ခ)ဝါကျ သာဘောဂပုစ္ဆာ

ဆရာ--သည် (က)ဝါကျဖြင့် မြတ်စွာဘုရားသည် ဤစတုတ္ထဈာန်ကို ဗောဓိပင်၏အနီး၌ဖြစ်စေအပ်၏ဟုဆို၏။ စတုတ္ထဈာန်သည်အောက်ပါပုဂ္ဂိုလ် ၅-ယောက်တို့အားကဲ့သို့ သဗ္ဗညုဘုရားအား ၁စိတ်တဒေသအကျိုးကိုသာ ပေးနိုင်ပါသလော။ မည်သည့်အကျိုးကို ပေးနိုင်ပါသနည်း။ ဟုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား= ဘုရားရှင်၏ စတုတ္ထဈာန်သည်ဘုရားရှင်အား အလုံးစုံသောလောကီ လောကုတ္တရာဂုဏ်ကို ပေးတတ်ပါ၏ဟူလို။

(ဂ)ဝါကျ စောဒနာ

ဆရာ--သည်(ခ)ဝါကျဖြင့် ဘုရားရှင်၏ စတုတ္ထဈာန်စိတ်သည် အလုံးစုံသော လောကီလောကုတ္တရာဂုဏ်ကို ပေးတတ်သောဟုဆို၏။ ဤ၌ လောကီလောကုတ္တရာဂုဏ်အလုံးစုံကိုပင် ပြလိုသောကြောင့် "သော ဧဝံ သမာဟိတေ စိတ္တေ"စသည်ကို

http://www.dhammadownload.com



ဟောတော်မူပါသလော။ အဘယ့်ကြောင့် ဟောတော်မူပါသနည်း။ ဟောတော်မူရခြင်း၏အကြောင်းကို မပြသော် အကြောင်းမှယုတ်သော ဟီနတ္ထဒေါသ-၏။ စုန်ကြောင့် (ဂ)မိန္။ အဓိပ္ပါယ်ကား။ ထိုဂုဏ်တို့တွင်တစိတ်တဒေသကို ပြလိုသောကြောင့် သော ဓေ-စသည်ကို ဟောတော်မူ၏ဟု အကြောင်းကို ငါပြဆိုသည် ဖြစ်သောကြောင့်--ဟူလို။

၃။ (က)ဝါကျသည် ဝိသေသဝါကျ။ (မအူသျှ၊ဂဏ္ဌိသစ်)
(ခ)ဝါကျသည် ဝါကျာရမ္ဘ။ (ဂ)ဝါကျသည် ဝါကျာရမ္ဘ။
(ဃ)သည်အနုသန္ဓေသမ္ဗန္ဓမှတပါး အဝယဝတ္ထကိုပြ ပက္ခန္တရ။ (တစ်နည်း) ဝိတ္ထာရ။
(င)ပက္ခန္တရ။ ယင်း (င)ဝါကျ၌ တ္ထမိနာ-စသည်ကား ဝိတ္ထာရ။ (စ)ပက္ခန္တရ။

၄။ အဗုဇ္ဈိ တ္တေ့ာတိ ဗောဓိ။ (ဗုဓ၊တ္တ) ဗောဓိပင်ရင်း။
ရုဟတီတိ ရုက္ခော။ ဗောဓိစ သော ရုက္ခောစာတိ ဗောဓိရုက္ခော။
မူလတိ တ္တေ့ာတိ မူလံ။ ဗောဓိရုက္ခဿ မူလံ ဗောဓိရုက္ခမူလံ။

♠ ဗောဓိရုက္ခအရ ဗောဓိပင် ရင်း။
♠ ထို-၏ အနီးအရပ်နှင့် သမီပိ သမိပစပ် ဌာန။
♠ ပုဒ်လုံးအရကား ဗောဓိပင်၏ အနီးအရပ်ရင်း။

ဝစနတ္ထမှတ်ဘွယ်

သဗ္ဗံ ကိစ္စံ သဗ္ဗကိစ္စံ။ သဗ္ဗကိစ္စဿ သာဓကံ သဗ္ဗကိစ္စသာဓကံ။
စတုတ္ထဈာနဿ အဓိဂမဿ ကမော စတုတ္ထဈာနက္ကမော။
နိဒဿေတီတိ နိဒဿနံ။
စတုတ္ထဈာနက္ကမံ နိဒဿနံ စတုတ္ထဈာနက္ကမနိဒဿနံ။
(တစ်နည်း) နိဒဿေတိ ဧတေနာတိ နိဒဿနံ။
စတုတ္ထဈာနက္ကမဿ နိဒဿနံ စတုတ္ထဈာနက္ကမနိဒဿနံ။
နိဗ္ဗတ္တီယတီတိ နိဗ္ဗတ္တိတံ။

၅။ အာဟ= ဗြူ၊ တိ။ အာဒိ=အာ- ဒါ၊ တ္တ။ ပုံလိင်၊ ရတ္တာဒိဂိုဏ်းစဉ်။
ဝိပဿနာ=ဝိ-ဒိသ၊ ယု။ ရုက္ခ=ရုဟ၊ ခ။

၆။ (ဃ)သော အတံ-ဖြင့်"စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ"ဟု ဆိုပြီး၍ သော-ဟူသော သဗ္ဗနာမ်ကိုဆိုရကားသော-၌ တ-သဒ္ဒါဖြင့် အတံ-ကို စွဲယူသုံးသပ်ရမည့်အဖြစ်ကိုသိစေ။ (သာရတ္ထ) (ပါရာ၊ဝံသစ်၊၂၊၂၂၉)
(တစ်နည်း)"ဝိတ္တံ အဘိနိန္နာမေသိ"-ဟု အထက်ကြိယာကို အမှုယောဂကြိယာဖြင့်ဆိုလတ္တံ့ ဖြစ်ရကား သော-၌ တ-သဒ္ဒါဖြင့် အတံ-ကို စွဲယူရမည်ဟုသိစေ။ (ပါရာ၊ဝံသစ်)

http://www.dhammadownload.com



(င) စတုတ္ထဈာနနိဒ္ဒေသနံ-ဖြင့် ဝေ-သဒ္ဒါ နိဒ္ဒေသနအနက်ဟော၊ (နိပါတလိင်္ဂတ္ထ) ယင်း ဝေ-သဒ္ဒါဖြင့် အောက်ဈာန် ၃-ပါးကိုရသောအစဉ်ဖြင့်ပြီးသော စတုတ္ထဈာန်သမာဓိကို ညွှန်ပြသည်ဟူသော အဓိပ္ပါယ်ကိုလည်းကောင်းသိစေ။ (သာရတ္ထနှင့်ပါရာ၊ဝံ၊သစ်)

တ္တမိနာ တမေန စတုတ္ထဈာနံ ပဋိလဘိတွာ-ဖြင့် ဝေ-နောင် နာ-ဝိဘတ်ကျေ နေသည်ကိုလည်းကောင်း၊ (ဝိဘတ္တိပဒ) ဝေ-ကို သမာဟိတေ-၌မစပ်ရ၊ ပဋိလဘိတွာ -ဟူသော ပါဌ်သေသ၌ စပ်ရမည်ကိုလည်းကောင်း၊ (သမ္ဗန္ဓ) အောက်ဈာန် ၃-ပါးကို ရသောအစဉ်ဖြင့် စတုတ္ထဈာန်ကိုရတော်မူ၏ဟူသောအဓိပ္ပါယ်ကိုလည်းကောင်းသိစေ။

(စ)တ္တမိနာ စတုတ္ထဈာနသမာဓိနာ-ဖြင့် သမာဟိတေ-၌ ကောင်းစွာ အာရုံ၌ ထားအပ်ဟူသည် စတုတ္ထဈာန်သမာဓိဖြင့် ထားအပ်သတည်းဟု သိစေသည်။

၇။ နိရောဓပါဒကဥ္စ / သနိရောဓပါဒကဥ္စ

ဝိပဿနာပါဒကဥ္စေဝ အဘိညာပါဒကဥ္စ- စသည်တို့၌ သ-သဒ္ဒါမပါရှိခဲ့ခြင်းကြောင့် လည်းကောင်း၊ ပါရာ၊ဝံသစ်၊၂။၂၂၈-၌လည်း"များစွာသောပေတို့၌ ဤသို့သာပါဌ်ရှိ၏။ ယောဇနာ၌ကား သနိရောဓပါဒကံ-ဟု ရှိလိုရိပ်ထင်၏၊ သင့်အံ့မထင်"ဟု ဆိုသော ကြောင့်လည်းကောင်း နိရောဓပါဒကဥ္စ-ဟုရှိသောပါဌ်သာ သင့်ပါသည်။

၈။ တံ သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ

အကျိုးဖြစ်သော အလုံးစုံသော လောကီလောကုတ္တရာဂုဏ်ကို ပေးစွမ်းနိုင် သောအရဟတ္တမဂ်၏ "သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ" ဟူသော အမည်ကို အကြောင်းဖြစ်သော စတုတ္ထဈာန်၌တင်-ဖလူပစာ။ အဝိနာဘာဝနည်း။ (ဝံသစ်)

(င) စတုတ္ထဈာနက္ကမ

စတုတ္ထဈာနဥ္စ စတုတ္ထဈာနက္ကမောစ စတုတ္ထဈာနက္ကမံ-ဟု ကေဒေသ သရူပေက- သေသဝိဓနတ္တပြု၍ တခုကြွင်းပြုထားသောကြောင့် ကေသေသနည်း။ (ဝံသစ်)

၁၀။ နိဗ္ဗတ္တိတံ-၌ ဗာဟျတ္ထ-အရ(ဝါ)တ-ပစ္စည်းအရ ဘုရားရှင်၏စတုတ္ထဈာန်ကိုယူ၍ထုတ်။

==============================

## ဝါကျဥယျာဉ် (၁၀၀)

(က) ပုဗ္ဗေနိဝါသာနုဿတိဉာဏာယာတိ ဝေ ံ အဘိညာပါဒကေ ဈာနေ ဌတွာ ဝိတ္တေ ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ၊ တဒတ္ထာယ။

(ခ) တတ္ထ ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေ အတီတဇာတီသု နိဝုတ္ထက္ခန္ဓာ။

(ဂ) နိဝုတ္ထာတိ အနုဘူတာ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ။

(ဃ) နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ။

(င) ဂေါစရနိဝါသေန နိဝုတ္ထာ။

http://www.dhammadownload.com



(စ) အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ ပရိဝိညာဏဝိညာတာပိ ဝါ ဆိန္နဝဏ္ဏမကာနုသာရေနာဒိသု။
(၄၊၁၂၈။ သာရတ္ထ၊၁၊၃၀၅။ မအူ၊၂၊၃၂၈။ ဘာသာဋီ၊၂၊၂၂။ ဝဇီရဗုဒ္ဓိ၊၂၊၂၄၀)

====================

၁။ (ခ)အနက်မှန်ကန်စွာ ပေးပါ။

၂။ (ဃ) သာဘောဝပုစ္ဆာတက်ပါ။

၃။ (ခ၊ဃ) တို့ကို အကြောင်းပြအမည်ပေး။ (က)၌ အဘိညာပါဒကေ၊ ဇာတေ တေသွိ ဝိတ္တေ-တို့ကို စာစပ်ပါ။

၄။ ဆိန္နဝဏ္ဏမကာ-ကို ဝစနတ္ထပြ၍ ဉာဏ်ကောက်ပါ။

၅။ ဇာတိ၊ နိဂုတ္တ၊ နိရုဒ္ဓ၊ ပရိစ္ဆိန္န၊ ဝဏ္ဏမ-တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။

၆။ (ခ)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ဂဏနာနုပုဗ္ဗတော/ဂဏနာနုပုဗ္ဗတာ(စတုတ္ထံ)တွင်သင့်ရာပါဌ်ကိုအကြောင်းပြဆုံးဖြတ်။

၈။ ပုဗ္ဗေနိဝါသာနုဿတိမှိ-၌ ဖြစ်သင့်သောနည်း၊ နိဂုတ္တကွန္ဓာ-၌ ဥပစာတို့ကိုရေးပါ။

၁၀။ နိဂုတ္တကွန္ဓာ-၌ အရကို ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

မှတ်ချက်။ ။ဤဝါကျ အဋ္ဌကထာပါဌ်များ ဆဋ္ဌမူ ရှေးရိုက်၊ နောက်ရိုက်တွဲပြားနေသည်ကို သတိပြုပါ။

==============================

၂။ (ခ)ဝါကျ အနုသန္ဓေ

ဤသို့(က)ဝါကျဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-ကို အကျဉ်းဖွင့်ပြပြီး၍ ယခုအခါ၌ အကျဉ်းအားဖြင့် ဆိုအပ်ပြီးသော အနက်ကို ဖွင့်လိုရကား ရှေးဦးစွာ ပုဗ္ဗေနိဝါသ-ကိုပြ၍ ယင်း၌ သတိနှင့်ဉာဏ်တို့ကိုဖွင့်ပြခြင်းငှာ တတ္ထ-စသည်ကိုမိန့်။ (သာရတ္ထနှင့် ဝဇီရဗုဒ္ဓိ)

(ဃ)ဝါကျ သာဘောဝပုစ္ဆာ

ဆရာ--သည် (ဂ)ဝါကျဖြင့် မိမိသန္တာန်၌ အကျုံးဝင်သောခန္ဓာ၏အစွမ်းဖြင့် နိဝါသသဒ္ဒါ၏အနက်ကိုပြဆိုတော်မူ၏။ မိမိသန္တာန်၌ဖြစ်သော ခန္ဓာ၏အစွမ်းဖြင့်သာ နိဝါသသဒ္ဒါ၏ အနက်ကို သိအပ်ပါသလော။ အဘယ်၏ အစွမ်းဖြင့် နိဝါသသဒ္ဒါ၏ အနက်ကိုသိအပ်ပါသေးသနည်း။ ဟုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား=သာမန်အားဖြင့်(ဝါ)မိမိသန္တာန် သူတစ်ပါးသန္တာန်နှစ်ပါးစုံနှင့် ဆက်ဆံသည်၏အစွမ်းဖြင့်လည်း နိဝါသသဒ္ဒါ၏ အနက်ကို သိအပ်ပါ သေး၏ ဟူလို။ (ဝဇီရဗုဒ္ဓိ၊၂၊၂၄၂)

◆ ဝေံ သသန္တတိပရိယာပန္နဝသေန နိဝါသသဒ္ဒဿ အတ္ထံ ဝတွာ ဣဒါနိ အဝိသေသေန ဝတ္တုံ "နိဂုတ္တဝသာ ဝါ နိဂုတ္တာ"တိ ဝတွာ။ (သာရတ္ထ၊၁၊၃၈၈)

http://www.dhammadownload.com



၃။ (ခ)ဝိတ္ထာရ။

(ဂ)နိဂုတ္တကန္ဒာ–၌ နိဂုတ္တ–ဟူသည် အဘယ်နည်းဟုမေးဘွယ်ရှိ၍ဆက်–ဝါကျာရမ္ဘ။

(ဃ)ပက္ခန္တရ။

(င)သည် နိဂုတ္တဝဗ္ဗာ ဝါ နိဂုတ္တာ ဟူသော (ဃ)ဝါကျ၏ အနက်ကို ဖွင့်ပြ–ဝိတ္ထာရ။

◆ "နိဂုတ္တဝဗ္ဗာ ဝါ နိဂုတ္တာ"တိ ဝတွာ တံ ဝိဝရိတုံ"ဇေါဝရနိဝါသေနာ"တိအာဒိ ဝုတ္တံ။ (သာရတ္ထ)

(စ)သည် ဇေါဝရနိဝါသေန နိဂုတ္တာ–ဟုဆိုအပ်ပြီးသော အနက်ကိုပင်ချဲ့–ဝိတ္ထာရ။

ထိုတွင် ပရဝိညာဏဝိညာတာပိ ဝါ–စသည်ကား သကဝိညာဏဝိညာတ–မှတပါး ပရဝိညာဏဝိညာတကိုပြသောကြောင့် ပက္ခန္တရ။

တစပ်။ တေသွံ စိတ္တေ–ကား သည်–ကြောင့် ဇာတေ–၌ လက္ခဏာဝန္တပကတိကတ္တား၊ ဇာတေ–ကား လက္ခဏာကြိယာ။

အဘိညာပါဒကေ–ကား သည်–ကြောင့် ဇာတေ–၌ လက္ခဏာဝန္တဝိကတိကတ္တား၊ ဇာတေ–ကား လက္ခဏာကြိယာ။

ဇာတေ–ကား သော်–ကြောင့် အဘိနိန္နာမေသိ–၌လက္ခဏာ၊ အဘိနိန္နာမေသိ–ကား လက္ချ။

◆ ဇာတေတိပဒံ အဘိနိန္နာမေသိန္တိပဒေ လက္ခဏာကိရိယာ။ (ယောဇနာ။ ၉၀)

၄။ အစ္ဆိန္ဒိယတ္ထာတိ ဆိန္ဒံ။ ဝဇန္တိ တွောတိ ဝဇ္ဇံ။ (ဝဇ–ဝတိယံ၊ ဥမော)

ဆိန္ဒံ ဝဇ္ဇံ ဧတေသန္တိ ဆိန္နဝဇ္ဇကာ။

♠ ဆိန္နဝဇ္ဇ–ပုဒ်အရကား ဖြတ်အပ်ပြီးသောသံသရာလမ်းခရီး (သံသရာဝဋ်)သည်

(ဝါ) ဖြတ်အပ်ပြီးသောကုသိုလ် အကုသိုလ်ဟုဆိုအပ်သောကမ္မဝဋ်သည် မှချ။

♠ ထို၏ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝကတို့နှင့် ပဟာတဗ္ဗ–ပဟာယက၊ ဂုဏ်–ဂုဏေးစပ် ဌာန။

♠ တေ–အညပုဒ်အရကား ထို–သော သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝကတို့ရ၏။

## ဝစနတ္ထမှတ်ဘွယ်

အနုဿရတိတိ အနုဿတိ၊ ပုဗ္ဗေ အတိတာဒိသု နိဝါသော ပုဗ္ဗေနိဝါသော။

ပုဗ္ဗေနိဝါသံ အနုဿတိ ပုဗ္ဗေနိဝါသာနုဿတိ။

(တစ်နည်း)အနုဿရဏံ အနုဿတိ၊ အနုဿရတိ ဧတာယာတိဝါ အနုဿတိ။

ပုဗ္ဗေနိဝါသဿ အနုဿတိ ပုဗ္ဗေနိဝါသာနုဿတိ။

အတ္တနော သန္တာနံ အဓိကစ္စ အာဝသိသူတိ အဇ္ဈာဝုတ္ထာ။ (ဝဏ္ဏိသစ်၊ ၂။ ၂၄၂)

တဿ ဥဂ္ဃာသ အတ္တော တဒတ္တော။

အတိတာ ဇာတိယော အတိတဇာတိယော။

နိဂုဿိသူတိ နိဂုတ္တာ၊ နိဂုတ္တာ ခန္ဓာ နိဂုတ္တကန္ဒာ။

ဇေါဝရံ ကတွာ နိဝါသော ဇေါဝရနိဝါသော။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၅။ ဇာတိ= နေ၊ တိ။ | | နိဂုတ္ထ= | နိ- ဝသ၊ တ။ |
| နိရုဒ္ဓ= နိ- ရုဓ၊ တ။ | | ပရိဏ္ဏိန္န= | ပရိ- ဆိဒိ၊ တ။ |
| ဝဂျမ= ဝဂ၊ ဥမ။ (ဇ-ကို ၎-ပြု) | | အဇ္ဈာဂုတ္ထ= | အဓိ- အာ- ဝသ၊ တ။ |
| အတီတ=အတိ-ဣ၊ တ။ | | | |

၆။ (က)ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ-ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ-ပုဒ်ကို ပုဗ္ဗေနိဝါသာနုဿတိယံ ဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ-ဟုသတ္တမီတပ္ပုရိသ်ပြု-သိစေ။

တဒတ္ထာယ-ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-၌ အာယ-သည် စတုတ္ထီ သ-ဝိဘတ်၏ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ (ဝိဘတ္တိပဒ)ယင်း သ-ဝိဘတ်၏ တဒတ္ထသမ္ပဒါန်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ဝိဘတျတ္ထ) သိစေပါသည်။

ဓေ(ပ)စိတ္တေ-ဖြင့် ယင်း စတုတ္ထဈာန်စိတ်သည် အဘိညာဏ်၏ အခြေခံဖြစ်လတ်သော် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်၏ဟု သိစေသည်။

(ခ)ပုဗ္ဗေ အတီတဇာတိသု-ဖြင့် ပုဗ္ဗေနိဝါသော-၌ ပုဗ္ဗေ-အရ အတိတ်ဘဝတို့ကို ယူ။ ပုဗ္ဗေ-၌ ဗဟုဝုစ်ကို ဧကဝုစ်ပြန်သော ဝစနဝိပလ္လာသ၏အဖြစ်ကို လည်းကောင်း၊ (တစ်နည်း)ပုဗ္ဗေ-၌ဇာတျာပေက္ခဧကဝုစ်၏ အဖြစ်ကိုလည်းကောင်း(ဝိဘတ္တိပဒ၊ဘာဝတ္ထ)သိစေ။

နိဝုတ္ထက္ခန္ဓာ-ဖြင့် နိဝါသော-၌ နိ-ဝသဓာတ်၊ ဏ-ပစ္စည်းအတိတ်ကမ္မသာဓနအနက်၌ သက်၊ နိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၊ နိဝသိယိတ္ထာတိ နိဝါသော-ဟု ပြု၊ ခန္ဓာမှလွတ်သော နိဝသိတဓမ္မမည်သည် မရှိသောကြောင့်နိဝါသအရ ခန္ဓကိုယူ (သရုပ်ကြား) သိစေသည်။ (သာရတ္ထ၊၁။၃၈၈၊ ပါရာ၊ဝံ၊ဆစ်၊၂၄၁)

(စ)အပေါင်းဖြင့် ပုဗ္ဗေ နိဝါသော ပုဗ္ဗေနိဝါသော-ဟုအလုတ္တသတ္တမီတပ္ပုရိသ် သမာသ်ပြုရမည်ဟု သိစေသည်။

(ဂ)အဇ္ဈာဂုတ္ထာ-ဖြင့် နိဂုတ္ထ-ဟူသည် မိမိသန္တာန်၌ဖြစ်ဘူးကုန်သော ခန္ဓာတို့ ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

အနုဘူတာ-ဖြင့် မိမိသန္တာန်၌ဖြစ်ဘူးကုန်သော ခန္ဓာတို့ဟူသည် အဖန်တလဲလဲဖြစ်ဘူးကုန်သော ခန္ဓာတို့ပင်တည်းဟု သိစေသည်။

အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ-ဖြင့် အဖန်တလဲလဲ ဖြစ်ဘူးကုန်သော ခန္ဓာတို့ဟူသည် မိမိသန္တာန်၌ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်ပြီးသော ခန္ဓာတို့ပင်တည်းဟု သိစေပါသည်။ (သာရတ္ထ၊၁။၃၈၈၊ ဝဏ္ဏီသစ်၊၂။၂၄၂)

(ဃ)ဖြင့် နိဝါသ-အရ မိမိသန္တာန် သူတပါးသန္တာန်၌ အကျုံးဝင်သောခန္ဓာနှစ်မျိုးလုံးကိုယူရမည်ဟု သိစေ။

၇။ ဝဏ္ဏနာနုပုဗ္ဗတော (တာ) အဆုံးအဖြတ်ကို ဝါကျဥယျာဉ် ၀၂-၌ ရေးခဲ့ပြီး။

(ဃ)ဝါကျ နိရုဒ္ဓသ္မာဝါ နိရုဒ္ဓာ / နိရုဒ္ဓသ္မာ ဝါ နိရုဒ္ဓာတိ

"တ္ထဒါနိ အဝိသေသေန ဝတ္တုံ 'နိရုဒ္ဓသ္မာ ဝါ နိရုဒ္ဓာ'တိ ဝတွာ တံဝိဝရိတုံ 'ဝေါစရနိဝါသေနာ' တိအာဒိ ဝုတ္တံ" ဟု သာရတ္ထ ဆိုသောကြောင့် လည်းကောင်း၊ "သံဝဏ္ဏေတဗ္ဗပုဒ်ကို နိရုဒ္ဓာတိ အဗျာရုဒ္ဓာ–ဟုဥလ္လိင်နည်းဖြင့်ဖွင့်ခဲ့ပြီးဖြစ်၍နောက် ထပ် ဣတိနှင့် ဖွင့်ခြင်းသည် မသင့်" ဤသို့ ပါရာ၊ ဝံသစ်၊ ဆိုသောကြောင့်လည်း ကောင်း နိရုဒ္ဓသ္မာဝါ နိရုဒ္ဓာ–ဟု ဣတိမရှိသောပါဌ်သင့်သည်။ (ပါရာ၊ဝံသစ်၊၂။၂၄၃)

၈။ ပုဗ္ဗေနိဝါသာနုဿတိမှိ

သမုစ္ဆေဒေါ-ဖြင့် မဂ်ဖြင့်သတ်၏ဟူသည် အကြွင်းမဲ့ ပယ်သတ်ခြင်းပင်တည်း ဟုသိစေသည်။

(တစ်နည်း) ဃာတော-၌ ဟနဓာတ်သည် သမုစ္ဆေဒနအနက်ဟော-လည်း ကောင်း၊ ဏ-ပစ္စည်း ဘာဝသာဓနအနက်၌သက်-လည်းကောင်း၊ ဟနနံ သမုစ္ဆေဒနံ ဃာတော-ဟု ဘာဝသာဓနပြု-လည်းကောင်း သိစေသည်။

## ၇။ အဒ္ဓုပ္ပတ္တိယုတ္တံ /အတ္ထုပ္ပတ္တိယုတ္တံ

အရဏီယတော အဝဝၬတော အတ္ထော ဝုစ္စတိ သုတ္တဒေသနာယ ဝတ္ထု၊ တဿ ဥပ္ပတ္တိ အတ္ထုပ္ပတ္တိ။ သော ဧဝ အဋ္ဌုပ္ပတ္တိ။ ထ္ထ-ကာရဿ ဋ္ဌကာရံ ကတွာ-ဟူသော (သီ၊ဋီသစ်၊၁၊၂၁၈-)ကို ထောက်၍ အတ္ထပုဒ်-ဥပ္ပတ္တိပုဒ်။ ထ္ထ-ကို ဋ္ဌ-ပြုလျှင် အဋ္ဌုပ္ပတ္တိ၊ မပြုလျှင် အတ္ထုပ္ပတ္တိ-ဟုရုပ်ပြီးရကား နှစ်ပါး၌လုံးသင့်သည်။

(အဋ္ဌကထာ၊ အတ္ထကထာ-တူ) (နီတိ၊သုတ္တ-၌ "တထာနံ ဋ္ဌယုဓံ"တုရှိသည်)

## အတ္ထသဥ္စိတံ/ အတ္ထသံဟိတံ

ဓော ဉံ။ ဏောရ ဟကာရေ ပရေ နိဂ္ဂဟိတံ ခေါ ဉ ကာရံ ပပ္ပေါတိဝါ-ဟူသော ကစ္စည်း၊ရူ-တို့ကိုထောက်၍ ဟ-အက္ခရာနောင်းရာ၌ နိဂ္ဂဟိတ်ကို ဉ-အပြုမပြုသော ကြောင့် ၂-ပါး၌သင့်သည်။

၈။ **အနတ္ထသံဟိတေ**

အကျိုးဖြစ်သော အကျိုးမဲ့စကား၏ အနတ္ထသံဟိတေ-ဟူသော အမည်ကို အကြောင်းဖြစ်သော ကိလေသာ၌တင်- ဖလူပစာ။ အဝိနာဘာဝနည်း။

**တာဒိသသ ဝစနသ**

အကျိုးဖြစ်သော ထိုကဲ့သို့ရှုအပ်သော အကျိုးမဲ့စကား၏ တာဒိသသ ဝစနသ-ဟူသောအမည်ကို အကြောင်းဖြစ်သော ကိလေသာ၌တင် ဖလူပစာ။အဝိနာဘာဝနည်း။
(ဝဏ္ဏိသစ်၊၂။၃၅၀)

◆ ဝစနသ စ သမုဂ္ဃါတော တမ္ပူလကိလေသာနံ သမုဂ္ဃါတေနာတိ ဝေဒိတဗ္ဗံ။(သာရတ္ထ၊၁။၄၃၂)
(တစ်နည်း)အကြောင်းဖြစ်သော ကိလေသာ(ပယ်ခြင်း)၏ အနတ္ထသံဟိတ-ဟူသောအမည်ကို အကျိုးဖြစ်သော အကျိုးမဲ့စကား(ပယ်ခြင်း)၌တင် ကာရဏူပစာ။ (ဘာသာဋီ၊၂။၁၀၄)

**သေတုဃာတော**

အကျိုးဖြစ်သော အကျိုးမဲ့စကားကို ပယ်သတ်ခြင်း၏ သေတုဃာတ-ဟူသောအမည်ကို အကြောင်းဖြစ်သော ကိလေသာတို့ကိုပယ်သတ်ခြင်း၌တင် ဖလူပစာ။ အဝိနာဘာဝနည်း။

**သေတု**

အတူဖြစ်သော တံတား၏ သေတု-ဟူသော အမည်ကို အတူရှိသော အရိယာမဂ်၌ တင်- သဒိသူ။
(တစ်နည်း) အပေါင်း- တံတား၊ အကြောင်း၊ မဂ်တို့၏ သေတု-ဟူသောအမည်ကို အစိတ်ဖြစ်သော မဂ်၌တင် ကေဒေသျူ။

**မဂ္ဂေါ / မဂ္ဂေနေ၀**

အပေါင်း အရိယာမဂ်၄-ပါး၏ မဂ္ဂ-ဟူသောအမည်ကို အစိတ်အရဟတ္တမဂ်၌တင် ကေဒေသျူ။

၁၀။ သေတု-အရ အရဟတ္တမဂ်ကို ယူ၍ ထုတ်လေ။

==========================

## ပါဠိကျဉ်းချုပ် (၁၃၆)

(က) ဣဒါနိ အတ္ထသံဟိတန္တိတ္တေ ယံ အတ္ထသန္ဓိသိတံ ဝစနံ တထာဂတာ ပုစ္ဆန္တိ၊ တံ ဒဿေန္တော "နိဒ္ဒိတာကာရေတိ"တိအာဒိမာဟ။

(ခ) တတ္ထ အာကာရေတီတိ ကာရဏေဟိ။

(ဂ) ဓမ္မံ ဝါ ဒေသေဿာမာတိ အဇ္ဈုပ္ပတ္တိယုတ္တံ သုတ္တံ ဝါ ပုဗ္ဗစရိတကာရဏာ ယုတ္တံ ဇာတကံ ဝါ ကထယိဿာမ။

(ဃ) သာဝကာနံ ဝါ သိက္ခာပဒံ ပညပေဿာမာတိ သာဝကာနံ ဝါ တာယ ပုစ္ဆာယ

http://www.dhammadownload.com



ဝိတက္ကမ္ပိ ပါကဋံ ကတွာ ဂရုကံ ဝါ လဟုကံ ဝါ သိက္ခာပဒံ ပညပေဿာမ အာဏံ ဌပေဿာမာတိ။

(င) အထခေါ ဘဂဝါ။ပ။တေမတ္တံ အာရောစေသီတိဧတ္ထ နတ္ထိ ကိဉ္စိ ဝတ္တဗ္ဗံ။

(စ) ပုဗ္ဗေ ဝုတ္တမေဝ ဟိ ဘိက္ခူနံ ပတ္တပတ္တပုလကပဋိလာဘံ သလ္လဟုကဝုတ္တိတံ သာမပါကပဋိမောစနဉ္စ အာရောစေန္တော တေမတ္တံ အာရောစေသီတိ ဝုစ္စတိ။

(၄း၁၄၈၊ သာရတ္ထ၊၁း၄၃၂၊ မအူ၊၂း၄၃၆၊ ဘာသာဋီ၊၂း၁၀၅၊ ဝဇိရ်သစ်၊၂း၃၅၀).

===================

၁။ (င၊စ)ဝါကျတို့ကို ဝါကျအပြန်အလှန် အနက်ယောဇနာပါ။

၂။ (ခ)ဝါကျကို လျဉ်းပါး၍ ပုစ္ဆာတက်ပြီး၊ (စ)ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။

၄။ အဇ္ဈုပ္ပတ္တိ-ကိုအစိတ် အပေါင်းဝစနတ္ထပြု၍ အပေါင်း၌ ဉာသ်ကောက်ပါ။

၅။ ဇာတက၊ သလ္လဟုက -ပုဒ်တို့ကို ဓာတုပစ္စယဝေဘန်၍ သလ္လဟုက-၌ ဓာတ်ကို ယူ၍ ဘူဝါဒိကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။

၆။ (ခ၊ဂ၊ဃ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ဃ). သံဝဏ္ဏနာ၌ ဌပေဿာမ။ထပေဿာမ-ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၈။ (ခ)ဝါကျ သံဝဏ္ဏေတဗ္ဗ-၌ ရသင့်သော နယူပစာရကိုရေးပါ။

၁၀။ (က) အာဟ-၌ ဓာတ်အရတရားကို အာရုယှာရုယှပဒဉ္ဇာနဟာရနေတ္တိနည်းထုတ်ပါ။

=======================

၂။ **(ခ)ဝါကျ လျဉ်းပါး၍ ပုစ္ဆာတက်**

ဆရာ-ဥပါလိမထေရ်သည် ဒွိဟာကာရေဟိ-ဟုဟောတော်မူ၏။ ဒွိဟာကာ-ရေဟိ-၌ အာကာရသဒ္ဒါသည် သဏ္ဌာန၊ ဣဂိတအနက်တို့ကို ဟောပါသလော၊ အဘာယ်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

**(စ)ဝါကျ အနုသန္ဓေ**

ဤသို့ (င)ဝါကျဖြင့် အထခေါ ဘဂဝါ။ပ။တေမတ္တံ အာရောစေသိ-ဟူသော ပုဒ်တို့၌ တစ်စုံတစ်ခုဆိုအပ်သော စကားမရှိဟု-ပြပြီး၍ ယခုအခါ၌ မရှိခြင်း၏ အကြောင်းကိုပြလိုသော ဆရာသည် (စ)မိန့်။

၃။ (က)အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထပြ ပက္ခန္တရ။ (ခ)ပက္ခန္တရ၊(တစ်နည်း) ဝိတ္ထာရ။ (ဂ၊ဃ၊င)ဝါကျတို့ကား အသီးသီး ပက္ခန္တရ။

(စ) ကာရဏ၊(မအူ) ယုတ္တိဒဠှီကရဏ။ (ဘာသာဋီ)

၄။ ဥပ္ပဇ္ဇတိ ဧတ္ထ ဧတာယာတိ ဥပ္ပတ္တိ။ အဓိဿ ဥပ္ပတ္တိ အဇ္ဈုပ္ပတ္တိ။

♠ အတ္ထ-အရ တရားဟောခြင်း၏အကြောင်းသည်၊ (ဝါ)တရားဟောခြင်း အကျိုးသည် မှချ။

http://www.dhammadownload.com



♠ ထို၏ ဖြစ်ကြောင်းဖြစ်သောပစ္စုပ္ပန်ဝတ္ထုနှင့်အကြောင်းအကျိုး(ပါ)အကျိုးအကြောင်းစပ် ဌာန။
♠ ပုန်လုံးအရကား ပစ္စုပ္ပန်ဝတ္ထု ရ၏။
◆ အတ္တော ဓမ္မဒေသနာယ ဝတော ဥပ္ပန္နတိ တ္တေ ဓမ္မဒေသနာဒိကော ဝါ အတ္တော
ဥပ္ပန္နတိ ဝေါယာတိ အဋ္ဌုပ္ပတ္တိ၊ ပစ္စုပ္ပန္နဝတ္ထု။ (ဝိမတိ၊၁၊၉၀)

အဋ္ဌုပ္ပတ္တိယာ ယုတ္တံ အဋ္ဌုပ္ပတ္တိယုတ္တံ။

အာကရောတိ အတ္တနော အနုရူပတာယ သမရိယာဒံ သပရိစ္ဆေဒံ ဖလံ နိပ္ဖတ္တေတီတိ
အာကာရော။ (သာရတ္ထ၊၁၊၄၃၂)
♠ အာဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ်ရ၏။
♠ ကရဓာတ်အရ မိမိဟူသော အကြောင်းအား လျော်သည်၏အဖြစ်ဖြင့် အပိုင်းအခြားနှင့်
တကွသော အကျိုးကိုပြုတတ် မြဲစေတတ်သော အကြောင်းတရား၏ဥပါဒ်ရ၏။
♠ ဏ-အရ ဥပ္ပါဒဝန္တဖြစ်သောယင်းအကျိုးကိုပြုတတ် မြဲစေတတ်သောအကြောင်းတရားရ၏။

## ဝစနတ္ထမှတ်ဘွယ်

စရိယိတ္ထာတိ စရိတံ။ ပုဗ္ဗေ စရိတံ ပုဗ္ဗစရိတံ။
ပုဗ္ဗစရိတံ ကာရဏံ ပုဗ္ဗစရိတကာရဏံ။
ပုဗ္ဗစရိတကာရဏေန ယုတ္တံ ပုဗ္ဗစရိတကာရဏယုတ္တံ။ (ဇာတက)
ပဋိလာဘနံ ပဋိလာဘော။ပတ္တပတ္တပုလကဿ ပဋိလာဘော ပတ္တပတ္တပုလကပဋိလာဘော။

၅။ ဇာတက= ဇာတသဒ္ဒါပုပဒ ကေ-ဓာတ်၊ အပစ္စည်း။
◆ ကေ သဒ္ဒေ၊ ကာယတိ၊ ပ ၊ ဇာတံ ဘူတံ အတီတံ အတ္တနော စရိတံ ကာယတိ
ကထေတိ ဘဝဝါ ဝေနာတိ ဇာတကံ၊ (နီတိ၊ဓာတု၊၂၀၈)
သလ္လဟုက= သံ-လိဃ။ (တစ်နည်း)လဃ်ဓာတ်၊ ဥပစ္စည်း၊ ကပစ္စည်း။(ဓာန်ဋီ၊ရ၁၀)
လဃ်တိ၊ လဃ်န္တိ-စသည်ဖြင့် ဘူဝါဒိဂိုဏ်းစဉ်လေ။
ဥပ္ပတ္တိ= ဥ-ပဒ၊ တိ။ ယုတ္တ= . ယုဇ၊ တ။
၆။ (ခ) ကာရဏေတိ-ဖြင့် အာကာရသဒ္ဒါ သဏ္ဌာန၊ တ္တဂီတအနက်တို့ကိုမဟော၊
ကာရဏအနက်ဟောဟု သိစေသည်။
◆ အာကာရော ကာရဏေ ဝုတ္တော၊ သဏ္ဌာနေ တ္တဂီတေပိစ၊ (ဓာန်၊၉၈၂)
(ဂ)ဝါကျ ကထယိဿာမ-ဖြင့် ဒေသေဿာမ-၌ဒိသိဓာတ်သည် ဥစ္စာရဏ
အနက်ဟောဟု သိစေသည်။
အဋ္ဌုပ္ပတ္တိယုတ္တံ သုတ္တံ၀ါ ပုဗ္ဗစရိတကာရဏယုတ္တံ ဇာတကံ ဝါ-ဖြင့် ဓမ္မ-အရ
အဋ္ဌုပ္ပတ္တိနှင့်ယှဉ်သော သုတ်၊ ရှေး၌ကျင့်အပ်ပြီးသော အကြောင်းနှင့် ယှဉ်သောဇာတ်ကို
ယူရမည်ဟု သိစေသည်။
(ဃ) ဌပေဿာမ-ဖြင့် ပညပေဿာမ-၌ ပပုဗ္ဗဥပဓာတ်သည် ဌပန-ထားခြင်း
အနက်ဟောဟု သိစေသည်။

http://www.dhammadownload.com



ဂရုကံ ဝါ လဟုကံဝါ၊ သိက္ခာပဒံ-ဖြင့် သိက္ခာပဒ-အရ ဂရုက လဟုက သိက္ခာပုဒ်အားလုံးကို ယူရမည်ဟု သိစေသည်။

အာဏံ-ဖြင့် ပညတ်အပ်သော သိက္ခာပုဒ်သည် အာဏာဒေသနာမည်၏ဟု သိစေ။

၇။ ထပေသာမ/ ဌပေသာမ

ဩပ ထပ ထပနေ၊ ဩပေတိ၊ဩပယတိ၊ထပေတိ၊ထပယတိ-(နီတိ၊ဓာတု၊၃၂၇) ထပေါ် စု ထပနေ သိယာ၊ ထပေတိ ထပယိတွာ-(ဓာတွတ္ထသင်္ဂဟ။၁ရ၃)တို့ကိုထောက်၍ ထပေသာမ-ဟုရှိသောပါဠ်သာ ယုတ္တတရဖြစ်သည်။

ယင်းဓာတွတ္ထသင်္ဂဟ(၁ရ၃)၌ပင်"ဝိဂှကတ်ကျမ်းဂန်တို့၌ ဌပေတိ၊ ဌပေတွာ၊ ဓပေတွာ-ဟု ဌ၊ ဓတို့နှင့် ရှိသည်ကား ပါဠ်ပျက်"ဟု မှာထားသည်။

(ဃ)သာဝကာနံ ဝါ / သာဝကာနံ

(ဃ) သံဝဏ္ဏနာ သာဝကာနံဝါ-၌ ဝါသဒ္ဒါမရှိသင့်ဟု(မအူဆျ၊၂၄၃ရ)၌ မှာသည်။ ဘာသာဋီကာ၊၂။၁ဝဖ-၌ကား ဂရုကံ ဝါ လဟုကံ ဝါ-တို့၌ ဝါ-သည် အညမညဝိကပ်။ သာဝကာနံဝါ-၌ ဝါသဒ္ဒါကား ဓမ္မံဝါ-၏ ဝိကပ်ဟု ဆိုသည်။

၈။ အာတာရေတိ

အပေါင်းဖြစ်သော ကာရဏ၊ သဏ္ဌာန၊ ဥက္ကဋ္ဌိ-တို့၏ အာကာရ-ဟူသောအမည်ကို အစိတ်ဖြစ်သော ကာရဏ၌တင် စားဒေသျှ ရှင့်နည်း။

ဒုဋ္ဌိက္ခံ ဝိဇိတံ

အကြောင်း- ဝတ်မွတ်ခေါင်းပါးခြင်းကို အောင်နိုင်ခြင်း၏ ဒုဋ္ဌိက္ခံ ဝိဇိတံ-ဟူသောအမည်ကို အကျိုးဖြစ်သော (ဘိက္ခာဘာဝလျှင်အကြောင်းရှိသော) ဝိစ္ဆာ ဝိဃာတ-အောင်နိုင်ခြင်းတို့၌ တင်- ကာရဏူပစာ၊ နာနတ္တရိကနည်း၊ (သာရတ္ထ၊၁။၄၃၂)

၁၀။ အာတာ-၌ မြူဓာတ်အရ ဥပါလိသန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ ထိုဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒွိဟာကာရေဟိ စသော ဝစီဘေဒသဒ္ဒါ၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သုတမယဉာဏ်စသော ဝေနေယျတို့၏ဟိတသုခ၏ နီးစွာသောအကြောင်းတည်း။ ဤသို့ အထက် တက်ထုတ်။

==========================

## ဝါကျဥယျာဉ် (၁၃၇)

(က) တေဠိမတလံ သမ္ပန္နတ္ထိ ပထဝိယာ ကိရ တေဠိမတလေ ပထဝိမဏ္ဍော ပထဝေါဇော ပထဝိပပ္ပဋကော အတ္ထိ၊ တံ သန္ဓာယ ဝဒတိ။

(ခ) တတ္ထ သမ္ပန္နတ္ထိ မဓုရံ။

(ဂ) သာဒုရသန္တိ အတ္ထော။

(ဃ) ယထေဝ ဟိ "တတြဿ ရုက္ခော သမ္ပန္နဖလော စ ဥပပန္နဖလော စာ"တိ ဧတ္ထ မဓုရဖလောတိ အတ္ထော၊ ဧဝမိဓာပိ သမ္ပန္နတ္ထိ မဓုရံ သာဒုရသန္တိ ဝေဒိတဗ္ဗံ။

http://www.dhammadownload.com



(င)သေယျထာပိ "ခုဒ္ဒမဓုံ အနီဠကံ" န္တိက္ကဒံ ပနသ မဓုရတာယ ဩပမ္မနိဒဿနတ္ထံ ဝုတ္တံ။
(စ)ခုဒ္ဒမဓုန္တိ ခုဒ္ဒကမက္ခိကာဟိ ကတမဓု။အနီဠကန္တိ နိမ္မက္ခိကံ နိမ္မက္ခိကဏ္ဍကံ ပရိသုဒ္ဓံ။
(၄။၁၅၀။ သာရတ္ထ၊၁။၄၃၆။ မအူ၊၂။၄၄၅။ ဘာသာဋီ၊၂။၁၁၅။ ဝဏ္ဏသစ်၊၂။၃၅၇)

====================

၁။ (င)ကို တ-သဗ္ဗနာမ်အစွဲမလွဲစေဘဲ ဝုတ္တံ-၏ကတ္တားထည့်၍ အနက်ပေးပါ။
၂။ (ခ)ပါဠိကို လျဉ်းပါပုစ္ဆာတက်၍(ဃ)ပါဠိကို အနုသန္ဓေတက်ပါ။
၃။ (ခ)စသောပါဠိတို့ကို အကြောင်းပြအမည်ပေး၍(င)ပါဠိ၌ အဿ-ကိုစာစပ်ပါ။
၄။ သာဒုရသ-ပုဒ်ကို အစိတ် အပေါင်းဝစနတ္ထပြ၍ အပေါင်း၌ ဉာသ်ကောက်ပါ။
၅။ သမ္ပန္န၊ မဏ္ဍ၊ ဩဇ၊ မဓု၊ မက္ခိက-ပုဒ်တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။
၆။ (ခ၊ဂ၊စ)ပါဠိတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (ဂ)၌ သာဒုရသ၊ သာဓုရသ ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကိုအကြောင်းပြ ဆုံးဖြတ်။
၈။ သံဝဏ္ဏနာကိုရှု၍ (က)သံဝဏ္ဏေတဗ္ဗ၌ ရသင့်သော နယူပစာရကိုရေးပါ။
၁၀။ (က) ဝဒတိ-၌ ဓာတ်အရတရားကို ကိုယ်ပြု၍ ဓာတောတရဏဟာရနေတ္တိနည်းထုတ်။

====================

၁။ (င)အဿ (ပထဝိယာ ဟေဋ္ဌိမတလဿ)-ထိုမြေ၏ အောက်၌ဖြစ်သောအပြင်၏။(သာရတ္ထ) ဝုတ္တံ-၏ ကတ္တားကို ထေရေန-ရှင်မဟာမောဂ္ဂလာန်ထေရ်သည်-ဟုထည့်ပေး။

၂။ (က)ပါဠိကျမ်းတတ်

ဆရာ- အရှင်မဟာမောဂ္ဂလာန်ထေရ်သည် ဟေဋ္ဌိမတလံ သမ္ပန္နံ-ဟုလျှောက်၏။ မြေ၏ အထက်အပြင်သည် ထမင်း အဖျော် အဝတ်တန်ဆာ ဥယျာဉ်ဗိမာန်နှင့်ယှဉ်သကဲ့သို့ (ဖြစ်သည်)ကို ရည်၍ ဟေဋ္ဌိမတလံ သမ္ပန္နံ-ဟု ဆိုပါသလော။ အဘယ်ကို ရည်၍ ဆိုပါသနည်း။ စုဒ်ကြောင့် (က)မိန့်။ (ဝဏ္ဏသစ်၊၂။၃၅၇)

(ခ)ပါဠိ လျဉ်းပါးပုစ္ဆာတက်

ဆရာ-- အရှင်မဟာမောဂ္ဂလာန်ထေရ်သည် ဟေဋ္ဌိမတလံ သမ္ပန္နံ-ဟု လျှောက်၏။ ယင်း၌ သမ္ပန္နသဒ္ဒါသည် ပရိပုဏ္ဏသမ္ပန္န သမင်္ဂီသမ္ပန္န-အနက်ကိုပင် ဟောပါသလော။ အဘယ်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား= မဓုရသမ္ပန္နအနက်ကိုဟောပါ၏ ဟူလို။

(ဃ)ပါဠိ အနုသန္ဓေ

ဤသို့ (ခ၊ဂ)ပါဠိတို့ဖြင့် သမ္ပန္နသဒ္ဒါ မဓုရအနက်၊ သာဒုရသအနက်ကို ဟော၏ဟု ဖွင့်ပြပြီး၍၊ ယခုအခါ၌ သမ္ပန္န-သဒ္ဒါ၏ မဓုရအနက် သာဒုရသအနက် ၌ ဖြစ်ပုံကို ဥပမာဖြင့် ထင်စွာပြလိုသောဆရာသည် (ဃ)မိန့်။

http://www.dhammadownload.com



၃။ (ခ) သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ပြ- ပက္ခန္တရ။ (ဝါ) ဝိတ္တာရ။
(ဂ) ဝိတ္တာရ။ (ဃ) တပ္ပါကဋိကရဏ။
(င) သေယျထာပိ ခုဒ္ဒမဓုံ အနိဠက်-ဟူသော စကား၏ အနုသန္ဓေကိုပြ-အနုသန္ဓေပက္ခန္တရ။
(စ) အဝယဝတ္ထကို ပြသောကြောင့် ပက္ခန္တရ (ဝါ) ဝိတ္တာရ။
အဿ-ကို မဓုရတာယ-ဝယ် တာ-၌ သမ္ဗန်၊ သမ္ဗန္ဓ စပ်။
(တစ်နည်း) မဓုရတာယ-ဝယ် မဓုရ-၌ ကတ္တား-ကတ္တိ စပ်။ (မအူသျှ၊၂။၄၄၆)
၄။ သာဒိယတိ အဿာဒိယတီတိ သာဒု။ (သဒ၊ ဏု)
ရသန္တိ တံ သတ္တာ အဿာဒေန္တီတိ ရသော။ (ရသ၊ အ)
သာဒု ရသော ဧတ္ထ တေဠိမတလေတိ သာဒုရသံ။
♠ သာဒုရသ-အရ သာယာအပ်သောအရသာ(ဝါ)ချိုသော အရသာသည် မှချ။
♠ ထို-၏ အောက်မြေအပြင်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။
♠ တေ-အရ သာယာအပ်သော (ဝါ)ချိုသောအရသာရှိသောအောက်မြေအပြင်ရှိ၏။
မညတိ ဉာယတိ မဓုရန္တိ မဓု။(မန၊ဥ)
မဓု အဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ။ (မဓုပုဒ်၊ရ) (ရူ၊၃၅၀)
♠ မဓုပုဒ်အရကား ချိုသောအရသာသည် မှချ။
♠ ထို၏ အောက်မြေအပြင်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။
♠ ရ-ပစ္စည်းအရကား ချိုသောအရသာရှိသော အောက်မြေအပြင်ရှိ၏။
နတ္ထိ ဣလံ ဧဒိသော ဧတ္ထ ခုဒ္ဒမဓုမှိတိ အနိဠက်။
♠ န ဣလ-ပုဒ်အရကား အပြစ်မရှိခြင်း အဘာဝဘောဂုဏ်ရှိ၏။
♠ ထို၏ ငယ်သောပျား(ဝါ)ယင်ပျားနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။
♠ တေ-အရကား အပြစ်မရှိသော ငယ်သောယင်ပျားရှိ၏။

ဝစနတ္ထမှတ်ဘွယ်

ဟေဋ္ဌာ ဇာတံ ဟေဋ္ဌိမံ၊ ဟေဋ္ဌိမံ တလံ ဟေဋ္ဌိမတလံ။
သမ္ဘန္ဓာနိ မဓုရာနိ ဖလာနိ ဧတ္ထ ရုက္ခေတိ သမ္ဘန္ဓဖလော။
ဥပပန္နာနိ ဗဟူနိ ဖလာနိ ဧတ္ထ ရုက္ခေတိ ဥပပန္နဖလော။
မဓုရာနိ ဖလာနိ ဧတ္ထ ရုက္ခေတိ မဓုရဖလော။
ဥပမီယတိ ဧတေန ခုဒ္ဒမဓုနာတိ ဩပမ္မံ၊ ဩပမ္မေန နိဒဿနံ ဩပမ္မနိဒဿနံ။
ခုဒ္ဒကာ မက္ခိကာ ခုဒ္ဒကမက္ခိကာ။
ကတံ မဓု ကတမဓု။ နတ္ထိ မက္ခိကာ ဧတ္ထ မဓုမှိတိ နိမ္မက္ခိကံ။
မက္ခိကာနံ အဏ္ဍာနိ မက္ခိကဏ္ဍာနိ။နတ္ထိ မက္ခိကဏ္ဍာနိ ဧတ္ထ ခုဒ္ဒမဓုမှိတိ နိမ္မက္ခိကဏ္ဍကံ။
ပထဝိယာ မဏ္ဍော ပထဝိမဏ္ဍော။ အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇော။(သူစိ)
ပထဝိယာ ဩဇော ပထဝေါဇော။ ပထဝိယာ ပပ္ပဋကော ပထဝိပပ္ပဋကော။

http://www.dhammadownload.com



၅။ သမ္ဗန္ဓ= သံ-ပဒ၊ တ။ မဏ္ဍ= မန၊ ဍ။(တစ်နည်း)မဏ္ဍ၊ အ။ ပုံ၊ နပုံ။
ဩဇ= ဥ-ဇန၊ ဏ။ မဓုရ= . မန(ဆို့)မဓု၊ ဥ။
ခုဒ္ဒ= ခု၊ ဒ။ (တစ်နည်း) ခုဒ၊ ဒ။ မက္ခိက= မက္ခ၊ ဏွု။ ထိ၊ ကညာဒိ။

၆။ (ခ)ဝါကျဖြင့် ဟောဋ္ဌိမတလံ သမ္ဗန္ဓံ-၌ သမ္ဗန္ဓ-အရ ပရိပုဏ္ဏသမ္ဗန္ဓ၊ သမင်္ဂီသမ္ဗန္ဓကို မယူရ၊ မဓုရသမ္ဗန္ဓကို ယူရမည်ဟု သိစေသည်။
(တစ်နည်း)သမ္ဗန္ဓသဒ္ဒါ ပရိပုဏ္ဏအနက် သမင်္ဂီအနက်ကိုမဟော၊ မဓုရအနက်ဟော-ဟုသိစေ။

◆ သမ္ဗန္ဓော တိသု သမ္ပုဏ္ဏေ၊ မဓုရေ စ သမင်္ဂိနိ။ (ဓာန်၊ ၈၄၅)

◆ တတ္ထ မဓုရသမ္ဗန္ဓံ ဣဓာဓိပ္ပေတန္တိ ဝေဒိတဗ္ဗံ။ (သာရတ္ထ၊၁။၄၃၆)

(ဂ)သာဒုရသံ-ဖြင့် ဤ၌ မဓုရသဒ္ဒါသည် ပိယအနက်ကို မဟော၊ သာဒုအနက်ဟောဟု သိစေသည်။
(တစ်နည်း) မဓုရဟူသည် ချိုမြိန်သော အရသာရှိခြင်းပင်တည်းဟု သိစေသည်။

◆ သာဒုမှိ မဓုရော ပိယေ။ (ဓာန် ၊၁၀၆၅)

(တစ်နည်း) သာဒုရသံဖြင့် မဓုရံ-၌ ရ-ပစ္စည်း၏ အသတ္တိအနက်၌သက်-၊ မဓု ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ-ဟုပြု-သိစေ။

◆ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဓာတုဗ္ဗိတိနှင့် ဖွင့်၍ပြ၊ အသတ္တိတု ကြံ။

(ဃ)ခုဒ္ဒကမက္ခိကာတိ ကတမဓု-ဖြင့် ခုဒ္ဒမဓုံ-၌ ခုဒ္ဒသဒ္ဒါသည် အဓမ၊ ကပဏ အနက်တို့ကို မဟော၊ မက္ခိကာဘေဒ-ပျားဟူသောအနက်ကို ဟောသည်ကိုလည်းကောင်း၊ ခုဒ္ဒ-နှင့်-မဓုကို ခုဒ္ဒါဟိ ကတံ မဓု ခုဒ္ဒမဓု-ဟု ကတ-ဒါလယ်ပုဒ်ကျေသော တတိယာတပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း သိစေသည်။
(တစ်နည်း) ခုဒ္ဒပုဒ်ကို ခုဒ္ဒါဟိ ကတံ ခုဒ္ဒံ-ဟု ကတတဒ္ဓိတ်ပြု-လည်းကောင်း၊ ဏပစ္စည်း ကတတဒ္ဓိတ် အနက်၌ သက်-လည်းကောင်း၊ ခုဒ္ဒ-နှင့် မဓု-ကို ခုဒ္ဒဥ တံ မဓုစာတိ ခုဒ္ဒမဓု-ဟု ကမ္မဓာရယ်သမာသ်ပြု-လည်းကောင်း သိစေသည်။

◆ ခုဒ္ဒါ စ မက္ခိကာဘေဒေ၊ မဓုမှိ ခုဒ္ဒမပ္ပကေ။
အဓမေ ကပဏေစာပိ၊ ဗဟုမှိ စတူသုတ္တိသု။ (ဓာန်၊၈၂၁)

(စ) နိမ္မက္ခိကံ-ဖြင့် အနိဠကံ-၌ အပြစ်မရှိဟူသည် ပျားကောင်ပျားဥတို့မရှိခြင်းပင်တည်း ဟုသိစေသည်။

နိမ္မက္ခိကဏ္ဍကံ-ဖြင့် နိမ္မက္ခိကံ-ပုဒ်ကို နတ္ထိ မက္ခိကာ ဧတ္ထာတိ နိမ္မက္ခိကံ-ဟုပြု-လည်းကောင်း၊ မက္ခိကာ-သဒ္ဒါဖြင့် သာမညအားဖြင့် မက္ခိကဏ္ဍကကိုလည်းယူရမည်ဟူသောအနက်ကိုလည်းကောင်း သိစေသည်။(ဤကား တီသုပိ ဂဏ္ဌိပဒေသု-ဟူသော သာရတ္ထ၊၁။၄၃၆။ပြ ဂဏ္ဌိသုံးစောင် အာဘော်ဖြစ်သည်။)

သာရတ္ထဋီကာဆရာ၏အလိုကား=နိမ္မက္ခိကံ-ဖြင့် အနိဠကံ-၌ အပြစ်မရှိဟူသည် ပျားရည်၌ ပျားကောင်မရှိခြင်းပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



နိမ္မက္ခိကဏ္ဍကံ-ဖြင့် ပျားရည်၌ ပျားဥမရှိခြင်းပင်တည်းဟု သိစေသည်။
ပရိသုဒ္ဓံ-ဖြင့် ပျားကောင် ပျားဥမရှိသဖြင့် စင်ကြယ်သတည်းဟု သိစေ။

၇။ **သာဒုရသံ / သာဓုရသံ**

မဓုရံ-ပုဒ်၏ဝိသေသနဖြစ်၍ "သာဒုမှိ မဓုရော ပိယေ"ဟူသောအဘိဓာန် ၁၀၆၇ဂါထာကို ထောက်၍ သာဒု-သာ ဖြစ်သင့်သောကြောင့်လည်းကောင်း၊ ရသ-ဟူသော နောက်ပုဒ်နှင့် ယှဉ်တွဲနေသဖြင့် သုန္ဒရအနက်ဟော သာဓု-ကို ဤ၌ မလိုအပ်၊ သဒ -အဿာဒနေ၊ အဿာဒီယတီတိ သာဒု-ဟူသော ရူပသိဒ္ဓိ(၆၃၅)ကို ထောက်၍သဒဓာတ် ၊ဏုပစ္စည်းဖြင့်ရုပ်ပြီးသော ချိုသောအရသာဟော သာဒုသဒ္ဒါသာဖြစ်သင့်သောကြောင့် လည်းကောင်း "သာဒုရသံ"ဟုရှိသော ပါဠ်သာ သင့်ပါသည်။

**အနိဠက / အနိလက**

အနိလက-၌ ကုလ-ကား ဒေါသတ္ထ၊ နတ္ထိ ကုလံ ဧတ္ထာတိ အနိလကံ-ဟုပြု။ (ဝဏ္ဏိသစ်၊ ၂။၃၅၉)

အနိဠက-၌ ကုဠ-ကား ဒေါသတ္ထ။ နတ္ထိ ကုလံ ဒေါသော ဧတ္ထ ခုဒ္ဒမဓုမှီတိ အနိဠကံ။(မအူ၊ ၂။၄၄၆)ဤသို့ ပါဠ်နှစ်မျိုးတွေ့ရသည်။ န၊ကုလ၊က-ဟုပုဒ်ခွဲ၊ လ-ကို ဠ-ပြု၊ ကု-ကို ဤ-ပြုလျှင် အနိဠက-ဟုလည်းကောင်း၊ လ-ကို ဠ-မပြုလျှင်အနိလ က-ဟုလည်းကောင်း ပြီးရကား နှစ်ပါဠ်လုံးသင့်။

**(က)ပထဝိမဏ္ဍော / ပထဝိမဏ္ဍံ**

(မဏ္ဍော နိတ္ထိ ရသဝ္ဓသွိ)ဟူသောဓာန်၊၄၆၇-ကိုထောက်၍ မဏ္ဍသဒ္ဒါပုံလိင် နပုံလိင် နှစ်မျိုးလုံးနှင့်ဆက်ဆံရကား နှစ်ပါဠ်လုံးသင့်သည်။

၈။ **ဟေဋ္ဌိမတလံ သမ္ပုန္နံ**

ဌာန- အောက်မြေအပြင်၏ ဟေဋ္ဌိမတလ-ဟူသောအမည်ကို ဌာနီဖြစ်သော ပထဝိမဏ္ဍ၊ ပထဝေါဇ၊ ပထဝိပပ္ပဋက-တို့၌တင်- ဌာနူပစာ၊ နာနန္တရိကနည်း။

**(ခ) သမ္ပန္နံ**

အပေါင်းဖြစ်သော သမ္ပုဏ္ဏ၊ မဓုရ၊ သမင်္ဂီတို့၏ သမ္ပန္န-ဟူသောအမည်ကို အစိတ်ဖြစ်သော မဓုရ-၌တင်- ကေဒေသျူ ရုဠ္ဌီနည်း။ (၆-ပြန်ကြည့်)

**မဓုရံ**

အပေါင်း- သာဒု၊ ပိယ-တို့၏ မဓုရ-ဟူသော အမည်ကို အစိတ်ဖြစ်သော သာဒု-၌ တင်- ကေဒေသျူ ရုဠ္ဌီနည်း။(၆-နံပါတ် ပြန်ကြည့်)

**နိမ္မက္ခိက**

ဌာန- ပျားကောင်မရှိခြင်း၏ နိမ္မက္ခိက-ဟူသောအမည်ကို ဌာနီ-ပျားဥမရှိခြင်း၌တင်-ဌာနူ၊

http://www.dhammadownload.com



(တနည်း) အစိတ်ဖြစ်သော ပျားကောင်မရှိခြင်း၏ နိမ္မက္ခိက–ဟူသောအမည်၊ အပေါင်းဖြစ်သော ပျားကောင်မရှိခြင်း ပျားဥမရှိခြင်းတို့၌တင်ကေဒေသူပစာ/အဝယဝူပစ◆ မက္ခိကာသဒ္ဒေန စေတ္ထ မက္ခိကဏ္ဍကမ္ပိ သာမညတော ဂဟိတန္တိ ဝဒန္တိ၊ (သာရတ္ထ၊၁၊၄၃၆)

၁၀။ . ဝဒတတ်အရ အရှင်မဟာမောဂ္ဂလာန်၏တရဏာ ပညာပြတန်းသောမဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ ထုတ်လေ။

==========================

## ပါဠိကျဉ်ယျာဉ် (၁၃၈)

(က) သာဓတံ ဘန္တေတိ သာရ အတံ ဘန္တေ။

(ခ) တွေ့ သာရူတိ အာယာစနဝစနမေတံ။

(ဂ) ပထဝိပရိဝတ္တနံ အာယာစန္တော ဟိ ထေရော ဘဂဝန္တံ ဝေမာဟ။

(ဃ) ပရိဝတ္တေယျန္တိ ဥက္ကုဇ္ဇေယျံ၊ ဟေဋ္ဌိမတလံ ဥပရိမံ ကရေယျံ။

(င) ကသ္မာ? ဝေံဠ္ဌိ ကတေ သုခေန ဘိက္ခူ ပပ္ပဋကောဇံ ပထဝိမဏ္ဍံ ပရိဘုဉ္ဇိဿန္တီတိ။

(စ အထ ဘဂဝါ အနနုညာတုကာမောပိ ထေရံ သီဟနာဒံ နဒါပေတုံ ပုစ္ဆိ "ယေ ပန တေ မောဂ္ဂလ္လာန ပထဝိနိဿိတာ ပါဏာ၊တေ ကထံ ကရိဿသီ"တိ။

(၄၊၁၅၁။ သာရတ္ထ၊၁၊၄၃၆၊ မဒူ၊၂၊၄၄၇။ ဘာသာဋီ၊၂၊၁၁၅။ ဝဇိရဗုဒ္ဓိ၊၂၊၃၅၉)

==========================

၁။ (ခ၊ဂ၊ဃ၊င)ပါဠိကျတို့ကိုသာ အနက်မှန်စွာ ယောဇနာပါ။

၂။ (ခ)ပါဠိကျကို ပုစ္ဆာ၊ (ဂ)ပါဠိကျကို စောဒနာတက်ပါ။

၃။ (ခ)စသည်တို့ကို အကြောင်းပြအမည်ပေး။ အနနုညာတုကာမောပိ–၌ အပိ–အနက်ကိုလည်း ဖော်ပြပါ။

၄။ ပထဝိမဏ္ဍ–ကို အစိတ်အပေါင်း ဝဇနတ္တပြု၍ အပေါင်း၌ ဉာဏ်ကောက်ပါ။

၅။ သာရ၊ ပရိဝတ္တန၊ ထေရ၊ ပပ္ပဋက၊ သီဟ–တို့ကို ဓာတု ပစ္စယဝေဘန်ပါ။

၆။ (က၊ခ၊ဃ)ပါဠိကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပထဝိပရိဝတ္တနံ/ပထဝီပရိဝတ္တနံ–တွင် သင့်ရာပါဌ်ကိုအကြောင်းပြ ဆုံးဖြတ်။

၈၊ (စ)ပါဠိကျ သီဟနာဒံ–၌ ဥပစာကိုအကြောင်းပြ ဖြေပါ။

၁၀။ (စ)ပါဠိကျ ပုစ္ဆိ–၌ ဓာတ်အရတရားကို ခန္ဓာတရဏာဟာရနေတ္တိနည်းထုတ်ပါ။

==========================

၁။ (ခ)ပါဠိကျ တွေ့ တေသွံ သာဓတံ ဘန္တေတိ ဝစနေ–ဟူသောသဒ္ဒါ၌။

၂။ (ခ)ပါဠိကျ ပုစ္ဆာ

ဆရာ––သည် (က)ဖြင့် သာဓတံ ဘန္တေ–ကို သာရ အတံ ဘန္တေ–ဟု ပဒစ္ဆေဒပြုရမည်ကို ဆို၏။ ယင်း၌ သာရ–သဒ္ဒါသည် သုန္ဒရ ဒဠှကမ္မအနက်ကို ဟောပါသလော။ သာဓတံ ဘန္တေ–၌သာရ–သဒ္ဒါသည်အဘယ်အနက်ကိုဟောပါသနည်း။စုန်ကြောင့် (ခ)မိန့်။

http://www.dhammadownload.com



◆ အာယာစနဝစနမေတန္တိ ဟုမိနာ သမ္ပဒိန္နသမ္ပတ်သနာဒိအတ္ထံ နိဝတ္တေတိ။ (သာရတ္ထ)

(ဂ)ဝါကျ စောဒနာ

ဆရာ–သည် (ခ)ဖြင့် သာဓာဟံ ဘန္တေ–၌ သာဓု–သဒ္ဒါသည် အာယာစနအနက်၌ ဖြစ်သောဟုဖွင့်ဆိုဏ်။သာဓု–သဒ္ဒါသည် သုန္ဒရေ ဒဠှိကမ္မေစာ–ယာစနေ သမ္ပဒိန္နေ။ သဇ္ဇနေ သမ္ပတ်သာယံ၊ သာဓွာဘိဓေယ္ယ လိင်္ဂိတံ။ (ဓာန်။ရ၉ဝ)ဟူသည်နှင့်အညီ သုန္ဒရ ဒဠှိကမ္မစသော အနက်များစွာနှင့်ဆက်ဆံနေသည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် သာဓာဟံ ဘန္တေ–၌ သာဓုသဒ္ဒါသည် အာယာစနအနက်၌ဖြစ်ဏ်ဟုဖွင့်ဆိုသော ဆရာ့စကားသည် အသို့ လျှင်သင့်နိုင်ရာပါအံ့နည်း။ အသင့်ယုတ္တိကိုမပြသော်––ဝိရောဓိ–ဏ်။ စုဒ်ကြောင့်(ဂ)မိန့်။

(စ)ဝါကျ ပုစ္ဆာ

ဆရာ–မြတ်စွာဘုရားသည် ယေ ပန တေ မောဂ္ဂလာန။ပ။ကရိဿသိ–ဟု မိန့်တော်မူဏ်။ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူခြင်းငှါ အလိုမရှိသည် မဟုတ်ပါ လော၊(အဝိ–ကိုရှ) ထိုသို့ဖြစ်လျက်အဘယ်ကြောင့် (ဝါ)အဘယ်အကျိုးငှါ ယေပနတေ မောဂ္ဂလာန။ပ။ကရိဿသိ–ဟူ၍ မိန့်တော်မူပါသနည်း။ စုဒ်ကြောင့် (စ)မိန့်။

၃။ (ခ)ပက္ခန္တရ (ဝါ)ဝိတ္ထာရ။ (ဂ)ယုတ္တိဒဠှိကရဏ။ (ဃ) ပက္ခန္တရ။ (င)ကာရဏ။
ထိုတွင်–ကသ္မာ–ကား ကာရဏပုစ္ဆာ။ ဝေဠု ကဓာတေသည်ကား ကာရဏဝိသဇ္ဇနာ။။
(စ) အနုသန္ဓေပက္ခန္တရ။
အနနုညာတုကာမောပိ–၌ အပိ ကား သမ္ဘာဝနာအနက်၌ဖြစ်ဏ်။

၄။ ပထဝတိ ဌောတိ ပထဝီ။(ပ–ထဝ၊ အ) နဒါဒိ ဤပစ္စည်း။
သဗ္ဗတ္ထ ပတ္ထရတီတိ ဝါ ပထဝီ။(ပ–ထရ၊ အ)နဒါဒိ ဤပစ္စည်း။(ဓာန်ဋီ၊၁၈၁)
မညတ္တိ ဓောနာတိ မဏ္ဍော။ (မန၊ ဍ )(သူစိ)
ပထဝိယာ မဏ္ဍော ပထဝိမဏ္ဍော။ (တံ)

♠ ပထဝိ–ပုဒ်အရကား မြေကြီး ရှိမ်သည် မှချ။
♠ ထို၏ အဆီနှင့် ဌာန ဌာနီ စပ် ဌာနူ။
♠ ပုဒ်လုံးအရကား မြေကြီး၏ အဆီရဏ်။

ဝစနတ္ထမှတ်ဘွယ်

ဝစတီတိ ဝစနံ။ အာယာစနံ ဝစနံ အာယာစနဝစနံ။
ပရိဝတ္တိယတေ ပရိဝတ္တနံ။ ပထဝိယာ ပရိဝတ္တနံ ပထဝိပရိဝတ္တနံ။
ဥပရိ ဇာတံ ဥပရိမံ။
သိဟဿ နာဒေါဝိယ နာဒေါ သိဟနာဒေါ။
ပထဝိယံ နိဿိတာ ပထဝိနိဿိတာ။ ပထဝိံ နိဿိတာ ပထဝိနိဿိတာ။

http://www.dhammadownload.com



၅။ ဘာရ= သာဓ၊ ဥ။
ပရိဝတ္တန= ပရိ-ဝတု(နိတိဓာတု)။ဝတ္တ (ဓာတွတ္ထသင်္ဂဟ၊၁၅၄)၊ယု။
ထေရ= ထိရ၊ ဏ(တစ်နည်း) ဌာ၊ တ္ထရ။
ပေ္ပရက= ပ-မရ၊ ဏွု။
သိဟ= ဟိံသ၊ ဏ။(တစ်နည်း)သိံ-ဤဟ၊ အ။ (တစ်နည်း)သသု၊ ရိုဟ။
(တစ်နည်း) သဟ၊ အ။

◆ သတ ဟိံသ ဤဓာဝသာ၊ သိတသဒ္ဒဝတီ ဝဒေ။
သတနတော တနနတော၊ သိတောတိ တိ ဝရူ ဝဒိံ။ (နိတိ၊ဓာတု၊၁၅၅)

၆။ (က)ဖြင့် သာဓာဟံ-ကို သာရ အတံ-ဟုပုဒ်ဖြတ်ရ-သိစေသည်။
(ခ)ဖြင့် သာရသဒ္ဒါသည် သုန္ဒရစသောအနက်တို့ကို မဟော၊ အာယာစန အနက်ဟောဏ်ဟု သိစေသည်။
(ဃ) ဥက္ကုဋ္ဌေယျံ-ဖြင့် ပရိဝတ္တေယျံ-၌ ပရိ-ဥပသာရ၏ ဓာတွတ္ထာနုပတ္တက ၏အဖြစ်ကိုလည်းကောင်း၊ ဝတု(ဝါ)ဝတ္တုဓာတ်သည် ဤ၌ လှန်ခြင်း ပရိဝတ္တနအနက် ဟောသည်ကိုလည်းကောင်း သိစေသည်။
တော၌မတလံ ဥပရိမံ ကရေယျံ-ဖြင့် ဥက္ကုဋ္ဌေယျံ-၌ ဥ-ဥပသာရ၏ဓာတွတ္ထ ဗာဓက-လည်းကောင်း၊ကုဋ္ဌဓာတ်သည် ဤ၌ အဘိမုခီကရဏအနက်ကိုမဟော၊ဥဒ္ဓံမုခ ကရဏအနက်ကို ဟော-လည်းကောင်း၊ လှန်၏ဟူသည် အောက်မြေအပြင်ကို အထက်မြေအပြင်ဖြစ်အောင် ပြုခြင်းပင်တည်းဟူသော--လည်းကောင်း သိစေ။

ရု။ **ပထဝိပရိဝတ္တနံ / ပထဝိပရိဝတ္တနံ**

ပထဝိပုဒ်၊ပရိဝတ္တနပုဒ်၊သမာသ်အလယ်၌ ဤ-ကိုဣ-ပြုလျှင်ပထဝိပရိဝတ္တနံ၊ မပြုလျှင် ပထဝိပရိဝတ္တနံ-ဟု ပြီးသောကြောင့်လည်းကောင်း၊ ယောဇနာ၌လည်း "ပထဝိပရိဝတ္တနန္တိပိ အတ္ထိ"ဟုဆိုသောကြောင့်လည်းကောင်း ၂-ပါဌ်သင့်။

**ပထဝီ / ပုထဝီ / ပုထုဝီ**

ပုထ ဝ္ဍတိ ပါဋိပဒိကေ ဌိတေ နဒါဒိ၊ ဤ။ ပုထဿ ပုထုအာဒေသော . ဝုဒ္ဓိမှိ စ ကတေ ပုထဝီ၊ ဥဿ-ဝါဒေသော ပုထုဝီ။ ပထာဒေသော တု ပထဝီ၊ ဓ္ဍမသ္ဒိပကွေ အဝါဝမော (ဘန်ဒီ၁၈၁)ကို ထောက်၍ ပုထပါဋိပဒိကပုဒ်၊ နဒါဒိ-ဤပစ္စည်း၊ ပုထ-ကို ပုထု-ပြု၊ ထ-၏အစိတ် ဥကို ဩ-ပြု၊ ဩ-ကို အဝ-ပြု၍ ပုထဝီ-ဟုလည်းကောင်း၊ ထ-၏ အစိတ်ဥ-ကို ဥဝ-ပြုလျှင် ပုထုဝီ-ဟုလည်းကောင်း၊ ပုထ-ကို ပထ-ပြု၊အဝ-လာ၍ ပထဝီ-ဟုလည်းကောင်း၊ အသီးသီး ရုပ်ပြီးနိုင်သောကြောင့်လည်းကောင်း၊ ယင်း သဒ္ဒါသုံးခုသည် မြေဟောပရိယာယ်ပုဒ်များပင် ဖြစ်သောကြောင့်လည်းကောင်း ၃-ပါဌ်လုံးသင့်သည်။

http://www.dhammadownload.com



(တစ်နည်း) အထဝါ ထဝ ဝတိယံ၊ပထဝတိ ဧတ္ထာတိ ပထဝီ၊ နဒါဒိ။ သဗ္ဗတ္ထ ပတ္ထရတီတိ ဝါ ပထဝီ၊ ထရ သန္ထရဏေ ပပုဗ္ဗော၊ ရဿ ဝေါ၊ နဒါဒိ။ ပုထဝီ၊ အဿု- ဟူသော(ဓာန်ဋီ) အထဝါနည်းကို ထောက်လျှင်လည်း ပ-ထဝဓာတ်၊ အပစ္စည်း၊ နဒါဒိ ဤ-ပစ္စည်းဖြင့် ပထဝီ-ဟုလည်းကောင်း၊ ပ-ထရ၊ အ၊ နဒါဒိ-ဤပစ္စည်း၊ရ-ကို ဝ-ပြု ၊ ပ-အစိတ် အ-ကို ဥ-ပြု၍ ပုထဝီဟုလည်းကောင်း ပြီးနိုင်ရကား သင့်သည်ချည်း။

၀။ သီတနာဒ်

အတူဖြစ်သော ခြသေ့်ဟောက်သံ၏ သီတနာဒ်-ဟူသောအမည်ကို အတူရှိသော အရှင်မဟာမောဂ္ဂလာန်၏ မြွက်ဆိုသံ၌တင်- သဒိသူ၊ ရုဠှီနည်း။

ကေ၊ အတံ ဘန္တေ တတ္ထံ

အပေါင်းဖြစ်သော လက်တစ်ခုလုံး၏ တတ္ထ-ဟူသောအမည်ကိုအစိတ်ဖြစ်သော လက်ဝါးပြင်၌ တင်- ကေဒေသျူ၊ သမုဒါယူ၊ ရုဠှီနည်း။

◆ ကေ၊ တတ္ထန္တိ ကေ၊ ပါဏိတလံ။

(တစ်နည်း) ဟတ္ထံ-၌ ဟတ္ထတလဟု ဆိုလိုလျက် တလ-ပုဒ် ကျေနေသောကြောင့် ကေဒေသဝေါဟာရနည်း။ (ဝဏ္ဏိသစ်၊၂။၃၅၉)

၁၀။ ပုန္တိ-၌ ပုန္တဓာတ်အရ ဘုရားရှင်၏ ကရုဏာ ပညာပြဓာန်းသောမဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

==========================

## ဝါကျဉယျာဉ် (၁၃၉)

(က) တ္တဒါနိ အာယသ္မာ ဥပါလိ ဝိနယပညတ္တိယာ မူလတော ပဘုတိ နိဒါနံ ဒဿေတုံ သာရိပုတ္တတ္ထေရဿ သိက္ခာပဒပညတ္တိယာစနံ ဒဿေန္တော "အထခေါ်အာယသ္မတော သာရိပုတ္တဿာ"တိအာဒိမာဟ။

(ခ) တတ္ထ ရဟောဂတဿာတိ ရဟသိ ဂတဿ။ ပဋိသလ္လီနဿာတိ သလ္လီနဿ ကေ်ဘာဝံ ဂတဿ။ ကတမေသာနန္တိ အတီတေသု ဝိပဿီအာဒီသု ဗုဒ္ဓေသု ကတမေသံ။

(ဂ) စိရံ အဿ ဋ္ဌိတိ

(ဃ) စိရာ ဝါ အဿ ဋ္ဌိတီတိ စိရဋ္ဌိတိကံ။

(င) သေသမေတ္ထ ဥတ္တာနပဒတ္ထမေဝ။

(၄။၁၅၂။ သာရတ္ထ၊၁။၄၃၀။ မဒူ၊၂။၄၅၄။ ဘာသာဋီ၊၂။၁၁၉။ ဝဏ္ဏိသစ်၊၂။၃၆၂)

==========================

၁။ (က၊ခ)ဝါကျတို့ကို တတ္ထ-အစွဲ ဆရာနည်းကျနစေလျက် အနက်ပေးပါ။

၂။ (ခ)ဝါကျကို အနုသန္ဓေ၊ (ဃ)ဝါကျကို သာဘောဂပုစ္ဆာထုတ်ပါ။

၃။ (ခ)ဝသောဝါကျတို့ကို အကြောင်းပြအမည်ပေး၊ (ဂ)ဝါကျ စိရံ-ကို သဒ္ဒါနည်းစာစပ်။

http://www.dhammadownload.com



၄။ (ဂ)ပါဠိပါ ဝိဂ္ဂဟကို ဉာဏ်ကောက်ပါ။
၅။ ဝိနယ၊ ပညတ္တိ၊ ပဋိသလ္လီန၊ နိဒါန-ပုဒ်တို့ကို ဓာတု ပစ္စယဝေဘန်၍၊ ဥပါလိ-၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။
၆။ (ခ၊ဂ၊ဃ)ပါဠိတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ပဋိသလ္လီန/ပဋိသလ္လီဏ ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်။
၈။ (က)ဝိနယပညတ္တိယာ-၌ ရသင့်သော နယူပစာရကိုရေးပါ။
၁၀။ ပဋိသလ္လီနဿ-အရကို ကောက်၍ ခန္ဓောတရဏဟာရနေတ္တိနည်းထုတ်ပါ။

---

၁။ (ဒသေဗန္ဓော အာတာ၊ပြသည့်ပုဒ်နောက်၊တတ္တ-)စသောနိယံနှင့်အညီအနက်ပေး။

၂။ (ခ)ပါဠိ အနုသန္ဓေ

ဤသို့(က)ဖြင့် အထဝေါ် အာယသ္မတော သာရိပုတ္တဿ-အစရှိသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကိုပြပြီး၍၊ ယခုအခါ၌ အဝယဝတ္ထကိုပြလိုရကား- (ခ)မိန့်။

(ဃ)ပါဠိ သာဘောဝပုစ္ဆာ

ဆရာ--သည် (ဂ)ဖြင့် ဝိရဋ္ဌိတိကံ-ပုဒ်ကို ဘိန္နာဓိကရဏ ဝတုတ္ထိဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်အဖြစ်ကို ပြဆို၏၊ ဝိရဋ္ဌိတိကံ-ပုဒ်ကိုယင်းဝစနတ္ထတစ်မျိုးသာ ပြုသင့်ပါသလော၊ မည်သို့ဝစနတ္ထပြုသင့်ပါသေးသနည်း။ ဝုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား= တုလျာဓိကရဏဗဟုဗ္ဗီဟိသမာသ်ပြုနိုင်ပါသေး၏ဟူလို။

၃။ (ခ) ပက္ခန္တရ။ (တစ်နည်း) ဝိတ္ထာရ။ (ဂ) ပက္ခန္တရ။
(ဃ)ပက္ခန္တရ။ (င) ပါဌာရမ္ဘ။ ပက္ခန္တရ။
ဝိရံ-ကား ပတ်လုံးဟူ၍ အနက်ပေးသောကြောင့် ဌိတိ-၌ ကာလအစ္စန္တသံယောဂ။
ဌိတိ-ကား ကာလအစ္စန္တသံယောဂဝန္တ။

◆ ဝိရတ္တိ ကာလာပေက္ခံ အစ္စန္တသံယောဂေ ဥပယောဂဝစနံ။ (သာရတ္ထ၊၁၊၄၃၀)

(တစ်နည်း) ဝိရံ-ကား စွာ-ဟူ၍-ကြောင့် ဌိတိ-၌ ကြိယာဝိသေသန--သျှစပ်။(မဓုသျှ)

၄။ ဝိရံ အဿ ဌိတီတိ ဝိရဋ္ဌိတိကံ။

♠ ဝိရဋ္ဌိတိ-ပုဒ်အရကား ကြာမြင့်စွာသော ကာလပတ်လုံးတည်ခြင်းသည် မုချ။
♠ ထို၏ သာသနဗြဟ္မစရိယနှင့် ဂုဏ် ဂုဏော စပ် ဌာန။
♠ တ-အညပုဒ်အရကား သာသနဗြဟ္မစရိယ ရ၏။
ဥပသမီပေ အလ္လီယတီတိ ဥပါလိ။
♠ ဥပအရ သမီပဘောဒ္ဓဂုဏ် ရ၏။
♠ အာ-လိဓာတ်အရ ငြိကပ်သောအခြင်းအရာအားဖြင့်ဖြစ်သော ဝေဟာသိတပေမတဏှာ ပြတန်းသော စိတ္တုပ္ပါဒ်ရ၏။ (ရဟန်းမပြုမီ ဧ့အာဘို့ကိုငဲ့၍ ကောက်သည်)

http://www.dhammadownload.com



♠ (တစ်နည်း) ငြိကပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ပဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။(ရတန္တာဖြစ်ပြီး ဥပါလိကိုရည်၍ ကောက်သည်)

♠ တ္တုပစ္စည်းအရကား ထိုစိတ္တုပ္ပါဒ်နှင့်ပြည့်စုံသော ဥပါလိမထေရ်ရ၏။

◆ အနုရုဒ္ဓါဒိတိ ပန ဿတ ဂနာ ပဗ္ဗဇိတတ္တာ ခတ္တိယာနံ ဥပသမ္ပဒေ အလ္လိနော ယုတ္တော ကာယစိတ္တေတိ သမင်္ဂီဘူတောတိ ဥပါလိတိနာမေန။ (အပ၊၄၊၁၊၁၃၂။)

ဝစနတ္ထမှတ်ဘွယ်

သာရိယာ ပုတ္တော သာရိပုတ္တော၊(ဓနက ဓညစပ်)

ပညပနံ ပညတ္တိ၊ ဝိနယဿ ပညတ္တိ ဝိနယပညတ္တိ။ (တံ)

သိက္ခာပဒေန ပဋိသံယုတ္တော သိက္ခာပဒပဋိသံယုတ္တော။

ဝိတက္ကဿ ဥပ္ပါဒေါ ဝိတက္ကုပ္ပါဒေါ။ ကေဿ ဘာဝေါ ကေဘာဝေါ။

သမ္မာ လိနော သလ္လီနော။(တဿ) ပဒါနံ အတ္ထော ပဒတ္ထော။

ဉတ္တာနော ပဒတ္ထော ယဿ ဝစနဿာတိ ဉတ္တာနပဒတ္ထံ။

၅။ ဝိနယ= ဝိ–နီ၊ အ။ ပညတ္တိ= ပ–ဉပ၊ တိ။
ပဋိသလ္လီန= ပဋိ–သံ–လီ၊ တ။ နိဒါန= နိ–ဒါ၊ ယု။

ဥပါလိ–၌ လိဓာတ်ယူ၍ (လီ ဘူစုနိ ဒြဝေ၊ ကိဒိ သိလေသနေ)ဟူသော (ဓာတွတ္ထသင်္ဂဟ၊ ၃၄၁)အရ လိဓာတ်သည် ကပ်ငြိခြင်း သိလေသနအနက်ဟောရာ၌ကိယာဒိဂိုဏ်း၊ ဒိဝါဒိဂိုဏ်း နှစ်မျိုးဆက်ဆံသည်။ ထို့ကြောင့် လိနာတိ၊ လိနန္တိ စသည်ဖြင့် ကိယာဒိ တစ်မျိုး။ လိယတိ၊ လိယန္တိ စသည်ဖြင့် ဒိဝါဒိတစ်မျိုးစဉ်။

၆။ (ခ)ရဟသိ ဝတဿ–ဖြင့် ရဟောဂတ–ပုဒ်ကို ရဟော (ရဟသိ) ဂတော ရဟော ဂတော–ဟု သတ္တမီတပ္ပုရိသ်သမာသ်ပြု–လည်းကောင်း၊ ရဟောနိပါတ်ပုဒ်နှောင် သိဒ္ဓိဝိဘတ် ကျေနေသည်ကိုလည်းကောင်း သိစေ။ (တိဿ ဝိဝိတ္တဝိဓန–ဠ္ဌနာရတော ရဟောဗျယ်–ဓာန်၊၁ ၅၃–နှင့်အညီ ရဟော–ကား နိပါတ်)

(တစ်နည်း) ရဟသိ ဝတဿ–ဖြင့် ရဟောဂတ–ပုဒ်ကို ရဟသိ ဂတော ရဟောဂတော–ဟု သတ္တမီတပ္ပုရိသ်–ပြုရမည်ကိုလည်းကောင်း၊ မနောဂိုဏ်းအရာဖြစ်၍ ဧတေသမောလောပေ– သုတ်ဖြင့် အ–ကို ဩ–ပြု၍ ရဟောဂတ–ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။ (ဤ၌ ရဟော–ကား မနောဂိုဏ်းနာမ်ပုဒ်)

သလ္လီနဿ–ဖြင့် ပဋိသလ္လီနဿ–၌ ပဋိ ဥပသာရ၏ အနတ္ထကၡ အဖြစ်ကိုလည်း ကောင်း၊ သံ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း သိစေသည်။

ကေဘာဝံ ဝတဿ–ဖြင့် ကောင်းစွာကိန်းအောင်းဟူသည်တစ်ပါးတည်းအဖြစ် သို့ကပ်ရောက်ခြင်းပင်တည်းဟု သိစေသည်။

ကတမေသံ–ဖြင့် ကတမေသာနံ–သည် ကတမေသံ–၏ ပရိယာယ်ဟု–သိစေ။

(တစ်နည်း) ကတမေသံ–ဖြင့်ကတမေသာနံ–၌ သာနံ–သည် နံဝိဘတ်၏ ကာရိယဟု သိစေ။

http://www.dhammadownload.com



(ဂ) စိရံ အဿ ဌိတိ-ဖြင့် စိရဋ္ဌိတိကံ-ပုဒ်ကို ဘိန္နာဓိကရဏစတုတ္ထီဗဟုဗ္ဗီဟိပြု-လည်းကောင်း၊ က-၏သမာသန္တ က-၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

(ဃ) စိရာ အဿ ဌိတိ-ဖြင့် စိရဋ္ဌိတိက-ပုဒ်ကို တုလျာဓိကရဏစတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပြု-လည်းကောင်း၊ က-၏ သမာသန္တက-၏ အဖြစ်ကိုလည်းကောင်း သိစေ။

## ၇။ ပဋိသလ္လီန / ပဋိသလ္လာဏ

ပဋိ-သံ-လီဓာတ်၊ တပစ္စည်း၊ "ဘိဒါဒိတော နော က္တက္တဝန္တူနံ" ဟူသော မောဂ်၊၅။၁၅၀။ နိရုတ္တိဒီပနီသုတ်၊ ၇၅၂-ဖြင့် တ-ကို န-ပြု၍ ပဋိသလ္လီန-ဟု ရုပ်ပြီးသည်။ နိရုတ္တိဒီပနီ-၌ ပဋိသလ္လီယိတ္ထာတိ ပဋိသလ္လီနော-တု ပြုသည်။ ထို့ကြောင့် ပဋိသလ္လီနော-ဟု ဒန္တဇ န-နှင့်ရှိသောပါဌ်သာ သင့်သည်။

မှတ်ချက်။ ခန္ဓဝဂ္ဂသံယုတ်၊နှာ၊၁၄-၌(ပဋိသလ္လီဏော ဘိက္ခဝေ ဘိက္ခု ယထာဘူတံပဇာနာတိ)ဟု မုဒ္ဓဇ ဏနှင့်တွေ့ရသည်။သို့ရာတွင် အထက်ပါ သဒ္ဒါသုတ်စည်းကမ်းနှင့်ကား မညီ။

## ၈။ (က)ဝိနယပညတ္တိယာ

အပေါင်း- ပညတ္တသိက္ခာပဒ၊ အပညတ္တသိက္ခာပဒတို့၏ ဝိနယပညတ္တိယာ-ဟူသောအမည်ကို အစိတ်ဖြစ်သော အပညတ္တသိက္ခာပဒတို့၌တင်-ကေဒေသျူ။

◆ ဝိနယပညတ္တိယာတိ ပုဗ္ဗေ အပညတ္တသိက္ခာပဒံ သန္ဓာယ ဝုတ္တံ။ (သာရတ္ထ)

### စိရာ ဝါ အဿ ဌိတိ

စိရာ-အရ ကြာမြင့်စွာသော ကာလနှင့် ဌိတိ-အရ တည်ခြင်းကာလဝန္တတို့ မပြားဘဲ ပြားသကဲ့သို့ဆိုထားသောကြောင့် အဘေဒဘေဒူပစာ။ အဘေဒနည်း။

◆ စိရာတိ စိရကာလယုတ္တာ ဌိတိ အဘေဒေန ဝုတ္တာ။ (သာရတ္ထ၊၁။၄၃၈)

ရတောဂတ-အရ ကာယဝိဝေကကိုယူ။ ပဋိသလ္လီနဿ-အရ စိတ္တဝိဝေကကိုယူ။ ကေဒေသျူ။ ပါရိသေသနည်း။ (သာရတ္ထ၊၁။၄၃၈)

၁၀။ ပဋိသလ္လီန-အရ အရဟတ္တဖလသမာပတ်ဟုဆိုအပ်သော စိတ္တဝိဝေကကိုယူ၍ ထုတ်။

========================

## ပါဠိကျဉ်းချုပ် (၁၄၀)

(က) ပုန ထေရော ကာရဏံ ပုစ္ဆန္တော "ကော နု ခေါ ဘန္တေ ဟေတူ"တိအာဒိမာဟ။

(ခ) တတ္ထ ကော နု ခေါ ဘန္တေတိ ကာရဏပုစ္ဆာ။

(ဂ) တဿ ကတမော နု ခေါ ဘန္တေတိ အတ္ထော။

(ဃ) ဟေတု ပစ္စယောတိ ဥဘယမေတံ ကာရဏာဓိဝစနံ။

(င) ကာရဏံ ဟိ ယသ္မာ တေန တဿ ဖလံ ဟိနောတိ ပဝတ္တတိ၊ တသ္မာ ဟေတူတိ ဝုစ္စတိ။

(စ) ယသ္မာ တံ ပဋိစ္စ တေ ပဝတ္တတိ၊ တသ္မာ ပစ္စယောတိ ဝုစ္စတိ။

http://www.dhammadownload.com



(ဆ) ဝေံ အတ္ထတော ကေမ္ပိ ဝေါဟာရဝသေန စ ဝစနသိလိဋ္ဌတာယ စ တတြ တတြ ဝေံ ဉာဘယမ္ပိ ဝုစ္စတိ။

(၅၊၁၅၃။ သာရတ္ထ၊၁၊၄၃၉။ မအူ၊၂၊၄၅၇။ ဘာသာဋီ၊၂၊၁၂၁။ ဝဏ္ဏိသစ်၊၂၊၃၆၄)

========================

၁။ (င၊စ၊ဆ)ဝါကျတို့ကို အနက်မှန်စွာ ယောဇနာပါ။

၂။ (ဃ)ဝါကျကို ဥပမာလင်္ကာရလျဉ်းပါး၍ ပုစ္ဆာတက်။(င)ဝါကျကို စောဒနာတက်ပါ။

၃။ အထက်ပါဝါကျတို့ကို အကြောင်းပြအမည်ပေး (င)ဝါကျ ကာရဏံ-ကို သဒ္ဒနယစာစစ်။

၄။ ဟေတုပစ္စယော-၌ ဟေတု-ကို ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပြပါ။

၅။ ပဋိစ္စ၊ သိလိဋ္ဌ၊ ဝေါဟာရ-တို့ကို ဓာတု ပစ္စယဝေဘာန်ပြပါ။

၆။ (ခ၊ဂ၊ဃ၊င၊စ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (င)ကာရဏဥ္စ/ကာရဏံ ဟိ-တုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို ယုတ္တိပြဆုံးဖြတ်။

၈။ (င)ဝါကျ ကာရဏံ-၌ ရသင့်သောနည်းကို အကြောင်းပြဖြေပါ။

၁၀။ (က)ပုစ္ဆန္တော-၌ ဓာတွတ္ထကို ကိုယ်ပြု၍ အာယနောတရဏာဟာရနေတ္တိထုတ်။

====================

၁။ (င) ဟိ-ချဲ့ (မအူ)။ဟိ-မှန် (တစ်နည်း)ဟိ-ယသ္မာ-ကြောင့်(ဘာသာဋီ)

၂။ (ဃ)ဝါကျ ဥပမာလင်္ကာရ လျဉ်းပါးပုစ္ဆာ

ဆရာ--- အရှင်သာရိပုတ္တရာမထေရ်သည် ကော နု ခေါ် ဘန္တေ ဟေတု ကော ပစ္စယော-ဟုလျှောက်၏။ ပဋ္ဌာနပစ္စယုဒ္ဒေသ ဟေတုပစ္စယော-၌ ဟေတုသဒ္ဒါသည် အသာဓာရဏအကြောင်း၊ ပစ္စယသဒ္ဒါသည် သာဓာရဏအကြောင်းကို ဟောသကဲ့သို့(ဥပမာလင်္ကာရ)။ ဤ၌လည်း ဟေတုသဒ္ဒါသည် အသာဓာရဏအကြောင်း၊ ပစ္စယသဒ္ဒါသည် သာဓာရဏအကြောင်းကိုပင် ဟောပါသလော။ ဟေတု-ပစ္စယသဒ္ဒါနှစ်ပါးကား အဘယ်အနက်ကိုဟောပါသနည်း။ ဝုဒ်ကြောင့်(ဃ)မိန့်။ (သာရတ္ထ)

(င)ဝါကျ စောဒနာ

ဆရာ--သည် (ဃ)ဖြင့် ဟေတု ပစ္စယသဒ္ဒါနှစ်ခုအပေါင်းသည် ကာရဏအနက်ကို ဟောသောဟု ဆို၏။ အဘယ့်ကြောင့် ကာရဏ(အကြောင်း)ကို ဟေတု ပစ္စယ-ဟူ၍ဆိုအပ်ပါသနည်း။ ကာ[illegible]ဏ(အကြောင်း)၏ ဟေတုမည်ခြင်း၊ပစ္စယမည်ခြင်း၏အကြောင်းကိုအကျယ်မပြဆိုခဲ့သော် သခေ်ပ ဝိတ္ထာရ ဆန့်သော ဝိရောဓိဒေါသသင့်--၏။ ဝုဒ်ကြောင့် (င)မိန့်။

(ဆ)ဝါကျ ပုစ္ဆာ

ဆရာ--သည် (ဃ)ဖြင့် ဟေတု ပစ္စယသဒ္ဒါနှစ်ခုအပေါင်းသည် ကာရဏ(အကြောင်း) ဟူသော အနက်ကို ဟော၏ဟုဆို၏၊ ယင်းသို့ အနက်အားဖြင့် တူသည်ရှိသော် အဘယ့်ကြောင့် သဒ္ဒါနှစ်ခု ဆိုပါသနည်း။ ဟေတုဖြစ်စေ၊ ပစ္စယဖြစ်စေ တစ်ခုခုကိုသာ ဆိုသင့်သည် မဟုတ်ပါလော။ ဝုဒ်ကြောင့် (ဆ)မိန့်။ (မအူသျှ)

http://www.dhammadownload.com



၃။ (က) အနုသန္ဓေ ပက္ခန္တရ။ (ခ)ပက္ခန္တရ၊ ဝိတ္ထာရ။
(ဂ)ဝိတ္ထာရ။ (ဃ)ပက္ခန္တရ။
(င၊စ)ပါဠိကျတို့သည် ဝိတ္ထာရ၊ (မအူ) ကာရဏာ၊ ဒဠှီကရဏာ။ (ဘာသာဋီကာ)
◆ အဓိဝစနံနောက်၊ တိလျှင်ရောက်၊ နက်ကောက်ရှဲ-ထင်-မြဲ။ (ရှေ့)
ထိုတွင် (စ)ပါဠိကျသည် ပက္ခန္တရ။ (ဆ)ပါဠိကျသည် ပါဠိကျာရမ္ဘ။
ကာရဏံ-ကား တို-ကြောင့် ဝုစ္စတိ-၌ ကမ္မ - ကမ္မိ စပ်။

၄။ တိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ တေတု။ (ဌ၊သာရတ္ထ)
◆ တိဓာတ်အရကတ္တုဌကား အကျိုးတရားဟူသောပစ္စယုပ္ပန္နဓမ္မ၏ဥပါဒ်သည် မှချ။
◆ ကရဏ၌-ကား ထိုအကျိုးတရားဟူသော ပစ္စယုပ္ပန္နဓမ္မအားတပ်သောအကြောင်း တရား၏ ဟေတွာဒိပစ္စယသတ္တိသည် ဖလူ။
◆ တုပစ္စည်းအရကား ထို--သော အကြောင်းတရားရ၏။
(တစ်နည်း) ဟိနောတိ ဖလဿ ဟေတုဘာဝံ ဥပဝတ္ထတီတိ ဟေတု။ (သာရတ္ထ)
◆ ဟိဓာတ်အရ အကျိုး၏အကြောင်းအဖြစ်သို့ ကပ်ရောက်တတ်သော အကြောင်း တရား၏ ဟေတွာဒိသတ္တိ လက္ခဏာ သဘာဝရ၏။
◆ တုပစ္စည်းအရ သတ္တိမန္တ လက္ခဏဝန္တ သဘာဝဝန္တဖြစ်သော အကြောင်းတရားရ၏။
ကာရဏံ ပဋိစ္စ ဖလံ ဧတိ ပဝတ္တတီတိ ပစ္စယော။
◆ ပတိ-အရ အကြောင်းကို အစွဲပြုခြင်း ပဋိစ္စဘောဂဏ်ရ၏။
◆ ဣဓာတ်အရကတ္တုဌကား အကျိုးတရားဟူသောပစ္စယုပ္ပန္နဓမ္မ၏ဥပါဒ်သည် မှချ။
◆ အဝုတ္တကမ္မဌကြိယာအရကား ထိုအားတပ်သော အကြောင်းတရား၏ ဟေတွာဒိ- ပစ္စယသတ္တိသည် ဖလူ။
◆ ဏ-ပစ္စည်းအရကား ထို-သော အကြောင်းတရားရ၏။
မှတ်ချက်။ မအူသျှ၊၂။၄၅၈-၌ (ကာရဏံ ပဋိစ္စ ဧတိ ပဝတ္တတိ ဖလံ ဧတေန ကာရဏေနာတိ ပစ္စယော)ဟု ကရဏသာဓ်ပြုသည်။ ကတ္တုဌ၊ ကရဏ၌၊ ပစ္စယဌ-အစွဲမျှသာထူးသည်။ အရကောက်မှာ အဝုတ္တကမ္မသာဓနကောက်ပုံနှင့် အတူမှတ်။

## ဝစနတ္ထမှတ်ဘွယ်

ပုစ္ဆတိ ဣမိနာ ဝစနေနာတိ ပုစ္ဆာ။ ကာရဏဿ ပုစ္ဆာ ကာရဏပုစ္ဆာ။
ဝေါဟရိယတေတိ ဝေါဟာရော။ တဿ ဝသော ဝေါဟာရဝသော၊
သိလိဋ္ဌဿ ဘာဝေါ သိလိဋ္ဌတာ။ ဝစနဿ သိလိဋ္ဌတာ ဝစနသိဋ္ဌတာ။

၅။ ပဋိစ္စ= ပတိ-ဣ၊ တွာ။ သိလိဋ္ဌ= သိလိသ၊ တ။
ဝေါဟာရ= ဝိ-အဝ-ဟရ၊ဏ။ (တစ်နည်း) ဝိ-ဟ၊ ဏ။

၆။ (ခ) ကာရဏပုစ္ဆာ-ဖြင့် ကော-၌ ကိံသဒ္ဒါကား အကြောင်းကိုမေးခြင်း ကာရဏ ပုစ္ဆာအနက်တည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)
(ဂ)ဖြင့်ဟေတု-အကြောင်းကား၊ ကောနခေါ-အဘယ်နည်း-ဟုအနက်ယောဇနာရမည်ဟုသိစေ။

http://www.dhammadownload.com



(ဃ)ဖြင့် အသာဓာရဏော ဟေတု၊ သာဓာရဏော ပစ္စယော-ဟု ဆိုစေကာမူ ဤ၌ ဟေတု ပစ္စယသဒ္ဒါနှစ်ခုလုံးပင် အကြောင်းသာမန်ကို ဟောသတည်းဟု သိစေ။

(င) တေန တဿ ဖလံ ဟိနောတိ-ဖြင့် ဟေတု-၌ ဟိဓာတ်၏ အဖြစ်ကို လည်းကောင်း၊ တုပစ္စည်း ကရဏသာဓန အနက်၌ သက်-လည်းကောင်း၊ဟိနောတ် ဖလံ ဧတေနာတိ ဟေတု-ဟုပြု-လည်းကောင်း သိစေသည်။

ပဝတ္တတိ-ဖြင့် ဟိနောတိ-၌ ဟိဓာတ်သည် ပဝတ္တနအနက်ဟော-သိစေ။

ကာရဏံ-ဖြင့် ဟေတုသဒ္ဒါသည် ကာရဏအနက်ဟော (ဝါ) ဟေတုအရ ကာရဏကိုယူ (ဝါ) ဟေတုသဒ္ဒါသည် ကာရဏ၏ပရိယာယ်ဟု သိစေသည်။

(စ) တံ ပဋိစ္စ ဧတိ-ဖြင့် နိဿယော-ပုဒ်ကို နိဿာယ နံ ဝသတီတိ နိဿယော-ဟု အဝုတ္တကမ္မသာဓနပြုသကဲ့သို့ ပစ္စယော-ပုဒ်ကိုလည်း ကာရဏံ ပဋိစ္စ ဧတိတိ ပစ္စယော-ဟု အဝုတ္တကမ္မသာဓနပြု-လည်းကောင်း၊ ပတိရှေးရှိသော ဣဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏပစ္စည်း၏ အဝုတ္တကမ္မသာဓနအနက်၌ သက်-လည်းကောင်း၊ ပတိဥပသာရ၏ ပဋိစ္စအနက်ဟော-လည်းကောင်း သိစေ။

ပဝတ္တတိ-ဖြင့် ဧတိ-၌ ဣဓာတ်သည် ပဝတ္တနအနက်ကို ဟော-ဟု သိစေ။

ရ။ ကာရဏံ တိ / ကာရဏဥ္စ

(ဓော ဉံ ၊ ကောရဟကာရေ ပရေ နိဂ္ဂဟိတံ ခေါ ဉကာရံ ပပ္ပေါတိ ဝါ) ဟူသောကစ္စည်း၊ ရူပသိဒ္ဓိတို့ကိုထောက်၍ ဧ-အက္ခရာ ဟ-အက္ခရာ နှောင်းရာ၌ နိဂ္ဂဟိတ်ကို ဉ-အပြု မပြုသောကြောင့် ၂-ပါဌ်လုံးသင့်သည်။

(င၊စ) ဝါကျတို့၌ ယသ္မာ ပါ / မပါ

(င)ဟိ-နောက်၌ ယသ္မာ-ဟု စာအုပ်များ၌တွေ့ရ၏၊ သို့သော် ဟိ-နိပါတ်သည်ပင် ရှေးကို ထောက်လျှင် ဒဠှီဇောတက၊ တသ္မာ ပါသော နောက်ဝါကျကို ထောက်လျှင် ကာရဏဇောတကဖြစ်နိုင်သောကြောင့် ယသ္မာ-အပိုဖြစ်ဟန်တူ၏။ (ဘာသာဋီ၊၂။၁၂၁)

(စ)ဝါကျ (ယသ္မာ) တံ ပဋိစ္စ

ရှေး၌ပါခဲ့သော ဟိ(ယသ္မာ)သည် ဤ၌လည်း စပ်နိုင်သောကြောင့် ဤ ယသ္မာ-လည်း ပိုဟန်တူသည်။ (ဘာသာဋီ၊၂။၁၂၂)

၉။ ကာရဏံ

တသ္မာ ကာရဏံ ဟေတူတိ ဝုစ္စတိ၊ တသ္မာ ကာရဏံ ပစ္စယောတိ ဝုစ္စတိ-

ဤသို့နောက်ဝါကျသို့လည်းလိုက်၍ ကျေးဇူးပြုသောကြောင့် အာဒိဒီပကနည်း။

၁၀။ ပုစ္ဆိတ္တော-၌ ဓာတ်အရ အရှင်သာရိပုတ္တရာ၏ဆန္ဒပြဓာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၄၁)

(က) တ္တဒါနိ တံ ပေတုဋ္ဌ ပစ္စယဋ္ဌ ဒဿေတုံ "ဘဂဝါ စ သာရိပုတ္တဝိပဿီ"ဝ အာဒိမာဟ။

(ခ) တတ္ထ ကိလာသုနော အဟေသုန္တိ န အာလသိယကိလာသုနော။

(ဂ) န ဟိ ဗုဒ္ဓါနံ အာလသိယံ ဝါ ဩသန္နဝိရိယတာ ဝါ အတ္ထိ။

(ဃ) ဗုဒ္ဓါ ဟိ ဧကဿ ဝါ ဒွိန္နံ ဝါ သကလစက္ကဝါဠဿ ဝါ ဓမ္မံ ဒေသေန္တာ သမကေနေဝ ဥဿာဟေန ဓမ္မံ ဒေသေန္တိ၊ န ပရိသာယ အပ္ပဘာဝံ ဒိသွာ ဩသန္နဝိရိယာ ဟောန္တိ၊ နာပိ မဟန္တဘာဝံ ဒိသွာ ဥဿန္နဝိရိယာ။

(၅၁၁၅၃။ သာရတ္ထ၁၁။၄၄၀။ မဓူ၂။၄၅၀။ ဘာသာဋီ၂။၁၂၂။ ဝဇိရဗုဒ္ဓိဋီ၊၂။၃၆၅)

=================

၁။ အထက်ပါဝါကျတို့ကို အနက်မှန်မှန် ယောဇနာပါ။
၂။ (ဂ)ဝါကျကို သာဘောဝပုစ္ဆာ။ (ဃ)ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (ခ၊ဂ၊ဃ)ဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (ဃ)၌ ပရိသာယ–ကို သဒ္ဒါနည်းစာစပ်။
၄။ ကိလာသုနော–ကို ဝစနတ္ထပြ၍ ဥဒ်ကောက်ပါ။
၅။ ပစ္စယ၊ ဩသန္န၊ သကလ၊ အပ္ပ–တို့ကို ဓာတ်၊ ပစ္စယဝေဘန်ပါ။
၆။ (ခ)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ကိလာသုနော/ကိဠာသုနော –ဟုပါဌ်နှစ်မျိုးတွေ့ရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်။
၈။ သကလစက္ကဝါဠဿ–၌ ရသင့်သော နယပစာရကို ဆိုရိုးကျရေးပါ။
၁၀။ အာလသိယံ–အရကို ကိုယ်ပြု၍ ပရိဝတ္တနဟာရနေတ္တိနည်း ထုတ်ပါ။

=================

၂။ (ဂ)ဝါကျ ပုစ္ဆာ

ဆရာ––သည်(ခ)ဝါကျဖြင့် ဝိပဿီစသော ဘုရားရှင်တို့အား အာလသိယ ကိလာသု မဖြစ်ကုန်ဟုဆို၏။ ဘုရားရှင်တို့အား အဘယ့်ကြောင့် အာလသိယ ကိလာသု မဖြစ်ပါသနည်း။ အကြောင်းကို ဆရာမပြပြီလော။ စုန်ကြောင့် (ဂ)မိန့်။

◆ တတ္ထ ကာရဏမာဟ "န ဟိ"တိအာဒိ။ (သာရတ္ထ၁၁။၄၄၀)

### (ဃ)ဝါကျ အနုသန္ဓေ

ဤသို့(ဂ)ဖြင့် ဘုရားရှင်တို့အား အာလသိယ ဩသန္နဝိရိယမရှိဟုပြဆိုပြီး၍ ယခုအခါ၌ အာလသိယ ဩသန္နဝိရိယမရှိပုံကို ချဲ့ပြလိုသော ဆရာသည်(ဃ)မိန့်။

### (ခ)ဝါကျ လျှဉ်းပါး၍ ပုစ္ဆာတက်

ဆရာ – မြတ်စွာဘုရားသည် ကိလာသုနော အဟေသုံ–ဝိပဿီစသောဘုရားရှင်တိုသည် အားမထုတ်ကြကုန်ဟု ဟောတော်မူ၏။ အဘယ့်ကြောင့်အားမထုတ်ကြပါသနည်း။ ပျင်းရိသည်၏အဖြစ်ကြောင့် အားမထုတ်ကြပါသလော။ (န–ကိုဖြုတ်–အာဘော်လုပ်သည်)

http://www.dhammadownload.com



စုန်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား=ပျင်းရိသည်၏အဖြစ်ကြောင့် အားမထုတ်ကြသည်မဟုတ်၊အကျိုးမရှိသည်၏အဖြစ်ကြောင့် အားမထုတ်ကြဟူလို။ (မအူသျှ၊၂၈၄၅၀၈ သာရတ္ထ၊၁၈၄၄၀။)

၃။ (ခ)ပက္ခန္တရ။ (တစ်နည်း) ဝိတ္ထာရ။ (ဂ)ကာရဏာ။ ဘာသာဋီ-၌ ဒဋ္ဌိ-ဟု ယူသည်။

♦ န တိ တက်ရာ၊ တိ နက်မှာ၊ တိတ်ပါဒဋ္ဌိစွဲ။

(ဃ)ဝိတ္ထာရ။ ယင်း (ဃ)ဝါကျ၌- ဗုဒ္ဓါ တိ-မှ ဒေသေန္တိ-တိုင်အောင် အနွယဝါကျ။

န ပရိသာယ-မှ ဥဿန္နဝိရိယာ-တိုင်အောင် ဗျတိရေက။

ယင်းဗျတိရေက-၌ နာပိမဟန္တဘာဝံ ဒိသွာ ဥဿန္နဝိရိယာ-ကား ပရိသတ်နည်းသည်ကိုမြင်၍ ဩသန္နဝိရိယ မဖြစ်သည်မှတစ်ပါး ပရိသတ်အများကို မြင်၍လည်း ဥဿန္နဝိရိယမဖြစ်သည်ကို ပြသောကြောင့် ပက္ခန္တရ။

စာဝပ်။ (ဃ)ဝါကျ၌ ပရိသာယ-ကို အပ္ပဘာဝံ၊ မဟန္တဘာဝံ-တို့၌ သမ္ဗန်-သမ္ဗန္ဓိဝပ်။

၄။ အပ္ပံ လသန္တီတိ ကိလာသုနော။ (ဝဏ္ဏိသစ်)

(ယေဗုဒ္ဓါ-အကြင်ဘုရားရှင်တို့သည်၊ အပ္ပံ-အနည်းငယ်ကို၊ လသန္တိ-နှစ်သက်တတ်ကုန်၏၊ ဣတိ-ကြောင့်၊ တေဗုဒ္ဓါ-တို့သည်၊ကိလာသုနော-။(ကိသဒ္ဒူပပဒ လသဓာတ်၊ဏုပစ္စည်း)

♠ ကိ-တူသော ဝိသေသနပုဒ်အရကား အပ္ပဂုဏ်ရ၏။

♠ လသဓာတ်အရ အနည်းငယ်ကို နှစ်သက်ကြကုန်သော ဝိပဿီစသော ဘုရားရှင်တို့၏ အပ္ပေါ်သုက္က၊ နိရုဿာဟဖြစ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ။

♠ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်စသည်တို့သည် ဖလူ။

♠ နောက်နောက်၌ဖြစ်သော အာသယာနုသယဉာဏ်စသည်သည် ကာရဏူ။

♠ ဏုပစ္စည်းအရကား ထို-သော ဝိပဿီစသော ဘုရားရှင်တို့ရ၏။

န လသတီတိ အလသော။ (န-လသ၊ အ ) (ဝဏ္ဏိသစ်)

(တစ်နည်း)အလီယတိ ဗန္ဓီယတီတိ အလသော။ မန္တကာရီ။(အလ၊ အသ)။(ဏွာဒိ)

အလသဿ ဘာဝေါ အာလသိယံ။ (နီတိ၊သုတ္တ၊ရ၆၂)

♠ အလသ-ပုဒ်အရကား ပျင်းရိသူဒြဗ်သည် မုချ။

♠ ထို-၏ ပျင်းရိခြင်းဟူသော ထိနမိဒ္ဓ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်နှင့် ဂုဏော ဂုဏ် စပ် ဌာနူ။

♠ ဏိယ-ပစ္စည်းအရကား ပျင်းရိခြင်းဟူသော ထိနမိဒ္ဓ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ရ၏။

♦ အာလသိယံ ဝါတိ ဣမိနာ ထိနမိဒ္ဓဝသပ္ပဝတ္တာနံ အကုသလာနံ အဘာဝမာဟ။(သာရတ္ထ၊၁၈၄၄၀)

ဝစနတ္ထမှတ်ဘွယ်

အာလသိယေန ကိလာသုနော အာလသိယကိလာသုနော။

http://www.dhammadownload.com



ပြသန္တိ ဝိရိယံ ဧတေသန္တိ ပြသန္တဝိရိယာ။ တေသံ ဘာဝေါ ပြသန္တဝိရိယတာ။(မအူ)
ဥဿန္တိ ဝိရိယံ ဧတေသံ ဖုန္ဒိနန္တိ ဥဿန္တဝိရိယာ။
အပ္ပါယ ဘာဝေါ အပ္ပဘာဝေါ။ မဟတိယာ ဘာဝေါ မဟန္တဘာဝေါ။

၅။ ပစ္စယ= ပဋိ-ဣ၊ ဏ။ ပြသန္တ= အဝ-သဒ၊ တ။
ဥဿန္တ= ဥ-သဒ၊ တ။ အပ္ပ= အလ(တစ်နည်း) အပ၊ ပ။
သကလ= သက၊ အလ။ ဥဿာတ= ဥ-သဟ၊ ဏ။

၆။ (ခ)ပါဠိကျဖြင့် ကိလာသုနော-၌ အားမထုတ်ဟူသည် ပျင်းရိသည်၏အဖြစ်ကြောင့် အားမထုတ်သည်မဟုတ်၊အကျိုးမရှိသည်၏အဖြစ်ကြောင့်အားမထုတ်ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (သာရတ္ထ၊ မအူ)
(တစ်နည်း)အပ္ပံ လသန္တီတိ ကိလာသုနော-ဟု ဝစနတ္ထပြု၍ ကိလာသု-အရ ပျင်းရိသောကြောင့် အားမထုတ်သူကိုမယူရ၊အကျိုးမရှိသောကြောင့် အားမထုတ်သူကိုယူ။ (ဝဏ္ဏိသစ်၊၂။၃၆၅)

၇။ **ကိလာသုနော/ကိဠာသုနော**

(လသ ကန္တိယံ၊ အပ္ပံ လသတီတိ ကိလာသု၊ဏု)ဟူသော ဓာန်ဋီ။၅၁၆-ကို ထောက်၍ ကိသဒ္ဒူပပဒ- လသဓာတ်၊ ဏု-ပစ္စည်းဖြင့် ရုပ်ပြီးသောကြောင့်လည်းကောင်း၊အချို့ပေ၌မုဒ္ဓဇဠ-နှင့် ကိဠာသုနော-ဟုရှိတတ်၏ မသင့်-ဟု ဝဏ္ဏိသစ်၊၂။ ၃၆၅-၌ ဆိုသောကြောင့်လည်းကောင်း ကိလာသုနော-ပါဌ်သာ သင့်သည်။ ကိဠာသုနော-ပါဌ်ကား မသင့်။
ပါဒတ္ထရကား=ဘာသာဋီကာ-၌ ဂိလေဓာတ်၊သုပစ္စည်းဖြင့်ပြီးသော ဂိလာသုနော-ကိုသာ ပါဌ်ရင်းဟု ဆရာတို့ကြံကြသည်။အချို့ကား အပ္ပကံ လသန္တီတိကိလာသုနော-ဟု ကြံကြသေးသည်။ ထိုအကြံ၌ အခြေအမြစ်ကိုရှာသင့်သည် ဟုမှာထားသည်။

**ပြသန္တဝိရိယတာ/ပြသတ္တဝိရိယတာ**

ပြသန္တဝိရိယာတိ ပြဟီနဝိရိယာ၊ အပ္ပေါ်သုက္ကာတိ အတ္တော။ (သာရတ္ထ၊၁။၄၄၀)
ပြသတ္တဝိရိယတာတိပိ အတ္ထိ၊ ပြသတ္တံ ဝိရိယံ ယေသံ တေ ပြသတ္တဝိရိယာ။ ပြသတ္တဝိရိယာနံ ဘာဝေါ ပြသတ္တဝိရိယတာ။(ယောဇနာ။၁၀၅)တို့ကိုထောက်၍ ၂-ပါဌ်သင့်။

**စက္ကဝါဠ /စက္ကဝါဠ**

စက္က၊ အာဝါဠ-ဟုပုဒ်ဖြတ်။ ဠ-ကို ဠ-ပြု၍ ပြီးသည်။(ဝဏ္ဏိသစ်၊၁။၄၅၁)
စက္ကဝါဠန္တိ စက္ကာဝါဠန္တိ ဝတ္တဗ္ဗေ စက္ကဝါဠန္တိ ဝေါတံ၊ ဝတံ။ ယသ္မာ ရထစက္ကံ ဝိယ၊ သမဝဋ္ဋံ ကူပံ ဝိယ အာဝါဠာကာရံ ဠကာရဉ္စ ဠကာရံ ကတံ၊ တသ္မာ စက္ကဝါဠန္တိ ဝုစ္စတိ။(ဗိနယာလင်္ကာရဋီကာ၊၅၆)တို့ကိုထောက်၍ စက္ကဝါဠ-ပါဌ်သာ သင့်သည်။

http://www.dhammadownload.com



၉။ **သကလစက္ကဝါဠသာ**

ဌာနဖြစ်သော အလုံးစုံသောစကြာဝဠာ၏ သကလစက္ကဝါဠ-ဟူသောအမည်ကိုဌာနီဖြစ်သော စကြာဝဠာနေ သတ္တဝါများ၌ တင်-ဌာနူပစာ၊ နာနတ္ထရိကနည်း။(မအူ)

(တစ်နည်း၊)စကြာဝဠာ၌ နေသူသတ္တဝါအပေါင်းကို အဘေဒေါပစာအားဖြင့်ဆိုသည်။(ဘာသာဋီ၊၂။၁၂၃)

**ကိလာသုနော**

အပေါင်းဖြစ်သော ပျင်းရိခြင်းကြောင့် အားမထုတ်သူ၊ အကျိုးမရှိခြင်းကြောင့် အားမထုတ်သူတို့၏ ကိလာသုနော ဟူသောအမည်ကို အစိတ်ဖြစ်သော အကျိုးမရှိခြင်းကြောင့် အားမထုတ်သူ၌ တင်-ကေဒေသျူ။

**န အာလသိယကိလာသုနော**

ပျင်းရိသည်၏အဖြစ်ကြောင့် အားမထုတ်သည်မဟုတ်ဟုဆိုသဖြင့် အကျိုးမရှိသည်၏အဖြစ်ကြောင့် အားမထုတ်ဟူ၍ အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။ (အတ္ထာပတ္တိနည်း၊ ဗျတိရေကနည်းလည်းရသည်။)

၁၀။ အာလသိယံ-အရ ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိနမိဒ္ဓ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍၊ထိုကို ယူသဖြင့် ထို၏ ပဋိပက္ခဖြစ်သော ဝီရိယ၏အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း၊ထိုကုသိုလ်လျှင်အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန် သံသရာအကျိုးတို့သည်လည်းကောင်း ပပျောက်ကုန်၏၊ ထိနမိဒ္ဓ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်လျှင် အကြောင်းရှိကုန်သော ပစ္စုပ္ပန် သံသရာဘေးတို့သည် တိုးပွားကုန်၏၊ ဤသို့ သုတ္တာဂတဓမ္မတို့ကို ပဋိပက္ခအားဖြင့် ပယ်ခြင်းသည် ပရိဝတ္တနဟာရမည်၏။

==========================

## ဝါကျဥယျာဉ် (၁၄၂)

(က) ခန္တိ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

(ခ) န ဟိ ပဗ္ဗဇိတော ပရူပဃာတီ။

(ဂ) န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(ဃ) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(ဌ၁၅၄။ သာရတ္ထ၁။၄၄၁။ မအူ၊၂။၄၆၆။ ဘာသာဋီ၊၂။၁၂၆။ ဝဇိရ်ဳဳ=ဝဇိရဗုဒ္ဓိ)

==========================

၁။ (က)ဝါကျကို ခန္တိ၊ တိတိက္ခာ-သဒ္ဒါနှစ်ခုအတူ ကြံ၍လည်းကောင်း၊ အထူးကြံ၍လည်းကောင်း၊ (ခ၊ဂ)ဝါကျတို့ကို ဝေဝုစ်ပရိယာယ် ကြံ၍လည်းကောင်း၊ န-သဒ္ဒါ ဟိ-သဒ္ဒါတို့ကို အနတ္ထကနိပါတ်မျှကြံ၍လည်းကောင်းအနက်ပေးပါ။

http://www.dhammadownload.com



၂။ (ခ)ဝါကျကို အနုသန္ဓေ။ (ဂ)ဝါကျကို ပုစ္ဆာတက်ပါ။
၃။ (ခ)စသောဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။
၄။ ခန္တိပရမံ-၌ ခန္တိ-ကို ဝိဂ္ဂဟပြု၍ ဉာဏ်နည်းကောက်ပြပါ။
၅။ ခန္တိပရမံ-၌ ပရမံ-ကို ဓာတ်၊ ပစ္စယပြစ်နိုင်သမျှဝေဘန်ပါ။
၆။ အနုဒ္ဒိဋ္ဌံ ပါတိမောက္ခုဒ္ဒိဋ္ဌံ အနုဒ္ဒိဋ္ဌမာသံ အာဏာပါတိမောက္ခံ အနုဒ္ဒိဋ္ဌံ အဟောသိ။ (၅၁၃၅၄)ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (ဂ)ဝိဟေဌယန္တော/ဝိဟေဝယန္တော ဟုပါဌ်နှစ်မျိုးရှိရာ သင့်ရာပါဌ်ကို ယုတ္တိပြဆုံးဖြတ်။
၈။ ပရူပဃာတီ၊ ပရံ ဝိဟေဌယန္တော-တို့၌ နယ္ပပစာရကိုရေးပါ။
၁၀။ သစိတ္တပရိယောဒပနံ-၌ ဖြစ်ထိုက်သော ကရိုဏ်းပုဒ်အရကို တိကျစွာကောက်ပြ၍ ပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

=====================

၁။ (က)ခန္တီ-နှင့် တိတိက္ခာသဒ္ဒါနှစ်ရ အတူကြံ၍ အနက်ပေးပုံ

တိတိက္ခာ-တိတိက္ခာဟု ဆိုအပ်သော၊ ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-ဆန့်ကျင်ဘက်တရားတို့ကို ပူပန်စေတတ်သော အကျင့်တည်း။

(တစ်နည်း) ခန္တီ-နှင့် တိတိက္ခာသဒ္ဒါနှစ်ရ အထူးကြံ၍ အနက်ပေးပုံ

ခန္တီ-အနိဋ္ဌာရုံကိုပယ်ဖျောက်သောအားဖြင့် သည်းခံခြင်းသည်၊ပရမံ-မြတ်သော၊ တပေါ-တည်း၊ တိတိက္ခာ- ဣဋ္ဌာရုံကို ပယ်ဖျောက်သောအားဖြင့် သည်းခံခြင်းသည်၊ ပရမံ-သော၊ တပေါ-တည်း။ (သာရတ္ထ။ ဝဏ္ဏိသစ်)

(ခ၊ဂ)ဝါကျ ဝေဝုစ်ပရိယာယ် ကြံ၍ အနက်ပေးပုံ

(က) ပရူပဃာတီ-သူတစ်ပါးကို ညှင်းဆဲနှိပ်စက်တတ်သောသူသည်၊ ပဗ္ဗဇိတော-နှင်ထုတ်အပ်သောမကောင်းမှုကို နှင်ထုတ်တတ်သော ရဟန်းမည်သည်၊ န ဟောတိ-မဖြစ်၊

(ခ) ပရံ- သူတစ်ပါးကို၊ ဝိဟေဌယန္တော- ညှင်းဆဲနှိပ်စက်တတ်သော သူသည်၊ သမဏော-မကောင်းမှုကို ငြိမ်းစေတတ်သော ရဟန်းမည်သည်၊ နဟောတိ-မဖြစ်။ (သာရတ္ထ၊၁၊၄၄၂။ဝဏ္ဏိသစ်၊၂၊၃၆၈)

(ခ၊ဂ)ဝါကျ န တိ ကို အနုတ္တကနိပါတ်မျှကြံ၍အနက်ပေးပုံ

ယော သမဏော-သည်၊ ပရံ-သူတစ်ပါးကို၊ ဝိဟေဌယန္တော-ညှင်းဆဲနှိပ်စက်သည် ဖြစ်၍၊ ပရူပဃာတီ-မိမိ၏ မြတ်သောသီလကို ဖျက်ဆီးတတ်သည်၊ ဟောတိ-၏၊ သော သမဏော-သည်၊ပဗ္ဗဇိတော-မည်သည်၊ နဟောတိ-မဖြစ်။(သာရတ္ထ၊၁၊၄၄၂။ဝဏ္ဏိသစ်၊၂၊၃၆၈)

၂။ (ခ)ဝါကျ အနုသန္ဓေ

ဤသို့ (က)ဖြင့် အကြောင်းကို အဦးမူ၍ အခွယအားဖြင့် ဩဝါဒပါတိမောက်ကိုပြတော်မူပြီး၍၊ယခုအခါ၌ ဗျတိရေကအားဖြင့် ,ဩဝါဒပါတိမောက်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် (ခ)မိန့်။ (ဝဏ္ဏိသစ်၊၂၊၃၆၉)

http://www.dhammadownload.com



◆ ဝေံ ကာရဏာမုခေန အနွယတော ပါတိမောက္ခံ ဒဿေတွာ ဣဒါနိ ဗျတိရေကတော တံ ဒဿေတုံ "န ဟိ"တိအာဒိ ဝုတ္တံ။ (သာရတ္ထ၊၁။၄၄၂)

(ဂ)ပါကျ ပုစ္ဆာ

ဆရာ-- မြတ်စွာဘုရားသည် (ခ)ပါကျဖြင့် ဗျတိရေကအားဖြင့် ဩဝါဒ ပါတိမောက်ကို(ဝါ)ပဗ္ဗဇိတလက္ခဏာကိုပြဆိုတော်မူ၏။ ယင်း၏ ပရိယာယ်ဝေဝုစ်ကား အဘယ်ပါနည်း။ ပရိယာယ်ဝေဝုစ်ကိုမပြဆိုတော့ပြီလော။ စုန်ကြောင့် (ဂ)မိန့်။

◆ "န ဟိ ပဗ္ဗဇိတော"တိ ဧတဿ ဟိ "န သမဏော ဟောတီ"တိ ဝေဝစနံ၊ "ပရူပဃာတီ"တိ ဧတဿ "ပရံ ဝိဟေဌယန္တော"တိ ဝေဝစနံ၊ (သာရတ္ထ၊၁။၄၄၂)

(တစ်နည်း)ဆရာ-မြတ်စွာဘုရားသည် (ခ)ပါကျဖြင့် ပဗ္ဗဇိတလက္ခဏာကိုပြတော်မူ၏။ သမဏလက္ခဏာကား အဘယ်ပါနည်း။ သမဏလက္ခဏာကို မပြဆိုပြီလော။ စုန်ကြောင့် (ဂ)မိန့်။ (သာရတ္ထ၊၁။၄၄၂။ဝဏ္ဏိသစ်၊၂။၃၆၉)

၃။ (ခ၊ဂ)တို့သည် ဗျတိရေကဒဋ္ဌိကရဏ။ ထိုကိုထောက်၍ (က)သည် အနွယဒဋ္ဌိယ။ (ခ၊ဂ)တို့တွင် (ဂ)သည် ပက္ခန္တရ။ (တစ်နည်း) ပါကျာရမ္ဘ။ (ဃ)ပက္ခန္တရ။

၄။ ပရူပဃါဒိ ပရာပကာရံ သီတုဏှာဒိဘေဒဒ္ဓ ဂုဏောပရောဓံ ခမတိ သဟတိ အဓိဝါသေတီတိ ခန္တိ။ (သာရတ္ထ) (ခမု၊ တိ။ ဆန်းကြောင့်ဒီဃရောက်၍ ခန္တိ-တုဖြစ်သည်)

• ခမုဓာတ်အရကား သူတစ်ပါးတို့၏စွပ်စွဲကဲ့ရဲ့ခြင်းလည်းဖြစ်သော သူတစ်ပါးတို့၏ ကျေးဇူးမဲ့ပြုခြင်းလည်းဖြစ်သော ကောင်းသောဂုဏ်ကို နှောင့်ယှက်ဖျက်ဆီးမှုကို သည်းခံတတ်သော အဓိဝါသနခန္တိ၏ သည်းခံခြင်း သတ္တိ၊ လက္ခဏာ၊ သဘာဝ ရ၏။

• တိပစ္စည်းအရကား သတ္တိမန္တ၊ လက္ခဏဝန္တ၊ သဘာဝဝန္တဖြစ်သော သည်းခံတတ်သော အဓိဝါသနခန္တိရ၏။

ဝစနတ္ထမှတ်ဘွယ်

သီလာဒိနံ ပဋိပက္ခဓမ္မေ သမိသေသံ တပတိ သန္တပတိ ဝိဓမတီတိ တပေါ။(သာရတ္ထ) (ပရမတ္ထကတ္တုသာဓ်ထုံးစံအတိုင်းကောက်)

ပရံ ဥပဃာတေတုံ သီလံ ယဿာတိ ပရူပဃာတီ။

သဿ အတ္တနော စိတ္တံ သစိတ္တံ။ ပရိယောဒပီယတေ ပရိယောဒပနံ။

သစိတ္တဿ ပရိယောဒပနံ သစိတ္တပရိယောဒပနံ။

၅။ တိတိက္ခာ= တိဇ၊ ခ။ ထိ-အာ။

◆ တိတိက္ခနံ ခမနံ တိတိက္ခာ၊ (သာရတ္ထ၊၁။ ၄၄၁)

ပရမံ= ပရ၊ မ။ (တစ်နည်း) ပရ-မု၊ အ။ (တစ်နည်း) ပရ-မဇ၊ ကွိ။ (တစ်နည်း)ပရ-မယ၊ ကွိ။ (တစ်နည်း) ပရ-မုန၊ ကွိ။ (တစ်နည်း)ပရ-မိ၊အ။

◆ ပရမာတုဝသာဂါပိ၊ ပမူပပဒယောပိဝါ။
မုတော တထာ ပဇဟောစ၊ မယတော မုနတော မိတော။
ပုန မိတောတိ ဧကော်၊ မာတုတိ မလု သက္ကတိ။
ပဓဒ ပရမသဒ္ဒဿ၊ နိပ္ပတ္တိ ဇိနသာသနေ။ (နီတိ၊ဓာတု။၃၆၅)

၆။ အနုဒ္ဒယာသံ အာဏာပါတိမောက္ခံ အနုဒ္ဒိဋ္ဌံ အဟောသိ-ဖြင့် အနုဒ္ဒယာသံ ပါတိ မောက္ခံ-ဟူသော ပါဠိတော်ပါဌ်၌ အဟောသိ-ဟူသော ပါဌသေသဖြည့်စွက်၍ ယောဇနာ ရမည်ကိုလည်းကောင်း၊ပါတိမောက္ခ-အရ အာဏာပါတိမောက်ကိုယူ-လည်းကောင်း သိစေ။

(ဂ) သမဏော-ဖြင့် (ခ)ဝါကျ ပဗ္ဗဇိတသဒ္ဒါ၏ဝေဝုစ်ပရိယာယ်ကား သမဏ-ဘည်းဟု သိစေသည်။

ပရံ ဝိဟေဌယန္တော-ဖြင့် ပရူပဃာတီ-၏ ဝေဝုစ်ပရိယာယ်ကား ပရံဝိဟေဌယန္တော-တည်းဟုသိစေသည်။ (သာရတ္ထသာဓက (၂)နံပါတ် ကျမ်းတက်၌ ရေးခဲ့ပြီ။). (တစ်နည်း) ပရံ ဝိဟေဌယန္တော-ဖြင့် ပရူပဃာတီ-ကို ပရံ ဥပဟနတိ သီလေနာတိ ပရူပဃာတီ-ဟု ကတ္တုသာဓ်ဝစနတ္ထပြု-လည်းကောင်း၊ ဏီ-ပစ္စည်း ကတ္တုသာဓနေ၌ သက်-လည်းကောင်း၊ဟနဓာတ်၏ ဟိံသာအနက်ဟော-လည်းကောင်း သိစေသည်။

၇။ **ဝိဟေဌယန္တော / ဝိဟေဌေယန္တော**

နီတိဓာတု၊၅၇-၌(ဌေ ဟေဌ ဝိဗာဓာယံ)ဟု ဆိုသောကြောင့်လည်းကောင်း၊ ဤ၌လည်း ဝိပုဗ္ဗ ဟေဌဓာတ်၊ ဏယ၊အန္တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း ဝိဟေဌယန္တော-ဟုရှိသော ပါဌ်သာသင့်သည်။

**ပရိယောဒပနံ/ပရိယောဒါပနံ**

ပရိ-အဝရှေး၊ ဒါဓာတ်၊ဏာပေ၊ယုပစ္စည်းဖြင့်ပြီးသောကြောင့် ပရိယောဒါပနံ-ဟုနေသင့်၏။ သို့သော် ဂါထာအရာ ဆန်းအရာဖြစ်၍ တတိယပါဒ၌ ဘ-ဂိုဏ်းရှိစေလိုသောကြောင့် ဒါ-၌ အာ-ကို(ဆန္ဒာနုရက္ခဏအကျိုးငှါ) အ-ရဿပြု၍ပြီးရကား ပရိယောဒပနံ-ဟု ရှိသောပါဌ်သာ သင့်သည်။

**ဗုဒ္ဓါန သာသနံ/ဗုဒ္ဓါနံ သာသနံ**

ဂါထာအရာ ဆန်းအရာဖြစ်၍ စတုတ္ထပါဒ၌ ဇ-ဂိုဏ်းရှိစေလိုသောကြောင့် ဆန္ဒာနုရက္ခဏအကျိုးငှါ နိဂ္ဂဟိတ်ကိုချေ၍ ရုပ်ပြီးရကား ဗုဒ္ဓါနသာသနံ-ဟုရှိသော ပါဌ်သာ သင့်သည်။

**ပရူပဃာတီ၊ ပရံ ဝိဟေဌယန္တော**

အစိတ်ဖြစ်သော ဇီဝိတိန္ဒြေမှ ချခြင်း၊ လှံတံစသည်တို့ဖြင့် နှိပ်စက်ခြင်း၏ ပရူပဃာတီ၊ ပရဝိဟေဌန-အမည်ကို အပေါင်းဖြစ်သော ဇီဝိတိန္ဒြေမှချခြင်း၊လှံတံစသည် တို့ဖြင့် နှိပ်စက်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူတစ်ပါးသားမယားကို သုံးသပ်ခြင်း၊ မုသား ဆိုခြင်းစသည်တို့၌ တင် ကေဒေသူ၊ အဝယဝူ၊ ဥပလက္ခဏာ၊ ပဓာန၊ နိဒဿနနည်း။
(သာရတ္ထ၊၁။၄၄၃။ ဂဏ္ဌိသစ်၊၂။၁၇၀)

http://www.dhammadownload.com



အနုဒ္ဒိဋ္ဌ ပါတိမောက္ခံ

အပေါင်း– အာဏာပါတိမောက် ဩဝါဒပါတိမောက်တို့၏ ပါတိမောက္ခံ–ဟူသောအမည်ကို အစိတ် အာဏာပါတိမောက်၌ တင်– ကေဒေသျူ။ သမုဒါယူ။ ရှင်း။

မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ(၅၁၅၅)

အစိတ်ဖြစ်သော ဆွမ်း ကျောင်းနှစ်ပါး၌ ရောင်ရဲခြင်း၏ မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ–ဟူသောအမည်ကို အပေါင်းဖြစ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး၌ရောင့်ရဲခြင်း၌တင် ကေဒေသူ၊အဝယဝူ၊ဥပလက္ခဏာ၊နိဒဿန။(သာရတ္ထ၊၁၊၄၄၃)

၁၀။ သစိတ္တပရိယောဒပနံ–၌ ဖြစ်သင့်သောကရိုဏ်းပုဒ်ကား အရဟတ္တေန–ဖြစ်သည်။ အရဟတ္တဖိုလ်စိတ်ကိုယူ၍ ထုတ်လေ။

◆ သစိတ္တပရိယောဒပနန္တိ ။ပ။အရဟတ္တဖလေန စိတ္တံ ပရိယောဒါပေတဗ္ဗံ။ (သာရတ္ထ၊၁၊၄၄၃)

========================

## ဝါကျဉယျာဉ် (၁၄၃)

(က) အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ အဂ္ဂဟေတွာ ဝိမုစ္စိံသု။

(ခ) တေသံ ဟိ စိတ္တာနိ ယေဟိ အာသဝေဟိ ဝိမုစ္စိံသု။

(ဂ) န တေ တာနိ ဂဟေတွာ ဝိမုစ္စိံသု။

(ဃ) အနုပ္ပါဒနိရောဓေန ပန နိရုဇ္ဈမာနာ အဂ္ဂဟေတွာ ဝိမုစ္စိံသု။

(၅၁၅၆။ သာရတ္ထ၊၁၊၄၄၇။ မအူ၊၂၊၄၇၅။ ဘာသာဋီ၊၂၊၁၃၅။ ဝဇိရသိ၊၂၊၃၇၆)

========================

၁။ (ခ၊ဂ)ဝါကျ သံဝဏ္ဏနာတို့နှင့်အညီ (က)ဝါကျ သံဝဏ္ဏေတဗ္ဗကို အနက်ပေးပါ။

၂။ (ဃ)ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ အထက်ပါဝါကျတို့ကို ရှေ့နောက်ထောက်ဆအမည်ပေး၍၊(က)ဝါကျ စိတ္တာနိ–ပုဒ်ကို (ခ၊ဂ)ဝါကျတို့ အလို ဝိမုစ္စိံသု–၌ စာစပ်ပါ။

၄။ အနုပ္ပါဒနိရောဓေန–ကို အပေါင်းဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပါ။

၅။ ဝိမုစ္စိံသု–၌ ဓာတု၊ ဝိဘတ္တိ၊ (ခ)ဝါကျကို ရှု၍ အာသဝေဟိ–ပုဒ်၊စိတ္တာနိ–ပုဒ်တို့၌ ဝိဘတ္တိ၊ ဝိဘတျတ္ထ၊ (ဂ)ဝါကျကိုရှု၍ စိတ္တာနိ–ပုဒ်ကို ဝိဘတ္တိ၊ဝိဘတျတ္ထဝေဘန်ပါ။

၆။ (က)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ဃ)၌ နိရုဇ္ဈမာနာ/ နိရုဇ္ဈမာနေ– ၂–ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–ဝယ် အာသဝေဟိ–၌ဖြစ်သင့်သော နယူပစာရကိုရေးပါ။

၁၀။ စိတ္တာနိ–ပုဒ်၏ အရကို ဩရုယျောရုယှပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

====================

**အထူးမှတ်ချက်။** ဤဝါကျ၌ မအူသျှ၊ ဘာသာဋီကာ၊ ဝဇိရသိတ်တို့အယူအဆအသီးသီး ကွဲနေကြသည်။ ဤ၌ကား သာရတ္ထအဖွင့်အတိုင်းဖြေပေအံ့။

http://www.dhammadownload.com



၁။ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–ကို (ခ၊ဂ)နှင့်အညီ အနက်ပေးပုံ
အာသဝေဟိ–တို့သည်၊ အနုပါဒါယ–အာရုံ၏ အစွမ်းဖြင့် မယူကုန်မူ၍၊ စိတ္တာနိ–အရဟတ္တဖိုလ်စိတ်တို့ကို၊ ဝိမုစ္စိံသု–လွတ်အပ်ကုန်ပြီ။ (ခ–နှင့်အညီ)
အာသဝေဟိ–တို့သည်၊စိတ္တာနိ–တို့ကို၊အနုပါဒါယ–၍၊ဝိမုစ္စိံသု–လွတ်ကုန်ပြီ။ (ဂ–နှင့်အညီ)

၂။ (ခ)ပါဌ် သာဘောဝပုစ္ဆာ

ဆရာ–––သည်(က)ဖြင့် အနုပါဒါယ ဝိမုစ္စိံသု–ကို အဂ္ဂဟေတွာ ဝိမုစ္စိံသု ဟု ဝိသေသန–ဝိသေသျအဖြစ်ဖြင့် ဖွင့်ပြ၏။ ယင်း အနုပါဒါယ ဝိမုစ္စိံသု–ကြိယာနှစ်ပုဒ်၏ ကတ္တား ကံတို့ကား အသို့ဖြစ်ပါသနည်း။ ကြိယာနှစ်ပုဒ်၏ ကတ္တား ကံတို့ကို အကျယ်မပြပြီလော။ စုဒ်ကြောင့် (ခ)မိန့်။ (ဝဏ္ဏိသစ်၊၂။၁၇၆)

(ဂ)ပါဌ် ဝိသေသာနုသန္ဓေ

ဤသို့ (ခ)ပါဌ်ဖြင့် အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–၌ အာသဝေဟိ–ကား အဝုတ္တကတ္တား၊ စိတ္တာနိ–ကား ဝုတ္တကံ၊ ဝိမုစ္စိံသု–ကား ကမ္မဝါစကဟု ဖွင့်ပြပြီး၍၊ ယခုအခါ၌ အာသဝေဟိ–ကား ဝုတ္တကတ္တား၊ (အာသဝါ–ဟုဆိုလိုလျက် ဝိဘတ္တိဝိပလ္လာသနည်းဖြင့် အာသဝေဟိ–ဟု ရှိနေခြင်းသာ) စိတ္တာနိ–ကား အဝုတ္တကံ၊ ဝိမုစ္စိံသု–ကား ကတ္တုဝါစကဟုပြလိုသောဆရာသည်(ဂ)မိန့်။ (သာရတ္ထ)

(ဃ)ပါဌ် သာဘောဝပုစ္ဆာ

ဆရာ––သည် (က)ပါဌ်ဖြင့် အနုပါဒါယ ဝိမုစ္စိံသု–ကို အဂ္ဂဟေတွာ ဝိမုစ္စိံသု–ဟုဖွင့်၏၊ ရံခါ အာသဝဝိပ္ပယုတ်ဖြစ်၍ လွတ်သည်ကို အဂ္ဂဟေတွာ ဝိမုစ္စိံသု–ဟုဆိုပါသလော၊အဘယ်သို့ လွတ်သည်ကို အဂ္ဂဟေတွာ ဝိမုစ္စိံသု–ဟု ဆိုပါသနည်း၊ စုဒ်ကြောင့် (ဃ)မိန့်။ (ဝဏ္ဏိသစ်၊၂။၁၇၆)

၃။ (ခ) ဝိတ္ထာရ။
(ဂ)ဝိမုစ္စိံသုကြိယာ၏ ကမ္မဝါစကအဖွင့်မှတစ်ပါး ကတ္တုဝါစကအဖွင့်ကိုပြ– ပက္ခန္တရ။
(ဃ) ပါဌ်ာရမ္ဘ။

စာစပ်။ (ခ)ပါဌ်အလို စိတ္တာနိ–ကို ဝိမုစ္စိံသု–၌ ဝုတ္တကံ –ဝုတ္တကံ၏ကြိယာစပ်။
(ဂ)ပါဌ်အလို စိတ္တာနိ–ကို ဝိမုစ္စိံသု–၌ မစပ်ရ၊အနုပါဒါယ–၌သာ အဝုတ္တကံ.အဝုတ္တကံ၏ကြိယာအဖြစ်ဖြင့် စပ်။

၄။ ဥပ္ပန္ဓနံ ဥပ္ပါဒေါ။ န ဥပ္ပါဒေါ အနုပ္ပါဒေါ။ နိရုဇ္ဈနံ နိရောဓော။
အနုပ္ပါဒသင်္ခါတော နိရောဓော အနုပ္ပါဒနိရောဓော။
◆ အနုပ္ပတ္တိသင်္ခါတေန နိရောဓေန၊ (သာရတ္ထ )

♠ အနုပ္ပါဒ–ပုဒ်အရကား နောင်တဖန်မဖြစ်ခြင်းသည်– မုချ။
♠ ထို၏ ချုပ်ခြင်းကြိယာနှင့် ဂုဏ်ဂုဏီ စပ်– ဌာနူ။

http://www.dhammadownload.com



♠ ပုန်လုံးအရကား နောင်တဖန်မဖြစ်ခြင်းဟုဆိုအပ်သော ချုပ်ခြင်းရ၏။

